# حصن المسلم

# ကျမ်းတော်မြတ်နှင့် စွန္နသ်တော်လာ

# ဇိကိရ်တော်များဖြင့် မွတ်စ်လင်မ်၏

# အကာအကွယ်ခံတပ်

## ကျမ်းတော်မြတ်နှင့် စွန္နသ်တော်လာ ဇိကိရ်တော်များဖြင့် မွတ်စ်လင်မ်၏ အကာအကွယ်ခံတပ်

စအီးဒ် ဗင်န် အလီ ဗင်န် ၀ဟ်ဖ် ကဟ်သွာနီ

### ကျမ်းတော်မြတ်ကုရ်အာန်နှင့် စွန္နသ်တော်လာ ဇိကိရ်တော်များမှ မွတ်စ်လင်မ်၏ ခံတပ်

အလ္လာဟ်အရှင်မြတ်ထံ အစဉ်အမြဲ မှီခိုအားထားနေရသူ

ဒေါက်တာ စအီးဒ် ဗင်န် အလီ ဗင်န် ၀ဟ်ဖ် ကဟ်တွာနီ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (အစပြုပါ၏။)

## နိဒါန်း

ကောန်စင်စစ် ချီးမွမ်းထောမနာပြုခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်တော်မူသည်။ ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်အား ချီးမွမ်းထောမနာပြုပါသ

ည်။ အရှင်မြတ်ထံတော်မှ အကူအညီတောင်းခံပါသည်။ အရှင်မြတ်ထံတော်တွင် ခွင့်လွှတ်ချမ်းသာခွင့် တောင်းခံပါသည်။ ကျွန်တော်မျိုးတို့ သည် မိမိတို့၏ မကောင်းမှုများမှလည်း ကောင်း၊ မိမိတို့လုပ်ရပ်များ၏ ဆိုးကျိုးများမှလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံခွင့်တောင်းခံပါ သည်။ အလ္လာဟ်အရှင်မြတ် တရားလမ်းမှန်ပြသတော်မူသောသူအား လမ်းလွဲစေမည့်သူ အလျှင်းမရှိပါ။ အရှင်မြတ် လမ်း လွဲစေတော်မူသောသူအား တရားလမ်းမှန်ပြသပေးမည့်သူ အလျှင်းမရှိပါ။ တစ်ပါးတည်းဖြစ်တော်မူသော ဖက်စပ်ယှဉ်တွဲခြင်း ကင်းတော်မူသော အလ္လာဟ် အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ထိုက်သည့် အ ရှင်မရှိကြောင်းကို ကျွန်တော်မျိုး သက်သေခံအပ်ပါသည်။ ထို့ပြင် မုဟမ္မဒ်သည် ထိုအရှင်မြတ်၏ အ စေတော်နှင့် ရစူလ်တမန်တော် ဖြစ်တော်မူကြောင်းကိုလည်း ကျွန်တော်မျိုး သက် သေခံအပ်ပါသည်။ တမန်တော်မြတ်အ ပေါ်သို့လည်းကောင်း၊ တမန်တော်မြတ်၏ အိမ်သူအိမ်သားများနှင့် သာဝကတော်များအပေါ်သို့လည်းကောင်း၊ ကိယာမသ်နေ့ထိတိုင် ၎င်းတို့၏နောက်သို့ ကောင်းမှုနှင့်တကွလိုက်ကြသူ

များအပေါ်သို့လည်း ကောင်း၊ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာ ယာမှုများ များပြားစွာ ကျရောက်ပါစေ။ ထို့နောက် ဆက်လက်တင်ပြရသော် -

ဤစာအုပ်သည် ကျွန်ုပ်၏ 'ကုရ်အာန်နှင့် စွန္နသ်တော်လာ ဇိကိရ်၊ ဒုအာနှင့် ရုက်ယာ (မန်းမှုတ်ခြင်း)ဖြင့်ကုသခြင်း' စာအုပ်မှ ကောက်နုတ်ထားသော အကျဉ်းချုပ်ဖြစ်ပါသည်။ ခရီးသွားလာရာတွင် သယ်ဆောင်ရလွယ်ကူစေရန်အတွက် ကျွန်တော််အနေဖြင့် ဤစာအုပ်တွင် ဇိကိရ်များနှင့်သက်ဆိုင်သည့်အပိုင်းကို အကျဉ်းချုံးထားပါသည်။[1]

စင်စစ် ကျွန်ုပ်သည် ဇိကိရ်၏ စာသားကိုသာ ဖော်ပြထားပါသည်။ ၎င်း၏ရင်းမြစ်ကို ဖော်ပြရာတွင် မူရင်းကျမ်း၌ တွေ့ရှိရသည့် ရင်းမြစ်များအနက်မှ ရင်းမြစ်တစ်ခု သို့မဟုတ် နှစ်ခုကိုသာ ဖော်ပြခြင်းဖြင့် လုံလောက်စေခဲ့ပါသ

---

[1] အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုပါသည်။ ဖော်ပြပါ မူရင်းကျမ်းကို ၎င်း၏ဟဒီးဆ်များအား အ ကျယ်တဝင့် အကိုးအကားပြုလျက် အတွဲ (၄) တွဲဖြင့် ပုံနှိပ်ထုတ်ဝေပြီးဖြစ်သည်။ ဟိဆ်ွနွလ်မွတ်စ်လင်မ်ကျမ်းသည် ၎င်းတို့အနက် အတွဲ (၁) နှင့် အတွဲ (၂) တွင် ပါရှိသည်။

ည်။ မည်သူမဆို ဆွဟာဇဟ်ကို သိရှိလိုပါက၊ သို့မဟုတ် ရင်း မြစ်အထောက်အထားကို ပိုမိုသိရှိလိုပါက မူရင်းကျမ်းသို့ ပြန်လည်ကြည့်ရှုရမည်ဖြစ်သည်။ ကျွန်တော်မျိုးသည် တန်ခိုးအာဏာကြီးမား၍ မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်၌ အရှင်မြတ်၏ အလှပဆုံးသော နာမတော်များနှင့် အမြင့်မားဆုံးသော ဂုဏ်တော်များကို အကြောင်းခံ ၍၊ ၎င်းအား မိမိနှစ်သက်သဘောတူညီမှု အတွက်သာ သီးသန့်ဖြစ်စေတော်မူရန်၊ ယင်းအားဖြင့် ကျွန်တော်မျိုး ရှင်သန်နေစဉ်နှင့် ကွယ်လွန်ပြီးနောက်တွင် ကျွန်တော်မျိုးအား အကျိုးဖြစ်ထွန်းစေရန်၊ ထို့ပြင် ၎င်းအား ဖတ်ရှုသူများ၊ ပုံနှိပ်ထုတ်ဝေသူများ သို့မဟုတ် ဖြန့်ဝေရာတွင် အကြောင်းခံဖြစ်ခဲ့သူများအား အကျိုး ဖြစ်ထွန်းစေရန်အတွက် တောင်းခံပန် ကြားအပ်ပါသည်။ ကေန်စင်စစ် သန့်ရှင်းစင်ကြယ်တော်မူသော ထိုအရှင်မြတ် သည် ယင်းအရာကို တာဝန်ယူစောင့် ရှောက် တော်မူသောအရှင်၊ ထိုအရာအပေါ် စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ ကျွန်ုပ်တို့၏ နဗီတမန်တော် မုဟမ္မဒ်အပေါ်သို့လည်းကောင်း၊ ကိုယ်တော်၏ အိမ်တော်သူအိမ်တော်သားများနှ

င့် ဆွဟာဗဟ် သာဝကကြီးများအပေါ်သို့လည်းကောင်း၊ ကိယာမသ်နေ့ထိတိုင် ၎င်းတို့၏နောက်သို့ ကောင်းမှုနှင့်တကွ နောက်လိုက်ကြသူများအပေါ်သို့လည်း ကောင်း အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း ကျရောက်ပါစေ။

စာရေးဆရာ

ဆွဖရ်လ ဟိဂ်ျရီ ၁၄၀၉ ခုတွင် ရေးသားပြုစုသည်။

## ဇိကိရ်၏ ထွတ်မြတ်မှု

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿فَٱذۡكُرُونِيٓ أَذۡكُرۡكُمۡ وَٱشۡكُرُواْ لِي وَلَا تَكۡفُرُونِ 152﴾[2]،

သို့ဖြစ်၍ အသင်တို့သည် ငါအရှင်မြတ်ကို သတိရတသကြပါ။ ငါအရှင်မြတ် သည်လည်း အသင်တို့အား သတိရတော်မူမည်။ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်၏ ကျေးဇူးတော်ကို သိကြပါ၊ ထို့ ပြင် အသင်တို့သည် ငါအရှင်မြတ်အား ကျေးဇူးမကန်းကြလေနှင့်။ ၁၅၂။[1]

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱذۡكُرُواْ ٱللَّهَ ذِكۡرٗا كَثِيرٗا 41﴾[3]،

---

[1] စူရဟ် ဘကရဟ် : ၁၅၂.

(အို-“မုအ်မင်န်” သက်ဝင်ယုံကြည်သူအ ပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အ ရှင်မြတ်အား များစွာအောက်မေ့ တသကြလေကုန်။ ၄၁)၊[1]

﴾...وَالذَّاكِرِينَ اللَّهَ كَثِيراً وَالذَّاكِرَاتِ أَعَدَّ اللَّهُ لَهُم مَّغْفِرَةً وَأَجْراً عَظِيماً﴿[4]،

﴾...အလ္လာဟ်အရှင်မြတ်အားများစွာ အောက်မေ့တသ၊ သတိရကြကုန်သောယောကျ်ားများသည်လည်းကောင်း၊ အောက်မေ့တသ သတိရကြကုန်သောမိန်းမများသည် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည်ထိုသူတို့ (အားလုံးတို့) အဖို့ (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့်နှင့်ကြီးကျယ်လှစွာသော အကျိုးကို အဆင် သင့်ပြုလုပ်စီမံ၍ ထားရှိပြီး ဖြစ်တော်မူပေသတည်း။﴿၊[2]

﴾وَٱذۡكُر رَّبَّكَ فِي نَفۡسِكَ تَضَرُّعٗا وَخِيفَةٗ وَدُونَ ٱلۡجَهۡرِ مِنَ ٱلۡقَوۡلِ بِٱلۡغُدُوِّ وَٱلۡأٓصَالِ وَلَا تَكُن مِّنَ ٱلۡغَٰفِلِينَ 205﴿[5]،

﴾ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် နံနက်မိုးသောက်ယံနှင့် ညနေချမ်း၌ မိမိကို ဖန်ဆင်းမွေးမြူတော်မူသော အ ရှင်မြတ်အား

---

[1] စူရဟ် အဟ်ဇာဗ် အာယသ်-၄၁

[2] စူရဟ် အဟ်ဇာဗ် အာယသ်- ၃၅

မိမိစိတ်နှလုံးတွင်းဝယ် ကြောက်ရွံ့ရှိသေလျက် ကျယ်လောင်စွာမဟုတ်သည့်အသံဖြင့် အောက်မေ့တသ သတိရပါလေ။ ထို့ပြင် အသင်သည် အ လေးမမှု ဂရုမပြုပမာမထားသောသူတို့တွင် အပါအဝင် မဖြစ်ပါနှင့်။﴾ ၂၀၅။[1]

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-

«مَثَلُ الَّذِي يَذْكُرُ رَبَّهُ، وَالَّذِي لَا يَذْكُرُ ربَّهُ، مَثَلُ الحَيِّ وَالمَيِّتِ»[6]،

"အလ္လာဟ်အရှင်မြတ်အား သတိရတသသူနှင့် သတိရတသမှုမရှိသူတို့၏ ပမာမှာ ရှင်သူနှင့်သေသူတို့၏ ပမာအတိုင်းပင် ဖြစ်သည်။"[2]

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-

«أَلَا أُنبِّئُكُم بِخَيْرِ أَعْمَالِكُمْ، وَأَزْكَاهَا عِنْدَ مَلِيكِكُمْ، وَأَرْفَعِهَا فِي دَرَجَاتِكُمْ، وَخَيْرٍ لَكُمْ مِنْ إِنْفَاقِ الذَّهَبِ وَالوَرِقِ، وَخَيْرٍ لَكُمْ مِنْ أَنْ تَلْقَوْا عَدُوَّكُمْ فَتَضْرِبُوا أَعْنَاقَهُمْ وَيَضْرِبُوا أَعْنَاقَكُمْ؟» قَالُوا بَلَى. «ذِكْرُ اللَّهِ تَعَالَى»[7]،

[1] စူရဟ် အအ်ရားဖ် : အာယသ် ၂၀၅

[2] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗာရီ (၁၁/၂၀၈)၊ ဟဒီးဆ်အမှတ် ( ၆၄၀၇ )/မွတ်စ်လင်မ်ကျမ်း (၁/၅၃၉)၊ ဟဒီးဆ်အမှတ် ( ၇၇၉ ) ၏ စာသားမှာ "အလ္လာဟ်အရှင်မြတ်အား သတိရတသမှုရှိသော အိမ်နှင့် အလ္လာဟ်အရှင်မြတ်အား သတိရတသမှုမရှိသော အိမ်၏ ပမာမှာ ရှင်သူနှင့် သေသူတို့၏ ပမာအတိုင်းပင် ဖြစ်သည်။"

"ငါကိုယ်တော် သင်တို့အား သင်တို့၏ အကောင်းဆုံးသောအမလ်၊ သင်တို့အား စိုးပိုင်တော်မူသော အရှင်မြတ်၏ထံတော်၌ အသန့်ရှင်းဆုံးအမလ်၊ သင်တို့၏အဆင့်အတန်းများကို အမြင့်ဆုံးသို့ မြှင့်တင်ပေးနိုင်ကာ၊ ရွှေငွေများလှူဒါန်းခြင်းထက်လည်း သာလွန်ကောင်းမြတ်ပြီး (ဂျိဟာဒ်စစ်ပွဲတွင်) ရန်သူတို့နှင့် ရင်ဆိုင်ရသည့်အခါ သင်တို့က သူတို့၏လည်ပင်းများကို ခုတ်လှဲခြင်း (သို့) သူတို့က သင်တို့၏လည်ပင်းများကို ခုတ်လှဲခြင်းထက်ပင် သာလွန်ကောင်းမြတ်သော အမလ်တစ်ခုကို အသိပေးမတင်ပြရဘူးလား။" ထိုအခါ စွဟာဗဟ်များက "အမှန်ပင် တင်ပြမိန့်ကြားပါ" ဟု လျှောက်ထားကြ၏။ "ထိုအရာသည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းပင်ဖြစ်သည်။"၊[1]

ကိုယ်တော်မြတ် (ﷺ) မိန့်တော်မူသည်မှာ-

«يَقُولُ اللَّهُ تَعَالَى: أَنَا عِنْدَ ظَنِّ عَبْدِي بِي، وَأَنَا مَعَهُ إِذَا ذَكَرَنِي، فَإِنْ ذَكَرَنِي فِي نَفْسِهِ، ذَكَرْتُهُ فِي نَفْسِي، وَإِنْ ذَكَرَنِي فِي مَلَأٍ ، ذَكَرْتُهُ فِي مَلَأٍ خَيْرٍ مِنْهُمْ، وَإِنْ تَقَرَّبَ إِلَيَّ شِبْرًا، تَقَرَّبْتُ إِلَيْهِ ذِرَاعًا، وَإِنْ تَقَرَّبَ إِلَيَّ ذِرَاعًا، تَقَرَّبْتُ إِلَيْهِ بَاعًا، وَإِنْ أَتَانِي يَمْشِي أَتَيْتُهُ هَرْوَلَةً»[8]،

[1] သိရ်မိဇီကျမ်း (၅/၄၅၉)၊ ဟဒီးဆ်အမှတ် (၃၃၇၇) / အိဗ်နုမာဂျဟ်ကျမ်း (၂/၁၂၄)၊ ဟဒီးဆ်အမှတ် (၃၇၉၀) / ကြည့် - ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂/၃၁၆) / ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၃၉)

"အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ- "ငါအရှင်မြတ်သည် ငါအရှင့်ကျေးကျွန်၏ အထင်အမြင်နှင့်အတူရှိတော်မူ၏။ သူသည် ငါအရှင့်အား သတိရသည့်အခါ ငါအရှင်သည် သူနှင့်အတူရှိတော်မူ၏။ အကယ်၍ သူသည် သူ၏စိတ်ထဲ၌ ငါအရှင့်အား သတိရလျှင် ငါအရှင်သည်လည်းသူ့အား ငါအရှင်၏ စိတ်ထဲတွင် သတိရတော်မူ၏။ အကယ်၍ သူသည် အုပ်စုတစ်စု၌ ငါအရှင့်အား သတိရလျှင် ငါအရှင်သည်လည်း ထိုအုပ်စုထက်သာမြတ်သော (ကောင်းကင်တမန်များ၏) အုပ်စု၌ သူ့အား သတိရတော်မူ၏။ အကယ်၍သူသည် ငါအရှင့်ထံ တစ်ထွာနီးကပ်လာပါက ငါအရှင်သည် သူ့ထံ တစ်တောင်နီးကပ်သွားတော်မူ၏။ အကယ်၍သူသည် ငါအရှင့်ထံ တစ်တောင်နီးကပ်လာပါက ငါအရှင်သည် သူ့ထံ တစ်လံ နီးကပ်သွားတော်မူ၏။ အကယ်၍သူသည် ငါအရှင့်ထံ လမ်းလျှောက်လာပါက ငါအရှင်သည် သူ့ထံ ပြေးပြီးသွားတော်မူ၏။"၊"[1]

[1] ဗုခါရီကျမ်း (၈/၁၇၁)၊ ဟဒီးဆ်အမှတ် (၇၄၀၅) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၆၁)၊ ဟဒီးဆ်အမှတ် (၂၆၇၅)၊ ဤစကားရပ်မှာ ဗုခါရီကျမ်းမှ ဖြစ်သည်။

အဗ်ဒုလ္လာဟ် ဗင်န် ဗုစ်ရ် (ရဿိယလ္လာဟု အန်ဟု)ကဆ င့်ပြန်ပြောကြားခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးသည် လျှောက်ထား သည်မှာ - "အို- အလ္လာဟ်၏ရစူလ်တမန်တော်၊ အစ္စလာမ် ၏ပညတ်ချက်များသည် ကျွန်ုပ်၏ အပေါ်တွင် များပြားလွ န်း၍ (ဝန်ပိလေးလံနေပါသည်။ )ထို့ကြောင့် ကျွန်တော်မျိုး အား ခိုင်ခိုင်မာမာကိုင်တွယ်ထားနိုင်သော အရာတစ်ခုကို တင်ပြတော်မူပါ။" ထိုအ ခါ တမန်တော်မြတ် (ဆွလ္လလ္လာ ဟု အလိုင်းဟိ ဝစလ္လမ်) က မိန့်ကြားတော်မူသည်မှာ -

«لَا يَزَالُ لِسَانُكَ رَطْبًا مِنْ ذِكْرِ اللَّهِ»[9]،

"သင်၏ နှုတ်လျှာသည် အလ္လာဟ်အရှင်မြတ်ကို ဇိကိရ်သ တိရတသမှုဖြင့် အမြဲတစေ စိုစွတ်နေခြင်းဖြစ်သည်။" (၉)[1]

ကိုယ်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်မှာ-

«مَنْ قَرَأَ حَرْفًا مِنْ كِتَابِ اللَّهِ فَلَهُ بِهِ حَسَنَةٌ، وَالحَسَنَةُ بِعَشْرِ أَمْثَالِهَا، لاَ أَقُولُ: ﴿الم﴾ حَرْفٌ، وَلَكِنْ: أَلِفٌ حَرْفٌ، وَلاَمٌ حَرْفٌ، وَمِيْمٌ حَرْفٌ»[10].

---

[1] သိရ်မိဇီကျမ်း (၅/၄၅၈)၊ ဟဒီးဆ်အမှတ် (၃၃၇၅) / အိဗ်နေမာဂျဟ်ကျမ်း (၂/၁၂၄၆)၊ ဟဒီးဆ်အမှတ် (၃၇၉၃) ရှိက်ခ်အလ်ဗာနီက စွဟီဟ်သိရ်မိဇီကျမ်း (၃/၁၃၉) နှင့် စွဟီ ဟ်အိဗ်နေမာဂျဟ်ကျမ်း (၂/၃၁၇) တို့တွင် ဤဟဒီးစ်အား စွဟီဟ်ဟု မှတ်ချက်ပြု ထားသည်။

မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်မှ အက္ခရာတစ်လုံးကို ရွတ်ဖတ်ခဲ့လျှင် ထိုသူသည် ကောင်းမှုတစ်ခု ရရှိမည်ဖြစ်သည်။ ကောင်းမှုတစ်ခုသည် ကောင်းမှုဆယ်ခုနှင့်ညီမျှသည်။ ငါကိုယ်တော်သည်(အလိဖ် လာမ် မီးမ်)ကို အက္ခရာတစ်လုံးဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်။ သို့သော် (အလိဖ်)သည် အက္ခရာတစ်လုံး (လာမ်)သည် အက္ခရာတစ်လုံး (မီးမ်)သည် အက္ခရာတစ်လုံးဖြစ်သည်။[][1]

အဗ်ဒူလ္လာဟ် ဗင်န် အာမိရ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်တို့သည် ဆွဖ်ဖဟ်၌ ရှိနေစဉ် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ကြွလာတော်မူပြီး ကိုယ်တော်ကမိန့်တော်မူသည်မှာ -

«أَيُّكُمْ يُحِبُّ أَنْ يَغْدُوَ كُلَّ يَوْمٍ إِلَى بُطْحَانَ، أَوْ إِلَى العَقِيقِ، فَيَأْتِيَ مِنْهُ بِنَاقَتَيْنِ كَوْمَاوَيْنِ فِي غَيْرِ إِثْمٍ وَلَا قَطِيعَةِ رَحِمٍ؟»

အသင်တို့ထဲမှ မည်သူသည် နေ့စဉ်မနက်တိုင်း ဗွတ်သ္ဟာန် (သို့မဟုတ်) အကီးက် (အရပ်) သို့ သွားရောက်ပြီး မည်

[1] သိရ်မိဇီကျမ်း (၅/၇၅)၊ ဟဒီးဆ်အမှတ် (၂၉၁၀) / အလ်ဗာနီက ဆဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည် - ဆဟီးဟ် သိရ်မိဇီကျမ်း (၃/၉)၊ ဆဟီးဟ် အလ်ဂျာမိအွတ်ဆဂီးရ်ကျမ်း (၅/၃၄၀)

သည့်အပြစ်မျှ ကျူးလွန်ခြင်းမရှိဘဲနှင့် ဆွေမျိုးဖြတ်တောက်ခြင်းလည်းမရှိဘဲ ထိုအရပ်မှ ကြီးမားသော ဘုလုံးရှိသည့် ကုလား အုတ်မနှစ်ကောင်ကို ယူဆောင်လာရန် နှစ်သက်လိုလားသနည်း။ ထိုအခါ အို အလ္လာဟ်အရှင်မြတ်၏ တမန်တော်၊ ကျွန်တော်မျိုးတို့က ကျွန်တော်မျိုးတို့သည် ထိုအရာကို လိုလားပါ၏ ဟု လျှောက်ထားကြ၏။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်မှာ-

«أَفَلَا يَغْدُو أَحَدُكُمْ إِلَى المَسْجِدِ فَيَعْلَمَ، أَوْ يَقْرَأَ آيَتَيْنِ مِنْ كِتَابِ اللَّهِ عز وجل خَيْرٌ لَهُ مِنْ نَاقَتَيْنِ، وَثَلَاثٌ خَيْرٌ لَهُ مِنْ ثَلَاثٍ، وَأَرْبَعٌ خَيْرٌ لَهُ مِنْ أَرْبَعٍ، وَمِنْ أَعْدَادِهِنَّ مِنَ الإِبِلِ»[11].

"အသင်တို့အနက် တစ်ဦးတစ်ယောက်သည် နံနက်စောစော ဗလီဝတ်ကျောင်းတော်သို့ သွားရောက်၍ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မှ အာယသ်တော်နှစ်ပိုဒ်ကို သင်ယူခြင်း သို့မဟုတ် ရွတ်ဖတ်ခြင်း မပြုသလော။ ထိုသို့ပြုခြင်းသည် ၎င်းအတွက်ကုလား အုတ်မနှစ်ကောင်ရရှိခြင်းထက် ပို၍ကောင်းမြတ်ပေသည်။ အာယသ်တော်သုံးပိုဒ်သည် ကုလားအုတ်မသုံးကောင်ထက် ပို၍ကောင်းမြတ်ပေသည်။ အာယသ်တော်လေးပိုဒ်သည် ကုလားအုတ်မလေး

ကောင်ထက် ပို၍ကောင်းမြတ်ပေသည်။ ထို့အပြင် ၎င်းတို့၏ အရေအတွက်အတိုင်းသော ကုလားအုတ်များရရှိခြင်းထက် ပို၍ကောင်းမြတ်ပေသည်။"[][1]

ကိုယ်တော်မြတ် (ﷺ) မိန့်တော်မူသည်မှာ-

«مَنْ قَعَدَ مَقْعَدًا لَمْ يَذْكُرِ اللَّهَ فِيهِ، كَانَتْ عَلَيْهِ مِنَ اللَّهِ تِرَةٌ، وَمَنِ اضْطَجَعَ مَضْجِعًا لَمْ يَذْكُرِ اللَّهَ فِيهِ كَانَتْ عَلَيْهِ مِنَ اللَّهِ تِرَةٌ»[12].

"«မည်သူမဆို နေရာတစ်ခုတွင် ထိုင်ပြီး ထိုနေရာ၌ အလ္လာဟ်အရှင်မြတ်အား ဇိကိရ်သတိရတသခြင်းမပြုခဲ့လျှင် ၎င်းအတွက် အလ္လာဟ်အရှင်မြတ်အထံတော်မှ ဆုံးရှုံးခြင်းနှင့် ဝမ်းနည်းနောင်တရခြင်း၏ အကြောင်း ခံ ဖြစ်လိမ့်မည်။ ထို့အတူ မည်သူမဆို နေရာတစ်ခုတွင် လှဲလျောင်းပြီး ထိုနေရာ၌ အလ္လာဟ်အရှင်မြတ်အား ဇိကိရ်သတိရတသခြင်းမပြုခဲ့လျှင် ၎င်းအတွက် အလ္လာဟ်အရှင်မြတ်အထံတော်မှ ဆုံးရှုံးခြင်းနှင့် ဝမ်းနည်းနောင်တရခြင်း၏ အကြောင်းခံ ဖြစ်လိမ့်မည်။»"[2]

ကိုယ်တော်မြတ် (ﷺ) မိန့်တော်မူသည်မှာ-

---

[1] မွတ်စ်လင်မ်ကျမ်း (၁/၅၅၃)၊ ဟဒီးဆ်အမှတ်

[2] အဗူဒါဝူဒ်ကျမ်း (၄/၂၆၄)၊ ဟဒီးဆ်အမှတ် (၄၈၅၆) နှင့် အခြားကျမ်းများ၊ ကြည့် - ဆဟီးဟ်အလ်ဂျာမိအ်ကျမ်း (၅/၃၄၂)

«مَا جَلَسَ قَوْمٌ مَجْلِسًا لَمْ يَذْكُرُوا اللَّهَ فِيهِ، وَلَمْ يُصَلُّوا عَلَى نَبِيِّهِمْ إِلَّا كَانَ عَلَيْهِمْ تِرَةً، فَإِنْ شَاءَ عَذَّبَهُمْ، وَإِنْ شَاءَ غَفَرَ لَهُمْ»[13].

"မည်သည့်လူတစ်စုမဆို မဂ်ျလိစ်(ထိုင်ဝိုင်း)တစ်ခုတွင် ထိုင်ကြပြီး၊ ထိုထိုင်ဝိုင်း၌ အလ္လာဟ်အရှင်မြတ်အား ဇိကိရ် သတိရတသခြင်းလည်းမပြု၊ မိမိတို့၏ နဗီတမန်တော်မြတ်အပေါ် ဆွလာသ်ပို့သခြင်းလည်း မပြုကြဘူးဆိုရင်၊ ထိုထိုင်ဝိုင်းသည် ၎င်းတို့အတွက် ဆုံးရှုံးမှုကို ဖြစ်စေတဲ့အရာဖြစ်လိမ့်မယ်။ အကယ်၍ (အလ္လာဟ်အရှင်မြတ်က) အလိုရှိတော်မူလျှင် သူတို့ကို အပြစ်ဒဏ်ပေးတော်မူမည်။ အကယ်၍ အလိုရှိတော်မူလျှင်လည်း ခွင့်လွှတ်တော်မူမည်။"[1]

ကိုယ်တော်မြတ် (ﷺ) မိန့်တော်မူသည်မှာ-

«مَا مِنْ قَوْمٍ يَقُومُونَ مِنْ مَجْلِسٍ لَا يَذْكُرُونَ اللَّهَ فِيهِ إِلَّا قَامُوا عَنْ مِثْلِ جِيفَةِ حِمَارٍ، وَكَانَ لَهُمْ حَسْرَةً»[14].

"“မည်သည့်လူတစ်စုမဆို မဂ်ျလိစ်(ထိုင်ဝိုင်း)တစ်ခုမှ အလ္လာဟ်အရှင်မြတ်အား ဇိကိရ်သတိရတသခြင်းမပြုဘဲ ထသွားခဲ့လျှင် ၎င်းတို့သည် ပုပ်သိုးနေသော မြည်းအသေတစ်ကောင်အနားမှ ထသွားသကဲ့ သို့ပင် ဖြစ်၏။ ထိုသို့သော မ

[1] သိရ်မိဇီကျမ်း (၅/၄၆၁)၊ ဟဒီးဆ်အမှတ် (၃၃၈၀) / ကြည့်- ဆဟီးဟ်သိရ်မိဇီကျမ်း (၃/၁၄၀)

ဂျလိစ်(ထိုင်ဝိုင်း)သည် ကိယာမတ်နေ့တွင် ၎င်းတို့အပေါ်၌ ဝမ်းနည်းဖွယ် (နောင်တရဖွယ်) အကြောင်းတစ်ရပ် ဖြစ်လိမ့်မည်။””[1]

## ၁။ အိပ်ယာမှနိုးထချိန် ရွတ်ဖတ်ရသော ဇိကိရ်များ

«الحَمْدُ للَّهِ الَّذِي أَحْيَانَا بَعْدَ مَا أَمَاتَنَا، وَإِلَيْهِ النُّشُورُ»[15].

«الحَمْدُ للَّهِ الَّذِي أَحْيَانَا بَعْدَ مَا أَمَاتَنَا، وَإِلَيْهِ النُّشُورُ»

အဓိပ္ပာယ်။ ။ကျွန်တော်မျိုး အိပ်ပျော်ရာမှထစေခဲ့သော အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုအပ်ပါသည်။ အရှင်မြတ်ထံတော်သို့သာ ပြန်လည်ရှင်ပြန်ထရမည်ဖြစ်သည်။[2]

«لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ المُلْكُ وَلَهُ الحَمْدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، سُبْحَانَ اللَّهِ، وَالحَمْدُ للَّهِ، وَلَا إِلَهَ إِلَّا اللَّهُ، وَاللَّهُ أَكبَرُ، وَلَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللَّهِ العَلِيِّ العَظِيمِ، رَبِّ اغْفِرْ لِي»[16].

တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ် ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအ ရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအ

---

[1] အဗူဒါဝူဒ်ကျမ်း (၄/၂၆၄)၊ ဟဒီးဆ်အမှတ် (၄၈၅၅)/ မွတ်စ်နဒ်အဟ်မဒ်ကျမ်း (၂/၃၈၉)၊ ဟဒီးဆ်အမှတ် (၁၀၆၈၀)/ ကြည့် - ဆွဟီးဟ်အလ်ဂျာမေ့အ်ကျမ်း (၅/၁၇၆)

[2] ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗာရီနှင့်တကွ (၁၁/၁၁၃)၊ ဟဒီးဆ်အမှတ် (၆၃၁၄) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၃)၊ ဟဒီးဆ်အမှတ် (၂၇၁၁)

ရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သည့်အရှင်ဟူ၍အလျဉ်းမရှိ။ အလ္လာဟ်အရှင်မြတ် သည်အကြီးကျယ်ဆုံးဖြစ်တော်မူ၏။ မကောင်းမှုမှ ရှောင်ကြဉ်နိုင်ခြင်းနှင့်ကောင်းမှုများ ကျင့်ဆောင်နိုင်ခြင်းသည် အမြင့်မြတ်ဆုံးနှင့် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ စွမ်းအားပေးသနားတော်မူခြင်းကြောင့်သာဖြစ်သည်။ အို အရှင်မြတ်၊ ကျွန်တော်မျိုးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။[1]

---

[1] “အကြင်သူသည် ထိုသို့ရွတ်ဆိုပါက ၎င်း၏အပြစ်များ ခွင့်လွှတ်ခြင်းခံရမည် ဖြစ်သည်။ အကယ်၍ ၎င်းသည် ဒုအာတောင်းခံပါက ၎င်း၏တောင်းခံမှုသည် လက်ခံခြင်းခံရမည် ဖြစ်သည်။ အကယ် ၍ ၎င်းသည် ထ၍ ဝုဿွူပြုလုပ်ပြီးနောက် ဆွလာသ်ဆောက်တည်ပါက ၎င်း၏ဆွလာသ်သည် လက်ခံခြင်းခံရမည် ဖြစ်သည်။” ဗုခါရီကျမ်း၊ ဖသ်

«الحَمْدُ لِلَّهِ الَّذِي عَافَانِي فِي جَسَدِي، وَرَدَّ عَلَيَّ رُوحِي، وَأَذِنَ لِي بِذِكْرِهِ»[17].

ကျွန်တော်မျိုး၏ ခန္ဓာကိုယ်အား ကျန်းမာစေတော်မူသော ၊ ကျွန်တော်မျိုးထံသို့ ဝိညာဉ်ကို ပြန်လည်ပေးအပ်တော်မူသော၊ ထို့ပြင် အရှင်မြတ်အား အောက်မေ့တသရန် ကျွန်တော်မျိုးအား ခွင့်ပြုတော်မူသော အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုအပ်ပါသည်။[1]

﴿إِنَّ فِي خَلۡقِ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ وَٱخۡتِلَٰفِ ٱلَّيۡلِ وَٱلنَّهَارِ لَأٓيَٰتٖ لِّأُوْلِي ٱلۡأَلۡبَٰبِ 190
ٱلَّذِينَ يَذۡكُرُونَ ٱللَّهَ قِيَٰمٗا وَقُعُودٗا وَعَلَىٰ جُنُوبِهِمۡ وَيَتَفَكَّرُونَ فِي خَلۡقِ ٱلسَّمَٰوَٰتِ
وَٱلۡأَرۡضِ رَبَّنَا مَا خَلَقۡتَ هَٰذَا بَٰطِلٗا سُبۡحَٰنَكَ فَقِنَا عَذَابَ ٱلنَّارِ 191 رَبَّنَآ إِنَّكَ مَن
تُدۡخِلِ ٱلنَّارَ فَقَدۡ أَخۡزَيۡتَهُۥۖ وَمَا لِلظَّٰلِمِينَ مِنۡ أَنصَارٖ 192 رَّبَّنَآ إِنَّنَا سَمِعۡنَا مُنَادِيٗا
يُنَادِي لِلۡإِيمَٰنِ أَنۡ ءَامِنُواْ بِرَبِّكُمۡ فَـَٔامَنَّاۚ رَبَّنَا فَٱغۡفِرۡ لَنَا ذُنُوبَنَا وَكَفِّرۡ عَنَّا سَيِّـَٔاتِنَا
وَتَوَفَّنَا مَعَ ٱلۡأَبۡرَارِ 193 رَبَّنَا وَءَاتِنَا مَا وَعَدتَّنَا عَلَىٰ رُسُلِكَ وَلَا تُخۡزِنَا يَوۡمَ ٱلۡقِيَٰمَةِۖ
إِنَّكَ لَا تُخۡلِفُ ٱلۡمِيعَادَ 194 فَٱسۡتَجَابَ لَهُمۡ رَبُّهُمۡ أَنِّي لَآ أُضِيعُ عَمَلَ عَٰمِلٖ مِّنكُم
مِّن ذَكَرٍ أَوۡ أُنثَىٰۖ بَعۡضُكُم مِّنۢ بَعۡضٖۖ فَٱلَّذِينَ هَاجَرُواْ وَأُخۡرِجُواْ مِن دِيَٰرِهِمۡ وَأُوذُواْ
فِي سَبِيلِي وَقَٰتَلُواْ وَقُتِلُواْ لَأُكَفِّرَنَّ عَنۡهُمۡ سَيِّـَٔاتِهِمۡ وَلَأُدۡخِلَنَّهُمۡ جَنَّٰتٖ تَجۡرِي مِن تَحۡتِهَا
ٱلۡأَنۡهَٰرُ ثَوَابٗا مِّنۡ عِندِ ٱللَّهِۚ وَٱللَّهُ عِندَهُۥ حُسۡنُ ٱلثَّوَابِ 195 لَا يَغُرَّنَّكَ تَقَلُّبُ ٱلَّذِينَ
كَفَرُواْ فِي ٱلۡبِلَٰدِ 196 مَتَٰعٞ قَلِيلٞ ثُمَّ مَأۡوَىٰهُمۡ جَهَنَّمُۖ وَبِئۡسَ ٱلۡمِهَادُ 197 لَٰكِنِ ٱلَّذِينَ
ٱتَّقَوۡاْ رَبَّهُمۡ لَهُمۡ جَنَّٰتٞ تَجۡرِي مِن تَحۡتِهَا ٱلۡأَنۡهَٰرُ خَٰلِدِينَ فِيهَا نُزُلٗا مِّنۡ عِندِ ٱللَّهِۗ وَمَا
عِندَ ٱللَّهِ خَيۡرٞ لِّلۡأَبۡرَارِ 198 وَإِنَّ مِنۡ أَهۡلِ ٱلۡكِتَٰبِ لَمَن يُؤۡمِنُ بِٱللَّهِ وَمَآ أُنزِلَ إِلَيۡكُمۡ
وَمَآ أُنزِلَ إِلَيۡهِمۡ خَٰشِعِينَ لِلَّهِ لَا يَشۡتَرُونَ بِـَٔايَٰتِ ٱللَّهِ ثَمَنٗا قَلِيلًاۚ أُوْلَٰٓئِكَ لَهُمۡ أَجۡرُهُمۡ عِندَ

ဟုလ်ဗါရီ (၃/၃၉)၊ အမှတ် (၁၁၅၄) နှင့် အခြား။ ဤဟဒီးဆ်တော်၏ စာသားမှာ အိဗ်နုမာဂျဟ်ကျမ်းမှ ဖြစ်သည်။ ကြည့်ရန်- ဆွဟီးဟ် အိဗ်နုမာဂျဟ် (၂/၃၃၅)။

[1] သိရ်မိဇီကျမ်း (၅/၄၇၃)၊ ဟဒီးဆ်အမှတ် (၃၄၀၁)၊ ကြည့်ပါ- ဆွဟီးဟ်သိရ်မိဇီကျမ်း ( ၃/၁၄၄)

رَبِّهِمۡۗ إِنَّ ٱللَّهَ سَرِيعُ ٱلۡحِسَابِ 199 يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱصۡبِرُواْ وَصَابِرُواْ
وَرَابِطُواْ وَٱتَّقُواْ ٱللَّهَ لَعَلَّكُمۡ تُفۡلِحُونَ 200﴾

ကေန်စင်စစ် အာကာသကောင်းကင်ဘုံများနှင့်ကမ္ဘာမြေကို ဖန်ဆင်းတော်မူရာ၌လည်းကောင်း၊ နေ့နှင့်ညဉ့်တို့၏ ပြောင်းလဲမှု၌လည်းကောင်း နိသမ္မညာဏ်ရှင်များအဖို့ (တစ်ဆူတည်းဖြစ်တော်မူသောအလ္လာဟ်အရှင်မြတ်သည် သာလျှင် ခဝပ်ကိုးကွယ်မှုကို ခံထိုက်တော်မူကြောင်း ထင်ရှားသိစေနိုင်သည့်)သက် သေသာဓကေများ မုချ ရှိပေသည်။ (၁၉၀)

အကြင် ညာဏ်ရှင်များသည် အလ္လာဟ် အရှင်မြတ်အား မတ်တတ်ရပ်လျှက်လည်းကောင်း၊ ထိုင်လျှက်လည်းကောင်း၊ လဲလျောင်းလျှက်လည်းကောင်း (အခါခပ် သိမ်း) အောက်မေ့တသ သတိရကြ၏။ ၎င်းပြင် ထိုသူတို့သည် အာကာသ ကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်(ကာ ဤသို့လျှောက်ထား) ကြ ၏။ “အို-ကျွန်တော်မျိုးတို့၏ အရှင်၊ အရှင်မြတ်သည်

ဤ(ဖန်ဆင်းထားသောအရာများ)ကို အချည်းနှီး ဖန်ဆင်းထားတော်မူသည်မဟုတ်ပါ၊ အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ငရဲမီး၏ပြစ်ဒဏ်မှ ဖယ်ရှားတော်မူပါ။" (၁၉၁)

အို-ကျွန်တော်မျိုးတို့၏အရှင်၊ ဧကန်မုချ အရှင်မြတ်သည် အကြင်မည်သူ့ကိုမဆို ငရဲမီးထဲသို့ ထည့်သွင်းတော်မူပါလျှင် အရှင်မြတ်သည် ထိုသူအား မုချဂုဏ်ရည်သေးသိမ်အောင်ပြုတော်မူလိုက်ပြီဖြစ်သည်။ ၎င်းပြင် မတရားကျူးလွန်သောသူတို့အဖို့ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှမရှိပါ။ ၁၉၂

အို- ကျွန်တော်မျိုးတို့၏အရှင်၊ မုချဧကန်၊ ကျွန်တော်မျိုးတို့သည် ကြွေးကြော်သူတစ်ဦး(၏ကြွေးကြော်သံကို) ကြားကြပါသည်။ ထိုသူသည် (လူခပ်သိမ်းတို့အား) "အီမာန်" ယုံကြည်ခြင်းတရား ထားရန်အလို့ငှာ (အို-လူအပေါင်းတို့) "အသင်တို့သည် မိမိတို့၏အရှင်မြတ်အား

ယုံ ကြည်ကြကုန်” ဟု ကြွေးကြော်လျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့သည် (အရှင်မြတ်အား) ယုံကြည်ကြပါပြီ။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (ကြီးလေးသော) အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (သေးငယ်သော) မကောင်းမှုများကိုလည်း ကျွန်တော်မျိုးတို့ထံမှ ပပျောက်စေတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် (မိမိ၏ ကရုဏာတော်အဟုန်ဖြင့်) ကျွန်တော်မျိုးတို့အား သူမွန်သူမြတ်တို့နှင့် အတူတကွ သေဆုံးစေတော်မူပါ။ (၁၉၃)

အို-ကျွန်တော်မျိုးတို့၏အရှင်၊ ၎င်းပြင် အရှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်များမှတစ်ဆင့် ကျွန်တော်မျိုးတို့အား ကတိပြုတော်မူသော ကုသိုလ်အကျိုးကိုလည်း ကျွန်တော်မျိုးတို့အား ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကိယာမတ်နေ့တွင် ဂုဏ်ရည် သေးသိမ်အောင် ပြုတော်မမူပါနှင့်။ မုချကေန်

အရှင်မြတ်သည် (မိမိထားရှိသော) ကတိတော်ကို (ဘယ်သောအခါမျှ) ဖောက်ဖျက်တော်မူသည် မဟုတ်ပါ။ ၁၉၄

ထို့နောက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် သူတို့၏ (ပန်ကြားချက်ကို) လက်ခံတော်မူခဲ့သည်။ (ဤသို့ မိန့်ကြားတော်မူသည်မှာ) ငါအရှင်မြတ်သည် အသင်တို့အနက် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မည်သည့်လုပ်ဆောင်သူ တစ်ဦးတစ်ယောက်၏ လုပ်ဆောင်ချက်ကိုမျှ အလဟဿဖြစ်စေတော်မူမည် မဟုတ်ပေ။ အသင်တို့သည် တစ်ဦးနှင့်တစ်ဦး အတူတူပင် ဖြစ်ကြသည်။ သို့ဖြစ်ပေရာ အကြင်သူတို့သည် (မိမိတို့၏နေရပ်ကို) စွန့်ခွာထွက်သွားခဲ့ကြသည်၊ မိမိတို့၏ နေအိမ်များမှ နှင်ထုတ်ခြင်းကို ခံခဲ့ကြရသည်၊ ငါအရှင်မြတ်၏ လမ်းတော်၌ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ကြရသည်၊ (ရန်သူတို့နှင့်) တိုက်ခိုက်ခဲ့ကြပြီး (ရှဟီဒ်အဖြစ်) အသတ်ခံခဲ့ကြရသည်၊ (ထိုကဲ့သို့သော သူတို့၏) မကောင်းမှုများကို ငါအရှင်မြတ်သည်

ကေန်အမှန် ဖယ်ရှားပေးတော်မူမည်။ ၎င်းပြင် ငါအရှင်မြတ်သည် ၎င်းတို့အား အကြင်ဥယျာဉ်များသို့ ကေန်အမှန် ဝင်ရောက်စေတော်မူမည်။ ထိုဥယျာဉ်များ၏အောက်၌ စမ်းချောင်းများ စီးတွေလျက်ရှိကြပေသည်။ (ဤသည်ကား) အလ္လာဟ်အရှင်မြတ်ထံတော်မှ အကျိုးဆုလဒ်ပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထံတော်၌သာလျှင် အကောင်းဆုံးသော အကျိုးဆုလဒ်များ ရှိပေသည်။ ၁၉၅

(အို-နဗီတမန်တော်) မြို့ရွာများတွင် ကာဖိရ်များ (စည်းစိမ်များဖြင့် ပြည့်စုံ ချမ်းသာစွာ) သွားလာခြင်းသည် အသင့်အား အထင် အမြင် မမှားစေနှင့်။ ၁၉၆

(အမှန်စင်စစ် ယင်းသွားလာမှုနှင့် စည်းစိမ်ချမ်းသာများသည်) ခဏတာ အကျိုးခံစားမှုဖြစ်သည်။ နောက်ဆုံးတွင် ထိုသူတို့၏ ပြန်လည်ရာဌာနသည် “ဂျဟန္နမ်” ငရဲဘုံ သာဖြစ်သည်။ စင်စစ် ယင်း ဂျဟန္နမ် ငရဲဘုံသည် အလွန်တရာ ဆိုးဝါးလှသော နေရာပင်ဖြစ်ပေသည်။ ၁၉၇

သို့ရာတွင် အကြင်သူတို့သည် မိမိတို့၏အရှင်မြတ်ကို ကြောက် ရွံ့ (ရိုသေခြင်းအားဖြင့် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်)ကြပါမူ ထို သူတို့အဖို့ အကြင်ဥယျာဉ်များရှိသည်။ ထိုဥယျာဉ်များ ၏အောက်မှ စမ်းရေချောင်းများ စီးတွေလျှက်ရှိကြ၏။ ထိုသူတို့သည် ၎င်းဥယျာဉ်များ၌ထာဝစဉ် နေထိုင်စံမြန်းလျှက် ရှိကြပေမည်။ ဤသည် အလ္လာဟ်အရှင်မြတ် အထံတော်မှ ဧည့်ခံတော်မူခြင်းပင် ဖြစ်ချေသည်။ အမှန်သော် ကား အလ္လာဟ်အရှင်မြတ်ထံတော်၌ ရှိသော အရာ သည် သူမွန်သူမြတ်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။ (၁၉၈)

၎င်းပြင် မုချကေန် ကျမ်းဂန်ရရှိသောသူတို့တွင် အလ္လာဟ်အရှင်မြတ်ကိုလည်း ကောင်း၊ အသင်တို့ထံ ထုတ်ပြန် ပို့ချပြီးဖြစ်သော အရာ[ ကုရ်အာန်ကျမ်းတော်မြတ်] ကိုလည်းကောင်း၊ ၎င်းတို့ထံထုတ်ပြန် ပို့ချပြီးဖြစ်သောအရာ (“ သောင်ရာသ်” နှင့် “အန်ဂျီလ်” ကျမ်းများ)ကိုလည်းကောင်း၊

သက်ဝင်ယုံကြည်ကြသောသူများရှိကြကုန်၏။ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်ဝယ် မိမိတို့ ကိုယ်ကို နှိမ့်ချ ကျိုးနွံလျှက်ရှိကြကုန်သည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဌ် တော်များနှင့် အနည်းငယ်မျှသော အဖိုးအခကို လဲလှယ် ဝယ်ယူကြသည်လည်း မဟုတ်ပေ။ ဤကဲ့သို့သောသူတို့၏ အကျိုးဆုလာဘ်သည် ထိုသူတို့၏အရှင်မြတ်ထံတော်၌ ရှိပေသည်။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (လူခပင်းတို့၏ သုစရိုက်၊ ဒုစရိုက်တို့ကို) ဆောလျှင်စွာ စာရင်း စစ်ဆေးတော်မူမည့် အရှင် ဖြစ်တော်မူပေသည်။ (၁၉၉)

အို-သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် (ဒုက္ခတွေ့ကြုံလျှင်) သည်းခံကြလေကုန်။ ၎င်းပြင် (ရန်သူတို့နှင့်) ပြိုင်ဆိုင် တိုက်ခိုက်ရာတွင်လည်း တည်တံ့ခိုင်မြဲစွာ ရှိကြလေကုန်။ ၎င်းပြင် အသင်တို့သည် (ရန်သူတို့အား ခုခံကာကွယ်ရန်) အဆင်သင့် ရှိကြလေကုန်။ ထို့ပြင်တစ်ဝ အသင်တို့သည် (အခါခပ်

သိမ်း) အလ္လာဟ်အရှင်မြတ်အား ကြောက် ရွံ့ ခန့်ညား ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။ (၂၀၀)

[စူရဟ် အာလိအင်မ်ရာန် အာယသ်-၁၉၀-၂၀၀]။[1]

## (၂) အဝတ်အစား ဝတ်ဆင်သောအခါ ရွတ်ဆိုရမည့်ဒုအာ။

«الحَمْدُ لِلَّهِ الَّذِي كَسَانِي هَذَا (الثَّوْبَ) وَرَزَقَنِيهِ مِنْ غَيْرِ حَوْلٍ مِنِّي وَلَا قُوَّةٍ...»[19].

"ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။ ထိုအရှင်မြတ်သည် အကျွန်ုပ်အား (ဤအဝတ်အစား)ကို ဆင်မြန်းပေးတော်မူ၏။ ကျွန်ုပ်၏ မည်သည့်အင်အားမျှမပါဘဲ အရှင်မြတ်က ထိုအရာကို ကျွန်ုပ်အား ချီးမြှင့်တော်မူခြင်းဖြစ်သည်။..."[2]

---

[1] ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗာရီ (၈/၃၃၇)၊ ဟဒီးဆ်အမှတ် (၄၅၆၉) / မွတ်စ်လင်မ်ကျမ်း (၁/၅၃၀)၊ ဟဒီးဆ်အမှတ် (၂၅၆)

[2] နစာအီကျမ်းမှအပ အခြားသောစွန္နန်ကျမ်းများ - အဘူဒါဝူးဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၀၂၃)/ သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၅၈)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၂၈၅)။ အလ်ဘာနီက အိရ်ဝါအွလ်ဂလီးလ်ကျမ်း (၇ / ၄၇) တွင် ဟစန်အဆင့်ဟု သတ်မှတ်ထားသည်။

## (၃) အဝတ်အစားအသစ် ဝတ်ဆင်သောအခါ ရွတ်ဆိုရမည့် ဒုအာ။

«اللَّهُمَّ لَكَ الحَمْدُ أَنْتَ كَسَوْتَنِيهِ، أَسْأَلُكَ مِنْ خَيْرِهِ وَخَيْرِ مَا صُنِعَ لَهُ، وَأَعُوذُ بِكَ مِنْ شَرِّهِ وَشَرِّ مَا صُنِعَ لَهُ»[20].

ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။ အရှင်မြတ်သည် ကျွန်တော်မျိုးအား ဤအဝတ်အစားကို ဆင်မြန်းပေးတော်မူ၏။ အို– အရှင်မြတ်၊ ထိုအဝတ် အစား၏ ကောင်းခြင်းကိုလည်းကောင်း၊ အဝတ် အစားနှင့်ပတ်သက်သည့် ကောင်းခြင်းကိုလည်းကောင်း ကျွန်တော်မျိုးတောင်းခံပါ၏။ ထို့ပြင်ထိုအဝတ် အစား၏ မကောင်းခြင်းမှလည်းကောင်း၊အဝတ်အစားကြောင့်ဖြစ်ပေါ်မည့် မကောင်းခြင်းများမှလည်း ကင်းလွတ်ရန် အရှင်မြတ်ထံ ခိုလှုံပါ၏။[1]

## ၄။ အဝတ်အစားအသစ် ဝတ်ဆင်ထားသူကို မြင်တွေ့လျှင် ရွတ်ဆိုရမည့်ဒုအာ။

«تُبْلِي وَيُخْلِفُ اللَّهُ تَعَالَى»[21].

---

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၀၂၀)/ သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၁၇၆၇)/ ဗဂ်ဝီကျမ်း (၁၂/၄၀)၊ ကြည့်- အလ်ဗာနီ၏ မုခ်သဆွရ် ရှမာအိလ် သိရ်မီဇီ (စာ- ၄၇)

အသင်သည် ဤအဝတ်အထည် ကိုဟောင်းနွမ်းသည်အထိ ဝတ်ဆင်နိုင်ခွင့်ရပါစေ။ (ဟောင်းနွမ်းသည့်အခါ) အလ္လာဟ်အရှင်မြတ်ကလဲလှယ်ပေးတော်မူပါစေ။။[1]

«اِلْبَسْ جَدِيدًا، وَ عِشْ حَمِيدًا، وَمُتْ شَهِيدًا»[22].

အသင်သည် အဝတ်အစားသစ်ကို ဝတ်ဆင်ပါလေ။ ချီးမွမ်းထိုက်သူအဖြစ် အသက်ရှင်နေထိုင်ပါလေ။ ထို့ပြင် ရှဟီးဒ်အဖြစ် ကွယ်လွန်သေဆုံးပါလေ။[2]

## (၅) အဝတ်အစားချွတ်၍ထားသည့်အခါ ရွတ်ဆိုရမည့်ဒုအာ။

«بِسْمِ اللَّه»[23].

(ဗိစ်မိလ္လာဟ်)။[3]

---

[1] အဗူဒါဝူးဒ်ကျမ်း (၄/၄၁)၊ ဟဒီးဆ်အမှတ် (၄၀၂၀) / ရှုရန် - ဆွဟီးဟ်အဗူဒါဝူးဒ်ကျမ်း (၂/၇၆၀)

[2] အိဗ်နေမာဂျဟ်ကျမ်း (၂/၁၁၇၈)၊ ဟဒီးဆ်အမှတ် (၃၅၅၈)၊ ဘဂ်ဝီကျမ်း (၄၁/၁၂)၊ ကြည့်ပါ - စွဟီဟ်အိဗ်နေမာဂျဟ်ကျမ်း (၂၇၅/၂)။

[3] သိရ်မိဇီကျမ်း (၂/၅၀၅)၊ ဟဒီးဆ်အမှတ် (၆၀၆) နှင့်အခြားကျမ်းများ၊ ကြည့်ပါ - အိရ်ဝါအွလ်ဂလီလ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၀) / ဆွဟီးဟ်အလ်ဂျာမိအ်ကျမ်း (၂၀၃/ ၃ )

## (၆) အိမ်သာအဝင်ဒုအာ။

«بِسْمِ [اللَّهِ] اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنَ الْخُبْثِ وَالْخَبَائِثِ»[24].

[အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် စတင်ပါသည်။] အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် မကောင်းဆိုးဝါးမိစ္ဆာဖိုမတို့၏ အနှောင့်အယှက်မှကင်းလွတ်ရန် အရှင်မြတ်ထံခိုလှုံပါ၏။ (၂၄)[1]

## (၇) အိမ်သာမှထွက်သောအခါ ဖတ်ရမည့် ဒုအာ။

«غُفْرَانَكَ»[25].

«ကျွန်တော်မျိုး၏အပြစ်များကို လွတ် ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ».[2]

## ၈။ ဝုဿူမပြုမီ ဇိကိရ်ဆိုခြင်း။

«بِسْمِ اللَّهِ»[26].

---

[1] ဗုခါရီကျမ်း (၁/၄၅)၊ ဟဒီးဆ်အမှတ် (၁၄၂) / မွတ်စ်လင်မ်ကျမ်း (၁/၂၈၃)၊ ဟဒီးဆ်အမှတ် (၃၇၅)။ ယင်း၏အစတွင် (بِسْمِ اللَّهِ) ဟူသော ထပ်တိုးချက်ကို စအီးဒ်ဗင်န်မန်ဆူရ်က ဆင့်ပြန်ထားသည်။ ဖသ်ဟုလ်ဗာရီကျမ်း (၁/၂၄၄) တွင်ကြည့်ပါ။

[2] စုနန်ကျမ်းရှင်များ (နစာအီမှလွဲ၍၊ ၎င်းက အမလ်အလ်ယောင်မ်ဝလ်လိုင်းလဟ်ကျမ်း ၊ ဟဒီးဆ်အမှတ် (၇၉) တွင် ဆင့်ပြန်ထားသည်)/ အဗူဒါဝူးဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၀)/ သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၇)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၀၀)/ အလ်ဗာနီက ဆွဟီးဟ်စုနန်အဗီဒါဝူးဒ်ကျမ်း (၁/၁၉) တွင် ဆွဟီးဟ်အဖြစ် အတည်ပြုထားသည်။

(ဗိစ်မိလ္လာဟ်)။[1]

## (၉) ဝုသွူပြုပြီးနောက် ဇိကိရ်ဆိုခြင်း။

«أَشْهَدُ أَنْ لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُهُ وَرَسُولُهُ..»[27].

«ဖက်စပ်ယှဉ်တွဲခြင်း ကင်းတော်မူသော တစ်ပါးတည်းသောအရှင် အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ အစေတော်နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်းကို ကျွန် တော်မျိုး သက်သေခံပါသည်။..».[2]

«اللَّهُمَّ اجْعَلْنِي مِنَ التَّوَّابِينَ وَاجْعَلْنِي مِنَ الْمُتَطَهِّرِينَ»[28].

(အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား အလွန့်အလွန် သောင်ဗဟ် ဝန်ချတောင်းပန်သူများအနက်မှလည်းကောင်း၊ သန့်ရှင်းစင်ကြယ်သူများအနက်မှလည်းကောင်း ပြုလုပ်ပေးတော်မူပါ။)[3]

---

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၁)၊ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၉၇)၊ အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၉၄၁၈)၊ အိရ်ဝါအွလ်ဂလီးလ်ကျမ်း (၁/၁၂၂) တွင် ကြည့်ပါ။

[2] မွတ်စ်လင်မ်ကျမ်း (၁/၂၀၉)၊ ဟဒီးဆ်အမှတ် (၂၃၄)

[3] သိရ်မိဇီကျမ်း (၁/၇၈)၊ ဟဒီးဆ်အမှတ် (၅၅)၊ ရှု - ဆွဟီးဟ်သိရ်မိဇီကျမ်း (၁/၁၈)

«سُبْحانَكَ اللَّهُمَّ وَبِحَمْدِكَ، أَشْهَدُ أَنْ لَا إِلَهَ إِلَّا أَنْتَ، أَسْتَغْفِرُكَ وَأَتوبُ إِلَيْكَ»[29].
«အို အလ္လာဟ်အရှင်မြတ်၊ အသင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည် အသင်အရှင်မြတ်သည်သာ လျှင် ချီးမွမ်းခြင်းကို ခံထိုက်တော်မူသောအရှင်ဖြစ်တော်မူ၏။ အရှင်မြတ်မှအပ အခြား ခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းကို ကျွန်တော်မျိုး သက်သေခံအပ်ပါသည်။ အရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို ကျွန်တော်မျိုး တောင်းခံပါ၏။ ၎င်းအပြင် အရှင်မြတ်ထံတော်၌ ကျွန်တော်မျိုး ဝန်ချတောင်းပန်နေပါ၏။».[1]

## (၁၀) အိမ်မှထွက်သောအခါ ဖတ်ရမည့် ဇိကိရ်

«بِسْمِ اللَّهِ، تَوَكَّلْتُ عَلَى اللَّهِ، وَلَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللَّهِ»[30].
بِسْمِ اللهِ، تَوَكَّلْتُ عَلَى اللهِ، وَلَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါ၏။ အလ္လာဟ်အရှင်မြတ်ကိုသာ (သဝက္ကုလ်)ယုံပုံလွှဲအပ်ပါ၏။ မကောင်းမှုများမှ ရှောင်ကြဉ်ခြင်းနှင့် ကောင်းမှုများကျင့်ဆောင်ခြ

[1] နစာအီ၏ "အမလွလ်ယောင်းမိ ဝလ်လိုင်းလဟ်ကျမ်း" (စာ-၁၇၃)၊ ရှု - အိရ်ဝါအွလ်ဂလီးလ်ကျမ်း (၁/၁၃၅) နှင့် (၃/၉၄)

င်းသည်အလ္လာဟ်အရှင်မြတ်စွမ်းအားပေးမှသာ ဖြစ်နိုင်ပါ၏။ (၃၀)[1]

«اللَّهُمَّ إِنِّي أَعُوذُ بِكَ أَنْ أَضِلَّ، أَوْ أُضَلَّ، أَوْ أَزِلَّ، أَوْ أُزَلَّ، أَوْ أَظْلِمَ، أَوْ أُظْلَمَ، أَوْ أَجْهَلَ، أَوْ يُجْهَلَ عَلَيَّ»[31].

အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် လမ်းလွဲခြင်း၊ လမ်းလွဲအောင်လုပ်ခံရခြင်း၊ လမ်းချော်ခြင်း၊ လမ်းချော်အောင်လုပ်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်မိခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ မသိမိုက်မှားခြင်းနှင့် မသိမိုက်မှားပြုခံရခြင်းတို့မှ ကင်းလွတ်ရန် အရှင်မြတ်ထံပန်ကြားခိုလှုံပါ၏။ (၃၁)[2]

## ၁၁။ အိမ်သို့ဝင်သောအခါ ရွတ်ဆိုရမည့် ဇိကိရ်

«بِسْمِ اللَّهِ وَلَجْنَا، وَبِسْمِ اللَّهِ خَرَجْنَا، وَعَلَى اللَّهِ رَبِّنَا تَوَكَّلْنَا، ثُمَّ لِيُسَلِّمْ عَلَى أَهْلِهِ»[32].

---

[1] အဗူဒါဝူဒ်ကျမ်း (၄/၃၂၅)၊ ဟဒီးဆ်အမှတ် (၅၀၉၅)/ သိရ်မီဇီကျမ်း (၅/၄၉၀)၊ ဟဒီးဆ်အမှတ် (၃၄၂၆)/ ကြည့် - ဆွဟီးဟ်သိရ်မီဇီကျမ်း (၃/၁၅၁)

[2] စွန္နန်ကျမ်းရှင်များ - အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၀၉၄) / သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၂၇) / နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၅၅၀၁) / အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၈၈၄)၊ ကြည့်ရန် - ဆွဟီးဟ် သိရ်မီဇီ (၃/၁၅၂) / ဆွဟီးဟ် အိဗ်နုမာဂျဟ် (၂/၃၃၆)

“ အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်ကျွန်တော်မျိုးဝင်ရောက်ပါ၏။ အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် ကျွန်တော်မျိုးထွက်ခွာခြင်းပြုပါ၏။ ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာလျှင် အလုံးစုံကို ယုံပုံလွှဲအပ်ပါ၏။ ထို့နောက် အိမ်သူ၊အိမ်သားများအပေါ် စလာမ်ပို့သပါ။ ” (၃၂)[1]

## (၁၂) ဗလီသို့သွားသောအခါ ဖတ်ရမည့် ဒုအာ။

«اللَّهُمَّ اجْعَلْ فِي قَلْبِي نُورًا، وَفِي لِسَانِي نُورًا، وَفِي سَمْعِي نُورًا، وَفِي بَصَرِي نُورًا، وَمِنْ فَوْقِي نُورًا، وَمِنْ تَحْتِي نُورًا، وَعَنْ يَمِينِي نُورًا، وَعَنْ شِمَالِي نُورًا، وَمِنْ أَمَامِي نُورًا، وَمِنْ خَلْفِي نُورًا، وَاجْعَلْ فِي نَفْسِي نُورًا، وَأَعْظِمْ لِي نُورًا، وَعَظِّمْ لِي نُورًا، وَاجْعَلْ لِي نُورًا، وَاجْعَلْنِي نُورًا، اللَّهُمَّ أَعْطِنِي نُورًا، وَاجْعَلْ فِي عَصَبِي نُورًا، وَفِي لَحْمِي نُورًا، وَفِي دَمِي نُورًا، وَفِي شَعْرِي نُورًا، وَفِي بَشَرِي نُورًا»[33].

[1] ဤဟဒီးဆ်တော်ကို အဗူဒါဝူးဒ်ကျမ်း (၄/၃၂၅)၊ အမှတ်စဉ် (၅၀၉၆) တွင် မှတ်တမ်းတင်ထားပြီး၊ အလ္လာမဟ် အိဗ်နုဗာဇ်က သွဟ်ဖသွလ်အက်ခ်ယာရ် (စာ-၂၈) တွင် ၎င်း၏စနဒ်ဆင့်ပြန်မှုကွင်းဆက်ကို ဟစန်အဆင့်ရှိသည်ဟု သတ်မှတ်ထား သည်။ ဆွဟီးဟ်ကျမ်းတွင် လာရှိသည်မှာ- "လူတစ်ဦးသည် မိမိ၏အိမ်သို့ဝင်သည့်အခါ အလ္လာဟ်အရှင်မြတ်၏ နာမတော်အား သူဝင်ရောက်သည့်အချိန်နှင့် ထမင်းစားသည့်အချိန်တွင် တသပါက ရှိုင်သွာန်က (သူ၏အဖေါ်များအား) သင်တို့အ တွက် ညအိပ်မည့်နေရာလည်းမရှိသလို၊ ညစာလည်းနေရာမရှိတော့ပါဟု ပြောကြားသည်။" (မွတ်စ်လင်မ်ကျမ်း ၊ အမှတ်စဉ်- ၂၀၁၈)။

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ နှလုံးသားထဲ၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ လျှာ၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ နားအကြားအာရုံ၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ မျက်စိအမြင်အာရုံ၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ အထက်ဘက်၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ အောက်ဘက်၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ ညာဘက်၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ ဘယ်ဘက်၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ ရှေ့ဘက်၌ နူရ်အလင်းရောင်ကိုလည်းကောင်း ၊ ကျွန်တော်မျိုး၏ နောက်ဘက်၌ နူရ်အလင်းရောင်ကိုလည်းကောင်း ပြုလုပ်ပေးတော်မူပါ။ ၎င်းပြင် ကျွန်တော်မျိုး၏ နဖ်စ်စိတ်ဝိညာဉ်၌ နူရ်အလင်းရောင်ကို ပြုလုပ်ပေးတော်မူပါ။ ကျွန်တော်မျိုးအတွက် နူရ်အလင်းရောင်ကို ကြီးကျယ်မြင့်မြတ်စေတော်မူပါ။ ၎င်းပြင် ကျွန်တော်မျိုးအတွက် နူရ်အလင်းရောင်ကို ကြီးမားများပြားစေတော်မူပါ။ ကျွန်တော်မျိုးအတွက် နူရ်အလင်းရောင်ကို ပြုလုပ်

ပေးတော်မူပါ။ ကျွန်တော်မျိုးကိုယ်တိုင်အားလည်း နူရ်အလင်းရောင် ဖြစ်စေတော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား နူရ်အလင်းရောင် ချီးမြှင့်ပေးသနားတော်မူပါ။ ၎င်းပြင် ကျွန်တော်မျိုး၏ အာရုံကြောများ၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ အသား၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ သွေး၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ ဆံပင်၌ နူရ်အလင်းရောင်ကိုလည်းကောင်း၊ ကျွန်တော်မျိုး၏ အရေပြား၌ နူရ်အလင်းရောင်ကိုလည်းကောင်း ပြုလုပ်ပေးတော်မူပါ။[1]

«اللَّهُمَّ اجْعَلْ لِي نُورًا فِي قَبْرِي... وَنُورًا فِي عِظَامِي»[34] «وَزِدْنِي نُورًا، وَزِدْنِي نُورًا، وَزِدْنِي نُورًا»[35] «وَهَبْ لِي نُورًا عَلَى نُورٍ»[36].

"«အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ ကဗ်ရ်သင်္ချိုင်း၌ နူရ်အလင်းရောင်ကို ချီးမြှင့်တော်မူပါ... ၎င်းပြင် ကျွန်တော်မျိုး၏ အရိုးများ၌လည်း နူရ်အလင်းရောင်ကို ချီးမြှင့်တော်မူပါ» «၎င်းပြင် ကျွန်တော်မျိုးအား နူရ်အလင်းရောင်

[1] ဤစကားရပ်များအားလုံးကို ဗုခါရီကျမ်း (၁၁/၁၁၆)၊ ဟဒီးဆ်အမှတ် (၃၁၆၆) / မွတ်စ်လင်မ်ကျမ်း (၁/၅၂၆)၊ ဟဒီးဆ်အမှတ် (၅၂၉)၊ (၅၃၀) နှင့် (၇၆၃) တို့တွင် ကြည့်ပါ။

ကို တိုးပွားစေတော်မူပါ၊ ၎င်းပြင် ကျွန်တော်မျိုးအား နူရ်အလင်း ရောင်ကို တိုးပွားစေတော်မူပါ၊ ၎င်းပြင် ကျွန်တော်မျိုးအား နူရ်အလင်းရောင်ကို တိုးပွားစေတော်မူပါ» «၎င်းပြင် ကျွန် တော်မျိုးအား နူရ်အလင်းရောင်အပေါ် နူရ်အလင်းရောင်ကို ချီးမြှင့်ပေးသနားတော်မူပါ»။"[1][2][3]

## ၁၃။ ဗလီအဝင် ဒုအာ။

(ညာခြေဖြင့် စတင်၍) ဤဒုအာကို ရွတ်ဆိုပါ။[4]

---

[1] ၎င်းအား အစ်ဗ်နုဟာဂျရ်က ဖသ်ဟုလ်ဗာရီကျမ်းတွင် ဖော်ပြထားပြီး၊ ၎င်းကို အစ်ဗ်နုအဗီအာဆွင်မ်၏ ကိသာဗွဒ်ဒုအာ (ဒုအာကျမ်း) သို့ ရည်ညွှန်းထားသည်။ ဖသ်ဟုလ်ဗာရီကျမ်း (၁၁/၁၁၈) ကို ကြည့်ပါ။ ၎င်းက ဤသို့ဆိုသည်- "ရီဝါယတ်များ ကွဲလွဲမှုများမှ အချက်ပေါင်း နှစ်ဆယ့်ငါးချက် စုစည်းရရှိသည်။"

[2] ဗုခါရီ၏ အလ်အဒဗုလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၆၉၅)၊ စာမျက်နှာ (၂၅၈)ရှိက်ခ် အလ်ဗာနီက စွဟီဟ်အလ်အဒဗ်အလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၃၆) တွင် ၎င်း၏စနဒ်အား စွဟီဟ်ဟု မှတ်ချက်ပြုထားသည်။

[3] သိရ်မိဇီကျမ်း (၅/၄၈၃)၊ ဟဒီးဆ်အမှတ် (၃၄၁၉)

[4] အနတ်စ်ဗင်န်မာလစ်က်(ရသူ်လ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်မှာ- "အသင်သည် ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်သောအခါ ညာခြေဖြင့်စဝင်၍ ပြန်ထွက်သည့်အခါ ဘယ်ခြေဖြင့်စထွက်ခြင်းသည် တမန်တော်မြတ်၏စွန်နသ်တော်ထဲမှဖြစ်သည်။ " ၎င်းကို ဟာကင်မ်ကျမ်း (၁/၂၁၈) တွင် ဆင့်ပြန်တင်ပြထားပြီး မွတ်စ်လင်မ်ကျမ်း၏ စည်းမျဉ်းများနှင့်အညီ ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားကာ ဇဟ်ဗီကလည်း ယင်းကို ထောက်ခံထားသည်။ ထို့ပြင် ဘိုင်ဟကီကျမ်း (၂/၄၄၂) တွင်လည်း ဆင့်ပြန်

«أَعُوذُ بِاللَّهِ العَظِيمِ، وَبِوَجْهِهِ الكَرِيمِ، وَسُلْطَانِهِ القَدِيمِ، مِنَ الشَّيْطَانِ الرَّجِيمِ»[38]

"ကျွန်တော်မျိုးသည် နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်မိစ္ဆာကောင် (၏နှောင့်ယှက်မှု)မှ (လွတ်ကင်းနိုင်ရန်) ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏ မွန်မြတ်လှသော မျက်နှာတော်နှင့် အရှင်မြတ်၏ ရှေးအကျဆုံးဖြစ်သော တန်ခိုးအာဏာတော်တို့ဖြင့် ခိုလှုံပါ၏။"[1]

«بِسْمِ اللَّهِ، وَالصَّلَاةُ»[39] «وَالسَّلَامُ عَلَى رَسُولِ اللَّهِ»[40]

«အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။ ရဟ်မသ်ကရုဏာတော်အပေါင်းသည်လည်းကောင်း» «ငြိမ်းချမ်းသာယာခြင်းအပေါင်းသည်လည်းကောင်း အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်အပေါ်သို့ ကျရောက်ပါစေ»[2][3]

---

တင်ပြထားပြီး အလ်ဗာနီက စိလ်စိလသုလ်အဟာဒီးဆွစ်ဆွဟီးဟာဟ်ကျမ်း (၅/၆၂၄)၊ အမှတ်စဉ် (၂၄၇၈) တွင် ဟစန်အဖြစ် သတ်မှတ်ထားသည်။

1 အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၆၆)၊ ရှု - ဆွဟီးဟ်အလ်ဂျာမိအ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၅၉၁)

2 အဗူဒါဝူဒ်ကျမ်း (၁/၁၂၆)၊ ဟဒီးဆ်အမှတ် (၄၆၅)၊ ကြည့်- ဆွဟီးဟ်အလ်ဂျာမိအ်ကျမ်း (၁/၅၂၈)

3 အိဗ်နုစ်စွန္နီကျမ်း၊ ဟဒီးဆ်အမှတ် (၈၈)၊ အလ်ဗာနီက အဆ်စမရုလ်မွတ်စ်သသွာဗ်ကျမ်း စာမျက်နှာ (၆၀၇) တွင် ဟစန်အဖြစ် သတ်မှတ်ထားသည်။

«اللَّهُمَّ افْتَحْ لِي أَبْوَابَ رَحْمَتِكَ»[41].

အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအတွက်အရှင်မြတ်၏ ကရုဏာတံခါးများကို ဖွင့်လှစ်ပေးတော်မူပါ။[1]

## ၁၄။ ဗလီမှထွက်သောအခါ ဖတ်ရမည့် ဒုအာ။

(ဘယ်ခြေဖြင့် စတင်၍) ဤဒုအာကို ရွတ်ဆိုပါ။[2]

«بِسْمِ اللَّهِ وَالصَّلَاةُ وَالسَّلَامُ عَلَى رَسُولِ اللَّهِ،

«အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။ ရဟ်မသ်ကရုဏာတော်အပေါင်းသည်လည်းကောင်း» «ငြိမ်းချမ်းသာယာခြင်းအပေါင်းသည်လည်းကောင်း အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်အပေါ်သို့ ကျရောက်ပါစေ»

اللَّهُمَّ إِنِّي أَسْأَلُكَ مِنْ فَضْلِكَ،

---

[1] မွတ်စ်လင်မ်ကျမ်း (၁/၄၉၄)၊ ဟဒီးဆ်အမှတ် (၇၁၃)၊ ထို့ပြင် စွန်နန်အိဗ်နုမာဂျဟ်ကျမ်း၌ ဖာတွိမဟ်(ရဿိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်တွင် အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏အပြစ်များကို ခွင့်လွှတ်တော်မူပါ၊ ကျွန်တော်မျိုးအတွက်အရှင်မြတ်၏ ကရုဏာတံခါးများကို ဖွင့်လှစ်ပေးတော်မူပါဟု ပါရှိသည်။ အလ်ဗာနီက ၎င်းကို အခြားထောက်ခံချက်များရှိသောကြောင့် ဆွဟီးဟ်အဖြစ် သတ်မှတ်ခဲ့သည်။ ကြည့်ရန်။ ။ဆွဟီးဟ်အိဗ်နုမာဂျဟ် (၁/၁၂၈)၊ ဟဒီးဆ်အမှတ် (၁၂၉)

[2] ဟာကင်မ်ကျမ်း (၁/၂၁၈) / ဗိုင်ဟကီကျမ်း (၂/၄၄၂)၊ အယ်လ်ဘာနီက စစ်လ်စိလဟ်အဟာဒီးဆ် အဆ်ဆွဟီးဟဟ်ကျမ်း (၅/၆၂၄)၊ ဟဒီးဆ်အမှတ် (၂၄၇၈) တွင် ဟဆန်ဟု သတ်မှတ်ထားပြီး ၎င်း၏ ဆင့်ပြန်ချက်များကို အထက်တွင် ဖော်ပြပြီးဖြစ်သည်။

အို အလ္လာဟ်အရှင်မြတ်၊ မုချကေန် ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကျေးဇူးတော်ကို အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏၊

اللَّهُمَّ اعْصِمْنِي مِنَ الشَّيْطَانِ الرَّجِيمِ»[43].

"အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ နှောင့်ယှက်ခြင်းမှ ကာကွယ်စောင့်ရှောက်တော်မူပါ။»."[1]

## ၁၅. အဇာန်နှင့်သက်ဆိုင်သော ဇိကိရ်တော်များ။

မုအဇ္ဇင်န် ဆိုသည့် အတိုင်း လိုက်ဆိုရမည်။ သို့သော် (حَيَّ عَلَى الصَّلاَةِ) "ဆွလာသ်ဝတ်ပြုရန်လာကြလော့၊" (حَيَّ عَلَى الفَلاَحِ) "အောင်မြင်မှုဘက်သို့ လာကြလော့"ဟု ဟစ်ကြွေးသည့်အခါ ဤသို့ ရွတ်ဆိုရမည် —

«لَا حَوْلَ وَلاَ قُوَّةَ إِلَّا بِاللَّهِ»[44].

لَا حَوْلَ وَلاَ قُوَّةَ إِلَّا بِاللَّه.

---

[1] ဗလီသို့ဝင်သောအခါ ရွတ်ဆိုရမည့်ဒုအာ အမှတ် (၂၀) ပါ ယခင်ဟဒီးဆ်၏ ဆင့်ပြန်ချက်များ အကိုးအကားကို ကြည့်ပါ။ အိဗ်နုမာဂျဟ်ကျမ်း၌ ထပ်မံဖြည့်စွက်ထားသည်မှာ- «اللَّهُمَّ اعْصِمْنِي مِنَ الشَّيْطَانِ الرَّجِيمِ» (အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏အနှောင့်အရှက်မှ ကာကွယ်စောင့်ရှောက်တော်မူပါ။) ဟူ၍ဖြစ်သည်။ ဆွဟီးဟ်အိဗ်နုမာဂျဟ် (၁/၁၂၉) တွင် ကြည့်ပါ။

“မကောင်းမှုများမှ ရှောင်ကြဉ်နိုင်ခြင်းနှင့် ကောင်းမှုများ ကျင့်ဆောင်နိုင်ခြင်းသည် အလ္လာဟ်အရှင်မြတ်စွမ်းအား ပေးမှသာ ဖြစ်နိုင်ပါ၏။”.[1]

ဤသို့ရွတ်ဆိုရမည်။

«وَأَنَا أَشْهَدُ أَنْ لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ وَأَنَّ مُحَمَّدًا عَبْدُهُ وَرَسُولُهُ، رَضِيتُ بِاللَّهِ رَبًّا، وَبِمُحَمَّدٍ رَسُولًا، وَبِالإِسْلَامِ دِينًا»[45]

«ထို့ပြင် ဖက်စပ်ယှဉ်တွဲခြင်း ကင်းတော်မူသော တစ်ပါးတည်းသောအရှင် အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ အစေတော်နှင့် ရစူလ်တမန်တော် ဖြစ်ကြောင်းကို ကျွန်တော်မျိုး သက်သေခံပါသည်။ အလ္လာဟ်အရှင်မြတ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အဖြစ် လည်းကောင်း၊ မုဟမ္မဒ်အား ရစူလ်တမန်တော်အဖြစ် လည်းကောင်း၊ အစ္စလာမ်အား သာသနာအဖြစ် လည်းကောင်း ကျွန်တော်မျိုး ကျေနပ်နှစ်သက်ပါသည်။»[2]

---

[1] ဗုခါရီကျမ်း (၁/၁၅)၊ ဟဒီးဆ်အမှတ် (၆၁၁) နှင့် (၆၁၃) / မွတ်စ်လင်မ်ကျမ်း (၁/၂၈၈)၊ ဟဒီးဆ်အမှတ် (၃၈၃)

[2] မွတ်စ်လင်မ်ကျမ်း (၁/၂၉၀)၊ ဟဒီးဆ်အမှတ် (၃၈၆)

(မုအဇ်ဇင်န်၏ တရှပ်ဟုဒ် ပြီးနောက်တွင် ၎င်းအား ရွတ်ဆိုရမည်)။[1]

(မုအဇ္ဇင်န်၏အဇာန်ဆိုသံကို အဖြေပေးပြီးနောက် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အပေါ် ဆွလာသ်ပို့သရမည်။)[2]

ဤသို့ရွတ်ဆိုရမည်။

«اللَّهُمَّ رَبَّ هَذِهِ الدَّعْوَةِ التَّامَّةِ، وَالصَّلَاةِ القَائِمَةِ، آتِ مُحَمَّدًا الوَسِيلَةَ وَالفَضِيلَةَ، وَابْعَثْهُ مَقَامًا مَحمُودًا الَّذِي وَعَدْتَهُ، [إِنَّكَ لَا تُخْلِفُ المِيعَادَ]»[48].

«အိုအလ္လာဟ်အရှင်မြတ်၊ ဤပြည့်စုံသော ဖိတ်ခေါ်မှုနှင့် တည်ဆောက်မည့်ဆွလာသ်၏ အရှင်၊ တမန်တော်မြတ်မိုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)အား ဝစီလဟ်(ဂျန္နသ်ရှိအမြင့်မြတ်ဆုံးနေရာ)နှင့် အဖန်ဆင်းခံအားလုံးတို့ထက် ပို၍မြင့်မြတ်သည့်အဆင့်အတန်းကို ချီးမြှင့်ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ် ကတိပေးတော်မူခဲ့သည့် မကာမေမဟ်မူဒ် (ကိယာမသ်နေ့တွင် အကြီးမားဆုံး ရှဖာအသ်ကြားဝင်အသနားခံပေးမည့်နေရာ)သို့ ၎င်းအား (တမန်

[1] အိဗ်နုခုဇိုင်မာကျမ်း၊ (၁/၂၂၀)

[2] မွတ်စ်လင်မ်ကျမ်း (၁/၂၈၈)၊ ဟဒီးဆ်အမှတ် (၃၈၄)

တော်မြတ်အား) ပို့ဆောင်တော်မူပါ။ [ကေန်အမှန် အရှင်မြတ်သည် ကတိတော်ကို ဖောက်ဖျက်တော်မမူပါ။]»[1]

(အဇာန်နှင့် အိကာမဒ်ကြားတွင် မိမိအတွက် ဒုအာ တောင်းခံပါ။ ထိုအချိန်၌ တောင်းခံသော ဒုအာသည် ပယ်ချခြင်းခံရမည် မဟုတ်ပေ။)[2]

## (၁၆) အဖွင့်ဒုအာ

«اللَّهُمَّ بَاعِدْ بَيْنِي وَبَيْنَ خَطَايَايَ كَمَا بَاعَدْتَ بَيْنَ المَشْرِقِ وَالمَغْرِبِ، اللَّهُمَّ نَقِّنِي مِنْ خَطَايَايَ كَمَا يُنَقَّى الثَّوْبُ الأَبْيَضُ مِنَ الدَّنَسِ، اللَّهُمَّ اغْسِلْنِي مِنْ خَطَايَايَ، بِالثَّلْجِ وَالماءِ وَالبَرَدِ»[50].

(အို - အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် အရှေ့အရပ်နှင့် အနောက်အရပ်အား တစ်ခုနှင့် တစ်ခု ဝေးကွာစေသကဲ့သို့ ကျွန်တော်မျိုး၏ အပြစ်များကို ကျွန်တော်မျိုးနှင့် ဝေးကွာစေတော်မူပါ။ အို - အလ္လာဟ်အရှင်မြတ်၊ ဖြူစင်သော

1 ဗုခါရီကျမ်း (၁/၁၅၂)၊ ဟဒီးဆ်အမှတ် (၆၁၄)၊ လေးထောင့်ကွင်းအတွင်းရှိ စကားရပ်မှာ ဗိုင်ဟကီကျမ်း (၁/၄၁၀) မှဖြစ်သည်။ အလ္လာမဟ် အဗ်ဒွလ်အဇီးဇ် ဗင်န် ဗာဇ် (ရဟိမဟွလ္လာဟ်) က သုဟ်ဖသွလ် အခ်ယာရ် ကျမ်း (စာ-၃၈) တွင် ၎င်း၏ စနဒ်ကို ဟဆန် အဖြစ် သတ်မှတ်ထားသည်။

2 သိရ်မိဇီကျမ်း၊ ဟဒီးစ်အမှတ် (၃၅၉၄) နှင့် (၃၅၉၅)/ အဗူဒါဝူဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၅၂၅)/ အဟ်မဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၁၂၀၀)/ ကြည့်ရန်- အိရ်ဝါအွလ်ဂလီးလ်ကျမ်း (၁/၂၆၂)

အဝတ် အထည်မှ အညစ်အကြေးများကို ကောင်းမွန်စွာ လျှော်ဖွတ်ခြင်းကြောင့် အညစ်အကြေးများမှ ကင်းစင်စေသကဲ့သို့ ကျွန်တော်မျိုး၏ အပြစ်များကို ကင်းစင်စေတော်မူပါ။ အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ အပြစ်များကို မိုးနှင်းရေဖြင့်လည်းကောင်း၊ ရေဖြင့်လည်းကောင်း၊ မိုးသီးရေဖြင့်လည်းကောင်း ဆေးကြောသန့်စင်စေတော်မူပါ။)[1]

«سُبْحانَكَ اللَّهُمَّ وَبِحَمْدِكَ، وَتَبارَكَ اسْمُكَ، وَتَعَالَى جَدُّكَ، وَلَا إِلَهَ غَيْرُكَ»[51].

«အို အလ္လာဟ်အရှင်မြတ်၊ အသင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်ဟု ကျွန်တော်မျိုးမြွက်ဟနေပါ၏။ အသင်အရှင်မြတ်သည်သာလျှင် ချီးမွမ်းခြင်းကို ခံထိုက်တော်မူသော အရှင်ဖြစ်တော်မူပါ၏။ အသင်အရှင်မြတ်၏ နာမတော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါ၏။ အသင်အရှင်မြတ်၏ ဘုန်းတော်သည် အတိုင်းအဆမရှိ

[1] ဗုခါရီကျမ်း (၁/၁၈၁)၊ ဟဒီးဆ်အမှတ် (၇၄၄) / မွတ်စ်လင်မ်ကျမ်း (၁/၄၁၉)၊ ဟဒီးဆ်အမှတ် (၅၉၈)

မြင့်မားတော်မူပါ၏။ အသင်အရှင်မြတ်မှတစ်ပါး ကိုးကွယ်ထိုက်တော်မူသော အရှင်ဟူ၍ အလျဉ်းမရှိပါ။»[1]

«وَجَّهْتُ وَجْهِيَ لِلَّذِي فَطَرَ السَّمَوَاتِ وَالأَرْضَ حَنِيفًا وَمَا أَنَا مِنَ المُشْرِكِينَ، إِنَّ صَلَاتِي، وَنُسُكِي، وَمَحْيَايَ، وَمَمَاتِي لِلَّهِ رَبِّ العَالَمِينَ، لَا شَرِيكَ لَهُ وَبِذَلِكَ أُمِرْتُ وَأَنَا مِنَ المُسْلِمِينَ، اللَّهُمَّ أَنْتَ المَلِكُ لَا إِلَهَ إِلَّا أَنْتَ، أَنْتَ رَبِّي وَأَنَا عَبْدُكَ، ظَلَمْتُ نَفْسِي وَاعْتَرَفْتُ بِذَنْبِي فَاغْفِرْ لِي ذُنُوبِي جَمِيعًا إِنَّهُ لَا يَغْفِرُ الذُّنُوبَ إِلَّا أَنْتَ، وَاهْدِنِي لِأَحْسَنِ الأَخْلَاقِ لَا يَهْدِي لِأَحْسَنِهَا إِلَّا أَنْتَ، وَاصْرِفْ عَنِّي سَيِّئَهَا، لَا يَصْرِفُ عَنِّي سَيِّئَهَا إِلَّا أَنْتَ، لَبَّيْكَ وَسَعْدَيْكَ، وَالخَيْرُ كُلُّهُ بِيَدَيْكَ، وَالشَّرُّ لَيْسَ إِلَيْكَ، أَنَا بِكَ وَإِلَيْكَ، تَبَارَكْتَ وَتَعَالَيْتَ، أَسْتَغْفِرُكَ وَأَتُوبُ إِلَيْكَ».

«မိုးကောင်းကင်များနှင့် မြေကမ္ဘာကို ဖန်ဆင်းတော်မူသော အရှင်မြတ်ဘက်သို့ ကျွန်တော်မျိုးသည် ဖြောင့်မတ်တည်ကြည်သူအဖြစ် မျက်နှာမူပါ၏။ ထို့ပြင် ကျွန်တော်မျိုးသည် တွဲဖက်ကိုးကွယ်သူများတွင် အလျင်းအပါအဝင်မဟုတ်ပါ။ ကေန်အမှန် ကျွန်တော်မျိုး၏ ဆွလာသ်ဝတ်ပြုမှု၊ ကျွန်တော်မျိုး၏ ခဝပ်ကိုးကွယ်မှု၊ ကျွန်တော်မျိုး၏ ရှင်သန်ခြင်းနှင့် ကျွန်တော်မျိုး၏ ကွယ်လွန်သေဆုံးခြင်းတို့သည် စကြဝဠာခပ်သိမ်းကို မွေးမြူဖန်ဆင်းတော်မူသော အ

[1] မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၉၉) / ဆုနန်ကျမ်းလေးကျမ်းရှင်များဖြစ်သည့် အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၇၅) / သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၂၄၃) / အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၀၆) / နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၈၉၉) / ကြည့်ပါ- ဆွဟီးဟ်သိရ်မီဇီကျမ်း (၁/၇၇) / ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၁/၁၃၅)

လ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်ပါ၏။ ထိုအရှင်မြတ်၌ တွဲဖက်ဟူ၍ အလျင်းမရှိပါ။ ဤသို့ (ယုံကြည်ဆောက်တည်ရန်) ကျွန်တော်မျိုးသည် အမိန့်ပေးခံထားရခြင်းဖြစ်ပါသည်။ ၎င်းအပြင် ကျွန်တော်မျိုးသည် အပ်နှင်းနာခံသူ(မွတ်စလင်မ်)များတွင် အပါအဝင်ဖြစ်ပါ၏။ အို- အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် စိုးပိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။ အရှင်မြတ်မှအပ အခြားမှန်ကန်သည့် ကိုးကွယ်ရာ အရှင်ဟူ၍အလျင်းမရှိ။ အရှင်မြတ်သည် ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူ၏။ ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကျေးကျွန်ဖြစ်ပါ၏။ ကျွန်တော်မျိုးသည် မိမိကိုယ်ကို မတရားပြုခဲ့မိပါ၏။ ၎င်းအပြင် ကျွန်တော်မျိုး၏ အပြစ်ဒုစရိုက်များကိုလည်း ဝန်ခံပါ၏။ သို့ဖြစ်ရာ ကျွန်တော်မျိုး၏ အပြစ်ဒုစရိုက်များအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ၊ ဧကန်အမှန် အရှင်မြတ်မှအပ အခြားမည်သူမျှ အပြစ်များကိုလွတ်ငြိမ်း ချမ်းသာခွင့် မပေးနိုင်ပါ။ ထို့ပြင် ကျွန်တော်မျိုးအား အကောင်း မွန်ဆုံးသော ကိုယ်ကျင့်တရားများဆီသို့ လမ်းညွှန်ပြသတော်မူပါ၊ အရှင်မြတ်မှအပ မည်သူမျှ ထိုအကောင်း

မွန်ဆုံးသော ကိုယ်ကျင့်တရားများဆီသို့ လမ်းညွှန်ပြသနိုင်မည်မဟုတ်ပါ။ ထို့ပြင် ဆိုးရွားသော ကိုယ်ကျင့်တရားများကို ကျွန်တော်မျိုးထံမှ ဖယ်ရှားပေးသနားတော်မူပါ၊ အရှင်မြတ်မှအပ မည်သူမျှ ထိုဆိုးရွားသော ကိုယ်ကျင့်တရားများကို ဖယ်ရှားပေးနိုင်မည်မဟုတ်ပါ။ အို- အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် အရှင်မြတ်၏ ခေါ်သံကို ထူးလျက် အရှင်မြတ်အမိန့်ကို နာခံရန် အသင့်ရှိနေပါ၏။ ကောင်းကျိုးဟူသမျှသည် အရှင်မြတ်၏ လက်တော်၌သာ ရှိပါ၏။ မကောင်းမှုဒုစရိုက်သည် အရှင်မြတ်ဘက်သို့ ရည်ညွှန်းခြင်းမရှိပါ။ ကျွန်တော်မျိုး(၏တည်ရှိမှု)သည် အရှင်မြတ်ကြောင့်သာဖြစ်ပါ၏။ ထို့ပြင် ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်သို့သာ ပြန်လည်သက်ဆင်းရမည်ဖြစ်ပါ၏။ အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူလှပါ၏။ အရှင်မြတ်သည် အမြင့်မြတ်ဆုံး ဖြစ်တော်မူလှပါ၏။ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်မှ အပြစ်များကို လွတ်

ငြိမ်းချမ်းသာခွင့် တောင်းခံပါ၏။ ၎င်းအပြင် အရှင်မြတ်ဘက်သို့သာ ပြန်လှည့်ပါ၏။»[1]

«اللَّهُمَّ رَبَّ جِبْرَائِيلَ، وَمِيْكَائِيلَ، وَإِسْرَافِيلَ، فَاطِرَ السَّمَوَاتِ وَالأَرْضِ، عَالِمَ الغَيْبِ وَالشَّهَادَةِ أَنْتَ تَحْكُمُ بَيْنَ عِبَادِكَ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ، اهْدِنِي لِمَا اخْتُلِفَ فِيهِ مِنَ الحَقِّ بِإِذْنِكَ إِنَّكَ تَهْدِي مَنْ تَشَاءُ إِلَى صِرَاطٍ مُسْتَقِيمٍ»[53].

အို အလ္လာဟ်အရှင်မြတ်၊ ဂျိဗ်ရီလ်၊ မီကာအီလ်နှင့် အိစ်ရာဖီလ် စေတမန်ကြီးများ၏ အရှင်၊ မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်၊ ကွယ်ဝှက်သော အရာများနှင့် ထင်ရှားသောအရာများကို အကြွင်းမဲ့သိမြင်တော်မူသောအရှင်၊ အရှင်မြတ်သည် အရှင်မြတ်၏ ကျေးကျွန်များအကြား ၎င်းတို့ သဘောထားကွဲလွဲလျက်ရှိကြသော ကိစ္စရပ်များနှင့်ပတ်သက်၍ ဆုံးဖြတ်စီရင်တော်မူသောအရှင် ဖြစ်ပါသည်။ သဘောထားကွဲလွဲလျက်ရှိကြသည့် ကိစ္စရပ်များအနက်မှ အမှန်တရားဆီသို့ အရှင်မြတ်၏ ခွင့်ပြုမိန့်တော်ဖြင့် ကျွန်တော်မျိုးအား တရားလမ်းညွှန်ပြသပေးသနားတော်မူပါ။ ကေန်စင်စစ် အရှင်မြတ်သည် မိမိအလိုရှိသူအား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်သို့ တ

[1] မွတ်စ်လင်မ်ကျမ်း (၁/၅၃၄)၊ ဟဒီးဆ်အမှတ် (၇၇၁)

ရားလမ်းညွှန်ပြသပေးတော်မူသောအရှင် ဖြစ်ပါသည်။ (၅၃)[1]

«اللَّهُ أَكْبَرُ كَبِيرًا، اللَّهُ أَكْبَرُ كَبِيرًا، اللَّهُ أَكْبَرُ كَبِيرًا، وَالْحَمْدُ لِلَّهِ كَثِيرًا، وَالْحَمْدُ لِلَّهِ كَثِيرًا، وَالْحَمْدُ لِلَّهِ كَثِيرًا، وَسُبْحَانَ اللَّهِ بُكْرَةً وَأَصِيلًا»

«အလ္လာဟ်အရှင်မြတ်သည် အလွန်ပင် အကြီးကျယ်ဆုံးဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် အလွန်ပင် အကြီးကျယ်ဆုံးဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် အလွန်ပင် အကြီးကျယ်ဆုံးဖြစ်တော်မူသည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာ များပြားစွာဖြစ်သည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာ များပြားစွာဖြစ်သည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာ များပြားစွာဖြစ်သည်။ နံနက်ရော ညနေပါ အလ္လာဟ်အရှင်မြတ်သည် ချွတ်ယွင်းမှုအပေါင်းမှကင်းစင်တော်မူသည်။»

သုံးကြိမ်

«أَعُوذُ بِاللَّهِ مِنَ الشَّيْطَانِ: مِنْ نَفْخِهِ، وَنَفْثِهِ، وَهَمْزِهِ»[54].

(أَعُوذُ بِاللَّهِ مِنَ الشَّيْطَانِ: مِنْ نَفْخِهِ، وَنَفْثِهِ، وَهَمْزِهِ)

---

[1] မွတ်စ်လင်မ်ကျမ်း (၁/၅၃၄)၊ ဟဒီးဆ်အမှတ် (၇၇၀)

## အခ်ိပ္ပါယ် - ရှိင်သွာန်၏ အန္တရာယ်ဖြစ်သော ၎င်း၏ မာန ထောင်လွှားစေခြင်း၊ ၎င်း၏ မန်းမှုတ်ခြင်းနှင့် ၎င်း၏ ရှူးသွင်းစေခြင်းတို့မှ ကင်းဝေးရန် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကျွန်တော်မျိုး ခိုလှုံပါ၏။[1]

«اللَّهُمَّ لَكَ الحَمْدُ، أَنْتَ نُورُ السَّمَوَاتِ وَالأَرْضِ وَمَنْ فِيهِنَّ، وَلَكَ الحَمْدُ أَنْتَ قَيِّمُ السَّمَوَاتِ وَالأَرْضِ وَمَنْ فِيهِنَّ، [وَلَكَ الحَمْدُ أَنْتَ رَبُّ السَّمَوَاتِ وَالأَرْضِ وَمَنْ فِيهِنَّ] [وَلَكَ الحَمْدُ لَكَ مُلْكُ السَّمَوَاتِ وَالأَرْضِ وَمَنْ فِيهِنَّ] [وَلَكَ الحَمْدُ أَنْتَ مَلِكُ السَّمَوَاتِ وَالأَرْضِ] [وَلَكَ الحَمْدُ] [أَنْتَ الحَقُّ، وَوَعْدُكَ الحَقُّ، وَقَوْلُكَ الحَقُّ، وَلِقاؤُكَ الحَقُّ، وَالجَنَّةُ حَقٌّ، وَالنَّارُ حَقٌّ، وَالنَّبِيُّونَ حَقٌّ، وَمحَمَّدٌ ﷺ حَقٌّ، وَالسَّاعَةُ حَقٌّ] [اللَّهُمَّ لَكَ أَسْلَمتُ، وَعَلَيْكَ تَوَكَّلْتُ، وَبِكَ آمَنْتُ، وَإِلَيْكَ أَنَبْتُ، وَبِكَ خاصَمْتُ، وَإِلَيْكَ حاكَمْتُ. فَاغْفِرْ لِي مَا قَدَّمْتُ، وَمَا أَخَّرْتُ، وَمَا أَسْرَرْتُ، وَمَا أَعْلَنْتُ] [وَمَا أَنْتَ أَعْلَمُ بِهِ مِنِّي] [أَنْتَ المُقَدِّمُ، وَأَنْتَ المُؤَخِّرُ لَا إِلَهَ إِلَّا أَنْتَ] [أَنْتَ إِلَهِي لَا إِلَهَ إِلَّا أَنْتَ] [وَلَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللَّهِ]»[56].

---

[1] အဗူဒါဝူဒ်ကျမ်း (၁ / ၂၀၃)၊ ဟဒီးစ်အမှတ် (၇၆၄)၊ အိဗ်နုမာဂျဟ်ကျမ်း (၁ / ၂၆၅)၊ ဟဒီးစ်အမှတ် (၈၀၇)၊ မွတ်စ်နဒ် အဟ်မဒ်ကျမ်း (၄ / ၈၅)၊ ဟဒီးစ်အမှတ် (၁၆၇၃၉)၊ ရှုအိုက်ဗ် အလ်အရ်နအူးသ်က မွတ်စ်နဒ်ကျမ်း စိစစ်ချက်တွင် ယင်းဟဒီးစ်အား "ဟစန် လိဂိုင်ရိဟီ" ဟု ဆိုခဲ့သည်။ အဗ်ဒွလ်ကွာဒိရ် အလ်အရ်နအူးသ်က အိဗ်နုသိုင်မီယဟ်၏ အလ်ကလိမွတ်သွိုင်ယိဗ်ကျမ်း၊ ဟဒီးစ်အမှတ် (၇၈) ၏ စိစစ်ချက်တွင် "၎င်းသည် အခြားထောက်ခံချက်များဖြင့် ဆွဟီးဟ်အဆင့်ရှိသော ဟဒီးစ်ဖြစ်သည်" ဟု ဆိုခဲ့သည်။ ထို့ပြင် အလ်ဗာနီက ဆွဟီးဟ် အလ်ကလိမွတ်သွိုင်ယိဗ်ကျမ်း၊ ဟဒီးစ်အမှတ် (၆၂) တွင် ဖော်ပြခဲ့သည်။ မွတ်စ်လင်မ်ကျမ်း (၁ / ၄၂၀)၊ ဟဒီးစ်အမှတ် (၆၀၁) တွင်လည်း အိဗ်နုအုမရ် (ရဿွိယလ္လာဟုအန်ဟုမာ) ထံမှ အလားတူ ဆင့်ပြန်ထားပြီး ၎င်း၌ ဖြစ်ရပ်တစ်ခု ပါဝင်သည်။

"«အို အလ္လာဟ်အရှင်မြတ်၊ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာဖြစ်ပါ၏၊ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၊ ၎င်းတို့အတွင်းရှိသမျှတို့၏ အလင်းရောင်ဖြစ်တော်မူ၏။ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာဖြစ်ပါ၏၊ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၊ ၎င်းတို့အတွင်းရှိသမျှတို့ကို အမြဲတည်ရှိလျက် ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်ဖြစ်တော်မူ၏။ [ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာဖြစ်ပါ၏၊ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၊ ၎င်းတို့အတွင်းရှိသမျှတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူ၏။] [ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာဖြစ်ပါ၏၊ မိုးကောင်းကင်များနှင့် မြေပထဝီ၊ ၎င်းတို့အတွင်းရှိသမျှတို့၏ အုပ်စိုးမှုအာဏာသည် အရှင်မြတ်အတွက်သာဖြစ်ပါ၏။] [ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာဖြစ်ပါ၏၊ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို အုပ်စိုးတော်မူသောအရှင်ဖြစ်တော်မူ၏။] [ချီးမွမ်းထောမနာပြုခြင်းဟူ

သမျှသည် အရှင်မြတ်အတွက်သာဖြစ်ပါ၏။] [အရှင်မြတ်သည်သာလျှင် မှန်ကန်သောအရှင်ဖြစ်တော်မူ၏။ အရှင်မြတ်၏ ကတိတော်သည်လည်း မှန်ကန်ပါ၏။ အရှင်မြတ်၏မိန့်ဆိုချက်သည်လည်း မှန်ကန်ပါ၏။ အရှင်မြတ်နှင့် တွေ့ဆုံရမည်ဟူသည်မှာလည်း မှန်ကန်ပါ၏။ ဂျန္နသ်သုခဘုံသည်လည်း မှန်ကန်ပါ၏။ ဂျဟန္နမ်ငရဲမီးသည်လည်း မှန်ကန်ပါ၏။ တမန်တော်မြတ်အပေါင်းတို့သည်လည်း မှန်ကန်ပါ၏။ တမန်တော်မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်လည်း မှန်ကန်ပါ၏။ ကိယာမသ်နေ့သည်လည်း မှန်ကန်ပါ၏။] [အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် အရှင်မြတ်အား နာခံခဲ့ပါ၏။ အရှင်မြတ်အပေါ် သဝတ်ကွလ် ယုံပုံအားထားခဲ့ပါ၏။ အရှင်မြတ်အား အီမာန်သက်ဝင်ယုံကြည်ခဲ့ပါ၏။ အရှင်မြတ်ဘက်သို့ ပြန်လှည့်ခဲ့ပါ၏။ အရှင်မြတ်၏ ကူညီစောင်မမှုဖြင့် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ပါ၏။ အရှင်မြတ်ထံတော်၌သာ တရားစီရင်ဆုံးဖြတ်မှုကို ခံယူပါ၏။ သို့ပါ၍ ကျွန်တော်မျိုး၏ ရှေးယခင်က ပြုလုပ်ခဲ့သောအပြစ်များ၊ နောက်နောင် ပြုလုပ်မည့်အပြစ်များ၊ လျှို့ဝှက်စွာ ပြုလုပ်ခဲ့သောအပြစ်များနှင့် ထင်ရှားစွာ

ပြုလုပ်ခဲ့သောအပြစ်များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။] [ထို့ပြင် ကျွန်တော်မျိုးထက် အရှင်မြတ် ပို၍သိတော်မူသောအရာများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။] [အရှင်မြတ်သည်သာလျှင် ရှေ့သို့တိုးစေတော်မူသောအရှင်၊ နောက်သို့ဆုတ်စေတော်မူသောအရှင် ဖြစ်တော်မူ၏။ အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သူဟူ၍မရှိပါ။] [အရှင်မြတ်သည် ကျွန်တော်မျိုး၏ ကိုးကွယ်ရာအရှင်ဖြစ်တော်မူ၏။ အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သူဟူ၍မရှိပါ။] [အလ္လာဟ်အရှင်မြတ်၏ ကူညီစောင်မမှုမပါဘဲ အပြစ်များမှ ရှောင်ကြဉ်နိုင်စွမ်းနှင့် ကောင်းမှုကုသိုလ် ပြုလုပ်နိုင်စွမ်း အလျဉ်းမရှိပါ။]»."[12]

---

[1] ဗုခါရီကျမ်း၊ ဖသ်ဟ်ကျမ်းနှင့်အတူ (၃/၃)၊ (၁၁/၁၁၆)၊ (၁၃/၃၇၁)၊ ဟဒီးဆ်အမှတ် (၄၂၃)၊ (၄၆၅)၊ (၁၁၂၀)၊ (၆၃၁၇)၊ (၇၃၈၅)၊ (၇၄၄၂)၊ (၇၄၉၉) / မွတ်စ်လင်မ်ကျမ်း၊ ၎င်းနှင့်အလားတူအကျဉ်းချုပ် (၁/၅၃၂)၊ ဟဒီးဆ်အမှတ် (၇၆၉)

[2] တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ညအချိန် သဟာဒ်ဂျုဒ်ဆွလာသ်ဝတ်ပြုရန်အတွက် နိုးထတော်မူသောအခါတိုင်း ယင်းဒုအာကို ရွတ်ဆိုတော်မူလေ့ရှိသည်။

## (၁၇) ရုကူအ် ဦးညွတ်ရာတွင် ရွတ်ဆိုရမည့် ဒုအာ။

«سُبْحانَ رَبِّيَ العَظِيمِ».

ကျွန်တော်မျိုးသည် မိမိ၏ ကြီးကျယ်မြင့်မြတ်လှသောအရှင်၏ သန့်ရှင်းစင်ကြယ်ကြောင်းကို မြွက်ဟနေပါ၏။

(၃) ကြိမ်[1]

«سُبْحَانَكَ اللَّهُمَّ رَبَّنَا وَبِحَمْدِكَ، اللَّهُمَّ اغْفِرْ لِي»[58].

«အို - အလ္လာဟ်အရှင်မြတ်၊ အို - ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အသင်အရှင်မြတ်သည် ချီးကျူးခြင်းအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပါသည်။ ချီးမွမ်းထောမနာခြင်းဟူသမျှသည် အသင်အရှင်မြတ်နှင့်သာ ထိုက်တန်တော်မူသည်။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။».[2]

«سُبُّوحٌ، قُدُّوسٌ، رَبُّ المَلَائِكَةِ وَالرُّوحِ» [59].

---

[1] ဆုနန်ကျမ်းများနှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်း - အဗူဒါဝူးဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၈၇၀)၊ သိရ်မီဇီကျမ်း၊ ဟဒီးစ်အမှတ် (၂၆၂)၊ နစာအီကျမ်း၊ ဟဒီးစ်အမှတ် (၁၀၀၇)၊ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးစ်အမှတ် (၈၉၇)၊ မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၃၅၁၄)၊ ကြည့်ရှုရန် - ဆွဟီးဟ်သိရ်မီဇီကျမ်း (၁ / ၈၃)

[2] ဗုခါရီကျမ်း (၁/၉၉)၊ ဟဒီးဆ်အမှတ် (၇၉၄) /မွတ်စ်လင်မ်ကျမ်း (၁/၃၅၀)၊ ဟဒီးဆ်အမှတ် (၄၈၄)

“အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့ခြင်း အပေါင်းမှ အလွန် သန့်ရှင်းစင်ကြယ်တော်မူသော အလွန်သန့်စင် ထွတ်မြတ် တော်မူသော အရှင်ဖြစ်တော်မူသည်။ မလာအိကဟ်များနှ င့် ဂျိဗ်ရီးလ် တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် ပင် ဖြစ်တော်မူသည်။”.[1]

«اللَّهُمَّ لَكَ رَكَعْتُ، وَبِكَ آمَنْتُ، وَلَكَ أَسْلَمْتُ، خَشَعَ لَكَ سَمْعِي، وَبَصَرِي، وَمُخِّي، وَعَظْمِي، وَعَصَبِي، [وَمَا اسْتَقَلَّتْ بِهِ قَدَمِي]»[60].

"အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် အရှင်မြတ် အဖို့ ရကူအ်ပြုခဲ့ပါ၏။ အရှင်မြတ်အား အီမာန်သက်ဝင်ယုံ ကြည်ခဲ့ပါ၏။ အရှင်မြတ်အား နာခံခဲ့ပါ၏။ ကျွန်တော်မျိုး ၏ အကြားအာရုံ၊ အမြင်အာရုံ၊ ဦးနှောက်၊ အရိုး၊ အကြော[ နှင့် ကျွန်တော်မျိုး၏ ခြေထောက်များ ရပ်တည်သယ်ဆော င်ထားသမျှသော အရာအားလုံး]တို့သည် အရှင်မြတ်ရှေ့ မှောက်၌ ရှိသေကျိုးနွံလျက်ရှိပါ၏။"[2]

[1] မွတ်စ်လင်မ်ကျမ်း (၁/၃၅၃)၊ ဟဒီးဆ်အမှတ် (၄၈၇)/ အဗူဒါဝူဒ်ကျမ်း (၁/၂၃၀)၊ ဟ ဒီးဆ်အမှတ် (၈၇၂)

[2] မွတ်စ်လင်မ်ကျမ်း (၁/ ၅၃၄)၊ ဟဒီးဆ်အမှတ် (၇၇၁)၊ ကျမ်းလေးကျမ်းအနက် အိဗ်နု မာဂျဟ်မှလွဲ၍ ကျန်ကျမ်းများဖြစ်သော- အဗူဒါဝူးဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၆၀) နှ င့် (၇၆၁)၊ သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၂၁)၊ နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၁၀ ၄၉)၊ ထောင့်ကွင်းများအတွင်းရှိ ဟဒီးဆ်စာသားသည် အိဗ်နုခုဇိုင်မာကျမ်း၊ ဟဒီးဆ်

«سُبْحَانَ ذِي الجَبَرُوتِ، وَالمَلَكُوتِ، وَالكِبْرِيَاءِ، وَالعَظَمَةِ»[61].

«ကျွန်တော်မျိုးသည် တန်ခိုးအာဏာ၊ စိုးမိုးအုပ်ချုပ်မှု၊ ကြီးကျယ်ခမ်းနားမှုနှင့် ကြီးကျယ်မြင့်မြတ်မှုတို့ကို ပိုင်စိုးတော်မူသော အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်ကြောင်းကို မြွက်ဟနေပါ၏။»[1]

## ၁၈။ ရုကူအ်မှ ပြန်ထရာတွင် ရွတ်ဆိုရမည့် ဒုအာ။

«سَمِعَ اللَّهُ لِمَنْ حَمِدَهُ».

"မိမိအား ချီးမွမ်းထောမနာပြုသူ၏ ချီးမွမ်းခြင်းကို အလ္လာဟ်အရှင်မြတ်လက်ခံတော်မူ၏။"[2].

«رَبَّنَا وَلَكَ الحَمْدُ، حَمْدًا كَثِيرًا طَيِّبًا مُبارَكًا فِيهِ»[63].

"အို - ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ဗရကာသ်မင်္ဂလာရှိတော်မူ၍ သန့်ရှင်းစင်ကြယ်သော ချီးမွမ်းခြင်းအပေါင်းသည် အရှင်မြတ် အတွက်သာ လျှင်ဖြစ်တော်မူသည်။"[3]

---

အမှတ် (၆၀၇) နှင့် အိဗ်နုဟိဗ်ဗာန်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၉၀၁) တို့၏ စာသားဖြစ်သည်။

[1] အဗူဒါဝူဒ်ကျမ်း (၁/၂၃၀)၊ ဟဒီးဆ်အမှတ် (၈၇၃)၊ နစာအီကျမ်း၊ ဟဒီးစ်အမှတ် (၁၁၃၁)၊ အဟ်မဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၂၃၉၈၀)၊ ၎င်း၏စနဒ်သည် ဟစန်အဆင့်ရှိသည်။

[2] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗါရီကျမ်းနှင့်တကွ (၂/၂၈၂)၊ ဟဒီးဆ်အမှတ် (၇၉၆)

[3] ဗုခါရီကျမ်းနှင့် ဖသ်ဟုလ်ဗာရီကျမ်း တကွ (၂/၂၈၄)၊ ဟဒီးဆ်အမှတ် (၇၉၆)

«مِلْءَ السَّمَوَاتِ وَمِلْءَ الأَرْضِ، وَمَا بَيْنَهُمَا، وَمِلْءَ مَا شِئْتَ مِنْ شَيءٍ بَعْدُ. أَهلَ الثَّناءِ وَالمَجْدِ، أَحَقُّ مَا قَالَ العَبْدُ، وَكُلُّنَا لَكَ عَبْدٌ، اللَّهُمَّ لَا مَانِعَ لِمَا أَعْطَيْتَ، وَلَا مُعْطِيَ لِمَا مَنَعْتَ، وَلَا يَنْفَعُ ذَا الجَدِّ مِنْكَ الجَدُّ»[64].

အရှင်မြတ်သည် မိုးကောင်းကင်နှင့်အမျှဖြစ်သော၊ မြေပထဝီနှင့်အမျှဖြစ်သော၊ ၎င်းတို့နှစ်ခုကြားရှိ အရာများနှင့်အမျှဖြစ်သော၊ ထို့နောက် အရှင်မြတ်အလိုရှိတော်မူသည့် နယ်ပယ်အမျှဖြစ်သော ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံယူထိုက်တော်မူသော အရှင်ဖြစ်တော်မူသည်။ ချီးမွမ်းထောမနာခြင်းနှင့် ဂုဏ်ကျက်သရေကို ခံယူထိုက်တော်မူသောအရှင်၊ ဤသည်ကား ကျွန်တစ်ဦးပြောဆိုသည့် အမှန်ကန်ဆုံးသောစကားဖြစ်ပါသည်။ ကျွန်တော်မျိုးတို့အားလုံးသည် အရှင်မြတ်၏ ကျွန်များသာဖြစ်ကြပါသည်။ အိုအလ္လာဟ်အရှင်မြတ် အရှင်မြတ်ပေးကမ်းချီးမြှင့်တော်မူသောအရာကို တားဆီးပိတ်ပင်နိုင်သူမရှိပါ။ အရှင်မြတ်တားဆီးပိတ်ပင်ထားသော အရာကိုလည်း ပေးကမ်းချီးမြှင့်နိုင်သူမရှိပါ။ ဥစ္စာခနေသည် ဥစ္စာခနေရှင်အား အရှင်မြတ်၏ အလိုတော်နှင့်ဆန့်ကျင်၍ အကျိုးမပြုနိုင်ပါ။[1]

[1] မွတ်စ်လင်မ်ကျမ်း (၁/၃၄၆)၊ ဟဒီးဆ်အမှတ် (၄၇၇)

## ၁၉။ စဂျ်ဒဟ်တွင် ဖတ်ရမည့် ဒုအာ

«سُبْحَانَ رَبِّيَ الأَعْلَى»

ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အမြင့်မားဆုံးသော အရှင်ဖြစ်တော်မူပြီး ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူကြောင်းကို မြွက်ဟနေပါ၏။

(၃) ကြိမ်[1]

«سُبْحَانَكَ اللَّهُمَّ رَبَّنَا وَبِحَمْدِكَ، اللَّهُمَّ اغْفِرْ لِي» [66].

«အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပါသည်။ အို အလ္လာဟ်အရှင်မြတ်၊ အို ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ချီးမွမ်းထောမနာခြင်းဟူသမျှသည် အသင်အရှင်မြတ်နှင့်သာ ထိုက်တန်တော်မူသည်။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်

[1] စုနန်ကျမ်းများနှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်း - အဗူဒါဝူးဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၇၀) / သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၂၆၂)/ နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၀၇)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၉၇)/ မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၅၁၄)/ ဆွဟီးဟ်သိရ်မီဇီကျမ်း (၁/၈၃) တွင်ကြည့်ပါ။

မျိုးအား အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။»[1]

«سُبُّوحٌ، قُدُّوسٌ، رَبُّ المَلَائِكَةِ وَالرُّوحِ» [67].

အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့ခြင်း အပေါင်းမှ အလွန်သန့်ရှင်းစင်ကြယ်တော်မူသော အလွန်သန့်စင် ထွတ်မြတ်တော်မူသော အရှင်ဖြစ်တော်မူသည်။ မလာအိကဟ်များနှင့် ဂျိဗ်ရီးလ် တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။[2]

«اللَّهُمَّ لَكَ سَجَدْتُ وَبِكَ آمَنْتُ، وَلَكَ أَسْلَمْتُ، سَجَدَ وَجْهِي لِلَّذِي خَلَقَهُ، وَصَوَّرَهُ، وَشَقَّ سَمْعَهُ وَبَصَرَهُ، تَبَارَكَ اللَّهُ أَحْسَنُ الخَالِقِينَ»[68].

«အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်အား စဂျ်ဒါဦးချခဲ့ပါ၏။ အရှင်မြတ်အား အီမာန်သက်ဝင်ယုံကြည်ခဲ့ပါ၏။ အရှင်မြတ်အား နာခံခဲ့ပါ၏။ ကျွန်တော်မျိုး၏ မျက်နှာသည် ၎င်းအား ဖန်ဆင်းတော်မူသော၊ ရုပ်ဆင်းသဏ္ဌာန်ကို ပုံဖော်တော်မူသော၊ ၎င်း၌ အကြားအာရုံနှင့်

---

[1] ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၇၉၄) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၈၄) / ယခင်ဟဒီးဆ်အမှတ် (၃၄) တွင် ဖော်ပြပြီးဖြစ်သည်။

[2] မွတ်စ်လင်မ်ကျမ်း (၁/၅၃၃)၊ ဟဒီးဆ်အမှတ် (၄၈၇) နှင့် အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၇၂)။ ဟဒီးဆ်အမှတ် (၃၅) တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အမြင်အာရုံတို့ကို ဖွင့်လှစ်ပေးတော်မူသော အရှင်မြတ်အား စဂျ်ဒါ ပျပ်ဝပ်ဦးချခဲ့ပါ၏။ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူလှပါ၏။»[1]

«سُبْحَانَ ذِي الجَبَرُوتِ، وَالمَلَكُوتِ، وَالكِبْرِيَاءِ، وَالعَظَمَةِ»[69].

"ကျွန်တော်မျိုးသည် တန်ခိုးအာဏာတော်၊ စိုးမိုးအုပ်ချုပ်မှု၊ ကြီးကျယ်ခမ်းနားမှုနှင့် ကြီးကျယ်မြင့်မြတ်မှုတို့ကို ပိုင်စိုးတော်မူသောအရှင်မြတ်၏ သန့်ရှင်းစင်ကြယ်ကြောင်းကို မြွက်ဟနေပါ၏။"[2]

«اللَّهُمَّ اغْفِرْ لِي ذَنْبِي كُلَّهُ: دِقَّهُ وَجِلَّهُ، وَأَوَّلَهُ وَآخِرَهُ، وَعَلَانِيَّتَهُ وَسِرَّهُ».

«اللَّهُمَّ اغْفِرْ لِي ذَنْبِي كُلَّهُ: دِقَّهُ وَجِلَّهُ، وَأَوَّلَهُ وَآخِرَهُ، وَعَلَانِيَّتَهُ وَسِرَّهُ»[3].

အို- အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ ကြီးသောအပြစ်၊ သေးသောအပြစ်၊ ရှေ့တွင်ဖြစ်ခဲ့သောအပြစ်နှင့်၊ နောက်

---

[1] မွတ်စ်လင်မ်ကျမ်း (၁/၅၃၄)၊ ဟဒီးဆ်အမှတ် (၇၇၁) နှင့်အခြားကျမ်းများ

[2] အဗူဒါဝူဒ်ကျမ်း (၁/၂၃၀)၊ ဟဒီးဆ်အမှတ် (၈၇၃)/ နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၁၁၃၁)/ အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၃၉၈၀)/ အလ်ဘာနီက ဆွဟီးဟ်အဗူဒါဝူဒ် (၁/၁၆၆) တွင် ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားပြီး ၎င်း၏ဆင့်ပြန်ချက်များကို အမှတ် (၃၇) တွင် ဖော်ပြပြီးဖြစ်သည်။

[3] မွတ်စ်လင်မ်ကျမ်း (၁/ ၂၃၀)၊ ဟဒီးဆ်အမှတ် (၄၈၃)

တွင်ဖြစ်လာမည့်အပြစ်၊ လူသိရှင်ကြားပြုမိသောအပြစ်နှင့် လျှို့ဝှက်စွာပြုမိသောအပြစ် စသည့်အပြစ်ဂုနဟ်များအားလုံးကို ခွင့်လွှတ်တော်မူပါ။

«اللَّهُمَّ إِنِّي أَعُوذُ بِرِضَاكَ مِنْ سَخَطِكَ، وَبِمُعَافَاتِكَ مِنْ عُقُوبَتِكَ، وَأَعُوذُ بِكَ مِنْكَ، لَا أُحْصِي ثَنَاءً عَلَيْكَ، أَنْتَ كَمَا أَثْنَيْتَ عَلَى نَفْسِكَ»[71].

"အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကျေနပ်နှစ်မြို့မှုကို အားကိုးလျက် အရှင်မြတ်၏ အမျက် ဒေါသမှလည်းကောင်း၊ အရှင်မြတ်၏ ခွင့်လွှတ်ခြင်းကို အားကိုးလျက် အရှင်မြတ်၏ ပြစ်ဒဏ်မှလည်းကောင်း ခိုလှုံမှုပြုပါ၏။ ထို့ပြင် အရှင်မြတ်ထံမှ အရှင်မြတ်ထံ၌ပင် ခိုလှုံမှုပြုပါ၏။ ကျွန်တော်မျိုးသည် အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းကို ရေတွက်၍ ကုန်နိုင်မည်မဟုတ်ပါ။ အရှင်မြတ် သည် မိမိကိုယ်ကို ချီးမွမ်းတော်မူထားသည့်အတိုင်းပင် ဖြစ်တော်မူပါ၏။"[1]

## (၂၀) စဂ်ျဒဟ်နှစ်ခုကြားတွင် ထိုင်သည့်အခါ ဖတ်ရမည့်ဒုအာ

«رَبِّ اغْفِرْ لِي، رَبِّ اغْفِرْ لِي»[72].

---

[1] မွတ်စ်လင်မ်ကျမ်း (၁/၃၅၂)၊ ဟဒီးဆ်အမှတ် (၄၈၆)

«အို - အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ၊ အို - အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။».[1]

«اللَّهُمَّ اغْفِرْ لِي، وَارْحَمْنِي، وَاهْدِنِي، وَاجْبُرْنِي، وَعَافِنِي، وَارْزُقْنِي، وَارْفَعْنِي»[73].

«အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ၊ ကျွန်တော်မျိုးအား သနားကရုဏာထားတော်မူပါ၊ ကျွန်တော်မျိုးအား တရားလမ်းမှန်ကို ပြသတော်မူပါ၊ ကျွန်တော်မျိုး၏ ချို့ယွင်းအားနည်းချက်များကို ပြုပြင်ပေးတော်မူပါ၊ ကိုယ်စိတ်နှစ်ဖျာ ကျန်းမာချမ်းသာမှုကို ပေးသနားတော်မူပါ၊ ကျွန်တော်မျိုးအား ရိုဇီရိက္ခာများကို ချီးမြှင့်ပေးသနားတော်မူပါ၊ ကျွန်တော်မျိုး၏ အဆင့်အတန်းကို မြှင့်တင်ပေးတော်မူပါ။»[2]

---

[1] အဗူဒါဝူဒ်ကျမ်း (၁ / ၂၃၁)၊ ဟဒီးဆ်အမှတ် (၈၇၄)
အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၉၇)
ကြည့်ပါ - ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၁ / ၁၄၈)

[2] နစာအီကျမ်းမှလွဲ၍ ကျန်စုနန်ကျမ်းများဖြစ်သည့် - အဗူဒါဝူဒ်ကျမ်း (၁/၂၃၁)၊ ဟဒီးဆ်အမှတ် (၈၅၀)/ သိရ်မီဇီကျမ်း၊ ဟဒီးစ်အမှတ် (၂၈၄) နှင့် (၂၈၅)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၉၈)/ ကြည့်ရန် - ဆွဟီးဟ်သိရ်မီဇီကျမ်း (၁/၉၀)/ ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၁/၁၄၈)

## ၂၁။ စဂျ်ဒဟ် သိလာဝဟ်တွင် ဖတ်ရမည့် ဒုအာ

«سَجَدَ وَجْهِي لِلَّذِي خَلَقَهُ، وَشَقَّ سَمْعَهُ وَبَصَرَهُ بِحَوْلِهِ وَقُوَّتِهِ، فَتَبَارَكَ اللَّهُ أَحْسَنُ الخَالِقِينَ»

(ကျွန်တော်မျိုး၏ မျက်နှာသည် ၎င်းအား ဖန်ဆင်းတော်မူသော၊ ထို့ပြင် မိမိ၏ စွမ်းအားတော်နှင့် ခွန်အားတော်ဖြင့် ၎င်း၏ အကြားအာရုံနှင့် အမြင်အာရုံတို့ကို ဖွင့်လှစ်ပေးတော်မူသောအရှင်မြတ်အား စဂျ်ဒဟ်ဦးချပါ၏။ သို့ဖြစ်ပါ၍ အကောင်းဆုံး ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူလှပါ၏။)

[စူရဟ် မုအ်မိနူးန် အာယသ် - ၁၄][1]

«اللَّهُمَّ اكْتُبْ لِي بِهَا عِنْدَكَ أَجْرًا، وَضَعْ عَنِّي بِهَا وِزْرًا، وَاجْعَلْهَا لِي عِنْدَكَ ذُخْرًا، وَتَقَبَّلْهَا مِنِّي كَمَا تَقَبَّلْتَهَا مِنْ عَبْدِكَ دَاوُدَ»[75].

“အို အလ္လာဟ်အရှင်မြတ်၊ ၎င်းအားဖြင့် အရှင်မြတ်ထံတော်ပါးတွင် ကျွန်တော်မျိုးအတွက် အကျိုးကုသိုလ်ကို မှ

[1] သိရ်မိဇီကျမ်း (၂ / ၄၇၄)၊ ဟဒီးဆ်အမှတ် (၃၄၂၅)၊ အဟ်မဒ်ကျမ်း (၆ / ၃၀)၊ ဟဒီးဆ်အမှတ် (၂၄၀၂၂) နှင့် ဟာကင်မ်ကျမ်း၊ ဟာကင်မ်က ထိုဟဒီးဆ်ကို ဆွဟီးဟ်ဖြစ်သည်ဟု ဆိုခဲ့ပြီး အိမာမ် ဇဟ်ဗီ ကလည်း (ထိုကျမ်းအား ပြန်လည်စမ်းစစ်ထားသည့် မိမိ၏ကျမ်း) (၁ / ၂၂၀) တွင်၎င်းအား ထောက်ခံခဲ့သည်။ အပိုဆောင်းတင်ပြချက်မှာ ၎င်း၏ တင်ပြချက်ဖြစ်သည်။

တ်တမ်းတင်ပေးတော်မူပါ။ ၎င်းအားဖြင့် ကျွန်တော်မျိုးထံမှ အပြစ်အကုသိုလ်ကို ဖယ်ရှားပေးတော်မူပါ။ ၎င်းကို အရှင်မြတ်ထံတော်ပါးတွင် ကျွန်တော်မျိုးအတွက် သိုမှီးထားသောအရာအဖြစ် ပြုလုပ်ပေးတော်မူပါ။ ထို့ပြင် အရှင်မြတ်၏ကျွန် ဒါဝူးဒ်ထံမှ လက်ခံတော်မူခဲ့သကဲ့သို့ ၎င်းကို ကျွန်တော်မျိုးထံမှလည်း လက်ခံတော်မူပါ။" (၇၅)[1]

## (၂၂) သရှဟ်ဟုဒ် ဖတ်ခြင်း။

«التَّحِيَّاتُ لِلَّهِ، وَالصَّلَوَاتُ، وَالطَّيِّبَاتُ، السَّلَامُ عَلَيْكَ أَيُّهَا النَّبِيُّ وَرَحْمَةُ اللَّهِ وَبَرَكَاتُهُ، السَّلَامُ عَلَيْنَا وَعَلَى عِبَادِ اللَّهِ الصَّالِحِينَ، أَشْهَدُ أَنْ لَا إِلَهَ إِلَّا اللَّهُ وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُهُ وَرَسولُهُ»[76].

«နှုတ်မှရွတ်ဆိုရသော ချီးမွမ်းခြင်းများသည်လည်းကောင်း၊ ကိုယ်ခန္ဓာဖြင့်ပြုသော ခဝပ်မှုများသည်လည်းကောင်း၊ သန့်စင်သော စိတ်စေတနာနှင့်ပြုသော ကောင်းမှုများသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အဖို့သာလျှင် ဖြစ်တော်မူပါ၏။ ငြိမ်းချမ်းသာယာခြင်းအပေါင်းနှင့် အရှင်မြတ်၏ ရဟ်မသ်ကရုဏာတော်အပေါင်းသည်လည်းကော

[1] သိရ်မိဇီကျမ်း (၂/၄၇၃)၊ ဟဒီးဆ်အမှတ် (၅၇၉) /ဟာကင်မ်ကျမ်း၊ ၎င်းဟဒီးဆ်ကို ဟာကင်မ်က ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုပြီး ဇဟ်ဗီကလည်း ထောက်ခံထားသည်။ (၁/၂၁၉)

င်း၊ ထိုအရှင်မြတ်၏ ဇရိကသ်ချီးမြှင့်ခြင်းများသည်လည်းကောင်း၊ နဗီတမန်တော်မြတ်(ﷺ)အပေါ်သို့ သက်ရောက်ပါစေ။ ထိုငြိမ်းချမ်းသာယာခြင်းအပေါင်းသည် ကျွန်တော်မျိုးတို့အပေါ်လည်း သက်ရောက်ပါစေ။ အရှင်မြတ်၏ ကျွန်များဖြစ်သော သူတော်စင်သူတော်ကောင်းတို့အပေါ်လည်း သက်ရောက်ပါစေ။ ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ထိုက်သောအရှင် မရှိကြောင်း သက်သေခံပါ၏။ မုဟမ္မဒ်သည် အရှင်မြတ်၏ အစေတော်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း ကျွန်တော်မျိုး သက်သေခံပါသည်။»[1]

## (၂၃) သရှဟ်ဟုဒ်ဖတ်ပြီးနောက် တမန်တော်မြတ်(ﷺ)အပေါ်သို့ ဆွလာသ်ပို့သခြင်း။

«اللَّهُمَّ صَلِّ عَلَى مُحَمَّدٍ، وَعَلَى آلِ مُحَمَّدٍ، كَمَا صَلَّيتَ عَلَى إِبْرَاهِيمَ، وَعَلَى آلِ إِبْرَاهِيمَ، إِنَّكَ حَمِيدٌ مَجِيدٌ، اللَّهُمَّ بَارِكْ عَلَى مُحَمَّدٍ وَعَلَى آلِ مُحَمَّدٍ، كَمَا بَارَكْتَ عَلَى إِبْرَاهِيمَ وَعَلَى آلِ إِبْرَاهِيمَ، إِنَّكَ حَمِيدٌ مَجِيدٌ»[77].

[1] ဗုခါရီကျမ်း၊ ဖတ်ဟွလ်ဗာရီကျမ်းနှင့်တကွ(၂/၃၁၁)၊ ဟဒီးဆ်အမှတ် (၈၃၁) / မွတ်စ်လင်မ်ကျမ်း (၁/၃၀၁)၊ ဟဒီးဆ်အမှတ် (၄၀၂)

"အို-အလ္လာဟ်အရှင်မြတ်၊ တမန်တော်မြတ်မုဟမ္မဒ်(ﷺ)နှ င့်မုဟမ္မဒ်(ﷺ)၏ ကြွင်ရာတော်များ၊ သားမြေးများအပေါ် သို့ ရဟ်မသ်ကရုဏာတော်အပေါင်းကို တမန်တော်အိဗ်ရာ ဟီးမ် (عَلَيْهِ السَّلَامُ)နှင့် အိဗ်ရာဟီးမ်(عَلَيْهِ السَّلَامُ)၏ သားမြေး များအပေါ် ချီးမြှင့်တော်မူသကဲ့သို့ ချီးမြှင့်တော်မူပါ။ ကေန် စင်စစ် အသင်အရှင်မြတ်သည် ချီးမွမ်းထောမနာခြင်းအ ပေါင်းကို ခံထိုက်တော်မူသော ခပ်သိမ်းကုန်သောဂုဏ် တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏ ။ အို-အလ္လာဟ်အရှင်မြတ်၊ တမန်တော်မြတ်မုဟမ္မဒ်(ﷺ)နှ င့်မုဟမ္မဒ်(ﷺ)၏ ကြွင်ရာတော်များ၊ သားမြေးများအပေါ် သို့ ဗရ်ကသ်ကောင်းချီးမင်္ဂလာအပေါင်းကို တမန်တော်အိ ဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)နှင့် အိဗ်ရာဟီးမ်(عَلَيْهِ السَّلَامُ)၏ သား မြေးများအပေါ် ချီးမြှင့်တော်မူသကဲ့သို့ ချီးမြှင့်တော်မူပါ။ ကေန်စင်စစ် အသင်အရှင်မြတ်သည် ချီးမွမ်းထောမနာခြ င်းအပေါင်းကို ခံထိုက်တော်မူသော ခပ်သိမ်းကုန်သောဂု

ဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။"[1]

«اللَّهُمَّ صَلِّ عَلَى مُحَمَّدٍ وَعَلَى أَزْوَاجِهِ وَذُرِّيَّتِهِ، كَمَا صَلَّيْتَ عَلَى آلِ إِبْرَاهِيمَ، وَبَارِكْ عَلَى مُحَمَّدٍ وَعَلَى أَزْواجِهِ وَذُرِّيَّتِهِ، كَمَا بَارَكْتَ عَلَى آلِ إِبْرَاهِيمَ، إِنَّكَ حَمِيدٌ مَجِيدٌ»[78].

အို-အလ္လာဟ်အရှင်မြတ်၊ တမန်တော်မြတ်မုဟမ္မဒ်(ﷺ)နှင့် မုဟမ္မဒ်(ﷺ)၏ ကြင်ရာတော်များ၊ သားမြေးများအပေါ်သို့ ရဟ်မသ်ကရုဏာတော်အပေါင်းကို တမန်တော်အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)၏ သားမြေးများအပေါ် ချီးမြှင့်တော်မူသကဲ့သို့ ချီးမြှင့်တော်မူပါ။ ထိုမှတပါး တမန်တော်မြတ်မုဟမ္မဒ်(ﷺ)နှင့်မုဟမ္မဒ်(ﷺ)၏ ကြင်ရာတော်များ၊ သားမြေးများအပေါ်သို့ ဗရ်ကသ်ကောင်းချီးမင်္ဂလာအပေါင်းကို တမန်တော်အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)၏ သားမြေးများအပေါ် ချီးမြှင့်တော်မူသကဲ့သို့ ချီးမြှင့်တော်မူပါ။ ကေန်စင်စစ် အသင် အရှင်မြတ်သည် ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံထို

[1] ဗုခါရီကျမ်း၊ ဖသ်ဟ် (၆/၄၀၈)၊ ဟဒီးဆ်အမှတ် (၃၃၇၀) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၀၆)

က်တော်မူသော ခပ်သိမ်းကုန်သောဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။[1]

## (၂၄) နောက်ဆုံးသရှတ်ဟွဒ်ဖတ်ပြီးနောက် စလာမ်မတိုင်မီ ဒုအာတောင်းခြင်း။

«اللَّهُـمَّ إِنِّي أَعُوذُ بِكَ مِنْ عَذَابِ القَبْرِ، وَمِنْ عَذَابِ جَهَنَّمَ، وَمِنْ فِتْنَةِ المَحْيَا وَالمَمَاتِ، وَمِنْ شَرِّ فِتْنَةِ المَسِيحِ الدَّجَّالِ»[79].

(အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် ကဗရ်သင်္ချိုင်း၏ ပြစ်ဒဏ်မှလည်းကောင်း၊ ဂျဟန္နမ်၏ ပြစ်ဒဏ်မှလည်းကောင်း၊ အသက်ရှင်နေစဉ် ကြုံတွေ့ရမည့် ဖိသ်နဟ်စမ်းသပ်မှုများနှင့် သေဆုံး(ကွယ်လွန်ပြီးနောက်) ကြုံတွေ့ရမည့် ဖိသ်နဟ်စမ်းသပ်မှုများမှလည်းကောင်း၊ ဒဂ်ျဂျာလ်၏ ဖိသ်နဟ်စမ်းသပ်မှု အန္တရာယ်မှလည်းကောင်း ကင်းဝေးရန် အရှင်မြတ်ထံတော်ပါး၌ ခိုလှုံပါ၏။)[2]

«اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنْ عَذَابِ القَبْرِ، وَأَعُوذُ بِكَ مِنْ فِتْنَةِ المَسِيحِ الدَّجَّالِ، وَأَعُوذُ بِكَ مِنْ فِتْنَةِ المَحْيَا وَالمَمَاتِ، اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنَ المَأْثَمِ وَالمَغْرَمِ»[80].

---

[1] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗါရီကျမ်းနှင့်တကွ (၆/၄၀၇)၊ ဟဒီးဆ်အမှတ် (၃၃၆၉) / မွတ်စ်လင်မ်ကျမ်း (၁/၃၀၆)၊ ဟဒီးဆ်အမှတ် (၄၀၇) ဤတွင်ဖော်ပြထားသော ဟဒီးဆ်စာသားမှာ မွတ်စ်လင်မ်ကျမ်း၏ ဟဒီးဆ်စာသားဖြစ်သည်။

[2] ဗုခါရီကျမ်း (၂/၁၀၂)၊ ဟဒီးဆ်အမှတ် (၁၃၇၇) / မွတ်စ်လင်မ်ကျမ်း (၁/၄၁၂)၊ ဟဒီးဆ်အမှတ် (၅၈၈)၊ ၎င်းဟဒီးစ်စာသားသည် မွတ်စ်လင်မ်ကျမ်း၏ စာသားဖြစ်သည်။

«အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် ကဗရ်သင်္ချိုင်း၏ ပြစ်ဒဏ်မှ အရှင်မြတ်ထံတော်ပါး၌ ခိုလှုံပါ၏။ ဒဂ်ျဂျာလ်၏ ဖိသ်နပ်ဟ်စမ်းသပ်မှု အန္တရာယ်မှ အရှင်မြတ်ထံတော်ပါး၌ ခိုလှုံပါ၏။ အသက်ရှင်နေစဉ် ကြုံတွေ့ရမည့် ဖိသ်နပ်ဟ်စမ်းသပ်မှုများနှင့် သေဆုံး(ကွယ်လွန်ပြီးနောက်) ကြုံတွေ့ရမည့် ဖိသ်နပ်ဟ်စမ်းသပ်မှုများမှ အရှင်မြတ်ထံတော်ပါး၌ ခိုလှုံပါ၏။ အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အပြစ်ဒုစရိုက်များနှင့် ကြွေးမြီတင်ခြင်းတို့မှ ကင်းဝေးရန် အရှင်မြတ်ထံတော်ပါး၌ ခိုလှုံပါ၏။»[1]

«اللَّهُمَّ إِنِّي ظَلَمْتُ نَفْسِي ظُلْمًا كَثِيرًا، وَلَا يَغْفِرُ الذُّنُوبَ إِلَّا أَنْتَ، فَاغْفِرْ لِي مَغْفِرَةً مِنْ عِنْدِكَ وَارْحَمْنِي، إِنَّكَ أَنْتَ الغَفُورُ الرَّحِيمُ»[81].

«အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် မိမိကိုယ်မိမိ အလွန် ညှင်းပန်းနှိပ်စက်ခဲ့ပါသည်။ ထို့ပြင် အရှင်မြတ်မှအပ မည်သူမျှ အပြစ်များကို ခွင့်လွှတ်ပေးနိုင်သူ မရှိပါ။ သို့ဖြစ်ရာ ကျွန်တော်မျိုး၏ အပြစ်များကို အရှင်မြတ်ဘက်တော်မှ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါ။ ထို့ပြင် ကျွ

[1] ဗုခါရီကျမ်း (၁/၂၀၂)၊ ဟဒီးဆ်အမှတ် (၈၃၂) / မွတ်စ်လင်မ်ကျမ်း (၁/၄၁၂)၊ ဟဒီးဆ်အမှတ် (၅၈၇)

န်တော်မျိုးအား သနားကြင်နာတော်မူပါ။ ကေန်စင်စစ် အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါသည်။»[1]

«اللَّهُمَّ اغْفِرْ لِي مَا قَدَّمْتُ، وَمَا أَخَّرْتُ، وَمَا أَسْرَرْتُ، وَمَا أَعْلَنْتُ، وَمَا أَسْرَفْتُ، وَمَا أَنْتَ أَعْلَمُ بِهِ مِنِّي، أَنْتَ الْمُقَدِّمُ، وَأَنْتَ الْمُؤَخِّرُ لَا إِلَهَ إِلَّا أَنْتَ».

اللَّهُمَّ اغْفِرْ لِي مَا قَدَّمْتُ، وَمَا أَخَّرْتُ، وَمَا أَسْرَرْتُ، وَمَا أَعْلَنْتُ، وَمَا» أَسْرَفْتُ، وَمَا أَنْتَ أَعْلَمُ بِهِ مِنِّي، أَنْتَ الْمُقَدِّمُ، وَأَنْتَ الْمُؤَخِّرُ لَا إِلَهَ إِلَّا أَ نْتَ«[2].

အို- အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး ယခင်က ပြုခဲ့မိသည့် အပြစ်ဂုနဟ်များ၊ နောင်အခါတွင် ပြုလုပ်မည့် အပြစ်ဂုနဟ်များ၊ လျှို့ဝှက်ကျူးလွန်မိခဲ့သော အပြစ်ဂုနဟ်များ၊ ထင်ရှားစွာ ကျူးလွန်မိခဲ့သော အပြစ်ဂုနဟ်များ၊ လွန်လွန်ကျူးကျူးပြုခဲ့မိသော အရာများ၊ ကျွန်တော်မျိုးထက် အရှင်မြတ် ပိုသိတော်မူသော အပြစ်ဂုနဟ်များကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ အရှင်မြတ်သည်သာလျှင် အ

---

[1] ဗုခါရီကျမ်း (၈/၁၆၈)၊ ဟဒီးဆ်အမှတ် (၈၃၄) /မွတ်စ်လင်မ်ကျမ်း (၄/၂၀၇၈)၊ ဟဒီးဆ်အမှတ် (၂၇၀၅)

[2] မွတ်စ်လင်မ်ကျမ်း (၁/၅၃၄)၊ ဟဒီးဆ်အမှတ် (၇၇၁)

ရာခပ်သိမ်း၏ အစဖြစ်တော်မူသော အရှင်၊ အရှင်မြတ်သည်သာလျှင် အရာခပ်သိမ်း၏ အဆုံးစွန်ဖြစ်တော်မူသော အရှင်ဖြစ်ပါသည်။ အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပါ။

«اللَّهُمَّ أَعِنِّي عَلَى ذِكْرِكَ، وَشُكْرِكَ، وَحُسْنِ عِبادَتِكَ»[83].

အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်အား သတိရတသနိုင်ရန်၊ အရှင်မြတ်အား ကျေးဇူးတင်နိုင်ရန်၊ အရှင်မြတ်အား ကောင်း မွန်စွာ အိဗာဒသ်ပြုလုပ်နိုင်ရန်အတွက် ကျွန်တော်မျိုးအား ကူညီတော်မူပါ။ (၈၃)[1]

«اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنَ البُخْلِ، وَأَعُوذُ بِكَ مِنَ الجُبْنِ، وَأَعُوذُ بِكَ مِنْ أَنْ أُرَدَّ إِلَى أَرْذَلِ العُمُرِ، وَأَعُوذُ بِكَ مِنْ فِتْنَةِ الدُّنْيَا وَعَذَابِ القَبْرِ»[84].

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် စေးနှဲတွန့်တိုခြင်းမှ အရှင်မြတ်ထံ ခိုလှုံပါ၏။ သူရဲဘော ကြောင်ခြင်းမှ အရှင်မြတ်ထံ ခိုလှုံပါ၏။ အသက် အရွယ်ကြီးရင့် အိုမင်းမစွမ်းခြင်း၏အဆိုးဆုံးအခြေအနေသို့ ဆိုက်ရောက်ခြင်းမှကင်းဝေးရန်အရှင်မြတ်ထံခိုလှုံပါ၏။ ထို့ပြင် လောကီ၏ စ

[1] အဗူဒါဝူဒ်ကျမ်း (၂/၈၆)၊ ဟဒီးဆ်အမှတ် (၁၅၂၂)/ နစာအီကျမ်း (၃/၅၃)၊ ဟဒီးဆ်အမှတ် (၂၃၀၂)၊ အလ်ဘာနီက ဆွဟီးဟ်အဗူဒါဝူဒ်ကျမ်း (၁/၂၈၄) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်ဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။

မ်းသပ်မှုများနှင့် ကဗရ်၏ အဇာ‌းဗ်ပြစ်ဒဏ်မှကင်းဝေးရန် အရှင်မြတ်ထံ ခိုလှုံပါ၏။ (၈၄)[1]

«اللَّهُمَّ إِنِّي أَسْأَلُكَ الجَنَّةَ وَأَعُوذُ بِكَ مِنَ النَّارِ»[85].

"«အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်တွင် ဂျန္နသ် သုခဘုံကိုတောင်းခံပါ၏။ ထို့ပြင် ကျွန်တော်မျိုးသည် ဂျဟန္နမ်ငရဲမီးမှ လွတ်မြောက်ရန် အရှင်မြတ်ထံ ခိုလှုံပါ၏။»."[2]

«اللَّهُمَّ بِعِلْمِكَ الغَيْبَ وَقُدْرَتِكَ عَلَى الخَلقِ أَحْيِنِي مَا عَلِمْتَ الحَيَاةَ خَيْرًا لِي، وَتَوَفَّنِي إِذَا عَلِمْتَ الْوَفَاةَ خَيْرًا لِي، اللَّهُمَّ إِنِّي أَسْأَلُكَ خَشْيَتَكَ فِي الغَيْبِ وَالشَّهَادَةِ، وَأَسْأَلُكَ كَلِمَةَ الحَقِّ فِي الرِّضَا وَالغَضَبِ، وَأَسْأَلُكَ القَصْدَ فِي الغِنَى وَالفَقْرِ، وَأَسْأَلُكَ نَعِيمًا لَا يَنْفَدُ، وَأَسْأَلُكَ قُرَّةَ عَيْنٍ لَا تَنْقَطِعُ، وَأَسْأَلُكَ الرِّضَا بَعْدَ القَضَاءِ، وَأَسْأَلُكَ بَرْدَ العَيْشِ بَعْدَ المَوْتِ، وَأَسْأَلُكَ لَذَّةَ النَّظَرِ إِلَى وَجْهِكَ، وَالشَّوْقَ إِلَى لِقَائِكَ فِي غَيرِ ضَرَّاءَ مُضِرَّةٍ، وَلَا فِتْنَةٍ مُضِلَّةٍ، اللَّهُمَّ زَيِّنَا بِزِينَةِ الإِيمَانِ، وَاجْعَلْنَا هُدَاةً مُهْتَدِينَ»[86].

"အို အလ္လာဟ်အရှင်မြတ်၊ ဖုံးကွယ်နေသောအရာတို့ကို သိမြင်တော်မူသော အရှင်မြတ်၏ အသိတော်နှင့် အရာခပ်သိမ်းကို ဖန်ဆင်းနိုင်သော အရှင်မြတ်၏ ကွဒ်ရသ်တန်ခိုးတော်အားဖြင့် (ကျွန်တော်မျိုး၏ တောင်းဆုဒုအာကို လက်

[1] ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗာရီကျမ်း (၆/၃၅)၊ ဟဒီးဆ်အမှတ် (၂၈၂၂) နှင့် (၆၃၉၀)
[2] အဗူဒါဝူးဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၉၂)၊ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၉၁၀)၊ ကြည့်ရှုရန် - ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂ / ၃၂၈)

ခံတော်မူပါ) အသက်ရှင်နေထိုင်ခြင်းသည် ကျွန်တော်မျိုး အတွက် ကောင်းကျိုးဖြစ်စေမည်ဟု အရှင်မြတ်သိထား တော်မူပါလျှင် ကျွန်တော်မျိုးအား အသက်ရှင်စေတော်မူ ပါ။ သေဆုံးခြင်းသည်သာ ကျွန်တော်မျိုးအတွက် ကောင်း ကျိုးဖြစ်စေမည်ဟု အရှင်မြတ်သိထားတော်မူပါလျှင် ကျွ န်တော်မျိုးအား ကွယ်လွန်သေဆုံးစေတော်မူပါ။ အို အလ္လာ ဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် လူတို့၏ ရှေ့မှောက်တွ င်ဖြစ်စေ၊ မမြင်ကွယ်ရာတွင်ဖြစ်စေ အရှင်မြတ်အား ကြောက်ရွံ့ရိုသေမှုကို ချီးမြှင့်တော်မူပါရန် အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ ကျေနပ်နှစ်သက်ချိန်ဖြစ်စေ၊ အ မျက်ဒေါသထွက်နေချိန်ဖြစ်စေ၊ မှန်ကန်သည့် စကားကို သာပြောဆိုနိုင်စွမ်းချီးမြှင့်တော်မူရန် အရှင်မြတ်ထံ တော င်းခံပန်ကြားပါ၏။ ချမ်းသာကြွယ်ဝခြင်းနှင့် ဆင်းရဲနွမ်းပါး ခြင်းတို့၏ အစွန်းနှစ်ဘက်မှလွတ်သည့် မျှတသည့်အလ ယ်အလတ် ဘဝအခြေအနေကို ချီးမြှင့်တော်မူရန် အရှင့်ထံ တောင်းခံပန်ကြားပါ၏။ အဆုံးမရှိသည့် နိအ်မသ်တော် များကိုချီးမြှင့်တော်မူရန် အရှင့်ထံ တောင်းခံပန်ကြားပါ၏ ။ ပြတ်တောက်သွားခြင်းမရှိတယ့် မျက်စိအေးမြခြင်းကို

ချီးမြှင့်တော်မူရန် တောင်းခံပန်ကြားပါ၏။ (အရှင်မြတ်၏ )သတ်မှတ်ဆုံးဖြတ်ချက်အပေါ် ကျေနပ်နှစ်သက်မှုကိုချီးမြှင့်ပါရန် တောင်းခံပန်ကြားပါ၏။ သေဆုံးကွယ်လွန်ပြီးနောက် အေးချမ်းသာယာသော ဘဝသက်တမ်းကိုချီးမြှင့်ပါရန် တောင်းခံပန်ကြားပါ၏။ အရှင်မြတ်၏ မျက်နှာတော်ကို ဖူးမြော်မြင်တွေ့ခွင့်ရခြင်း၏ အရသာကို ချီးမြှင့်ပါရန် တောင်းခံပန်ကြားပါ၏။ အခက်အခဲဖြစ်စေမည့်ဘေးဒုက္ခနှင့် လမ်းမှားရောက်စေမည့် စမ်းသပ်မှုများမှ ကင်းဝေး၍ အရှင်မြတ်နှင့် တွေ့ဆုံလိုသည့် စိတ်ပြင်းပြမှုကိုချီးမြှင့်ပေးသနားတော်မူပါရန် အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား အီမာန်ယုံကြည်မှု၏ အလှတန်ဆာဖြင့် ဆင်ယင်ပေးတော်မူပါ။ ၎င်းပြင် ကျွန်တော်မျိုးတို့အား တရားလမ်းမှန်ကို ညွှန်ပြသူများနှင့် တရားလမ်းမှန်ကို ရရှိသူများအဖြစ် ပြုလုပ်ပေးတော်မူပါ။"[1]

[1] နစာအီကျမ်း (၃/၅၄) (၅၅)၊ ဟဒီးဆ်အမှတ် (၁၃၀၄) /အဟ်မဒ်ကျမ်း (၄/၃၆၄)၊ ဟဒီးဆ်အမှတ် (၂၁၆၆၆)

«اللَّهُمَّ إِنِّي أَسْأَلُكَ يَا أَللَّهُ بِأَنَّكَ الوَاحِدُ الأَحَدُ الصَّمَدُ الَّذِي لَمْ يَلِدْ وَلَمْ يُولَدْ، وَلَمْ يَكُنْ لَهُ كُفُوًا أَحَدٌ، أَنْ تَغفِرَ لِي ذُنُوبِي إِنَّكَ أَنْتَ الغَفُورُ الرَّحِّيمُ».

«အို- အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် တစ်ဆူတည်းရှိတော်မူသောအရှင်၊ လိုလားတောင့်တခြင်းဟူသမျှမှကင်းတော်မူသောအရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့ခြင်းမရှိသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုမျှလည်း ခံခဲ့ရတော်မူသည်မဟုတ်ပါ။ ထို့ပြင် အရှင်မြတ်တွင် ဂုဏ်ရည်တူသူဟူ၍လည်း အလျှင်း မရှိပါ။ (အိုအရှင်) အရှင်မြတ်၏ ထိုဂုဏ်တော်မြတ်များနှင့်ကျေးဇူးတော်များကို အကြောင်းပြု၍ ကျွန်တော်မျိုး၏ အပြစ်ဂုနဟ်များကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးရန် အရှင်မြတ်ထံ ဆုတောင်းပန်ကြားပါ၏။ စင်စစ် အရှင်မြတ်သည်သာ အပြစ်ဂုနဟ်များကို လွှ

ရှိုက်ခ်အလ်ဗာနီက စွဟီဟ်နစာအီကျမ်း (၁/၂၈၁) တွင် ဤဟဒီးစ်အား စွဟီဟ်ဟု မှတ်ချက်ပြုထားသည်။

တ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်သနား ကရုဏာထားတော်မူသောအရှင်ဖြစ်တော်မူပါသည်။»[1]

«اللَّهُمَّ إِنِّي أَسْأَلُكَ بِأَنَّ لَكَ الحَمْدَ لَا إِلَهَ إِلَّا أَنْتَ وَحْدَكَ لَا شَرِيكَ لَكَ، المَنَّانُ، يَا بَدِيعَ السَّمَوَاتِ وَالأَرْضِ يَا ذَا الجَلَالِ وَالإِكْرَامِ، يَا حَيُّ يَا قَيُّومُ إِنِّي أَسْأَلُكَ الجَنَّةَ وَأَعُوذُ بِكَ مِنَ النَّارِ» [88].

အို အလ္လာဟ်အရှင်မြတ်၊ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာဖြစ်ပါ၏။ (ထိုချီးမွမ်းထောမနာပြုခြင်းကို အကြောင်းပြု၍) ကျွန်တော်မျိုးသည် အရှင်မြတ်ထံတောင်းခံပန်ကြားပါ၏။ အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သူ အရှင်ဟူ၍မရှိပါ။ အရှင်မြတ်တစ်ပါးတည်းသာလျှင် ခဝပ်ကိုးကွယ်ခံထိုက်တော်မူ၏၊ အရှင်မြတ်နှင့် တုဖက်နိုင်းယှဉ်နိုင်သူမရှိပါ။ အရှင်မြတ်သည် အလွန်တရာကျေးဇူးပြုတော်မူသောအရှင်ဖြစ်ပါသည်။ အို မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်မြတ်၊ ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်မြတ်၊ ဂုဏ်ရည်မြင့်မားတော်မူသောအရှင်မြတ်၊ အို အမြဲ

[1] နစာအီကျမ်း (၃/၅၂)၊ ဟဒီးဆ်အမှတ် (၁၃၀၀) / မွတ်စ်နဒ်အဟ်မဒ်ကျမ်း (၄/၃၃၈)၊ ဟဒီးဆ်အမှတ် (၁၈၉၇၄) ရှိက်ခ်အလ်ဗာနီက စွဟီဟ်နစာအီကျမ်း (၁/၂၈၀) တွင် ဤဟဒီးစ်အား စွဟီဟ်ဟု မှတ်ချက်ပြုထားသည်။

ထာဝရ ရှင်နေတော်မူသော အရှင်၊ အမြဲတည်ရှိလျက် ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်မှ ဂျန္နသ်သုခဘုံကိုတောင်းခံပန်ကြားပါ၏။ ဂျဟန္နမ်ငရဲမီးမှ ကင်းလွှတ်ရန် အရှင်မြတ်ထံ ခိုလှုံခွင့် တောင်းခံပါ၏။[1]

«اللَّهُمَّ إِنِّي أَسْأَلُكَ بِأَنِّي أَشْهَدُ أَنَّكَ أَنْتَ اللَّهُ لَا إِلَهَ إِلَّا أَنْتَ الأَحَدُ الصَّمَدُ الَّذِي لَمْ يَلِدْ وَلَمْ يُولَدْ وَلَمْ يَكُنْ لَهُ كُفُوًا أَحَدٌ»[89].

«အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သူဟူ၍မရှိကြောင်းနှင့် အရှင်မြတ်သည် တစ်ဆူတည်းသော အရှင်ဖြစ်တော်မူကြောင်း ကျွန်တော်မျိုး သက်သေခံအပ်ပါသည်။ အရှင်မြတ်သည် လိုလားတောင့်တခြင်းဟူသမျှမှ ကင်းတော်မူသောအရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့ခြင်းမရှိသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုမျှလည်း ခံခဲ့ရတော်မူသည်မဟုတ်ပါ။ ထို့

[1] စုနန်ကျမ်းများ- အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၄၉၅)/ သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၅၄၄)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးစ်အမှတ် (၃၈၅၈)/ နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၁၂၉၉)။ ကြည့်- ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂/၃၂၉)

ပြင် အရှင်မြတ်တွင် ဂုဏ်ရည်တူသူဟူ၍လည်း အလျှင်း မရှိပါ။ (ဤဂုဏ်တော်များကို အကြောင်းခံ၍) ကျွန်တော်မျိုး အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။».[1]

## (၂၅) ဆွလာသ်မှ စလာမ်လှည့်ပြီးနောက် ဖတ်ရမည့် ဇိကရ်တော်များ။

»أَسْتَغْفِرُ اللَّهَ

«အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် ကျွန်တော်မျိုး ခွင့်လွှတ်မှုကို တောင်းခံပါ၏။

(၃- ကြိမ်)

اللَّهُمَّ أَنْتَ السَّلَامُ، وَمِنْكَ السَّلَامُ، تَبَارَكْتَ يَا ذَا الجَلَالِ وَالإِكْرَامِ».

အို အလ္လာဟ်အရှင်မြတ်၊ အသင်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှကင်းစင်တော်မူသော အရှင်ဖြစ်တော်မူ၏။ ငြိမ်းချမ်းသာယာမှုအပေါင်းသည် အသင်အရှင်မြတ်၏ထံ

[1] အဗူဒါဝူဒ်ကျမ်း (၂/၆၂)၊ ဟဒီးဆ်အမှတ် (၁၄၉၃)၊ သိရ်မီဇီကျမ်း (၅/၅၁၅)၊ ဟဒီးဆ်အမှတ် (၃၄၇၅)၊ အိဗ်နုမာဂျဟ်ကျမ်း (၂/၁၂၆၇)၊ ဟဒီးဆ်အမှတ် (၃၈၅၇)၊ နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၁၃၀၀) ၎င်း၏ ဟဒီးဆ်စာသားအတိုင်း၊ အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၈၉၇၄)၊ ရှိုင်ခ်အလ်ဘာနီက ဆွဟီးဟ် နစာအီကျမ်း (၁/၂၈၀) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်ဖြစ်ကြောင်း မှတ်ချက်ပြုထားသည်။ ကြည့်ပါ- ဆွဟီးဟ် အိဗ်နုမာဂျဟ်ကျမ်း (၂/၃၂၉)၊ ဆွဟီးဟ် သိရ်မီဇီကျမ်း (၃/၁၆၃)။

တော်မှ ကျရောက်လာခြင်းသာဖြစ်၏။ အို- အနန္တတန်ခိုးတော်ရှင်၊ ကျေးဇူးပြုတော်မူသောအရှင်၊ အသင်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူပါ၏။[1]

«لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ المُلْكُ وَلَهُ الحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ

တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျှင်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။

[(၃) ကြိမ်]၊

اللَّهُمَّ لَا مَانِعَ لِمَا أَعْطَيْتَ، وَلَا مُعْطِيَ لِمَا مَنَعْتَ، وَلَا يَنْفَعُ ذَا الجَدِّ مِنْكَ الجَدُّ»[91].

အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်ပေးကမ်းချီးမြှင့်တော်မူသောအရာကို တားဆီးပိတ်ပင်နိုင်သူမရှိပါ။ အရှင်မြတ်

[1] မွတ်စ်လင်မ်ကျမ်း (၁/၄၁၄)၊ ဟဒီးဆ်အမှတ် (၅၉၁)

တားဆီးပိတ်ပင်ထားသော အရာကိုလည်း ပေးကမ်းချီးမြှင့်နိုင်သူမရှိပါ။ ဥစ္စာဓနသည် ဥစ္စာဓနရှင်အား အရှင်မြတ်၏ အလိုတော်နှင့်ဆန့်ကျင်၍ အကျိုးမပြုနိုင်ပါ။[1]

«لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ المُلْكُ، وَلَهُ الحَمدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللَّهِ، لَا إِلَهَ إِلَّا اللَّهُ، وَلَا نَعْبُدُ إِلَّا إِيَّاهُ لَهُ النِّعْمَةُ وَلَهُ الفَضْلُ وَلَهُ الثَّنَاءُ الحَسَنُ، لَا إِلَهَ إِلَّا اللَّهُ مُخْلِصِينَ لَهُ الدِّينَ وَلَوْ كَرِهَ الكَافِرُونَ»[92].

တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏ ။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ မကောင်းမှုမှ ရှောင်ကြဉ်နိုင်ခြင်းနှင့်ကောင်းမှုများ ကျင့်ဆောင်နိုင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ စွမ်းအားပေးသနားတော်မူခြင်းကြောင့်သာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်

[1] ဗုခါရီကျမ်း (၁/၂၅၅)၊ ဟဒီးဆ်အမှတ် (၈၄၄) / မွတ်စ်လင်မ်ကျမ်း (၁/၄၁၄)၊ ဟဒီးဆ်အမှတ် (၅၉၃)၊ လေးထောင့်ကွင်းအတွင်းရှိ စာသားမှာ ဗုခါရီကျမ်း၊ ဟဒီးဆ်အမှတ် (၆၄၇၃) မှ အပိုလာရှိသော စာသားဖြစ်သည်။

ကိုးကွယ်ခြင်း ခံထိုက်သည့်အရှင်ဟူ၍အလျင်းမရှိ။ ၄င်း အပြင် ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်တစ်ပါးတည်း မှအပ အခြားတစ်စုံတစ်ရာကို ခဝပ်ကိုးကွယ်ကြမည် မဟု တ်ပါ။ နိအ်မသ် စည်းစိမ်အပေါင်းနှင့် ကျေးဇူးတရားအဖြာ ဖြာတို့သည် ထိုအရှင်မြတ်ထံတော်ပါးမှသာလျှင် ဖြစ် တော်မူသည်။ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် ထိုအ ရှင်မြတ်အဖို့သာဖြစ်၏။ အလ္လာဟ်အရှင်မြတ်မှအပ မှန်က န်သည့် ကိုးကွယ်ရာအရှင်ဟူ၍အလျင်းမရှိ။ ကာဖိရ်များ မ နှစ်သက်ကြစေကာမူ ကျွန်တော်မျိုးတို့သည် အလ္လာဟ်အ ရှင်မြတ်အား အိခ်လာဆ်ဖြင့် ခဝပ်ကိုးကွယ်ပါ၏။[1]

«سُبْحَانَ اللَّهِ، وَ الحَمْدُ لِلَّهِ، وَ اللَّهُ أَكْبَرُ»

"အလ္လာဟ်အရှင်မြတ်သည် ချွတ်ယွင်းမှုအပေါင်းမှကင်းစ င်တော်မူသည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင် မြတ်အတွက်သာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အ ကြီးကျယ်ဆုံးဖြစ်တော်မူသည်။"

(၃၃) ကြိမ်၊

---

[1] မွတ်စ်လင်မ်ကျမ်း (၁/၄၁၅)၊ ဟဒီးဆ်အမှတ် (၅၉၄)

لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ المُلْكُ وَلَهُ الحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ»[93].

တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်ဟူ၍ အလျင်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။[1]

﴿قُلۡ هُوَ ٱللَّهُ أَحَدٌ1 ٱللَّهُ ٱلصَّمَدُ2 لَمۡ يَلِدۡ وَلَمۡ يُولَدۡ3 وَلَمۡ يَكُن لَّهُۥ كُفُوًا أَحَدُۢ4﴾

(အိုး-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထိုအလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူ၏။

[1] မွတ်စ်လင်မ်ကျမ်း (၁/၄၁၈)၊ အမှတ် (၅၉၇)၊ ၎င်းတွင်ပါရှိသည်မှာ- "မည်သူမဆို ဖရည်သွဲ့ဆွလာသ်တိုင်း၏ နောက်တွင် ၎င်းကို ရွတ်ဆိုပါက ထိုသူ၏ အပြစ်အကုသိုလ်များသည် ပင်လယ်ရေမြှုပ်ပမာ များပြားခဲ့လျှင်လည်း ခွင့်လွှတ်ခြင်းခံရမည်ဖြစ်သည်။"

အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝကင်းရှင်းတော်မူသောအရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်၊ နိစ္စထာဝရအရှင် ဖြစ်တော်မူ၏။

ထိုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည် မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည် မဟုတ်ပေ။

ထို့ပြင်တစ်ပါး ထိုအရှင်မြတ်၌ ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။(၄)

[ စူရဟ် အိခ်လာဆ် ၁-၄ ]

﴿قُلۡ أَعُوذُ بِرَبِّ ٱلۡفَلَقِ1 مِن شَرِّ مَا خَلَقَ2 وَمِن شَرِّ غَاسِقٍ إِذَا وَقَبَ3 وَمِن شَرِّ
ٱلنَّفَّٰثَٰتِ فِي ٱلۡعُقَدِ4 وَمِن شَرِّ حَاسِدٍ إِذَا حَسَدَ5﴾

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ၊ ကျွန်တော်မျိုးသည် နံနက်မိုးသောက်ချိန်ကို ဖန်ဆင်းတော်မူသော အရှင်မြတ်အားဖြင့် အကာအကွယ်ယူပါ၏။

၂။ ထိုအရှင်မြတ် ဖန်ဆင်းတော်မူသော (ခပ်သိမ်းကုန်သော)အဖန်ဆင်းခံတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၃။ အမှောင်အတိ ဖြစ်လာသောအခါ (ဖြစ်တတ်သော) ယင်းအမှောင်၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၄။ အထုံးအဖွဲ့များ၌ (ဂါထာမန္တရားရွတ်ဖတ်) မန်းမှုတ်သောမိန်းမတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။

(မနာလို ငြူစူသောသူသည် မနာလိုငြူစူသောအခါ (ဖြစ်တတ်သော) ဘေးအန္တရာယ်များမှလည်းကောင်း။)

[ စူရဟ် ဖလတ်က် ၁-၅ ]

﴿قُلۡ أَعُوذُ بِرَبِّ ٱلنَّاسِ1 مَلِكِ ٱلنَّاسِ2 إِلَٰهِ ٱلنَّاسِ3 مِن شَرِّ ٱلۡوَسۡوَاسِ ٱلۡخَنَّاسِ4
ٱلَّذِي يُوَسۡوِسُ فِي صُدُورِ ٱلنَّاسِ5 مِنَ ٱلۡجِنَّةِ وَٱلنَّاسِ6﴾

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ။ ကျွန်တော်မျိုးသည် အကာအကွယ်ယူပါ၏။ လူခပ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အားဖြင့်။

၂။ လူခပ်သိမ်းတို့၏ ဘုရင်မင်းမြတ်ဖြစ်တော်မူသော (အရှင်မြတ်အားဖြင့်)။

၃။ လူခပ်သိမ်းတို့၏ ဆည်းကပ်ကိုးကွယ်ရာဖြစ်တော်မူသော(အရှင်မြတ်အားဖြင့်)။

၄။ မကောင်းသော အကြံအစည်များကို ထည့်သွင်းတတ်သော၊ နောက်ဆုတ်တတ်သော၊ (ရှိုင်သွာန်မိစ္ဆာကောင်)၏ ဘေးအန္တရာယ်မှ။

၅။ အကြင်(ရှိုင်သွာန်မိစ္ဆာကောင်သည်) လူတို့၏စိတ်နှလုံးတွင်းသို့ မကောင်းသော အကြံအစည်များကို ထည့်သွင်းလေ့ရှိ၏။

၆။ (ထိုရှိုင်တွာန်မိစ္ဆာကောင်သည်) ဂျင်န်(န်)သတ္တဝါတို့အနက်မှဖြစ်စေ၊ လူတို့အနက်မှဖြစ်စေ။

[ စူရဟ် နားစ် ၁-၆ ]

ဖရည်သွ်ဆွလာသ်ဝတ်ပြုပြီးတိုင်း[1]။

---

[1] အဗူဒါဝူဒ်ကျမ်း (၂/၈၆)၊ ဟဒီးဆ်အမှတ် (၁၅၂၃)/ သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၂၉ ၀၃)/ နစာအီကျမ်း (၃/၆၈)၊ ဟဒီးဆ်အမှတ် (၁၃၃၅)။ ဆွဟီးဟ်သိရ်မိဇီကျမ်း (၂/၈

﴿ٱللَّهُ لَآ إِلَٰهَ إِلَّا هُوَ ٱلۡحَيُّ ٱلۡقَيُّومُۚ لَا تَأۡخُذُهُۥ سِنَةٞ وَلَا نَوۡمٞۚ لَّهُۥ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي ٱلۡأَرۡضِۗ مَن ذَا ٱلَّذِي يَشۡفَعُ عِندَهُۥٓ إِلَّا بِإِذۡنِهِۦۚ يَعۡلَمُ مَا بَيۡنَ أَيۡدِيهِمۡ وَمَا خَلۡفَهُمۡۖ وَلَا يُحِيطُونَ بِشَيۡءٖ مِّنۡ عِلۡمِهِۦٓ إِلَّا بِمَا شَآءَۚ وَسِعَ كُرۡسِيُّهُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضَۖ وَلَا يَـُٔودُهُۥ حِفۡظُهُمَاۚ وَهُوَ ٱلۡعَلِيُّ ٱلۡعَظِيمُ255﴾

အလ္လာဟ်အရှင်မြတ်သည် (သာလျှင် ခဝပ်ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏)။ ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ အလျှင်းမရှိပြီ။ (ထိုအရှင်မြတ်သည်) အမြဲရှင်နေတော်မူသော အရှင်၊ (မိမိကိုယ်တော်တိုင်ထာဝရတည် နေတော်မူ၍ သတ္တဝါအပေါင်းတို့ကိုလည်း) ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အား ငိုက်မျဉ်းခြင်းသည်လည်းကောင်း ၊ အိပ်စက်ခြင်းသည်လည်းကောင်း မဖိစီးနိုင်ပေ။ ထိုအရှင်မြတ်သည်သာလျှင် အာကာသကောင်းကင်များနှင့် မြေ၌ရှိရှိသမျှသော (သက်ရှိ သက်မဲ့) အရာ ဝတ္ထုဟူသမျှတို့ကို ပိုင်ဆိုင်တော်မူသော

) ကိုကြည့်ပါ။ ၎င်းစူရာဟ်သုံးပုဒ်ကို အလ်မုအောင်ဝ်ဝိဇာႏသ် ဟုခေါ်ဆိုသည်။ ဖသ်ဟုလ်ဘာရီကျမ်း (၉/၆၂) ကိုကြည့်ပါ။

အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါးအတွက် အသနားခံ တောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက် အဖြစ်အပျက် အကြောင်းကိစ္စ အလုံးစုံတို့ကို အကြွင်းမဲ့ သိရှိတော်မူလေသည်။ သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ် သိရှိတော်မူသော အကြောင်းကိစ္စ အဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ်အလိုရှိတော်မူသော အကြောင်းကိစ္စမှအပ တစ်စုံတစ်ရာကိုမျှ ဝန်းခြုံ၍ မသိနိုင်ကြပေ။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသ ကောင်းကင်များနှင့်တကွ ကမ္ဘာမြေပြင် တခွင်လုံးကို ဝန်းခြုံလျက် ရှိချေ၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည် မဟုတ်ပေ။ စင်စစ်တမူကား ထိုအရှင်မြတ်သည် (မကြံစည်နိုင်အောင်)

မြင့်မြတ်တော်မူသော အရှင်၊ ကြီးကဲထွတ်မြတ်တော်မူသော အရှင်တည်း။

စူရဟ် ဗကရဟ်-(၂:၂၅၅) ဆွလာသ်ပြီးတိုင်း။[1]

«لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الحَمْدُ يُحْيِي وَيُمِيتُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ»

တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျင်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်ကသာ ရှင်စေတော်မူ၍ ထိုအရှင်မြတ်ကသာ သေစေတော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။

---

[1] မည်သူမဆို ဆွလာသ်တိုင်းရဲ့နောက်တွင် ၎င်းကို ဖတ်မည်ဆိုလျှင် သေခြင်းတရားမှအပ အခြားဘယ်အရာမျှ ၎င်းအား ဂျန္နသ်သို့ ဝင်ရောက်ခြင်းမှ မဟန့်တားနိုင်ပေ။ အိမာမ်နစာအီက အမလွလ်ယောင်မိ ဝလ်လိုင်းလဟ်ကျမ်း တွင် အမှတ်စဉ် (၁၀၀)၊ အိဗ်နုဆွန်နီက အမှတ်စဉ် (၁၂၁) ဖြင့် ဆင့်ပြန်ထားသည်။ ရှိုင်ခ်အလ်ဗာနီက ဆွဟီးဟုလ်ဂျာမိအ် (၅/၃၃၉) နှင့် စိလ်စိလဟ်သုလ်အဟာဒီးစ် အဆွဲဆွဟီးဟဟ် (၂/၆၉၇)၊ အမှတ်စဉ် (၉၇၂) တွင် ဆွဟီးဟ်ဖြစ်သည်ဟု သတ်မှတ်ထားသည်။

မဂ်ရိဗ်ဆွလာသ်နှင့် ဖဂျ်ရ်ဆွလာသ်ပြီး (၁၀) ကြိမ်[1]

«اللَّهُمَّ إِنِّي أَسْأَلُكَ عِلْمًا نافِعًا، وَرِزْقًا طَيِّبًا، وَعَمَلًا مُتَقَبَّلًا»

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်မှ အကျိုးရှိသောပညာရပ်၊ သန့်ပြန့်စင်ကြယ်သောရိဇ်ဇ်ရိက္ခာနှင့် အရှင်မြတ်နှစ်သက်လက်ခံမည့် အမလ်ကောင်းမှုတို့ကို တောင်းခံပန်ကြားပါ၏။

بَعْدَ السَّلَامِ مِنْ صَلَاةِ الْفَجْرِ [97].

ဖဂျ်ရ်ဆွလာသ် စလာမ်ပေးပြီးနောက်။[2]

## ၂၆။ ဆွလာသုလ်အိစ်သေခါရဟ်၏ ဒုအာ

ဂျာဗိရ် ဗင်န် အဗ်ဒုလ္လာဟ် (ရဿိယလ္လာဟုအန်ဟုမာ) က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ကျွန်ုပ်တို့အား ကုရ်အာန်ကျမ်းတော်မြတ်ထဲမှ စူရဟ်များကိုသင်

[1] သိရ်မိဇီကျမ်း (၅/၅၁၅)၊ ဟဒီးဆ်အမှတ် (၃၄၇၄) နှင့် အဟ်မဒ်ကျမ်း (၄/၂၂၇)၊ ဟဒီးဆ်အမှတ် (၁၇၉၉၀)၊ ၎င်း၏ ဆင့်ပြန်တင်ပြချက်ကို ဇာဒွလ်မအားဒ်ကျမ်း (၁/၃၀၀) တွင် ကြည့်ပါ။

[2] အိဗ်နေမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၉၂၅)၊ အိမာမ်နစာအီ၏ အမလုလ်ယောင်မ် ဝလ်လိုင်းလဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၂)၊ ကြည့်ရန် - ဆွဟီးဟ် အိဗ်နေမာဂျဟ်ကျမ်း (၁/၁၅၂)၊ မဂျ်မအွဇ်ဇဝါအစ်ဒ်ကျမ်း (၁၀/၁၁၁)၊ ဟဒီးဆ်အမှတ် (၉၅) တွင်လည်းလာမည်။

ပေးသကဲ့သို့ ကိစ္စရပ်အားလုံးတွင် အိစ်သေခါရဟ် (ကော င်းကျိုးကို ရှာဖွေခြင်း) ကို သင်ပေးတော်မူ၏။ ကိုယ်တော် မြတ်က မိန့်ကြားတော်မူသည်-

«إِذَا هَمَّ أَحَدُكُمْ بِالأَمْرِ فَلْيَرْكَعْ رَكْعَتَيْنِ مِنْ غَيْرِ الفَرِيضَةِ، ثُمَّ لْيَقُلْ:

"အသင်တို့အနက် တစ်ဦးတစ်ယောက်သည် ကိစ္စတစ်စုံ တစ်ခုကို ပြုလုပ်ရန် ကြံရွယ်သောအခါ ဖရည်ွမဟုတ် သော ဆွလာသ်နှစ်ရကအသ်ကို ဝတ်ပြုပါ။ ထို့နောက် ဤ သို့ ရွတ်ဆိုပါ-"

اللَّهُمَّ إِنِّي أَسْتَخِيرُكَ بِعِلْمِكَ، وَأَسْتَقْدِرُكَ بِقُدْرَتِكَ، وَأَسْأَلُكَ مِنْ فَضْلِكَ العَظِيمِ؛ فَإِنَّكَ تَقْدِرُ وَلَا أَقْدِرُ، وَتَعْلَمُ وَلَا أَعْلَمُ، وَأَنْتَ عَلَّامُ الغُيُوبِ، اللَّهُمَّ إِنْ كُنْتَ تَعْلَمُ أَنَّ هَذَا الأَمْرَ - وَيُسَمِّي حَاجَتَهُ - خَيْرٌ لِي فِي دِينِي وَمَعَاشِي وَعَاقِبَةِ أَمْرِي – أَوْ قَالَ: عَاجِلِهِ وَآجِلِهِ - فَاقْدُرْهُ لِي وَيَسِّرْهُ لِي ثمَّ بَارِكْ لِي فِيهِ، وَإِنْ كُنْتَ تَعْلَمُ أَنَّ هَذَا الْأَمْرَ شَرٌّ لِي فِي دِينِي وَمَعَاشِي وَعَاقِبَةِ أَمْرِي – أَوْ قَالَ: عَاجِلِهِ وَآجِلِهِ – فَاصْرِفْهُ عَنِّي وَاصْرِفْنِي عَنْهُ وَاقْدُرْ لِيَ الْخَيْرَ حَيْثُ كَانَ، ثُمَّ أَرْضِنِي بِهِ».

အို အလ္လာဟ်အရှင်မြတ်၊ ကေန်စင်စစ် ကျွန်တော်မျိုးသည် အရှင်မြတ်၏ သိမြင်တော်မူခြင်းကို အကြောင်းခံ၍ အ ကောင်းဆုံးကို တောင်းခံပါ၏။ ကျွန်တော်မျိုးသည် အရှင် မြတ်၏ တန်ခိုးတော်ဖြင့် ကျွန်တော်မျိုးအား စွမ်းဆောင်နို င်စွမ်း ပေးသနားတော်မူပါရန် တောင်းခံပါ၏။ အရှင်မြတ် ၏ မဟာကျေးဇူးတော်ကိုလည်း တောင်းခံပါသည်။ ကေန်

စင်စစ် အရှင်မြတ်သည် တတ်စွမ်းနိုင်တော်မူပြီး ကျွန်တော်မျိုးသည် မတတ်စွမ်းနိုင်ပါ။ အရှင်မြတ်သည် သိမြင်တော်မူပြီး ကျွန်တော်မျိုးသည် မသိနိုင်ပါ။ အရှင်မြတ်သည် ကွယ်ဝှက်သောအရာအားလုံးကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်ပါသည်။

အို အလ္လာဟ်အရှင်မြတ် - အကယ်၍ ဤအရေးကိစ္စသည် (ဤနေရာတွင် မိမိ၏ လိုအပ်ချက်ကို အမည်တပ်ရန်) ကျွန်တော်မျိုး၏ ဒီန်သာသနာ၊ ကျွန်တော်မျိုး၏ လောကီဘဝရှင်သန်မှုနှင့် ကျွန်တော်မျိုး၏ အဆုံးရလဒ်တို့အတွက် ကောင်းကျိုးရှိသည် (သို့မဟုတ် လောကီနှင့် နောင်တမလွန်တွင် ကောင်းကျိုးရှိသည်) ဟု အရှင်မြတ် သိတော်မူပါက ထိုကိစ္စကို ကျွန်တော်မျိုးအတွက် သတ်မှတ်ပေးတော်မူပါ၊ လွယ်ကူစေတော်မူပါ။ ထို့နောက် ၎င်းတွင် ကျွန်တော်မျိုးအတွက် ကောင်းချီးမင်္ဂလာများ ပေးသနားတော်မူပါ။

အကယ်၍ ဤအရေးကိစ္စသည် ကျွန်တော်မျိုး၏ ဒီန်သာသနာ၊ ကျွန်တော်မျိုး၏ လောကီဘဝရှင်သန်မှုနှင့် ကျွန်တော်မျိုး၏ အဆုံးရလဒ်တို့အတွက် ဆိုးကျိုးရှိသည် (သို့မ

ဟုတ် လောကီနှင့် နောင်တမလွန်တွင် ဆိုးကျိုးရှိသည်) ဟု အရှင်မြတ် သိတော်မူပါက ထိုကိစ္စကို ကျွန်တော်မျိုးထံမှ ဖယ်ရှားပေးတော်မူပါ။ ကျွန်တော်မျိုးကိုလည်း ၎င်းကိစ္စမှ ဖယ်ရှားပေးတော်မူပါ။ ကောင်းကျိုးသည် မည်သည့်နေရာတွင်ပင်ရှိသည်ဖြစ်စေ ထိုကောင်းကျိုးကို အရှင်မြတ် ကျွန်တော်မျိုးအတွက် သတ်မှတ်ပေးတော်မူပါ။ ထို့နောက် ၎င်းအပေါ်၌ ကျွန်တော်မျိုးအား ကျေနပ်နှစ်သက်သူအဖြစ် ပြုလုပ်ပေးတော်မူပါ။[1]

ဖန်ဆင်းရှင်ထံ အကောင်းဆုံးရွေးချယ်ပေးရန် တောင်းခံသူ၊ အီမာန်သက်ဝင်ယုံကြည်သူ အဖန်ဆင်းခံများနှင့် တိုင်ပင်ဆွေး နွေးသူ၊ ထို့ပြင် မိမိ၏ကိစ္စရပ်တွင် သေချာစွာစိစစ်လုပ်ဆောင်သူသည် နောင်တရမည်မဟုတ်ပေ။ ချီးယွင်းမှုအပေါင်းမှကင်းစင်ပြီး မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က မိန့်တော်မူသည်မှာ -

.[99] ﴿...وَشَاوِرۡهُمۡ فِي ٱلۡأَمۡرِۖ فَإِذَا عَزَمۡتَ فَتَوَكَّلۡ عَلَى ٱللَّهِ...﴾

(... ထို့ပြင် အသင်(တမန်တော်)သည် ကိစ္စအရပ်ရပ်တို့၌ ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးပါလေ။

---

[1] ဗုခါရီကျမ်း (၇/၁၆၂)၊ ဟဒီးဆ်အမှတ် (၁၁၆၂)

ထို့နောက် အသင်သည် ခိုင်မာစွာ ဆုံးဖြတ်ပြီးသောအခါ အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်အားထားပါလေ။ ...).[1]

## ၂၇။ နံနက်၊ ညနေ ရွတ်ဖတ်ရသည့် ဇိကိရ်တော်များ။

«ချီးမွမ်းထောမနာပြုခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်တစ်ဆူတည်းအဖို့သာတည်း။ ထို့နောက် ငြိမ်းချမ်းသာယာမှုအပေါင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာတို့သည် ၎င်း၏ နောက်တွင် မည်သည့်နဗီမျှ ပွင့်တော်မူမည်မဟုတ်သည့် မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝဆလ္လမ်) အပေါ်သို့ ကျရောက်တော်မူပါစေ ။)»[2]

---

[1] (စူရဟ် အာလိအင်မ်ရာန် : အာယသ် ၁၅၉)

[2] အနတ်စ် (ရသွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ- "နံနက် (ဖဂျ်ရ်) ဆွလာသ်ဝတ်ပြုချိန်မှစ၍ နေထွက်သည်အထိ အလ္လာဟ်အရှင်မြတ်အား ဇိကိရ်ပြုကြသော လူစုတစ်စုနှင့်အတူ ကျွန်ုပ်ထိုင်ခြင်းသည် အစ္စမာအီလ်၏ သားမြေးများထဲမှ ကျေးကျွန်လေးဦးအား သူကောင်းပြုခြင်းထက် ကျွန်ုပ်အတွက် ပို၍နှစ်သက်ဖွယ်ဖြစ်ပါသည်။ ထို့ပြင် အဆွရ် ဆွလာသ်ဝတ်ပြုချိန်မှစ၍ နေဝင်သည်အထိ အလ္လာဟ်အရှင်မြတ်အား ဇိကိရ်ပြုကြသော လူစုတစ်စုနှင့်အတူ ကျွန်ုပ်ထိုင်ခြင်းသည် ကျေးကျွန်လေးဦးအား သူကောင်းပြုခြင်းထက် ကျွန်ုပ်အတွက် ပို၍နှစ်သက်ဖွယ်ဖြစ်ပါသည်။" အဗူဒါဝူးဒ်ကျမ်း၊ အမှတ်စဉ် (၃၆၆၇)၊ ရှိုက်ခ်အလ်ဘာနီက ဆွဟီးဟ်အဗီဒါဝူးဒ် (၂/၆၉၈) တွင် ၎င်းအား ဟစန်အဖြစ် သတ်မှတ်ထားသည်။

ကျွန်တော်မျိုးသည် နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ နှောင့် ယှက်ခြင်းမှကင်းရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ ၏။

﴿ٱللَّهُ لَآ إِلَٰهَ إِلَّا هُوَ ٱلۡحَيُّ ٱلۡقَيُّومُۚ لَا تَأۡخُذُهُۥ سِنَةٞ وَلَا نَوۡمٞۚ لَّهُۥ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي
ٱلۡأَرۡضِۗ مَن ذَا ٱلَّذِي يَشۡفَعُ عِندَهُۥٓ إِلَّا بِإِذۡنِهِۦۚ يَعۡلَمُ مَا بَيۡنَ أَيۡدِيهِمۡ وَمَا خَلۡفَهُمۡۖ وَلَا
يُحِيطُونَ بِشَيۡءٖ مِّنۡ عِلۡمِهِۦٓ إِلَّا بِمَا شَآءَۚ وَسِعَ كُرۡسِيُّهُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضَۖ وَلَا يَـُٔودُهُۥ
حِفۡظُهُمَاۚ وَهُوَ ٱلۡعَلِيُّ ٱلۡعَظِيمُ255﴾

အလ္လာဟ်အရှင်မြတ်သည် (သာလျှင် ခဝပ် ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏)။ ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ အလျှင်းမရှိပြီ။ (ထိုအရှင်မြတ်သည်) အမြဲရှင်နေတော်မူသောအရှင်၊ (မိမိကိုယ်တော်တိုင် ထာဝရတည် နေတော်မူ၍ သတ္တဝါအပေါင်းတို့ကိုလည်း) ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အား ငိုက် မျဉ်းခြင်းသည်လည်းကောင်း ၊ အိပ်စက်ခြင်းသည်လည်း ကောင်း မဖိစီးနိုင်ပေ။ ထိုအရှင်မြတ်သည်သာလျှင် အာကာသ ကောင်းကင်များနှင့် မြေ၌ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာ ဝတ္ထုဟူသမျှတို့ကို

ပိုင်ဆိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါးအတွက် အသနားခံ တောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက် အဖြစ်အပျက် အကြောင်းကိစ္စ အလုံးစုံတို့ကို အကြွင်းမဲ့ သိရှိတော်မူလေသည်။ သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ် သိရှိတော်မူသော အကြောင်းကိစ္စ အဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ်အလိုရှိတော်မူသော အကြောင်းကိစ္စမှအပ တစ်စုံတစ်ရာကိုမျှဝန်းခြုံ၍ မသိနိုင်ကြပေ။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသ ကောင်း ကင်များနှင့်တကွ ကမ္ဘာမြေပြင်တခွင်လုံးကို ဝန်းခြုံလျက်ရှိချေ၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည် မဟုတ်ပေ။ စင်စစ်တမူကား ထိုအရှင်မြတ်သည် (မကြံစည်နိုင်အောင်)

မြင့်မြတ်တော်မူသောအရှင်၊ ကြီးကဲထွတ်မြတ်တော်မူသော အရှင်တည်း။ (၂၅၅)

စူရဟ် ဗကရဟ်-(၂:၂၅၅)[1]

﴿قُلۡ هُوَ ٱللَّهُ أَحَدٌ 1 ٱللَّهُ ٱلصَّمَدُ 2 لَمۡ يَلِدۡ وَلَمۡ يُولَدۡ 3 وَلَمۡ يَكُن لَّهُۥ كُفُوًا أَحَدُۢ 4﴾

၁။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထိုအလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်း ဖြစ်တော်မူ၏။

၂။ အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းလုံးဝကင်းရှင်းတော်မူသောအရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်၊ နိစ္စထာဝရအရှင် ဖြစ်တော်မူ၏။

၃။ ထိုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည်

[1] «မည်သူမဆို ဤဒုအာကို မနက်ခင်းအချိန်တွင် ရွတ်ဆိုခဲ့ပါက ညနေအထိ ဂျင်န်များ၏ အန္တရာယ်မှ ကာကွယ်စောင့် ရှောက်ခြင်းခံရမည်။ ညနေခင်းချိန်တွင် ရွတ်ဆိုခဲ့ပါက မနက်အထိ ၎င်းတို့၏အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်းခံရမည်။» ဟာကင်မ်က မိမိ၏ကျမ်း (၁/၅၆၂) တွင် ဆင့်ပြန်ထားသည်။ အလ်ဘာနီက ဆွဟီးဟ် အသ်သရ်ဂီးဗ် ဝသ်သရ်ဟီးဗ် ကျမ်း (၁/၂၇၃) တွင် ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားပြီး၊ ၎င်းကို နစာအီကျမ်းနှင့် သွဗ်ရာနီကျမ်းတို့ဘက်သို့ ညွှန်းဆိုထားသည်။ ထို့ပြင် ၎င်းက "သွဗ်ရာနီကျမ်း၏ စနဒ်ကွင်းဆက်သည် ကောင်းမွန်သည်" ဟု မိန့်ဆိုထားသည်။

မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည် မဟုတ်ပေ။

၄။ ထိုမှတစ်ပါး ထိုအရှင်မြတ်၌ ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။

[ စူရဟ် အိခ်လာဆ္ ၁-၄ ]

﴿قُلۡ أَعُوذُ بِرَبِّ ٱلۡفَلَقِ1 مِن شَرِّ مَا خَلَقَ2 وَمِن شَرِّ غَاسِقٍ إِذَا وَقَبَ3 وَمِن شَرِّ ٱلنَّفَّٰثَٰتِ فِي ٱلۡعُقَدِ4 وَمِن شَرِّ حَاسِدٍ إِذَا حَسَدَ5﴾

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ၊ ကျွန်တော်မျိုးသည် နံနက်မိုးသောက်ချိန်ကို ဖန်ဆင်းတော်မူသော အရှင်မြတ်အားဖြင့် အကာအကွယ်ယူပါ၏။

၂။ ထိုအရှင်မြတ် ဖန်ဆင်းတော်မူသော (ခပ်သိမ်းကုန်သော) အဖန်ဆင်းခံတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၃။ အမှောင်အတိ ဖြစ်လာသောအခါ (ဖြစ်တတ်သော) ယင်းအမှောင်၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၄။ အထုံးအဖွဲ့များ၌ (ဂါထာမန္တရားရွတ်ဖတ်) မန်းမှုတ်သောမိန်းမတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၅။ (မနာလို ငြူစူသောသူသည် မနာလိုငြူစူသောအခါ (ဖြစ်တတ်သော) ဘေးအန္တရာယ်များမှလည်းကောင်း။)

[ စူရဟ် ဖလက်က် ၁-၅ ]

﴿قُلۡ أَعُوذُ بِرَبِّ ٱلنَّاسِ 1 مَلِكِ ٱلنَّاسِ 2 إِلَٰهِ ٱلنَّاسِ 3 مِن شَرِّ ٱلۡوَسۡوَاسِ ٱلۡخَنَّاسِ 4
ٱلَّذِي يُوَسۡوِسُ فِي صُدُورِ ٱلنَّاسِ 5 مِنَ ٱلۡجِنَّةِ وَٱلنَّاسِ 6﴾

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ။ ကျွန်တော်မျိုးသည် အကာအကွယ်ယူပါ၏။ လူခပ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အားဖြင့်။

၂။ လူခပ်သိမ်းတို့၏ ဘုရင်မင်းမြတ်ဖြစ်တော်မူသော (အရှင်မြတ်အားဖြင့်)။

၃။ လူခပ်သိမ်းတို့၏ ဆည်းကပ်ကိုးကွယ်ရာ ဖြစ်တော်မူသော(အရှင်မြတ်အားဖြင့်)။

၄။ မကောင်းသော အကြံအစည်များကို ထည့်သွင်းတတ်သော၊ နောက်ဆုတ်သော၊ (ရှိုင်သွာန်မိစ္ဆာကောင်)၏ ဘေးအန္တရာယ်မှ)။

၅။ အကြင်(ရှိုင်သွာန်မိစ္ဆာကောင်သည်) လူတို့၏စိတ်နှလုံးတွင်းသို့ မကောင်းသော အကြံအစည်များကို ထည့်သွင်းလေ့ရှိ၏။

၆။ (ထိုရှိုင်တွာန်မိစ္ဆာကောင်သည်) ဂျင်န်(န်)သတ္တဝါတို့အနက်မှဖြစ်စေ၊ လူတို့အနက်မှဖြစ်စေ။

[ စူရဟ် နားစ် ၁-၆ ] (၃) ကြိမ်[1]

«أَصْبَحْنَا وَأَصْبَحَ المُلْكُ لِلَّهِ، وَالحَمْدُ لِلَّهِ، لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، رَبِّ أَسْأَلُكَ خَيْرَ مَا فِي هَذَا اليَوْمِ وَخَيرَ مَا بَعْدَهُ، وَأَعُوذُ بِكَ مِنْ شَرِّ مَا فِي هَذَا اليَوْمِ وَشَرِّ مَا بَعْدَهُ، رَبِّ أَعُوذُ بِكَ مِنَ الكَسَلِ وَسُوءِ الكِبَرِ، رَبِّ أَعُوذُ بِكَ مِنْ عَذَابٍ فِي النَّارِ وَعَذَابٍ فِي القَبْرِ».

أَصْبَحْنَا وَأَصْبَحَ المُلْكُ لِلَّهِ، وَالحَمْدُ لِلَّهِ، لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَ» هُ، لَهُ الْمُلْكُ وَلَهُ الحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، رَبِّ أَسْأَلُكَ خَيْرَ مَا فِي هَذَا اليَوْمِ وَخيرَ مَا بَعْدَهُ، وَأَعُوذُ بِكَ مِنْ شَرِّ مَا فِي هَذَا اليَوْمِ وَشَ

[1] "မည်သူမဆို ၎င်းကို မနက်ခင်းနှင့် ညနေခင်းအချိန်တို့တွင် သုံးကြိမ်စီ ရွတ်ဖတ်ပါက ၎င်းအဖို့ အရာခပ်သိမ်းအတွက် လုံလောက်ပေမည်။" အဗူဒါဝူဒ်ကျမ်း (၄/၃၂၂)၊ ဟဒီးဆ်အမှတ် (၅၀၈၂) နှင့် သိရ်မိဇီကျမ်း (၅/၅၆၇)၊ ဟဒီးဆ်အမှတ် (၃၅၇၅)၊ ထို့ပြင် ဆွဟီးဟ်သိရ်မိဇီ (၃/၁၈၂) ကိုလည်း ကြည့်ပါ။

رِّ مَا بَعْدَهُ، رَبِّ أَعُوذُ بِكَ مِنَ الكَسَلِ وَسُوءِ الكِبَرِ، رَبِّ أَعُوذُ بِكَ مِنْ عَذَابٍ فِي النَّارِ وَعَذَابٍ فِي القَبْرِ»[1].

အဓိပ္ပါယ်- ကျွန်တော်မျိုးတို့သည် နံနက်မိုးသောက်ချိန်သို့ ရောက်ရှိလာကြပြီ။ စိုးပိုင်မှုဟူသမျှသည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ အို- ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် ယနေ့၌ရှိသော ကောင်းကျိုးနှင့် ယနေ့နောက်ပိုင်း၌ရှိသော ကောင်းကျိုးများကို အရှင်မြတ်ထံတော်မှ တောင်းခံပါ၏။ ထို့ပြင် ယနေ့၌ရှိသော ဆိုးကျိုးနှင့် ယနေ့နောက်ပိုင်း၌ရှိ

---

[1] မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၈)၊ ဟဒီးဆ်အမှတ် (၂၇၂၃)

သော ဆိုးကျိုးများမှ အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။ အို- ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် ပျင်းရိခြင်းနှင့် ဆိုးရွားစွာအိုမင်းခြင်းတို့မှ အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။ အို- ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် င ရဲမီး၏ ပြစ်ဒဏ်နှင့် ကဗရ်တွင်း၏ ပြစ်ဒဏ်တို့မှ အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။

ညနေအချိန်ရောက်လျှင် အောက်ပါအတိုင်း ရွတ်ဆိုရမည်။

«أَمْسَيْنَا وَأَمْسَى الْمُلْكُ لِلَّهِ، وَالحَمْدُ لِلَّهِ، لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، رَبِّ أَسْأَلُكَ خَيْرَ مَا فِي هَذِهِ اللَّيْلَةِ، وَخَيْرَ مَا بَعْدَهَا، وَأَعُوذُ بِكَ مِنْ شَرِّ مَا فِي هَذِهِ اللَّيْلَةِ، وَشَرِّ مَا بَعْدَهَا، رَبِّ أَعُوذُ بِكَ مِنَ الكَسَلِ وَسُوءِ الكِبَرِ، رَبِّ أَعُوذُ بِكَ مِنْ عَذَابٍ فِي النَّارِ وَعَذَابٍ فِي القَبْرِ» [104].

« အဓိပ္ပါယ် - ကျွန်တော်မျိုးတို့သည် ညနေခင်းအချိန်သို့ ရောက်ရှိခဲ့ကြပြီ။ စိုးပိုင်ခြင်းဟူသမျှသည် အလ္လာဟ်အရှင်မြတ်အဖို့သာလျှင်ဖြစ်ပြီး၊ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည်လည်း အလ္လာဟ်အရှင်မြတ်အဖို့သာလျှင်ဖြစ်တော်မူပါသည်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိပါ။ အရှင်မြတ်သည် တ

စ်ဆူတည်းဖြစ်တော်မူပြီး၊ အရှင်မြတ်နှင့် တုဖက်နိုင်းယှဉ် ကိုးကွယ်ရာအရှင်ဟူ၍ မရှိပါ။ စိုးပိုင်ခြင်းဟူသ၍သည် အရှင်မြတ်အဖို့သာလျှင်ဖြစ်ပြီး၊ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည်လည်း အရှင်မြတ်အဖို့သာလျှင်ဖြစ်တော်မူပါသည်။ ထိုအရှင်မြတ်သည် အရာရာတိုင်းအပေါ်တွင် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ အို- ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးသည် ဤညဥ့်၌ရှိသော ကောင်းမြတ်မှုများနှင့် ဤညဥ့်နောက်၌ရှိသော ကောင်းမြတ်မှုများကို အရှင်မြတ်ထံတောင်းခံပန်ကြားပါ၏။ ထို့ပြင် ဤညဥ့်၌ရှိသော မကောင်းမှုများနှင့် ဤညဥ့်နောက်၌ရှိသော မကောင်းမှုများမှ ကင်းလွတ်ရန် အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါ၏။ အို - ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးသည် ပျင်းရိခြင်းနှင့် ဆိုးရွားစွာ အိုမင်းမစွမ်းဖြစ်ခြင်းတို့မှ ကင်းလွတ်ရန် အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါ၏။ အို- ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးသည် ဂျဟန္နမ်ငရဲ

မီး၏ ပြစ်ဒဏ်နှင့် ကဗရ်သင်္ချိုင်း၏ ပြစ်ဒဏ်တို့မှ ကင်းလွတ်ရန် အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါ၏။[1]

«اللَّهُمَّ بِكَ أَصْبَحْنَا، وَبِكَ أَمْسَيْنَا، وَبِكَ نَحْيَا، وَبِكَ نَمُوتُ وَإِلَيْكَ النُّشُورُ» [105].

« အဓိပ္ပာယ်။ ။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ (ကူညီစောင်မမှုဖြင့်) ဤမနက်ခင်းအချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ ထို့ပြင် အရှင်မြတ်၏ (ကူညီစောင်မမှုဖြင့်) ပင် ညနေခင်းအချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ အရှင်မြတ် (သက်ရှိထင်ရှား ရှိစေခြင်းကြောင့်သာ) ကျွန်တော်မျိုးတို့ သက်ရှိထင်ရှား ရှိနေပါသည်။ အရှင်မြတ် (သေဆုံးစေလိုပါက) ကျွန်တော်မျိုးတို့ သေဆုံးကွယ်လွန်ရမည်သာ ဖြစ်ပါသည်။ အရှင်မြတ်ဘက်တော်သို့သာ ပြန်လည်ရောက်ရှိရမည်ဖြစ်ပါသည်။[2]

ညနေခင်းအချိန်ရောက်လျှင် အောက်ပါအတိုင်း ရွတ်ဆိုရမည်။

«اللَّهُمَّ بِكَ أَمْسَيْنَا، وَبِكَ أَصْبَحْنَا، وَبِكَ نَحْيَا، وَبِكَ نَمُوتُ، وَإِلَيْكَ الْمَصِيرُ» [106].

---

[1] ယခင်ကျမ်းကိုးကားချက်။

[2] သိရ်မိဇီကျမ်း (၅/၄၆၆)၊ ဟဒီးဆ်အမှတ် (၃၃၉၁) / ကြည့်ရှုရန် - ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၄၂)

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ (ကူညီစောင်မမှုဖြင့်) ဤညနေခင်းအချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ ထို့ပြင် အရှင်မြတ်၏ (ကူညီစောင်မမှုဖြင့်) ပင် မနက်ခင်းအချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ အရှင်မြတ် (သက်ရှိထင်ရှား ရှိစေခြင်းကြောင့်သာ) ကျွန်တော်မျိုးတို့ သက်ရှိထင်ရှား ရှိနေပါသည်။ အရှင်မြတ် (သေဆုံးစေလိုပါက) ကျွန်တော်မျိုးတို့ သေဆုံးကွယ်လွန်ရမည်သာ ဖြစ်ပါသည်။ အရှင်မြတ်ဘက်တော်သို့သာ ပြန်လည်ရောက်ရှိရမည်ဖြစ်ပါသည်။[1]

«اللَّهُمَّ أَنْتَ رَبِّي لَا إِلَهَ إِلَّا أَنْتَ، خَلَقْتَنِي وَأَنَا عَبْدُكَ، وَأَنَا عَلَى عَهْدِكَ وَوَعْدِكَ مَا اسْتَطَعْتُ، أَعُوذُ بِكَ مِنْ شَرِّ مَا صَنَعْتُ، أَبُوءُ[107] لَكَ بِنِعْمَتِكَ عَلَيَّ، وَأَبُوءُ بِذَنْبِي فَاغْفِرْ لِي فَإِنَّهُ لَا يَغْفِرُ الذُّنُوبَ إِلَّا أَنْتَ»[108].

အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အရှင်ဖြစ်ပါ၏။ အရှင်မြတ်မှအပ အခြား ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပါ။ အရှင်မြတ်သည် ကျွန်တော်မျိုးအား ဖန်ဆင်းတော်မူခဲ့ပါသည်။ ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကျေးကျွန်ဖြစ်ပါသည်။ ကျွန်တော်မျိုး တတ်စွမ်းနိုင်သမျှ အရှင်မြတ်၏

[1] ယခင်ကျမ်းကိုးကားချက်။

ကတိအပေါ်၌ ရပ်တည်နေပါ၏။ ကျွန်တော်မျိုး ပြုလုပ်ခဲ့မိသော မကောင်းမှုများ၏ ဘေးရန်မှ အရှင်မြတ်ထံ ခိုလှုံပါ၏။ ကျွန်တော်မျိုးအပေါ် အရှင်မြတ် ချီးမြှင့်တော်မူထားသော ကျေးဇူးတော်များကို ကျွန်တော်မျိုး ဝန်ခံပါ၏။ ကျွန်တော်မျိုး၏ အပြစ်များကိုလည်း ဝန်ခံပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ကေန်စင်စစ် အရှင်မြတ်သာလျှင် အပြစ်များကို ခွင့်လွှတ်တော်မူသော အရှင်ဖြစ်ပါသည်။[1][2]

«اللَّهُمَّ إِنِّي أَصْبَحْتُ أُشْهِدُكَ، وَأُشْهِدُ حَمَلَةَ عَرْشِكَ، وَمَلَائِكَتِكَ، وَجَمِيعَ خَلْقِكَ، أَنَّكَ أَنْتَ اللَّهُ لَا إِلَهَ إِلَّا أَنْتَ وَحْدَكَ لَا شَرِيكَ لَكَ، وَأَنَّ مُحَمَّدًا عَبْدُكَ وَرَسُولُكَ»

အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည်သာလျှင် အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူကြောင်း၊ ဖက်စပ်ယှဉ်တွဲခြင်း ကင်းတော်မူသော တစ်ပါးတည်းသောအရှင်၊ အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် မရှိကြောင်းနှင့်

[1] «မည်သူမဆို ယင်းအပေါ် ယုံကြည်မှုအပြည့်ဖြင့် ညနေ ခင်းချိန်တွင် ရွတ်ဆိုပြီး ထိုည၌ ကွယ်လွန်သေဆုံးပါက ဂျန္နသ်သို့ ဝင်ရောက်ရမည်။ မနက်ခင်းအချိန်တွင် ရွတ်ဆိုခဲ့ပါကလည်း ထိုနည်းတူပင်ဖြစ်သည်။» အိမာမ် ဗုခါရီက ဤဟဒီးဆ်အား (၇/၁၅၀)၊ အမှတ် (၆၃၀၆) တွင် ဆင့်ပြန်ထားသည်။

[2] အသိအမှတ်ပြု ဝန်ခံပါသည်။

မုဟမ္မဒ်သည် အရှင်မြတ်၏ အစေတော်နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်းကို ယခုနံနက်ခင်းအချိန်၌ ကျွန်တော်မျိုးသည် အရှင်မြတ်အားလည်းကောင်း၊ အရှင်မြတ်၏ အရ်ရှ်ပလ္လင်တော်ကို ထမ်းရွက်ထားသော မလာအိကဟ်များကိုလည်းကောင်း၊ အရှင်မြတ်၏ မလာအိကဟ်များကိုလည်းကောင်း၊ အရှင်မြတ်၏ ဖန်ဆင်းခံအားလုံးတို့ကိုလည်းကောင်း သက်သေထားအပ်ပါသည်။

(၄) ကြိမ်[1]

ညနေခင်းအချိန်ရောက်လျှင် အောက်ပါအတိုင်း ရွတ်ဆိုရမည်။

«اللَّهُمَّ إِنِّي أَمْسَيْتُ أُشْهِدُكَ، وَأُشْهِدُ حَمَلَةَ عَرْشِكَ، وَمَلَائِكَتِكَ، وَجَمِيعَ خَلْقِكَ، أَنَّكَ أَنْتَ اللَّهُ لَا إِلَهَ إِلَّا أَنْتَ وَحْدَكَ لَا شَرِيكَ لَكَ، وَأَنَّ مُحَمَّدًا عَبْدُكَ وَرَسُولُكَ»

---

[1] "မည်သူမဆို ၎င်းကို မနက်ခင်းတွင်ဖြစ်စေ၊ ညနေခင်းတွင်ဖြစ်စေ လေးကြိမ် ရွတ်ဖတ်ပါက အလ္လာဟ်အရှင်မြတ် သည် ထိုသူအား ဂျဟန္နမ်ငရဲမီးမှ လွတ်ကင်းခွင့်ပေးသနားတော်မူမည်။" အဗူဒါဝူဒ်ကျမ်း (၄/၃၁၇)၊ ဟဒီးဆ်အမှတ် (၅၀၇၁)၊ ဗုခါရီ၏ (အလ်အဒဗွလ်မုဖ်ရဒ်)ကျမ်း၊ ဟဒီးဆ်အမှတ် (၁၂၀၁)၊ နစာအီ၏ (အမလွလ်ယောင်မိ ဝလ်လိုင်းလဟ်)ကျမ်း၊ ဟဒီးဆ်အမှတ် (၉)၊ နှင့် အိဗ်နွတ်စွန္နီကျမ်း၊ ဟဒီးဆ်အမှတ် (၇ဝ)။ ထို့ပြင် ဆရာကြီး ရှိုင်းခ်အိဗ်နုဗားဇ် (ရဟိမဟုလ္လာဟ်) သည် (သုဟ်ဖသွလ်အတ်ခ်ယားရ်)ကျမ်း၊ စာမျက်နှာ (၂၃) တွင် နစာအီနှင့် အဗူဒါဝူဒ်တို့၏ စနဒ်အား ဟစန်အဖြစ် သတ်မှတ်ခဲ့သည်။

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် ဤညနေခ င်းအချိန်၌ အရှင်မြတ်အား လည်းကောင်း၊ အရှင်မြတ်၏ အရ်ရှ်ပလ္လင်တော်ကို ထမ်းရွက်ထားသူများအား လည်းကောင်း၊ အရှင်မြတ်၏ မလာအိကဟ်များအား လည်းကောင်း၊ အရှင်မြတ်၏ ဖန်ဆင်းခံအားလုံးတို့ကို လည်းကောင်း သက်သေ ထားပါ၏။ အမှန်စင်စစ် အသင်အရှင်မြတ်သည်သာလျှင် အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူကြောင်း၊ တစ်ပါးတည်း တည်ရှိတော်မူသော၊ ဖက်စပ်ယှဉ်တွဲခြင်း ကင်းတော်မူသော အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အရှင်မရှိကြောင်းကို ကျွန်တော်မျိုး သက်သေခံအပ်ပါသည်။ ထို့ပြင် မုဟမ္မဒ်သည် အရှင်မြတ်၏ အစေတော်နှင့် ရစူလ်တမန်တော် ဖြစ်တော်မူကြောင်းကိုလည်း ကျွန်တော်မျိုး သက်သေခံအပ်ပါသည်။

(၄) ကြိမ်[1]

«اللَّهُمَّ مَا أَصْبَحَ بِي مِنْ نِعْمَةٍ أَوْ بِأَحَدٍ مِنْ خَلْقِكَ فَمِنْكَ وَحْدَكَ لَا شَرِيكَ لَكَ، فَلَكَ الحَمْدُ وَلَكَ الشُّكْرُ» [111].

---

[1] ယခင်ကျမ်းကိုးကားချက်။

အို အလ္လာဟ်အရှင်မြတ်၊ ဤနံနက်ခင်းအချိန်၌ ကျွန်တော်မျိုးအပေါ် သက်ရောက်လာသော မည်သည့်ကျေးဇူးတော်မဆို သို့မဟုတ် အရှင်မြတ်၏ ဖန်ဆင်းခံများအနက်မှ တစ်ဦးဦးအပေါ် သက်ရောက်လာသော မည်သည့်ကျေးဇူးတော်မဆို၊ ထိုအရာဟူသမျှသည် တစ်ပါးတည်းဖြစ်တော်မူသော အရှင်မြတ်ထံတော်မှသာ ဖြစ်ပါ၏။ အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲနိုင်သူဟူ၍ မရှိပါ။ သို့ဖြစ်ပါ၍ ချီးမွမ်းထောမနာခြင်းအပေါင်းသည် အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။ ထို့ပြင် ကျေးဇူးတင်ခြင်းအပေါင်းသည်လည်း အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။[1]

[1] «မည်သူမဆို ဤဒုအာကို မနက်ခင်းအချိန်တွင် ရွတ်ဆိုခဲ့ပါက ဧကန်မုချ ထိုသူသည် မိမိ၏နေ့တာအတွက် ကျေးဇူး တင်ခြင်း(ရှုကူရ်)ကို ဖြည့်ဆည်းပေးဆပ်ပြီးဖြစ်သည်။ မည် သူမဆို ညနေခင်းချိန်တွင် ရွတ်ဆိုခဲ့ပါက ဧကန်မုချ ထိုသူသည် မိမိ၏ညတာအတွက် ကျေးဇူးတင်ခြင်း(ရှုကူရ်)ကို ဖြည့်ဆည်းပေးဆပ်ပြီးဖြစ်သည်။» ၎င်းဟဒီးဆ်တော်ကို အဗူဒါဝူးဒ်ကျမ်း (၄/၃၁၈) ဟဒီးဆ်အမှတ် (၅၀၇၅)၊ နစာအီကျမ်း (အမလွ်လ်ယောင်မိ ဝလ်လိုင်လဟ်) ဟဒီးဆ်အမှတ် (၇)၊ အိဗ်နွတ်စွန္နီကျမ်း ဟဒီးဆ်အမှတ် (၄၁) နှင့် အိဗ်နုဟိဗ်ဗာန်ကျမ်း (မဝါရစ်ဒ်) ဟဒီးဆ်အမှတ် (၂၃၆၁) တို့တွင် ဆင့်ပြန်ထား သည်။ ထို့ပြင် အိဗ်နုဘာဇ်(ရဟိမဟုလ္လာဟ်)က 'သွဟ်ဖသွလ်အတ်ခ်ယားရ်' ကျမ်း (စာ-၂၄) တွင် ဤဟဒီးဆ်တော် စနဒ် (ဆင့်ပြန်သူကွင်းဆက်)ကို ဟစန်အဆင့်ရှိကြောင်း သတ်မှတ်ထားသည်။

ညနေခင်းအချိန်တွင် အောက်ပါအတိုင်း ရွတ်ဆိုရမည်။

«اللَّهُمَّ مَا أَمْسَى بِي مِنْ نِعْمَةٍ أَوْ بِأَحَدٍ مِنْ خَلْقِكَ فَمِنْكَ وَحْدَكَ لَا شَرِيكَ لَكَ، فَلَكَ الحَمْدُ وَلَكَ الشُّكْرُ»[112].

အို အလ္လာဟ်အရှင်မြတ်၊ ဤညနေခင်းအချိန်၌ ကျွန်တော်မျိုးအပေါ် သက်ရောက်လာသော မည်သည့်ကျေးဇူးတော်မဆို သို့မဟုတ် အရှင်မြတ်၏ ဖန်ဆင်းခံများအနက်မှ တစ်ဦးဦးအပေါ် သက်ရောက်လာသော မည်သည့်ကျေးဇူးတော်မဆို၊ ထိုအရာဟူသမျှသည် တစ်ပါးတည်းဖြစ်တော်မူသော အရှင်မြတ်ထံတော်မှသာ ဖြစ်ပါ၏။ အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲနိုင်သူဟူ၍ မရှိပါ။ သို့ဖြစ်ပါ၍ ချီးမွမ်းထောမနာခြင်းအပေါင်းသည် အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။ ထို့ပြင် ကျေးဇူးတင်ခြင်းအပေါင်းသည်လည်း အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။[1]

«اللَّهُمَّ عَافِنِي فِي بَدَنِي، اللَّهُمَّ عَافِنِي فِي سَمْعِي، اللَّهُمَّ عَافِنِي فِي بَصَرِي، لَا إِلَهَ إِلَّا أَنْتَ، اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنَ الكُفْرِ، وَالفَقْرِ، وَأَعُوذُ بِكَ مِنْ عَذَابِ القَبْرِ، لَا إِلَهَ إِلَّا أَنْتَ»

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ ခန္ဓာကိုယ်အား ဘေးကင်းကျန်းမာစေတော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊

[1] ယခင်ကျမ်းကိုးကားချက်။

ကျွန်တော်မျိုး၏ အကြားအာရုံအား ဘေးကင်းကျန်းမာစေတော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ အမြင်အာရုံအား ဘေးကင်းကျန်းမာစေတော်မူပါ။ အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျင်းမရှိပါ။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် ကုဖ်ရ်(သွေဖည်ငြင်းပယ်ခြင်း)နှင့် ဆင်းရဲနွမ်းပါးခြင်းတို့မှ အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။ ထို့ပြင် ကဗရ်၏အဇာဗ်ပြစ်ဒဏ်မှလည်း အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။ အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျင်းမရှိပါ။

(၃) ကြိမ်[1]

«حَسْبِيَ اللَّهُ لَا إِلَهَ إِلَّا هُوَ عَلَيهِ تَوَكَّلتُ وَهُوَ رَبُّ العَرْشِ العَظِيمِ»

ကျွန်တော်မျိုးတို့အဖို့ အလ္လာဟ်အရှင်မြတ်သည် (အဖက်ဖက်မှ) လုံလောက်တော်မူပေသည်၊ ထိုအရှင်မြတ်မှတစ်

[1] အဗူဒါဝူဒ်ကျမ်း (၄ / ၃၂၄)၊ ဟဒီးဆ်အမှတ် (၅၀၈၂)၊ အဟ်မဒ်ကျမ်း (၅ / ၄၂)၊ ဟဒီးဆ်အမှတ် (၂၀၄၃၀)၊ နစာအီ၏ အမလုလ်ယောင်မိ ဝလ်လိုင်းလဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၂)၊ အိဗ်နုစ်စွန္နီကျမ်း၊ ဟဒီးဆ်အမှတ် (၆၉)၊ အိမာမ်ဗုခါရီ၏ အလ်အဒဗ်အလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၀၁)။ အလ္လာမဟ် အိဗ်နုဗာဇ် (ရဟိမဟုလ္လာဟ်) က သုဟ်ဖသွလ်အတ်ခ်ယားရ်ကျမ်း (စာ -၂၆) တွင် ၎င်း၏ စနဒ်ကို ဟစန်အဖြစ် သတ်မှတ်ထားသည်။

ပါး အခြားခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိ။ ထိုအရှင်မြတ်အပေါ်၌သာလျှင် ကျွန်တော်မျိုးသည် (အစစအရာရာတွင် လုံး၀)ယုံကြည် လွှဲအပ်ခဲ့ပါသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ် သည် ကြီးကျယ်မြင့်မြတ်သောအရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်လည်း ဖြစ်တော်မူပါသည်။

(၇) ကြိမ်[1]

«اللَّهُمَّ إِنِّي أَسْأَلُكَ العفْوَ وَالعَافِيَةَ فِي الدُّنْيَا وَالآخِرَةِ، اللَّهُمَّ إِنِّي أَسْأَلُكَ العَفْوَ وَالعَافِيَةَ: فِي دِينِي وَدُنْيَايَ وَأَهْلِي، وَمَالِي، اللَّهُمَّ اسْتُرْ عَوْرَاتِي، وَآمِنْ رَوْعَاتِي، اللَّهُمَّ احْفَظْنِي مِنْ بَينِ يَدَيَّ، وَمِنْ خَلْفِي، وَعَنْ يَمِينِي، وَعَنْ شِمَالِي، وَمِنْ فَوْقِي، وَأَعُوذُ بِعَظَمَتِكَ أَنْ أُغْتَالَ مِنْ تَحْتِي»[115].

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် လောကီနှင့် နောင်တမလွန် အာခိရသ်အတွက် အရှင်မြတ်၏ ခွင့်လွှတ်မှုနှင့် ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှုကို အရှင်မြတ်ထံ

[1] အကြင်သူသည် ၎င်းကို နံနက်နှင့်ညနေတွင် ခုနစ်ကြိမ်စီ ရွတ်ဆိုမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏ ဒွန္နယာ(လောကီ)နှင့် အာခိရသ်(နောင်တမလွန်)၏ ပူပန်ဖွယ်ရာကိစ္စရပ်များအတွက် လုံလောက်တော်မူမည်ဖြစ်သည်။ အိဗ်နုစ္စုန္နီကျမ်း အမှတ်စဉ် (၇၁) တွင် မရ်ဖူအ်အဖြစ် လည်းကောင်း၊ အဗူဒါဝူးဒ်ကျမ်း (၄/၃၂၁)၊ အမှတ်စဉ် (၅၀၈၁) တွင် မောင်ကူးဖ်အဖြစ် လည်းကောင်း မှတ်တမ်းတင်ထားသည်။ ရှိုက်ခ်ရှုအိုင်ဗ် နှင့် ရှိုက်ခ်အဗ်ဒွလ်ကာဒိရ် အလ်အရ်နာအူးသ္ တို့က ၎င်း၏ စနဒ်ကို ဆွဟီးဟ်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ရှု - ဇာဒွလ်မအာဒ် (၂/၃၇၆)။

တောင်း ခံပန်ကြားပါ၏။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် မိမိ၏ သာသနာ၊ လောကီဘဝ၊ မိသားစုနှင့် ပစ္စည်းဥစ္စာများတွင် ခွင့်လွှတ်မှုနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှုကို အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ ချို့ယွင်းချက်များကို ဖုံးကွယ်ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး၏ စိုးရိမ်ထိတ်လန့်မှုများကို လုံခြုံအေးချမ်းမှု ပေးသနားတော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား အရှေ့ဘက်မှ လည်းကောင်း၊ အနောက်ဘက်မှ လည်းကောင်း၊ လက်ယာဘက်မှ လည်း ကောင်း၊ လက်ဝဲဘက်မှ လည်းကောင်း၊ အထက်မှ လည်း ကောင်း ထိန်းသိမ်းစောင့်ရှောက်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး၏ အောက်ဘက်မှ ရုတ်တရက် ဘေးအန္တရာယ်ကျရောက် ဖျက်ဆီးခံရခြင်းမှ အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုဖြင့် အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။ (၁၁၅)[1]

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၀၇၄)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးစ်အမှတ် (၃၈၇၁)၊ ကြည့်ပါ- ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂/၃၃၂)

«اللَّهُمَّ عَالِمَ الغَيْبِ وَالشَّهَادَةِ فَاطِرَ السَّمَوَاتِ وَالأَرْضِ، رَبَّ كُلِّ شَيْءٍ وَمَلِيكَهُ، أَشْهَدُ أَنْ لَا إِلَهَ إِلَّا أَنْتَ، أَعُوذُ بِكَ مِنْ شَرِّ نَفْسِي، وَمِنْ شَرِّ الشَّيْطَانِ وَشَرَكِهِ، وَأَنْ أَقْتَرِفَ عَلَى نَفْسِي سُوءًا، أَوْ أَجُرَّهُ إِلَى مُسْلِمٍ»[116].

အို အလ္လာဟ်အရှင်မြတ်၊ အကွယ်တွင်ရှိ သောအရာနှင့် အထင်အရှားရှိသောအရာတို့ကို အကြွင်းမဲ့သိမြင်တော်မူသောအရှင်၊ မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသောအရှင်၊ အုပ်စိုးတော်မူသောအရှင်၊ အရှင်မြတ်မှအပ အခြား ခဝပ်ကိုးကွယ်ခံထိုက်သော အရှင်မရှိကြောင်းကို ကျွန်တော်မျိုး သက်သေခံအပ်ပါသည်။ ကျွန်တော်မျိုး၏ စိတ်ဝိညာဉ်၏ မကောင်းမှုများ၏ဘေးရန်မှလည်းကောင်း ၊ ရှိုင်သွာန်မိစ္ဆာ၏ မကောင်းမှုဘေးရန်နှင့် ၎င်း၏ထောင်ချောက်များမှလည်းကောင်း၊ ကျွန်တော်မျိုးသည် မိမိကိုယ်ကို မကောင်းမှုကျူးလွန်မိခြင်းမှလည်းကောင်း၊ သို့မဟုတ် ထိုမကောင်းမှုကို အခြားမွတ်စလင်တစ်ဦးဦးအပေါ် ကျရောက်စေခြင်းမှလည်းကောင်း ကင်းလွတ်ရန် အရှင်မြတ်ထံပန်ကြားခိုလှုံပါ၏။ (၁၁၆)[1]

[1] သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၃၉၂)/ အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၀၆၇)/ ကြည့်ရန်- ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၄၂)

«بِسْمِ اللَّهِ الَّذِي لَا يَضُرُّ مَعَ اسْمِهِ شَيْءٌ فِي الأَرْضِ وَلَا فِي السَّمَاءِ وَهُوَ السَّمِيعُ العَلِيمُ»

အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။ အလ္လာဟ်အရှင်မြတ်အားအပြည့်အဝယုံကြည်ပြီး ထိုအရှင်မြတ်၏ နာမတော်ကိုတသခြင်းနှင့်အတူ ကမ္ဘာမြေပြင်၌ဖြစ်စေ၊ မိုးကောင်း ကင်၌ဖြစ်စေ မည်သည့်အရာကမျှ ဆိုးကျိုးမပေးနိုင်ပေ။ ထိုအရှင်မြတ်သည် အရာခပ် သိမ်းတို့ကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူ၏။

(၃) ကြိမ်[1]

«رَضِيتُ بِاللَّهِ رَبًّا، وَبِالإِسْلَامِ دِينًا، وَبِمُحَمَّدٍ ﷺ نَبِيًّا»

"ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အဖြစ်လည်းကောင်း၊ အစ္စလာ

[1] "မည်သူမဆို ၎င်းကို မနက်ခင်းအချိန်တွင် သုံးကြိမ်နှင့် ညနေခင်းချိန်တွင် သုံးကြိမ် ရွတ်ဆိုခဲ့ပါက မည်သည့်အရာကမျှ ၎င်းအား ဆိုးကျိုးသက် ရောက်စေနိုင်မည် မဟုတ်ပေ။" အဗူဒါဝူဒ်ကျမ်း (၄/၃၂၃)၊ ဟဒီးဆ်အမှတ် (၅၀၈၈) / သိရ်မိဇီကျမ်း (၅/၄၆၅)၊ ဟဒီးဆ်အမှတ် (၃၃၈၈) / အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၈၆၉) / အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၄၆)။ ကြည့်ပါ - ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂/၃၃၂)။ အလ္လာမဟ် အိဗ်နုဗာဇ် (ရဟိမဟုလ္လာဟ်) သည် 'သုဟ်ဖသွလ်အတ်ခ်ယားရ်' ကျမ်း (စာ - ၃၉) တွင် ၎င်း၏ စနဒ်အား ဟစန်ဟု မှတ်ချက်ပြုထားသည်။

မ်အား သာသနာအဖြစ်လည်းကောင်း၊ မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)  အား  နဗီတမန်တော်အဖြစ်လည်းကောင်း ကျေနပ်နှစ်သက်လက်ခံပါ၏။”

(၃) ကြိမ်[1]

«يَا حَيُّ يَا قَيُّومُ بِرَحْمَتِكَ أَسْتَغِيثُ أَصْلِحْ لِي شَأْنِي كُلَّهُ وَلَا تَكِلْنِي إِلَى نَفْسِي طَرْفَةَ عَيْنٍ»[119].

“အို - အမြဲရှင်နေတော်မူသော အရှင်၊ (မိမိကိုယ်တော်တိုင်ထာဝရ တည်နေတော်မူ၍ သတ္တဝါအပေါင်းတို့ကိုလည်း) ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်၊ အရှင်မြတ်၏ကရုဏာတော်အားဖြင့် အရှင်မြတ်ထံ အကူအညီတောင်းခံပါ၏။ ကျွန်တော်မျိုး၏ အရေးကိစ္စဟူသ၍ကို တည့်မတ်မှန်ကန်အောင်ပြုလုပ်ပေးတော်မူပါ။  ထို့ပြင်  အရှင်မြ

[1] «မည်သူမဆို ၎င်းကို နံနက်ပိုင်းတွင် သုံးကြိမ်နှင့် ညနေပိုင်းတွင် သုံးကြိမ် ရွတ်ဆိုမည်ဆိုပါက ကိယာမသ်နေ့၌ ထိုသူအား ကျေနပ်နှစ်သိမ့်စေရန်မှာ အလ္လာဟ်အရှင်မြတ်အပေါ် တာဝန်တစ်ရပ်ဖြစ်ပေသည်။» အဟ်မဒ်ကျမ်း (၄/၃၃၇)၊ ဟဒီးဆ်အမှတ် (၁၈၉၆၇)၊ နစာအီကျမ်း၏ အမလုလ်ယောင်မ်ဝလ်လိုင်လဟ်တွင် ဟဒီးဆ်အမှတ် (၄)၊ အိဗ်နုစ်စွန္နီကျမ်း၊ ဟဒီးဆ်အမှတ် (၆၈)၊ အဗူဒါဝူဒ်ကျမ်း (၄/၃၁၈)၊ ဟဒီးဆ်အမှတ် (၁၅၃၁) နှင့် သိရ်မိဇီကျမ်း (၅/၄၆၅)၊ ဟဒီးဆ်အမှတ် (၃၃၈၉)။ ထို့ပြင် အိဗ်နုဗာဇ် (ရဟိမဟုလ္လာဟ်) က သုဟ်ဖသွလ်အတ်ခ်ယားရ် (စာမျက်နှာ-၃၉) တွင် ဤဟဒီးဆ်တော်ကို ဟစန်အဆင့်ရှိကြောင်း သတ်မှတ်ထားသည်။

တ် ကျွန်တော်မျိုးအား မိမိ၏ သဘောဆန္ဒအတိုင်း (ပြုလုပ်ခြင်းဘက်သို့) မျက်စိတစ်မှိတ်ခန့်မျှပင် လွှဲအပ်တော်မမူပါနှင့်။" (၁၁၉)[1]

«أَصْبَحْنَا وَأَصْبَحَ المُلْكُ لِلَّهِ رَبِّ العَالَمِينَ، اللَّهُمَّ إِنِّي أَسْأَلُكَ خَيْرَ هَذَا اليَوْمِ: فَتْحَهُ، وَنَصْرَهُ، وَنورَهُ، وَبَرَكَتَهُ، وَهُدَاهُ، وَأَعُوذُ بِكَ مِنْ شَرِّ مَا فِيهِ وَشَرِّ مَا بَعْدَهُ» .[120]

ကျွန်တော်မျိုးတို့သည် နံနက်ခင်းအချိန်သို့ ရောက်ရှိခဲ့ကြပြီဖြစ်သည်။ စိုးပိုင်ဟူသမျှသည်လည်း စကြဝဠာခပ်သိမ်းကို မွေးမြူဖန်ဆင်းတော်မူသောအရှင် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင် ဖြစ်ပါသည်။ အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် ဤနေ့ရက်၏ ကောင်းမှု၊ အောင်မြင်မှု၊ ကူညီစောင်မမှု၊ အလင်းရောင်၊ ဘရကသ်မင်္ဂလာနှင့် တရား လမ်းမှန်တို့ကို အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ ထို့ပြင် ဤနေ့ရက်တွင်ရှိသော မကောင်းမှုဘေးအန္တရာယ်နှင့် ဤနေ့ရက်ပြီးနောက် လာမည့် မကောင်းမှုဘေးအန္တရာ

[1] ဟာကင်မ်ကျမ်း၊ ဟာကင်မ်က ထိုဟဒီးဆ်အား စွဟီဟ်ဟု မှတ်ချက်ပြုထားပြီး ဇဟဗီကလည်း ထောက်ခံထားသည်။ အတွဲ(၁)၊ စာ(၅၄၅)။ ကြည့်ပါ - စွဟီဟ်အတ်သရ်ဂီးဗ် ဝတ်သရ်ဟီးဗ်ကျမ်း၊ အတွဲ(၁)၊ စာ(၂၇၃)။

ယ်များမှ ကျွန်တော်မျိုးသည် အရှင်မြတ်ထံ ခိုလှုံပါ၏။ (၁၂၀)[1]

ညနေခင်းအချိန်ရောက်လျှင် အောက်ပါအတိုင်း ရွတ်ဆိုရမည်။

«أَمْسَيْنَا وَأَمْسَى المُلْكُ لِلَّهِ رَبِّ العَالَمِينَ، اللَّهُمَّ إِنِّي أَسْأَلُكَ خَيْرَ هَذِهِ اللَّيْلَةِ: فَتْحَهَا، وَنَصْرَهَا، وَنُورَهَا، وَبَرَكَتَهَا، وَهُدَاهَا، وَأَعُوذُ بِكَ مِنْ شَرِّ مَا فِيهَا، وَشَرِّ مَا بَعْدَهَا» [121].

"«ကျွန်တော်မျိုးတို့သည် ညနေခင်းအချိန်သို့ ရောက်ရှိခဲ့ကြပြီ။ စိုးပိုင်မှုဟူသမျှသည် စကြဝဠာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်ပါ၏။ အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် အရှင်မြတ်ထံ ဤည၏ ကောင်းကျိုးများ၊ ဤည၏ အောင်မြင်မှု၊ ကူညီစောင်မမှု၊ နူးရ်အလင်းရောင်၊ ဗရ်ကသ်မင်္ဂလာနှင့် ဟိဒါယသ်တရားလမ်းမှန်တို့ကို တောင်းခံပန်ကြားပါ၏။ ထို့ပြင် ဤည၌ရှိသော မ ကောင်းမှုများနှင့် ဤည၏နောက်ပိုင်း

[1] အဗူဒါဝူဒ်ကျမ်း (၄ / ၃၂၂)၊ ဟဒီးဆ်အမှတ် (၅၀၈၄)၊ ရှုအိုက်ဗ်နှင့် အဗ်ဒွလ်ကွာဒိရ် အလ်အရ်နာအူးသ်တို့က ဇာဒွလ်မအာဒ်ကျမ်း စိစစ်ချက် (၂ / ၃၇၃) တွင် ၎င်း၏ စနဒ်ကို ဟစန်အဆင့် သတ်မှတ်ထားသည်။

၌ဖြစ်ပေါ်လာမည့် မကောင်းမှုများမှ ကျွန်တော်မျိုး အရှင် မြတ်ထံ ခိုလှုံပါ၏။»"[1]

«أَصْبَحْنا عَلَى فِطْرَةِ الإِسْلاَمِ، وَعَلَى كَلِمَةِ الإِخْلاَصِ، وَعَلَى دِينِ نَبِيِّنَا مُحَمَّدٍ ﷺ، وَعَلَى مِلَّةِ أَبِينَا إِبْرَاهِيمَ، حَنِيفًا مُسْلِمًا وَمَا كَانَ مِنَ الْمُشْرِكِينَ» [122].

«ကျွန်တော်မျိုးတို့သည် အစ္စလာမ်၏ ဖိသွ်ရသ်(သဘာဝ တရား)အပေါ်၌ လည်းကောင်း၊ အိခ်လာဆ်(စစ်မှန်သော ယုံကြည်မှု) ကလိမာအပေါ်၌ လည်းကောင်း၊ ကျွန်တော် မျိုးတို့၏ နဗီတမန်တော်မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်ဟိဝ စလ္လမ်)၏ သာသနာတော်အပေါ်၌ လည်းကောင်း၊ ကျွန် တော်မျိုးတို့၏ဖခင် (နဗီတမန်တော်)အိဗ်ရာဟီမ်၏ လမ်း စဉ်အပေါ်၌ လည်းကောင်း မနက်ခင်းအချိန်အခါသို့ ဝင် ရောက်ခဲ့ကြပါသည်။ (အမှန်စင်စစ်ယင်းနဗီတမန်တော် အီဗ်ရာဟီမ်သည်) ဖြောင့်မတ်တည်ကြည်သူ၊ မုစ်လင်မ်ဖြ စ်ခဲ့၏။ ၎င်းပြင် မုရှ်ရစ်က် (တစ်စုံတစ်ရာကို အလ္လာဟ်အရှ

[1] ယခင်ကျမ်းကိုးကားချက်။

င်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်သူ) တို့အနက်မှလည်း မဖြစ်ခဲ့ချေ။»[1]

ညနေခင်းအချိန်ရောက်သောအခါ အောက်ပါအတိုင်း ရွတ်ဆိုရမည်။

«أَمْسَيْنَا عَلَى فِطْرَةِ الإِسْلَامِ، وَعَلَى كَلِمَةِ الإِخْلَاصِ، وَعَلَى دِينِ نَبِيِّنَا مُحَمَّدٍ ﷺ، وَعَلَى مِلَّةِ أَبِينَا إِبْرَاهِيمَ، حَنِيفًا مُسْلِمًا وَمَا كَانَ مِنَ الْمُشْرِكِينَ» [123].

«ကျွန်တော်မျိုးတို့သည် အစ္စလာမ်၏ ဖိသ်ွရသ်(သဘာဝတရား)အပေါ်၌ လည်း ကောင်း၊ အိခ်လာဆ်(စစ်မှန်သောယုံ ကြည်မှု) ကလိမာအပေါ်၌ လည်းကောင်း၊ ကျွန်တော်မျိုးတို့၏ နဗီတမန်တော်မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ သာသနာတော်အပေါ်၌ လည်းကောင်း၊ ကျွန်တော်မျိုးတို့၏ဖခင် (နဗီတမန်တော်)အိဗ်ရာဟီမ်၏ လမ်းစဉ်အပေါ်၌ လည်းကောင်း ညနေခင်းအချိန်အခါသို့ ဝင်ရောက်ခဲ့ကြပါသည်။ (အမှန်စင်စစ်ယင်းနဗီတမန်တော် အီဗ်ရာဟီမ်သည်) ဖြောင့်မတ်တည်ကြည်သူ၊ မှစ်လင်မ်ဖြစ်ခဲ့၏။ ၎င်းပြင် မုရှ်ရစ်က် (တစ်စုံတစ်ရာကို အလ္လာဟ်အရှ

[1] အဟ်မဒ် (၃/၄၀၆) နှင့် (၄၀၇)၊ ဟဒီးဆ်အမှတ် (၁၅၃၆၀) နှင့် (၁၅၅၆၃)၊ အိဗ်နွတ်စ်စွန္နီ၏ အမလ်အလ်ယောင်မ်ဝလ်လိုင်းလဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၄)၊ ကြည့်ရှုရန်-ဆွဟီးဟွလ်ဂျာမိအ် (၄/၂၀၉)။

င်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်သူ) တို့အနက်မှလည်း မဖြစ်ခဲ့ချေ။»[1]

«سُبْحَانَ اللَّهِ وَبِحَمْدِهِ»

"အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအ ပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပြီး ချီးမွမ်းထောမနာခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာ ဖြစ်တော်မူ၏။"

အကြိမ် ၁၀၀။[2]

«لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الحَمْدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ»

တုဖက်နိုင်းယှဉ်သူမရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏

[1] ယခင်ကျမ်းကိုးကားချက်။

[2] «မည်သူမဆို ၎င်းကို နံနက်ခင်းနှင့် ညနေခင်းတို့တွင် အကြိမ်တစ်ရာ ရွတ်ဆိုမည်ဆိုပါက မည်သူတစ်ဦးတစ်ယောက်ကမျှ ကိယာမတ်နေ့တွင် ၎င်းပြုလုပ်သည့် ကောင်းမှုထက် ပို၍ကောင်းမွန်သည့် အရာကို ယူဆောင်လာနိုင်မည်မဟုတ်ပေ။ သို့ရာတွင် လူတစ်ဦးသည် ၎င်းရွတ်ဆိုသကဲ့သို့ရွတ်ဆိုပါက သို့မဟုတ် ၎င်းထက် ပို၍ ရွတ်ဆိုပါက ထိုသူသည် ၎င်းနှင့်အလားတူ သို့မဟုတ် ပို၍ ကောင်းသည့်အရာကို ယူဆောင်လာခြင်းပင်ဖြစ်သည်။» မွတ်စ်လင်မ် (၄/၂၀၇၁)၊ အမှတ် (၂၆၉၂)။

။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။

(၁၀) ကြိမ်၊ သို့မဟုတ် ပျင်းရိသောအခါတွင် တစ်ကြိမ်သာ ဖတ်ရွတ်ခြင်း။[1][2]

«لَا إِلَهَ إِلَّا اللَّهُ، وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ»

တုဖက်နှိုင်းယှဉ်ရသူမရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှ တစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအ ပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ် သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၀၇၇)၊ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၇၉၈)၊ အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၈၇၁၉)၊ ကြည့်ရှုရန်- ဆွဟီးဟ် အသ်သရ်ဂီးဗ် ဝသ်သရ်ဟီးဗ်ကျမ်း (၁ / ၂၇၀)၊ ဆွဟီးဟ် အဗူဒါဝူဒ်ကျမ်း (၃ / ၉၅၇)၊ ဆွဟီးဟ် အိဗ်နုမာဂျဟ်ကျမ်း (၂ / ၃၃၁)၊ ဇာဒွလ်မအာဒ်ကျမ်း (၂ / ၃၇၇)။

[2] နစာအီကျမ်း၊ အမလွလ် ယောင်မ် ဝလ်လိုင်းလဟ်၊ ဟဒီးဆ်အမှတ် (၂၄)၊ ကြည့်ပါ- ဆွဟီးဟ် အသ်သရ်ဂီးဗ် ဝသ်သရ်ဟီးဗ် (၁/၂၇၂)၊ အိဗ်နုဗာဇ် (ရဟိမဟုလ္လာဟ်) ၏ သုဟ်ဖသွလ် အတ်ခ်ယားရ် (စာ-၄၄)၊ ၎င်း၏မွန်မြတ်မှုအတွက် (စာ-၁၄၆) ရှိ ဟဒီးဆ်အမှတ် (၂၅၅) တွင် ကြည့်ပါ။

နံနက်ခင်းတွင် (၁၀၀) ကြိမ်။[1]

«سُبْحَانَ اللَّهِ وَبِحَمْدِهِ: عَدَدَ خَلْقِهِ، وَرِضَا نَفْسِهِ، وَزِنَةَ عَرْشِهِ، وَمِدَادَ كَلِمَاتِهِ»

"အလ္လာဟ်အရှင်မြတ်သည် ချီးယွင်းချက်အားလုံးမှ စင်ကြယ်တော်မူပါသည်။ ထို့ ပြင် အရှင်မြတ်၏ ဖန်ဆင်းခံများ၏ အ ရေအတွက်နှင့်အညီ၊ အရှင်မြတ် ကျေနပ်နှစ်သက်တော်မူသည့်အတိုင်း၊ အရှင်မြတ်၏ အရ်ရှ်ပလ္လင်တော်၏ အလေးချိန်နှင့်အညီ၊ ထို့ပြင် အရှင်မြတ်၏ ကလိမဟ်(စကား) တော်များ၏ မှင်ပမာဏနှင့်အညီ အရှင်မြတ်အား ချီးမွမ်းထောမနာ ပြုပါ၏။"

နံနက်မိုးလင်းသောအခါ (၃) ကြိမ်။[2]

[1] မည်သူမဆို ၎င်းကို တစ်ရက်တွင် အကြိမ်တစ်ရာ ရွတ်ဆိုပါက ၎င်းအတွက် ကျေးကျွန်ဆယ်ဦးအား သူကောင်းပြုသူ၏ အကျိုးကျေးဇူးနှင့် တူညီသည့် အကျိုးကို ရရှိမည်ဖြစ်သည်။ ၎င်းအတွက် ကောင်းမှုကုသိုလ် တစ်ရာ ရေးမှတ်ခြင်းခံရမည်။ ၎င်းထံမှ မကောင်းမှုတစ်ရာ ပယ်ဖျက်ပေးခြင်းခံရမည်။ ထိုအရာသည် ၎င်းအဖို့ ညနေခင်းအထိ ထိုနေ့တွင် ရှိုင်သွာန်မှ ကာကွယ်စောင့်ရှောက်ပေးသော ခံတပ်တစ်ခုသဖွယ် ဖြစ်ပေမည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ၎င်းပြုလုပ်သည့် ကောင်းမှုထက် ပို၍ကောင်းမွန်သည့် အရာကို ယူဆောင်လာနိုင်မည်မဟုတ်ပေ။ သို့ရာတွင် လူတစ်ဦးသည် ၎င်းထက် ပို၍ ပြုလုပ်ပါက ထိုသူသည် ပို၍ ကောင်းသည့်အရာကို ယူဆောင်လာခြင်းပင်ဖြစ်သည်။ ဗုခါရီကျမ်း (၄/၉၅) အမှတ် (၃၂၉၃) နှင့် မွတ်စလင်ကျမ်း (၄/ ၂၀၇၁) အမှတ် (၂၆၉၁)။

[2] မွတ်စ်လင်မ်ကျမ်း (၄/၂၀၉၀)၊ ဟဒီးဆ်အမှတ် (၂၇၂၆)

«اللَّهُمَّ إِنِّي أَسْأَلُكَ عِلْمًا نَافِعًا، وَرِزْقًا طَيِّبًا، وَعَمَلًا مُتَقَبَّلًا»

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ် ထံတော်မှ အကျိုးရှိ သောပညာရပ်၊ သန့်ပြန့်စင်ကျယ် သောရိဇ်ဇ်ရိကျွာနှင့် အရှင်မြတ်နှစ်သက်လက်ခံမည့် အမလ် ကောင်းမှုတို့ကိုတောင်းခံပန် ကြားပါ၏။

နံနက်မိုးလင်းသည့်အခါ (၁၂၉)။[1]

«أَسْتَغْفِرُ اللَّهَ وَأَتُوبُ إِلَيْهِ»

«အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် ကျွန်တော်မျိုး ခွင့် လွှတ်မှုကို တောင်းခံပါ၏။ အရှင်မြတ်ထံတော်ပါးတွင် ကျွ န်တော်မျိုး အမှားဝန်ချတောင်းပန်ပါ၏။»

တစ်ရက်လျှင် အကြိမ်တစ်ရာ။[2]

«أَعُوذُ بِكَلِمَاتِ اللَّهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ»

---

[1] အိဗ်နုစ္စုန္နီ၏ အမလွ္လလ်ယောင်မ် ဝလ်လိုင်းလဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၄) ၊ အိဗ်နေ မာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၉၂၅) အဗ်ဒွလ်ကာဒိရ် နှင့် ရှုအိုက်ဗ် အလ်အရ်နာအူး သ် တို့က ဇာဒွလ်မအာဒ်ကျမ်း (၂ / ၃၇၅) ၏ စိစစ်ချက်တွင် ဤဟဒီးဆ်၏ စနဒ်အား ဟစန်ဟု မှတ်ချက်ပြုထားသည်။ ၎င်းသည် ဟဒီးဆ်အမှတ် (၇၃) တွင်လည်း ဖော်ပြ ပြီးဖြစ်သည်။

[2] ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဘာရီ (၁၁/၁၀၁)၊ ဟဒီးဆ်အမှတ် (၆၃၀၇) / မွတ်စ်လင်မ်ကျ မ်း (၄/၂၀၇၅)၊ ဟဒီးဆ်အမှတ် (၂၇၀၂)

အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ်တော်များဖြင့် အရှင်မြတ် ဖန်ဆင်းထားသော အဖန်ဆင်းခံခပ်သိမ်းတို့၏ ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အရှင်မြတ်ထံ ကျွန်တော်မျိုး ခိုလှုံခွင့်တောင်းခံပါ၏။

ညနေခင်းအချိန်တွင် (၃) ကြိမ်။[1]

«اللَّهُمَّ صَلِّ وَسَلِّمْ عَلَى نَبِيِّنَا مُحَمَّدٍ»

"အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့၏ နဗီတမန်တော် မုဟမ္မဒ်အပေါ်သို့ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုများ ကျရောက်စေတော်မူပါ။"

(၁၀) ကြိမ်[2]

[1] "မည်သူမဆို ညနေခင်းအချိန်၌ ၎င်း(ဒုအာ)ကို သုံးကြိမ်ရွတ်ဆိုပါက ထိုည၌ အဆိပ်ရှိသောသတ္တဝါတို့၏ အန္တရာယ်သည် ၎င်းအား အန္တရာယ်ပြုနိုင်မည်မဟုတ်ပေ။" အဟ်မဒ်ကျမ်း (၂/၂၉၀)၊ ဟဒီးဆ်အမှတ် (၇၈၉၈) / နစာအီကျမ်း(အမလွလ်ယောင်မ် ဝလ်လိုင်းလဟ်)၊ ဟဒီးဆ်အမှတ် (၅၉၀) / အိဗ်နွတ်စွန်နီကျမ်း၊ ဟဒီးဆ်အမှတ် (၆၈)။ ကြည့်ရှုရန်- ဆွဟီးဟ် သိရ်မိဇီကျမ်း (၃/၁၈၇) / ဆွဟီးဟ် အိဗ်နုမာဂျဟ်ကျမ်း (၂/၂၆၆) / အိဗ်နုဘားဇ်၏ သွဟ်ဖသွလ် အတ်ခ်ယားရ်ကျမ်း (စာ- ၄၅)။

[2] “အကြင်မည်သူမဆို မနက်ခင်းတွင် ဆယ်ကြိမ်နှင့် ညနေခင်းတွင် ဆယ်ကြိမ် ငါကိုယ်တော်အပေါ်သို့ ဆွလာသ်ပို့သပါက ကိယာမသ်နေ့တွင် ထိုသူသည် ငါကိုယ်တော်၏ ရှဖာအဟ် ကြားဝင်အသနားခံပေးခြင်းကို ရရှိမည်ဖြစ် သည်။” ဤဟဒီးဆ်တော်ကို အီမာမ်သွဗ်ရာနီက စနဒ်နှစ်ခုဖြင့် ဆင့်ပြန်ထားပြီး ၎င်းတို့အနက် တစ်ခုမှာ ဂျိုင်ယိဒ်(

## ၂၈။ အိပ်ရာဝင်သည့်အခါ ရွတ်ဖတ်ရသည့် ဇိကိရ်တော်များ

(မိမိ၏လက်ဖဝါးနှစ်ဖက်ကို ပူးကပ်စု စည်းတော်မူပြီး ယင်းလက်ဖဝါးနှစ်ဖက်တွင် မန်းမှုတ်ကာ ဖတ်ရွတ်တော်မူသည်။

﴿قُلۡ هُوَ ٱللَّهُ أَحَدٌ 1 ٱللَّهُ ٱلصَّمَدُ 2 لَمۡ يَلِدۡ وَلَمۡ يُولَدۡ 3 وَلَمۡ يَكُن لَّهُۥ كُفُوًا أَحَدُۢ 4﴾

၁။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထိုအလ္လာဟ်အရှင်မြတ် သည် တစ်ဆူတည်း ဖြစ်တော်မူ၏။

၂။ အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝကင်းရှင်းတော်မူသောအရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်ဖြစ်တော်မူ၏။

၃။ ထိုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည် မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက် ၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည် မဟုတ်ပေ။

---

ကောင်းမွန်သည်) အဆင့်ရှိပါသည်။ ကြည့်ရှုရန်- မဂ်မအွဇ်ဇဝါအိဒ် (၁၀/၁၂၀)၊ ဆွဟီးဟ် အတ်သရ်ဂီးဗ် ဝသ်သရ်ဟီးဗ် (၁/၂၇၃)။

၄။ ထိုမှတစ်ပါး ထိုအရှင်မြတ်၌ ဂုဏ်ရည် တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ [ စူရဟ် အိခ်လာဆ် ၁-၄ ]

﴿قُلۡ أَعُوذُ بِرَبِّ ٱلۡفَلَقِ1 مِن شَرِّ مَا خَلَقَ2 وَمِن شَرِّ غَاسِقٍ إِذَا وَقَبَ3 وَمِن شَرِّ ٱلنَّفَّٰثَٰتِ فِي ٱلۡعُقَدِ4 وَمِن شَرِّ حَاسِدٍ إِذَا حَسَدَ5﴾

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ၊ ကျွန်တော်မျိုးသည် နံနက်မိုးသောက်ချိန်ကို ဖန်ဆင်းတော်မူသော အရှင်မြတ်အားဖြင့် အကာအကွယ်ယူပါ၏။

၂။ ထိုအရှင်မြတ် ဖန်ဆင်းတော်မူသော (ခပ်သိမ်းကုန်သော)အဖန်ဆင်းခံတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၃။ အမှောင်အတိ ဖြစ်လာသောအခါ (ဖြစ်တတ်သော) ယင်းအမှောင်၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၄။ အထုံးအဖွဲ့များ၌ (ဂါထာမန္တရားရွတ်ဖတ်) မန်းမှုတ်သောမိန်းမတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၅။ မနာလို ငြူစူသောသူသည် မနာလိုငြူစူသောအခါ (ဖြစ်တတ်သော) ဘေးအန္တရာယ်များမှလည်းကောင်း။

[ စူရဟ် ဖလတ်က် ၁-၅ ]

﴿قُلۡ أَعُوذُ بِرَبِّ ٱلنَّاسِ1 مَلِكِ ٱلنَّاسِ2 إِلَٰهِ ٱلنَّاسِ3 مِن شَرِّ ٱلۡوَسۡوَاسِ ٱلۡخَنَّاسِ4
ٱلَّذِي يُوَسۡوِسُ فِي صُدُورِ ٱلنَّاسِ5 مِنَ ٱلۡجِنَّةِ وَٱلنَّاسِ6﴾

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ။ ကျွန်တော်မျိုးသည် အကာအကွယ်ယူပါ၏။ လူခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အားဖြင့်။

၂။ လူခပ်သိမ်းတို့၏ ဘုရင်မင်းမြတ်ဖြစ်တော်မူသော (အရှင်မြတ်အားဖြင့်)။

၃။ လူခပ်သိမ်းတို့၏ ဆည်းကပ်ကိုးကွယ်ရာ ဖြစ်တော်မူသော(အရှင်မြတ်အား ဖြင့်)။

၄။ မကောင်းသော အကြံအစည်များကို ထည့်သွင်းတတ်သော၊ နောက်ဆုတ်သော၊ (ရှိုင်သွာန်မိစ္ဆာကောင်)၏ ဘေးအန္တရာယ်မှ)။

၅။ အကြင်(ရှိုင်သွာန်မိစ္ဆာကောင်သည်) လူတို့၏စိတ်နှလုံးတွင်းသို့ မကောင်းသော အကြံအစည်ကို ထည့်သွင်းလေ့ရှိ၏။

၆။ (ထိုရှိုင်တွာန်မိစ္ဆာကောင်သည်) ဂျင်န်(န်)သတ္တဝါတို့အနက်မှဖြစ်စေ၊ လူတို့အနက်မှဖြစ်စေ။

[ စူရဟ် နာႏစ် ၁-၆ ]

ထို့နောက် မိမိ၏လက်နှစ်ဖက်ဖြင့် မိမိ၏ ခန္ဓာကိုယ်မှ လက်လှမ်းမီသမျှ နေရာများအား မစဟ်ပြု ပွတ်သပ်တော်မူသည်။ မစဟ်ပြုရာတွင် မိမိ၏ဦးခေါင်း၊ မျက်နှာနှင့် ခန္ဓာကိုယ်၏ အရှေ့ဘက်ပိုင်းတို့မှ စတင်ကာ ပွတ်သပ်တော်မူသည်။ (ထိုသို့ သုံးကြိမ် ပြုလုပ်တော်မူသည်။)[1]

﴿ٱللَّهُ لَآ إِلَٰهَ إِلَّا هُوَ ٱلۡحَيُّ ٱلۡقَيُّومُۚ لَا تَأۡخُذُهُۥ سِنَةٞ وَلَا نَوۡمٞۚ لَّهُۥ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي ٱلۡأَرۡضِۗ مَن ذَا ٱلَّذِي يَشۡفَعُ عِندَهُۥٓ إِلَّا بِإِذۡنِهِۦۚ يَعۡلَمُ مَا بَيۡنَ أَيۡدِيهِمۡ وَمَا خَلۡفَهُمۡۖ وَلَا يُحِيطُونَ بِشَيۡءٖ مِّنۡ عِلۡمِهِۦٓ إِلَّا بِمَا شَآءَۚ وَسِعَ كُرۡسِيُّهُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضَۖ وَلَا يَـُٔودُهُۥ حِفۡظُهُمَاۚ وَهُوَ ٱلۡعَلِيُّ ٱلۡعَظِيمُ255﴾

---

[1] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗာရီကျမ်းနှင့်အတူ (၉/၆၂)၊ ဟဒီးဆ်အမှတ် (၅၀၁၇) / မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၁၉၂)

အလ္လာဟ်အရှင်မြတ်သည် (သာလျှင် ခဝပ် ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏)။ ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ အလျှင်းမရှိပြီ။ (ထိုအရှင်မြတ်သည်) အမြဲရှင်နေတော်မူသောအရှင်၊ (မိမိကိုယ်တော်တိုင် ထာဝရတည် နေတော်မူ၍ သတ္တဝါအပေါင်းတို့ကိုလည်း) ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အား ငိုက်မျဉ်းခြင်းသည်လည်းကောင်း ၊ အိပ်စက်ခြင်းသည်လည်းကောင်း မဖိစီးနိုင်ပေ။ ထိုအရှင်မြတ်သည်သာလျှင် အာကာသ ကောင်းကင်များနှင့် မြေ၌ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာ ဝတ္ထုဟူသမျှတို့ကို ပိုင်ဆိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါးအတွက် အသနားခံ တောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက် အဖြစ်အပျက် အကြောင်းကိစ္စ အလုံးစုံတို့ကို အကြွင်းမဲ့

သိရှိတော်မူလေသည်။ သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ် သိရှိတော်မူသော အကြောင်းကိစ္စ အဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ်အလိုရှိတော်မူသော အကြောင်းကိစ္စမှအပ တစ်စုံတစ်ရာကိုမျှဝန်းခြုံ၍ မသိနိုင်ကြပေ။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသ ကောင်းကင်များနှင့်တကွ ကမ္ဘာမြေပြင်တခွင်လုံးကို ဝန်းခြုံလျက်ရှိချေ၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည် မဟုတ်ပေ။ စင်စစ်တမူကား ထိုအရှင်မြတ်သည် (မကြုံစည်နိုင်အောင်) မြင့်မြတ်တော်မူသောအရှင်၊ ကြီးကဲထွတ်မြတ်တော်မူသော အရှင်တည်း။၂၅၅

စူရဟ် ဗကရဟ်-(၂:၂၅၅)[1]

[1] မည်သူမဆို မိမိအိပ်ရာဝင်သော အခါ ၎င်းအား ဖတ်ရွတ်ခဲ့လျှင် မနက်ခင်းအခါကို ရောက်ရှိသည်အထိ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ စောင့်ရှောက်မည့်သူတစ်ဦးသည်

﴿ءَامَنَ ٱلرَّسُولُ بِمَآ أُنزِلَ إِلَيۡهِ مِن رَّبِّهِۦ وَٱلۡمُؤۡمِنُونَۚ كُلٌّ ءَامَنَ بِٱللَّهِ وَمَلَٰٓئِكَتِهِۦ وَكُتُبِهِۦ
وَرُسُلِهِۦ لَا نُفَرِّقُ بَيۡنَ أَحَدٖ مِّن رُّسُلِهِۦۚ وَقَالُواْ سَمِعۡنَا وَأَطَعۡنَاۖ غُفۡرَانَكَ رَبَّنَا وَإِلَيۡكَ
ٱلۡمَصِيرُ285 لَا يُكَلِّفُ ٱللَّهُ نَفۡسًا إِلَّا وُسۡعَهَاۚ لَهَا مَا كَسَبَتۡ وَعَلَيۡهَا مَا ٱكۡتَسَبَتۡۗ رَبَّنَا
لَا تُؤَاخِذۡنَآ إِن نَّسِينَآ أَوۡ أَخۡطَأۡنَاۚ رَبَّنَا وَلَا تَحۡمِلۡ عَلَيۡنَآ إِصۡرٗا كَمَا حَمَلۡتَهُۥ عَلَى ٱلَّذِينَ
مِن قَبۡلِنَاۚ رَبَّنَا وَلَا تُحَمِّلۡنَا مَا لَا طَاقَةَ لَنَا بِهِۦۖ وَٱعۡفُ عَنَّا وَٱغۡفِرۡ لَنَا وَٱرۡحَمۡنَآۚ أَنتَ
مَوۡلَىٰنَا فَٱنصُرۡنَا عَلَى ٱلۡقَوۡمِ ٱلۡكَٰفِرِينَ286﴾

ရစူလ်တမန်တော် (မုဟမ္မဒ် ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိထံသို့ မိမိအားမွေးမြူတော်မူသောအရှင်မြတ်၏ အထံတော်မှ ထုတ်ပြန်ပို့ချသော(ကုရ်အာန်ကျမ်းမြတ်)ကို ယုံကြည်လေပြီ။ ထိုနည်း တူစွာ (မုအ်မင်န်)ယုံကြည်သူအပေါင်းတို့သည်လည်း ယုံကြည်ကြသည်။ ယင်းရစူလ်တမန်တော် မုဟမ္မဒ်နှင့်တကွ ယုံကြည်သူ ခပ်သိမ်းသူတို့သည် (တစ်ဆူတည်း ဖြစ်တော်မူသော) အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ (မလာအိကဟ်)အပါးတော် စေတမန်တော်အပေါင်းတို့ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန်အပေါင်းတို့ကိုလည်းကောင်း၊

ငင်းအပေါ်၌ အမြဲတစေရှိနေမည်ဖြစ်ပြီး ရှိုင်သွာန်သည်လည်း ငင်းအနီးသို့ ချဉ်းကပ်နိုင်မည်မဟုတ်ပေ။ ဘုခါရီကျမ်း၊ ဖသ်ဟွလ်ဗာရီ (၄/၄၈၇)၊ ဟဒီးဆ်အမှတ် (၂၃၁၁)။

ထိုအရှင်မြတ်၏ရစူလ် တမန်တော်အပေါင်းတို့ကို လည်းကောင်း ယုံကြည်ကြကုန်၏။ (ထိုပြင်ယင်းသူတို့က) ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါင်းတို့အနက် မည်သည့် ရစူလ်တမန်တော်တစ်ပါးကိုမျှ ခွဲခြားခြင်းမပြုကြပါ။ (အားလုံးကိုယုံကြည်ပါသည် ဟုပြောဆိုကြကုန်၏။) ထိုမှတစ်ပါး ယင်းသူတို့ သည် (အလ္လာဟ်အရှင်မြတ်အထံတော်၌)

"ကျွန်တော်မျိုးတို့သည် (အရှင်မြတ်၏ အမိန့်တော်များကို) ကြားနာကြပါပြီ။ ထို့ပြင်တဝ (ကြားနာသည့်အတိုင်း) လိုက်နာကြပါပြီ။ အို-ကျွန်တော်မျိုးတို့အားမွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးတို့သည် အပြစ်များမှ) အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးသ နားတော်မူခြင်းကိုသာ (ထာဝစဉ် လိုလားတောင့်တကြပါသည်)။ တဖန်(ကျွန်တော်မျိုးတို့၏ ပြန်လည်ရောက်ရှိရာ) နောက်ဆုံးစခန်းသည်လည်း အရှင်မြတ်၏ အ

ထံတော်၌ပင်ဖြစ်ပါသည်” ဟုလျှောက် ထား ပန်ကြားကြလေသတည်း။ (၂၈၅)

အလ္လာဟ်အရှင်မြတ်သည်

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ၏ စွမ်းအားထက်ပို၍ တာဝန်ပေးတော်မမူချေ။ မိမိကိုယ်တိုင် ရှာဖွေဆည်းပူးပြုလုပ်ခဲ့သော (ကောင်းမှု၏ အကျိုးသည်) သာလျှင် ထိုသူ၏အဖို့ဖြစ်၍၊ မိမိကိုယ်တိုင် ရှာဖွေဆည်းပူး ပြုကျင့်ခဲ့သော (မကောင်းမှု ၏အပြစ်သည်) သာလျှင် ထိုသူ၏ အပေါ်၌တည်ရှိမည်ဖြစ်သည်။ (အသင်တို့သည် အလ္လာဟ်အရှင်မြတ် အထံတော်၌ ဤသို့ဆုတောင်းပတ္တနာ ပြုကြကုန်) အို- ကျွန်တော်မျိုးတို့အားမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့မေ့လျော့၍ဖြစ်စေ၊ မှားယွင်းချွတ် ချော်၍ဖြစ်စေ (ပြုမိသော မကောင်းမှုနှင့်စပ်လျဉ်း၍) အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အပြစ်ဒဏ်ပေးတော်မမူပါနှင့်။ ထို့ပြင်တဝ အို- ကျွန်တော်မျိုးတို့အား မွေးမြူသောအရှင်၊ အရှင်မြတ်

သည် ကျွန်တော်မျိုးတို့အလျင် ရှေးအထက်အဆက်ဆက်က လူမျိုးတို့အပေါ်၌ လေးလံသည့်တာဝန်ကို တင်ထားတော်မူသကဲ့သို့ ကျွန်တော်မျိုးတို့ အပေါ်၌ လေးလံသောဝန်ကို တင်တော်မမူပါနှင့်။ ထို့ပြင် အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ မတတ်စွမ်းနိုင်သောတာဝန်ကိုလည်း အရှင်မြတ်သည် ကျွန်တော်မျိုးတို့အားထမ်းရွက်စေတော် မမူပါနှင့်။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်တော်မူပါ၊ ၎င်းပြင် အရှင်မြတ်သည်ကျွန်တော်မျိုးတို့အား (ပြစ်များမှ)လွှတ်ငြိမ်းချမ်းသာ ခွင့်ကိုပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့ အပေါ်ဝယ်၊ သနားညှာတာတော်မူပါ။ အရှင်မြတ် သည်သာလျှင် ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူသော အရှင်ဖြစ်တော်မူပါ၏၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား"ကာဖိရ်" မယုံမကြည် သွေ ဖည်ငြင်းဆန်သောသူများအပေါ်ဝယ် (အောင်နိုင်စေခြင်းငှါ) ကူညီစောင်မတော်မူပါ။ (၂၈၆)

စူရဟ် ဗကရဟ်-(၂:၂၈၅-၂၈၆)[1]

«بِاسْمِكَ[136] رَبِّي وَضَعْتُ جَنْبِي، وَبِكَ أَرْفَعُهُ، فَإِنْ أَمْسَكْتَ نَفْسِي فَارْحَمْهَا، وَإِنْ أَرْسَلْتَهَا فَاحْفَظْهَا، بِمَا تَحْفَظُ بِهِ عِبَادَكَ الصَّالِحِينَ»[137].

အို - ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးသည် အရှင်မြတ်၏ နာမတော်ဖြင့် (၁၃၆) မိမိ၏နံဘေးကိုချ၍ အိပ်စက်ပါ၏။ အရှင်မြတ်၏ ကူညီစောင်မမှုဖြင့်ပင် ယင်းအား မှတင်ပါ၏။ (အိပ်ရာမှထပါမည်။) အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုး၏ ဝိညာဉ်ကို သိမ်းယူထားမည်ဆိုပါက ၎င်းဝိညာဉ်အပေါ် ကရုဏာတော် သက်ရောက်တော်မူပါ။ အကယ်၍ ၎င်းဝိညာဉ်အား ပြန်လည်စေလွှတ်မည်ဆိုပါက အရှင်မြတ်၏ သူတော်စင်ကျွန်များအား စောင့်ရှောက်တော်မူသကဲ့သို့ ၎င်းဝိညာဉ်ကိုလည်း ကာကွယ်စောင့် ရှောက်တော်မူပါ။ (၁၃၇)[2][3]

---

[1] "မည်သူမဆို ၎င်းအာယသ်နှစ်ခုကို ညဥ့်ရွတ်ဖတ်လျှင် ၎င်းသူအတွက် လုံ လောက်သွားပြီဖြစ်သည်။" ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗာရီ (၉/၉၄)၊ ဟဒီးဆ်အမှတ် (၄၀၀၈) / မွတ်စ်လင်မ်ကျမ်း (၁/၅၅၄)၊ ဟဒီးဆ်အမှတ် (၈၀၇)

[2] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဘာရီ (၁၁/၁၂၆)၊ ဟဒီးဆ်အမှတ် (၆၃၂၀) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၄)၊ ဟဒီးဆ်အမှတ် (၂၇၁၄)

[3] «အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိအိပ်ရာမှ ထပြီးနောက် ထိုအိပ်ရာသို့ ပြန်လာသည့်အခါ အိပ်ရာကို ရုံထည်အနားစဖြင့် (၃) ကြိမ်ခါပါ။ ထို့ပြင် အလ္လာဟ်အ

«اللَّهُمَّ إِنَّكَ خَلَقْتَ نَفْسِي وَأَنْتَ تَوَفَّاهَا، لَكَ مَمَاتُهَا وَمَحْيَاهَا، إِنْ أَحْيَيْتَهَا فَاحْفَظْهَا، وَإِنْ أَمَتَّهَا فَاغْفِرْ لَهَا، اللَّهُمَّ إِنِّي أَسْأَلُكَ العَافِيَةَ»[138].

"«အို အလ္လာဟ်အရှင်မြတ်၊ ကေန်အမှန် အရှင်မြတ်သည် ကျွန်တော်မျိုး၏ စိတ်ဝိညာဉ်ကို ဖန်ဆင်းတော်မူခဲ့ပါသည် ။ ထို့ပြင် အရှင်မြတ်သည်သာ ၎င်းအား ရုပ်သိမ်းတော်မူမည် ဖြစ်ပါသည်။ ၎င်း၏ သေဆုံးခြင်းနှင့် ရှင်သန်ခြင်းသည် အရှင်မြတ်၏ ပိုင်စိုးမှု၌သာ ရှိပါသည်။ အ ကယ်၍ အရှင်မြတ်သည် ၎င်းအား အသက်ရှင်စေတော်မူပါလျှင် ထိန်းသိမ်းစောင့်ရှောက်တော်မူပါ။ အကယ်၍ အရှင်မြတ်သည် ၎င်းအား သေဆုံးစေတော်မူပါလျှင် ၎င်းအား ခွင့်လွှတ်တော်မူပါ။ အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှုကို အရှင်မြတ်ထံ တောင်းခံပါသည်။»"[1]

---

ရှင်မြတ်၏ နာမတော်ကို တသပါ။ မိမိမရှိသည့်အချိန် အိပ်ရာတွင် အဘယ်အရာရောက်နေသည်ကို မသိနိုင်၍ဖြစ်သည်။ ထို့နောက် လှဲလျောင်းသည့်အခါ ဤသို့ ဖတ်ရွတ်ပါ...» ဟု ဟဒီးဆ်တော်တွင် လာရှိသည်။ [ ရုံထည်အနားစ ၏ အဓိပ္ပါယ်မှာ - အဝတ်၏အနားသတ်နှင့် ကပ်လျက်ရှိသော အစွန်းပိုင်းကို ဆိုလိုသည်။ ] အန်နိဟာယဟ် ဖီ ဂရီးဗစ်လ်ဟဒီးဆ် ဝလ်အစရ် ကျမ်း (ဆွနဖ်)။

[1] မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၃)၊ ဟဒီးဆ်အမှတ် (၂၇၁၂) / အဟ်မဒ်ကျမ်း (၂/၇၉)၊ ဟဒီးဆ်အမှတ် (၅၅၀၂) ၎င်းကျမ်းပါစာသားအတိုင်းဖြစ်သည်။

«اللَّهُمَّ قِنِي[139] عَذَابَكَ يَوْمَ تَبْعَثُ عِبَادَكَ»[140].

အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏ ကျေးကျွန်များအား ရှင်ပြန်ထမြောက်စေသောနေ့၌ ကျွန်တော်မျိုးအား အရှင်မြတ်၏ ပြစ်ဒဏ်မှ ကာကွယ်တော်မူပါ။[1,2]

«بِاسْمِكَ اللَّهُمَّ أَمُوتُ وَأَحْيَا»[141].

ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် အိပ်စက်ပြီး အရှင်မြတ်၏နာမတော်ဖြင့်နိုးထပါသည်။ (၁၄၁)[3]

«سُبْحَانَ اللَّهِ

အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူသည်။

(ثَلاثًا وَثَلاثِينَ)،

(၃၃) ကြိမ်၊

---

1 အဗူဒါဝူဒ်ကျမ်း၊ ၎င်း၏စာသားအတိုင်း (၄/၃၁၁)၊ ဟဒီးဆ်အမှတ် (၅၀၄၅)/ သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၃၉၈)၊ ကြည့်ရှုရန်- ဆွဟီးဟ် သိရ်မိဇီကျမ်း (၃/၁၄၃)/ ဆွဟီးဟ် အဗူဒါဝူဒ်ကျမ်း (၃/၂၄၀)

2 «တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် အိပ်စက်ရန် အလို ရှိသည့်အခါတိုင်း မိမိ၏ညာဘက်လက်ကို ပါးအောက်တွင် ခုထားပြီး ထို့နောက် ဤဒုအာကို ရွတ်ဆိုတော်မူလေ့ရှိသည်- ...» ဟူ၍ ဟဒီးဆ်တော်တွင် လာရှိသည်။

3 ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗါရီ (၁၁/၁၁၃)၊ ဟဒီးဆ်အမှတ် (၆၃၂၄) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၃)၊ ဟဒီးဆ်အမှတ် (၂၇၁၁)

وَالحَمْدُ لِلَّهِ

ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူသည်။

(ثَلاثًا وَثَلاثِين)،

(၃၃) ကြိမ်၊

وَاللَّهُ أَكْبَرُ

ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူသည်။

(أَرْبَعًا وَثَلاثِين)»[142].

(၃၄)ကြိမ်။[1]

«اللَّهُمَّ رَبَّ السَّمَوَاتِ السَّبْعِ وَرَبَّ الأَرْضِ، وَرَبَّ العَرْشِ العَظِيمِ، رَبَّنَا وَرَبَّ كُلِّ شَيْءٍ، فَالِقَ الحَبِّ وَالنَّوَى، وَمُنْزِلَ التَّوْرَاةِ وَالإِنْجِيلِ، وَالفُرْقَانِ، أَعُوذُ بِكَ مِنْ شَرِّ كُلِّ شَيْءٍ أَنْتَ آخِذٌ بِنَاصِيَتِهِ، اللَّهُمَّ أَنْتَ الأَوَّلُ فَلَيسَ قَبْلَكَ شَيْءٌ، وَأَنْتَ الآخِرُ فَلَيسَ بَعْدَكَ شَيْءٌ، وَأَنْتَ الظَّاهِرُ فَلَيْسَ فَوْقَكَ شَيْءٌ، وَأَنْتَ البَاطِنُ فَلَيْسَ دُونَكَ شَيْءٌ، اقْضِ عَنَّا الدَّيْنَ وَأَغْنِنَا مِنَ الفَقْرِ»[143].

အို - အလ္လာဟ်အရှင်မြတ်၊ မိုးကောင်ကင်ခုနှစ်ထပ်၏အရှင်၊ မြေပထဝီ၏အရှင်၊ ကြီးကျယ်လှသော အရ်ရှ်ပလ္လင်တော်၏ အရှင်၊ ကျွန်တော်မျိုးတို့၏ အရှင်၊ အရာခပ်သိမ်း

[1] "မည်သူမဆို အိပ်ရာဝင်သည့်အခါ ထိုသို့ရွတ်ဆိုပါက ယင်းသည် သူ၏အဖို့ အစေခံတစ်ဦးထက် ပို၍ကောင်းမွန်ပေသည်။" ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗာရီ (၇/၇၁)၊ ဟဒီးဆ်အမှတ် (၃၇၀၅) /မွတ်စ်လင်မ်ကျမ်း (၄/၂၀၉၁)၊ ဟဒီးဆ်အမှတ် (၂၇၂၆)

တို့၏အရှင်၊ အစေ့အဆန်ကိုခွဲပြီး အညှောက် ထွက်စေတော်မူသော အရှင်၊ သောင်ရာသီ၊ အင်ဂျီလ်၊ ဖုရ်ကာန် ( ကုရ်အာန် )ကျမ်းများကို ချပေးတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် အရာခပ်သိမ်းတို့၏ မကောင်းမှုဘေးအန္တရာယ်မှ အရှင်မြတ်ထံ ခိုလှုံပါ၏။ အရှင်မြတ်သည် ထိုအရာခပ်သိမ်း၏ ဦးစွန်းကို ဆွဲကိုင်ထိန်းချုပ်ထားတော်မူသော အရှင်ဖြစ်ပါသည်။ အို အရှင်၊ အရှင်မြတ်သည်သာ ပထမဆုံးဖြစ်တော်မူပြီး အရှင့်ထက်အရင် မည်သည့်အရာမျှမရှိပါ။ အရှင်မြတ်သည်သာ နောက်ဆုံးကျန်ရှိနေတော်မူမည်ဖြစ်ပြီး အရှင်မြတ်၏ နောက်တွင် မည်သည့်အရာမျှကျန်ရှိမည်မဟုတ်ပါ။ အရှင်မြတ်သည်သာ အရာခပ်သိမ်း၏ အထက်တွင် တည်ရှိတော်မူပြီး အရှင်မြတ်၏ အထက်တွင် မည်သည့်အရာမျှမရှိပါ။ အရှင်မြတ်သည်သာ အနီးကပ်ဆုံးဖြစ် (အတွင်းရေးကိစ္စများကို သိမြင်) တော်မူပြီး အရှင်မြတ်ထက်ပို၍ နီးကပ်သည့်အရာမရှိပါ။ ကျွန်တော်မျိုးတို့ထံမှ ကြွေးမြီဝန်ထုပ်ဝန်ပိုးများကို ဖယ်ရှားပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ဆင်းရဲနွမ်းပါး

သည့် ဘဝမှ ချမ်းသာကြွယ်ဝသည့် အဖြစ်သို့ ရောက်ရှိစေတော်မူပါ။[1]

«الحَمْدُ لِلَّهِ الَّذِي أَطْعَمَنَا وَسَقَانَا، وَكَفَانَا، وَآوَانَا، فَكَمْ مِمَّنْ لَا كَافِيَ لَهُ وَلَا مُؤْوِيَ»[144].

ကျွန်တော်မျိုးတို့အား ကျွေးမွေးတော်မူသော၊ တိုက်ကျွေးတော်မူသော၊ လုံလောက်စေတော်မူသော၊ ခိုလှုံရာပေးသနားတော်မူသော အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုအပ်ပါသည်။ များစွာသောသူများအဖို့ လုံလောက်စေမည့်သူမရှိသလို၊ ခိုလှုံရာပေးမည့်သူလည်း မရှိပါ။ (၁၄၄)[2]

«اللَّهُمَّ عَالِمَ الغَيْبِ وَالشَّهَادَةِ فَاطِرَ السَّمَوَاتِ وَالأَرْضِ، رَبَّ كُلِّ شَيْءٍ وَمَلِيكَهُ، أَشْهَدُ أَنْ لَا إِلَهَ إِلَّا أَنْتَ، أَعُوذُ بِكَ مِنْ شَرِّ نَفْسِي، وَمِنْ شَرِّ الشَّيْطَانِ وَشِرْكِهِ، وَأَنْ أَقْتَرِفَ عَلَى نَفْسِي سُوءًا، أَوْ أَجُرَّهُ إِلَى مُسْلِمٍ»[145].

အို အလ္လာဟ်အရှင်မြတ်၊ အကွယ်နှင့် အထင်အရှားရှိသည့် အရာအားလုံးကို အကြွင်းမဲ့သိရှိတော်မူသောအရှင်၊ မိုးကောင်းကင်များနှင့် မြေကြီးကို ဖန်ဆင်းတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို မွေးမြူတော်မူသောအရှင်နှင့် အုပ်စိုးတော်မူသောအရှင်၊ အရှင်မြတ်မှအပ အခြား ခဝပ်ကိုး

[1] မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၄)၊ ဟဒီးဆ်အမှတ် (၂၇၁၃)

[2] မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၅)၊ ဟဒီးဆ်အမှတ် (၂၇၁၅)

ကွယ်ခံထိုက်သော အရှင်မရှိကြောင်းကို ကျွန်တော်မျိုး သက်သေခံအပ်ပါသည်။ ကျွန်တော်မျိုး၏ စိတ်ရမ္မက်ဆိုး၏ ဘေးရန်၊ ရှိုင်တွာန်မိစ္ဆာ၏ ဘေးရန်နှင့် ၎င်း၏ တွဲဖက်ကိုးကွယ်စေမှုဘေး ရန်၊ ကျွန်တော်မျိုးသည် မိမိကိုယ်ကို မကောင်းမှုကျူးလွန်မိခြင်းနှင့် ၎င်းမကောင်းမှုကို အခြားမွတ်စ်လင်မ်တစ်ဦးဦးအပေါ် ကျရောက်စေမိခြင်းတို့မှ ကင်းလွတ်ရန် အရှင်မြတ်ထံပန်ကြားခိုလှုံပါ၏။ (၁၄၅)[1]

«يَقْرَأُ ﴿الـم﴾ تَنْزِيلَ السَّجْدَةِ، وَتَبَارَكَ الَّذي بِيَدِهِ المُلْكُ»[146].

«"အလိဖ် လာမ် မီးမ်" သန်ဇီးလွတ်စဂ်ဒဟ် နှင့် သဗာရကလ္လဇီး ဗိယဒိဟိလ်မုလ်က် တို့ကို ရွတ်ဖတ်တော်မူသည်။ »"[2]

«اللَّهُمَّ[147] أَسْلَمْتُ نَفْسِي إِلَيْكَ، وَفَوَّضْتُ أَمْرِي إِلَيْكَ، وَوَجَّهْتُ وَجْهِي إِلَيْكَ، وَأَلْجَأْتُ ظَهْرِي إِلَيْكَ، رَغْبَةً وَرَهْبَةً إِلَيْكَ، لَا مَلْجَأَ وَلَا مَنْجَا مِنْكَ إِلَّا إِلَيْكَ، آمَنْتُ بِكِتَابِكَ الَّذِي أَنْزَلْتَ، وَبِنَبِيِّكَ الَّذِي أَرْسَلْتَ»[148].

အို အလ္လာဟ်အရှင်မြတ် (၁၄၇) ကျွန်တော်မျိုးသည် မိမိကိုယ်ကို အရှင်မြတ်ထံ အပ်နှင်းနာခံပါ၏။ ကျွန်တော်မျိုး

1 အဗူဒါဝူဒ်ကျမ်း (၄/၃၁၇)၊ ဟဒီးဆ်အမှတ် (၅၀၆၇)/ သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၆၂၉)၊ ရှု - ဆွဟီးဟ်သိရ်မီဇီကျမ်း (၃/၁၄၂)

2 သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၀၄) /နစာအီ၏ အမလွလ်ယောင်မ် ဝလ်လိုင်းလဟ်၊ ဟဒီးဆ်အမှတ် (၇၀၇) /ကြည့် - ဆွဟီးဟွလ်ဂျာမိအ် (၄/၂၅၅)

၏ ကိစ္စအရပ်ရပ်ကို အရှင်မြတ်ထံသာ လွှဲအပ်ပါ၏။ ကျွန်တော်မျိုး၏ မျက်နှာကို အရှင်မြတ်ဘက်သို့သာ လှည့်ပါ၏။ အရှင်မြတ်ထံတော်ပါးသို့ မျှော်လင့်လျက်နှင့် ကြောက်ရွံ့လျက် ကျွန်တော်မျိုး၏ ကျောကို အရှင်မြတ်ထံ၌သာ မှီခိုပါ၏။ အရှင်မြတ်ထံတော်ပါးမှလွဲ၍ အရှင်မြတ်(၏ပြစ်ဒဏ်)မှ ခိုလှုံရာနှင့် လွတ်မြောက်ရာဟူ၍ မရှိပါ။ အရှင်မြတ်ချပေးသနားတော်မူသော ကျမ်းတော်မြတ်ကို အီမာန်သက်ဝင်ယုံကြည်ပါ၏။ အရှင်မြတ် စေလွှတ်တော်မူသော တမန်တော်မြတ်ကိုလည်း အီမာန်သက်ဝင်ယုံကြည်ပါ၏။ (၁၄၈)[12]

---

1 တမန်တော်မြတ်(ﷺ)က ထိုသို့ရွတ်ဆိုသူအား «အကယ်၍ သင်သည် သေဆုံးသွားပါက မူလသဘာဝ (အစ္စလာမ်သာသနာ) အပေါ်၌ သေဆုံးခြင်းပင်ဖြစ်သည်။» ဟု မိန့်ကြားတော်မူခဲ့သည်။ ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗာရီ (၁၁/၁၁၃)၊ ဟဒီးဆ်အမှတ် (၆၃၁၃) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၁)၊ ဟဒီးဆ်အမှတ် (၂၇၁၀)

2 “အိပ်ယာဝင်မည်ဆိုပါက ဆွလာသ်ဝတ်ပြုရန်အတွက် ဝုဿွူပြုသကဲ့သို့ ဝုဿွူပြုပါ။ ထို့နောက်အသင်သည် မိမိ၏ညာဘက်ကိုစောင်း၍အိပ်ပါ။ ထို့နောက် ရွတ်ဆိုပါ - ... (ဟဒီးဆ်အဆုံးထိ)။”

## (၂၉) ညအချိန်တွင် အိပ်ရာလူးလွန့်သည့်အခါ ဒုအာတောင်းခြင်း။

«لَا إِلَٰهَ إِلَّا اللَّهُ الْوَاحِدُ الْقَهّارُ، رَبُّ السَّمَوَاتِ وَالأَرْضِ وَمَا بَيْنَهُمَا الْعَزِيزُ الْغَفَّارُ»[149].

တစ်ပါးတည်းဖြစ်တော်မူပြီး အရာခပ်သိမ်းကို လွှမ်းမိုးအုပ်စိုးတော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိပါ။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၊ မြေပထဝီနှင့် ၎င်းတို့နှစ်ခုစပ်ကြားရှိ အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသောအရှင်၊ တန်ခိုးအာဏာ ကြီးမားတော်မူသောအရှင်၊ အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူပါသည်။.[1]

[1] ညအိပ်ရာ၌ တစ်ဖက်မှတစ်ဖက်သို့ လှည့်သည့်အခါ ဤဇိကိရ်တော်ကို ရွတ်ဆိုရပေမည်။ ဟာကင်မ်ကျမ်း၊ ၎င်းက ဤဟဒီးဆ်အား ဆွဟီးဟ်ဖြစ်ကြောင်း သတ်မှတ်ထားပြီး ဇဟ်ဗီကလည်း ထောက်ခံထားသည်။ (၁/၅၄၀) /နစာအီ၏ အမလွလ်ယောင်မ် ဝလ်လိုင်းလဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၀၂) /အိဗ်နွတ်စွန္နီကျမ်း၊ ဟဒီးဆ်အမှတ် (၇၅၇) /ကြည့်ပါ- ဆွဟီးဟွလ်ဂျာမိအ်ကျမ်း (၄/၂၁၃)

## (၃၀) အိပ်နေစဉ် ကြောက်ရွံ့ထိတ်လန့်သည့်အခါနှင့် အထီးကျန်ခြောက်ခြားမှုခံစားရသူ ဖတ်ရမည့် ဒုအာ။

«أَعُوذُ بِكَلِمَاتِ اللَّهِ التَّامَّاتِ مِنْ غَضَبِهِ وَعِقَابِهِ، وَشَرِّ عِبَادِهِ، وَمِنْ هَمَزَاتِ الشَّيَاطِينِ وَأَنْ يَحْضُرُونِ» [150].

အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ်တော်များအားဖြင့် အရှင်မြတ်၏ အမျက်ဒေါသနှင့် ပြစ်ဒဏ်ခတ်ခြင်း၊ အရှင်မြတ်၏ ကျွန်တို့၏ မကောင်းမှုဘေးအန္တရာယ်နှင့် ရှိုင်တွာန် မိစ္ဆာကောင်တို့၏ တိုက်တွန်းနှိုးဆော်ချက်တို့မှ (လွတ်ကင်းရန်) ကျွန်တော်မျိုးသည် အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။ ထိုနည်းတူ ကျွန်တော်မျိုးသည် မိမိထံသို့ ထိုရှိုင်တွာန် မိစ္ဆာကောင်များ ရောက်ရှိမလာနိုင်ကြရန်လည်း အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။ (၁၅၀)[1]

## ၃၁။ အိပ်မက်မြင်မက်သူ ပြုလုပ်ရမည့်အရာ။

(မိမိ၏ဘယ်ဘက်သို့ တံတွေးထွေးရမည်) (သုံးကြိမ်)။[2]

[1] အဗူဒါဝူဒ်ကျမ်း (၄/၁၂)၊ ဟဒီးဆ်အမှတ် (၃၈၉၃)/ သိရ်မီဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၅၂၈)/ ကြည့် - ဆွဟီးဟ်သိရ်မီဇီကျမ်း (၃/၁၇၁)

[2] မွတ်စ်လင်မ်ကျမ်း (၄/၁၇၇၂)၊ ဟဒီးဆ်အမှတ် (၂၂၆၁)

"ရှိုင်သွာန်၏ အန္တရာယ်နှင့် မိမိမြင်မက်ခဲ့သော အရာ၏ အဆိုးအန္တရာယ်မှ ကင်းဝေးရန် အလ္လာဟ်အရှင်မြတ်ထံ တော်၌ ခိုလှုံရမည်။ (၃) ကြိမ်။"[1]

ထိုအကြောင်းကို တစ်ဦးတစ်ယောက်ကိုမျှ မပြောပြရပေ။။[2]

“မိမိလှဲလျောင်းနေသော ဘေးစောင်းမှ တစ်ဖက်သို့ လှည့်ပြောင်းလိုက်ရမည်။”။[3]

အကယ်၍ ထိုသို့ရည်ရွယ်ပါက ဆွလာသ်ဝတ်ပြုရန် ရပ်ရမည်။[4]

## (၃၂) ဝိသိရ် ကူနူးသ် ဒုအာ ဆုတောင်းခြင်း

«اللَّهُمَّ اهْدِنِي فِيمَنْ هَدَيْتَ، وَعَافِنِي فِيمَنْ عَافَيْتَ، وَتَوَلَّنِي فِيمَنْ تَوَلَّيْتَ، وَبَارِكْ لِي فِيمَا أَعْطَيْتَ، وَقِنِي شَرَّ مَا قَضَيْتَ؛ فَإِنَّكَ تَقْضِي وَلَا يُقْضَى عَلَيْكَ، إِنَّهُ لَا يَذِلُّ مَنْ وَالَيْتَ، [وَلَا يَعِزُّ مَنْ عَادَيْتَ]، تَبَارَكْتَ رَبَّنَا وَتَعَالَيْتَ»[156].

အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ် တရားလမ်းမှန်ကို ပြသတော်မူခဲ့သောသူတို့အထဲတွင် ကျွန်တော်မျိုးအားလ

---

[1] မွတ်စ်လင်မ်ကျမ်း (၄/၁၇၇၂) (၁၇၇၃)၊ ဟဒီးဆ်အမှတ် (၂၂၆၁) နှင့် (၂၂၆၂)

[2] မွတ်စ်လင်မ်ကျမ်း (၄/၁၇၇၂)၊ ဟဒီးဆ်အမှတ် (၂၂၆၁) နှင့် (၂၂၆၃)

[3] မွတ်စ်လင်မ်ကျမ်း (၄/၁၇၇၃)၊ ဟဒီးဆ်အမှတ် (၂၂၆၁)

[4] မွတ်စ်လင်မ်ကျမ်း (၄/၁၇၇၃)၊ ဟဒီးဆ်အမှတ် (၂၂၆၃)

ည်း တရားလမ်းမှန်ကို ပြသတော်မူပါ။ အရှင်မြတ် ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှုကိုချီးမြှင့်တော်မူခဲ့သောသူတို့အထဲတွင် ကျွန်တော်မျိုးအားလည်း ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှုကိုချီးမြှင့်တော်မူပါ။ အရှင်မြတ် ကာကွယ်စောင့်ရှောက်တော်မူခဲ့သောသူတို့အထဲတွင် ကျွန်တော်မျိုးအားလည်း ကာကွယ်စောင့်ရှောက်တော်မူပါ။ အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သောအရာများတွင် ကျွန်တော်မျိုးအတွက် ဗရ်ကာသ်ကောင်းချီးမင်္ဂလာများ ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ် သတ်မှတ်စီရင်တော်မူခဲ့သောမကောင်းမှုမှ ကျွန်တော်မျိုးအား ကယ်တင်တော်မူပါ။ အကြောင်းမူကား အရှင်မြတ်သည်သာလျှင် သတ်မှတ်စီရင်ပိုင်ခွင့်ရှိတော်မူပေသည်။ အရှင်မြတ်အပေါ်၌ မည်သူကမျှ သတ်မှတ်စီရင်ပိုင်ခွင့်မရှိပေ။ ကေန်မလွဲ အရှင်မြတ် ကာကွယ်စောင့်ရှောက်တော်မူသောသူသည် ဂုဏ်ငယ်ယုတ်ညံ့မည်မဟုတ်ပေ။ [ထို့ပြင် အရှင်မြတ် ရန်သူအဖြစ်သတ်မှတ်တော်မူသောသူသည်လည်း ဂုဏ်မြင့်မားမည်မဟုတ်ပေ။] အို- ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကောင်းချီးမင်္ဂလာများ

နှင့် ပြည့်စုံတော်မူပါပေသည်။ အမြင့်မြတ်ဆုံးလည်း ဖြစ်တော်မူပါပေသည်။ (၁၅၆)[1]

«اللَّهُمَّ إِنِّي أَعُوذُ بِرِضَاكَ مِنْ سَخَطِكَ، وَبِمُعَافَاتِكَ مِنْ عُقُوبَتِكَ، وَأَعُوذُ بِكَ مِنْكَ، لَا أُحْصِي ثَنَاءً عَلَيْكَ، أَنْتَ كَمَا أَثْنَيْتَ عَلَى نَفْسِكَ»[157].

"အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်၏နှစ်မြို့မှုအားဖြင့် အရှင်မြတ်၏အမျက်တော်မှ လည်းကောင်း၊ အရှင်မြတ်၏ခွင့်လွှတ်ခြင်းအားဖြင့် အရှင်မြတ်၏ပြစ်ဒဏ်မှ လည်းကောင်း ခိုလှုံမှုရယူပါ၏။ ထို့ပြင် ကျွန်တော်မျိုးသည် အရှင်မြတ်မှ အရှင်မြတ်ထံ၌ပင် ခိုလှုံပါ၏။ ကျွန်တော်မျိုးသည် အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းကို ရေတွက်၍မကုန်နိုင်ပါ။ အရှင်မြတ်သည် ကိုယ်

[1] စုနန်ကျမ်းလေးစောင်၊ မွတ်စ်နဒ် အဟ်မဒ်ကျမ်း၊ ဒါရိမီကျမ်းနှင့် ဗိုင်ဟကီကျမ်း - အဘူဒါဝူဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၁၄၂၅)/ သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၄၆၄)/ နစာအီကျမ်း၊ ဟဒီးစ်အမှတ် (၁၇၄၄)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးစ်အမှတ် (၁၁၇၈)/ မွတ်စ်နဒ် အဟ်မဒ်ကျမ်း၊ ဟဒီးစ်အမှတ် (၁၇၁၈)/ ဒါရိမီကျမ်း၊ ဟဒီးစ်အမှတ် (၁၅၉၂)/ မွတ်စ်သဒ်ရက်ကျမ်း (၃ / ၁၇၂)/ ဗိုင်ဟကီကျမ်း (၂ / ၂၀၉)။ ကွင်းစကွင်းပိတ်အတွင်းရှိ စာသားသည် ဗိုင်ဟကီကျမ်းမှဖြစ်သည်။ ကြည့်ရန် - ဆွဟီးဟ် သိရ်မိဇီကျမ်း (၁ / ၁၄၄)၊ ဆွဟီးဟ် အိဗ်နုမာဂျဟ်ကျမ်း (၁ / ၁၉၄)၊ အလ်ဗာနီ၏ အိရ်ဝါအွလ်ဂလီးလ်ကျမ်း (၂ / ၁၇၂)။

တော်တိုင် ချီးမွမ်းတော်မူထားသည့်အတိုင်းပင် ဖြစ်တော်မူပါ၏။"[1]

«اللَّهُمَّ إِيَّاكَ نعبُدُ، وَلَكَ نُصَلِّي وَنَسجُدُ، وَإِلَيْكَ نَسْعَى وَنَحْفِدُ، نَرْجُو رَحْمَتَكَ، وَنَخْشَى عَذَابَكَ، إِنَّ عَذَابَكَ بِالكَافِرِينَ مُلْحِقٌ، اللَّهُمَّ إِنَّا نَسْتَعِينُكَ، وَنَسْتَغْفِرُكَ، وَنُثْنِي عَلَيْكَ الخَيْرَ، وَلَا نَكْفُرُكَ، وَنُؤْمِنُ بِكَ، وَنَخْضَعُ لَكَ، وَنَخْلَعُ مَنْ يَكْفرُكَ»[158].

"«အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်ကိုသာလျှင် ကျွန်တော်မျိုးတို့ ကိုးကွယ်ဆည်းကပ်ခြင်းပြုပါ၏။ အရှင်မြတ်အဖို့သာလျှင် ဆွလာသ်ဝတ်ပြု၍ စဂျ်ဒဟ်ဦးချကြပါ၏။ အရှင်မြတ်ထံတော်သို့သာလျှင် ကြိုးပမ်းအားထုတ်၍ ခယခစား လာရောက်ကြပါ၏။ အရှင်မြတ်၏ ကရုဏာတော်ကို မျှော်လင့်ကြပါ၏။ အရှင်မြတ်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့ကြပါ၏။ ကေန်စင်စစ် အရှင်မြတ်၏ ပြစ်ဒဏ်သည် သွေဖည်ငြင်းပယ်သူ (ကာဖိရ်) တို့အပေါ် ဆိုက်ရောက်မည်ဖြစ်ပါသည်။ အို အလ္လာဟ်အရှင်မြတ်၊ ကေန်အမှန်

[1] စွန္နန်ကျမ်းလေးစောင်နှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်း - အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၄၂၇) / သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၅၆၆) / နစာအီကျမ်း၊ ဟဒီးဆ်အမှတ် (၁၇၄၆) / အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၁၇၉) / မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၅၁)။ ကြည့်ရန် - ဆွဟီးဟ် သိရ်မိဇီကျမ်း (၃/၁၈၀)၊ ဆွဟီးဟ် အိဗ်နုမာဂျဟ်ကျမ်း (၁/၁၉၄)၊ အိရ်ဝါးအ်ကျမ်း (၂/၁၇၅)။

ကျွန်တော်မျိုးတို့သည် အရှင်မြတ်ထံတော်မှ အကူအညီကို တောင်းခံကြပါ၏။ အရှင်မြတ်ထံတော်မှ အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူရန် တောင်းခံကြပါ၏။ အရှင်မြတ်အား ကောင်းမြတ်သော ချီးမွမ်းခြင်းများဖြင့် ချီးမွမ်းထောပနာ ပြုကြပါ၏။ အရှင်မြတ်အား သွေဖည်ငြင်းပယ်ခြင်း မပြုကြပါ။ အရှင်မြတ်အား အီမာန်သက်ဝင်ယုံကြည်ကြပါ၏။ အရှင်မြတ်အား နာခံကျိုးနွံကြပါ၏။ အရှင်မြတ်အား သွေဖည်ငြင်းပယ်သူတို့ကို စွန့်ပယ်ကြပါ၏။ »"[1]

## (၃၃) ဝိသ်ရ်ဆွလာသ်ပြီးနောက် ရွတ်ဖတ်ရသည့်ဇိကိရ်။

«سُبْحَانَ المَلِكِ القُدُّوسِ»

စိုးမိုးတော်မူသောအရှင်၊ သန့်ရှင်းစင် ကြယ်တော်မူသော အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူကြောင်းကို ကျွန်တော်မျိုး မြွက်ဟနေပါ၏။

---

[1] ဗိုင်ဟကီ၏ စုနန်ကုဗ်ရာကျမ်း၊ အိမာမ်ဗိုင်ဟကီက ၎င်းစနဒ်အား ဆွဟီးဟ်ဟု မှတ်ချက်ပြုထားသည် (၂ / ၂၁၁)။ ရှိုက်ခ်အလ်ဗာနီက အိရ်ဝါးအုလ်ဂလီးလ်ကျမ်း၌ "ဤစနဒ်သည် ဆွဟီးဟ်ဖြစ် သည်" ဟု ဆိုခဲ့သည် (၂ / ၁၇၀)။ ၎င်းသည် အုမရ်သခင်ထိသာ စနဒ်(ဆင့်ပြန်သူကွင်းဆက်) ရောက်ရှိသည့် မောင်ဝ်ကူးဖ်ဟဒီးဆ် ဖြစ်သည်။

ثلاث مرَّاتٍ

(၃) ကြိမ်

والثَّالِثَةُ يَجْهَرُ بها ويَمُدُّ بِهَا صَوتَهُ يَقُولُ:

တတိယအကြိမ်တွင် အသံကျယ်ကျယ်ဖြင့် အသံဆွဲကာ ဤသို့ရွတ်ဆိုရမည်။

«رَبِّ المَلَائِكَةِ وَالرُّوحِ»[159].

«မလာအိကဟ်များနှင့် ဂျိဗ်ရီးလ် တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်».[1]

## (၃၄) စိုးရိမ်ပူပန်မှုနှင့် သောကအတွက် ရွတ်ဖတ်ရသည့်ဒုအာ

«اللَّهُمَّ إِنِّي عَبْدُكَ، ابْنُ عَبْدِكَ، ابْنُ أَمَتِكَ، نَاصِيَتِي بِيَدِكَ، مَاضٍ فِيَّ حُكْمُكَ، عَدْلٌ فِيَّ قَضَاؤُكَ، أَسْأَلُكَ بِكُلِّ اسْمٍ هُوَ لَكَ، سَمَّيْتَ بِهِ نَفْسَكَ، أَوْ أَنْزَلْتَهُ فِي كِتَابِكَ، أَوْ عَلَّمْتَهُ أَحَدًا مِنْ خَلْقِكَ، أَوِ اسْتَأْثَرْتَ بِهِ فِي عِلْمِ الغَيْبِ عِنْدَكَ، أَنْ تَجْعَلَ القُرْآنَ رَبِيعَ قَلْبِي، وَنُورَ صَدْرِي، وَجَلَاءَ حُزْنِي، وَذَهَابَ هَمِّي»[160].

«အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကျေးကျွန်ဖြစ်ပါသည်။ အရှင်မြတ် ကျေးကျွန်၏သားနှ

[1] နစာအီကျမ်း (၃/၂၄၄)၊ ဟဒီးဆ်အမှတ် (၁၇၃၄) / ဒါရကုသ်နီကျမ်း (၂/၃၁) နှင့် အခြားကျမ်းများ။ ထောင့်ကွင်းအတွင်းရှိ စာသားမှာ ဒါရကွတ်သ်နီကျမ်း (၂/၃၁)၊ ဟဒီးဆ်အမှတ် (၂) ၏ အပိုဆောင်းချက်ဖြစ်သည်။ ၎င်း၏ စနဒ်မှာ ဆွဟီးဟ်ဖြစ်သည်။ ကြည့်ရန် - ရှုအိုင်ဗ် အလ်-အရ်နာအူးသ် နှင့် အဗ်ဒုလ်ကွာဒိရ် အလ်-အရ်နာအူးသ် တို့ စိစစ်တည်း ဖြတ်သော ဇာဒုလ်မအာဒ်ကျမ်း (၁/၃၃၇)။

င့် အရှင်းကျေးကျွန်မတို့၏ သားဖြစ်ပါသည်။ ကျွန်တော် မျိုး၏ ဦးစွန်းသည် အရှင်မြတ်လက်တော်ဝယ်ရှိပါ၏။ (အ ရှင်မြတ်၏ အမိန့်တော်အောက်တွင်ရှိပါသည်။) အရှင်မြ တ် သတ်မှတ်ဆုံးဖြတ်တော်မူသည့်အတိုင်း ကျွန်တော်မျိုး ဖြစ်ရပါသည်။ ကျွန်တော်မျိုးနှင့်ပတ်သက်၍ အရှင်မြတ် ၏ ဆုံးဖြတ်သတ်မှတ်ချက် သည် တရားမျှတတော်မူပါသ ည်။ ကျွန် တော်မျိုးသည် အရှင်မြတ် ကိုယ်တော်တိုင် သတ် မှတ်ထားသော အရှင်မြတ်၏ နာမတော်အလုံးစုံတို့ဖြင့် သော်လည်း ကောင်း၊ အရှင်မြတ်၏ ကျမ်းဂန်၌ အရှင်မြတ် ချပေးတော်မူခဲ့သော နာမတော်ဖြင့်လည်းကောင်း၊ အရှင် မြတ်၏ အဖန်ဆင်းခံတစ်ဦးဦးအား အရှင်မြတ် အသိပေး သင်ကြားပြသထားတော်မူသည့် နာမတော်ဖြင့်လည်း ကောင်း သို့မဟုတ်အကွယ်၏အသိ၌ အရှင်မြတ် လျှို့ဝှက် ထိန်းသိမ်းထားသည့် နာမတော်ကို အကြောင်းခံ၍ အရှင် မြတ်ထံ ပန်ကြားတောင်းခံအပ်သည်မှာ အိုအရှင် ကျမ်း တော်မြတ်ကုရ်အာန်ကို ကျွန်တော်မျိုး၏ စိတ်နှလုံး ချမ်း မြေ့ကြည်နူးဖွယ်အဖြစ်၊ ကျွန်တော်မျိုး ရင်ဘတ်(စိတ်နှ လုံးသား) ၏ နူးရ်အလင်းရောင်အဖြစ်၊ ကျွန်တော်မျိုး၏

သောကများကို ကင်းဝေးစေသည့်အရာအဖြစ်၊ ကျွန်တော်မျိုး၏ ဝမ်းနည်းပူဆွေးခြင်းကို ပပျောက်စေသောအရာအဖြစ်ပြုလုပ်ပေးသနားတော်မူပါ။»[1]

«اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنَ الهَمِّ وَالحَزَنِ، وَالعَجْزِ وَالكَسَلِ، وَالبُخْلِ وَالجُبْنِ، وَضَلَعِ الدَّيْنِ وَغَلَبَةِ الرِّجَالِ»[161].

"အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် စိုးရိမ်ပူပန်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ မစွမ်းဆောင်နိုင်ခြင်း၊ ပျင်းရိခြင်း၊ စေးနှဲတွန့်တိုခြင်း၊ သူရဲဘောကြောင်ခြင်း၊ ကြွေးမြီဝန်ပိခြင်းနှင့် သူတစ်ပါးတို့၏ လွှမ်းမိုးဖိနှိပ်ခံရခြင်းတို့မှ အရှင်မြတ်ထံ ခိုလှုံပါ၏။"[2]

## ၃၅။ စိုးရိမ်ပူပန်မှု ကြုံတွေ့ရချိန်တွင် ဖတ်ရမည့် ဒုအာ

«لَا إِلَهَ إِلَّا اللَّهُ العَظِيمُ الحَلِيمُ، لَا إِلَهَ إِلَّا اللَّهُ رَبُّ العَرْشِ العَظِيمِ، لَا إِلَهَ إِلَّا اللَّهُ رَبُّ السَّمَوَاتِ وَرَبُّ الأَرْضِ وَرَبُّ العَرْشِ الكَرِيمِ»[162].

---

[1] မွတ်စ်နဒ်အဟ်မဒ်ကျမ်း (၁/၃၉၁)၊ ဟဒီးဆ်အမှတ် (၃၇၁၂)၊ အလ်ဘာနီက စိလ်စိလသွလ်အဟာဒီးဆ်ဆွဟီးဟဟ်ကျမ်း (၁/၃၃၇) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။

[2] ဗုခါရီကျမ်း (၇/၁၅၈)၊ ဟဒီးဆ်အမှတ် (၂၈၉၃)။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဤဒုအာကို များစွာရွတ်ဖတ်တော်မူလေ့ရှိသည်။ ရှု - ဖသ်ဟ်နှင့်တကွ ဗုခါရီကျမ်း (၁၁/၁၇၃)၊ ၎င်းအပြင် (စာမျက်နှာ ၈၉) တွင် ဟဒီးဆ်အမှတ် (၁၃၇) ဖြင့် လာပေဦးမည်။

"ကြီးကျယ်မြင့်မြတ်တော်မူပြီး၊ အလွန် တရာ သည်းခံတော်မူသော အလ္လာဟ်အရှင်မြတ်မှလွဲ၍ ခဝပ်ကိုးကွယ်ခြင်းကိုခံထိုက်သော အရှင်ဟူ၍ အလျဉ်းမရှိပါ။ ကြီးကျယ်မြင့်မြတ်တော်မူသော အရ်ရှ်ပလ္လင်တော်ရဲ့အရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှလွဲ၍ ခဝပ်ကိုးကွယ်ခြင်းကိုခံထိုက်သော အရှင်ဟူ၍ အလျဉ်း မရှိပါ။ မိုးကောင်းကင်များကို ဖန်ဆင်းတော်မူသောအရှင်၊ မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်၊ မြင့်မြတ်တဲ့ အရ်ရှ်ပလ္လင်တော်ရဲ့ အရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှလွဲ၍ ခဝပ်ကိုးကွယ်ခြင်းကိုခံထိုက်သော အရှင်ဟူ၍ အလျဉ်း မရှိပါ။"[1]

«اللَّهُمَّ رَحْمَتَكَ أَرْجُو، فَلَا تَكِلْنِي إِلَى نَفْسِي طَرْفَةَ عَيْنٍ، وَأَصْلِحْ لِي شَأْنِي كُلَّهُ، لَا إِلَهَ إِلَّا أَنْتَ»[163].

အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး အရှင်မြတ်၏ရဟ်မသ်ကရုဏာတော်ကို မျှော်ကိုးလျက်ရှိနေပါသည်။ သို့ဖြစ်ရာ အရှင်မြတ် ကျွန်တော်မျိုးအား မိမိ၏ သဘောဆန္ဒအတိုင်း (ပြုလုပ်ခြင်းဘက်သို့) မျက်စိတစ်မှိတ်ခန့်မျှပင်

[1] ဗုခါရီကျမ်း (၇/၁၅၄)၊ ဟဒီးဆ်အမှတ် (၆၃၄၅) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၉၂)၊ ဟဒီးဆ်အမှတ် (၂၇၃၀)

လွဲအပ်တော်မမူပါနှင့်။ ထို့ပြင် ကျွန်တော်မျိုး၏ အရေးကိစ္စဟူသရွေ့ကို တည့်မတ်မှန်ကန်အောင်ပြုလုပ်ပေးတော်မူပါ။ အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခံထိုက်သူဟူ၍ အလျဉ်းမရှိပါ။ (၁၆၃)[1]

«لَا إِلَهَ إِلَّا أَنْتَ سُبْحَانَكَ إِنِّي كُنْتُ مِنَ الظَّالِمِينَ»[164].

"အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခံထိုက်သည့်အရှင်ဟူ၍ အလျဉ်းမရှိပါ။ အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပါသည်။ အမှန်စင်စစ် ကျွန်တော်မျိုးသည် အပြစ်ကျူးလွန်သူများ ထဲမှဖြစ်ပါသည်။"[2]

«اللَّهُ رَبِّي لَا أُشْرِكُ بِهِ شَيْئًا»[165].

---

1 အဗူဒါဝူဒ်ကျမ်း (၄ /၃၂၄)၊ ဟဒီးဆ်အမှတ် (၅၀၉၀) / အဟ်မဒ်ကျမ်း (၅/ ၄၂)၊ ဟဒီးဆ်အမှတ် (၂၀၄၃၀)၊ အလ်ဘာနီက ဆွဟီးဟ်အဗူဒါဝူဒ်ကျမ်း (၃/ ၉၅၉) တွင် ဤဟဒီးဆ်အား ဟစန်ဟု သတ်မှတ်ထားသည်။

2 သိရ်မိဇီကျမ်း (၅/၅၂၉)၊ ဟဒီးဆ်အမှတ် (၃၅၀၅) / ဟာကင်မ်ကျမ်း (၁/၅၀၅)၊ ၎င်းက ဆွဟီးဟ်ဟု သတ်မှတ်ထားပြီး ဇဟဗီကလည်း ထောက်ခံထားသည်။ ကြည့်ပါ- ဆွဟီးဟ် သိရ်မိဇီကျမ်း (၃/၁၆၈)။

"အလ္လာဟ်၊ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်၏အရှင် ဖြစ်တော်မူ၏။ ကျွန်ုပ်သည် မည်သည့်တစ်စုံတစ်ရာကိုမျှ ထိုအရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်မှု မပြုပါ။"[1]

## (၃၆) ရန်သူနှင့် အာဏာပိုင်တို့အား ရင်ဆိုင်ရသည့်အချိန်တွင် ဒုအာတောင်းခြင်း။

«اللَّهُمَّ إِنَّا نَجْعَلُكَ فِي نُحُورِهِم، وَنَعُوذُ بِكَ مِنْ شُرُورِهِمْ»[166].

"အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် ၎င်းတို့အား ရင်ဆိုင်နှိမ်နင်းရာ တွင် အရှင်မြတ်ကိုသာလျှင် ရှေ့တန်း တင်ပါ၏။ ထို့ပြင် ၎င်းတို့၏ မကောင်းမှုများမှ အရှင်မြတ်ထံ ကျွန်တော်မျိုးတို့ ခိုလှုံခွင့်တောင်းခံပါ၏။"[2]

«اللَّهُمَّ أَنْتَ عَضُدِي، وَأَنْتَ نَصِيرِي، بِكَ أَحُولُ وَبِكَ أَصُولُ، وَبِكَ أُقَاتِلُ»[167].

အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏ ခွန်အားဖြစ်တော်မူပါ၏။ အရှင်မြတ်သည် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူသောအရှင် ဖြစ်တော်မူပါ၏

---

[1] အဗူဒါဝူးဒ်ကျမ်း (၂/၈၇)၊ ဟဒီးဆ်အမှတ် (၁၅၂၅)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၈၈၂)/ ကြည့်ပါ - ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂/ ၃၃၅)

[2] အဗူဒါဝူဒ်ကျမ်း (၂ / ၈၉)၊ ဟဒီးဆ်အမှတ် (၁၅၃၇)ဟာကင်မ်က ဆွဟီးဟ်ဟု သတ်မှတ်ထားပြီး ဇဟဗီကလည်း သဘောတူထောက်ခံထားသည်။ (၂ / ၁၄၂)

။ ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကူညီစောင်မမှုဖြင့်သာ လှုပ်ရှားသွားလာပါ၏။ အရှင်မြတ်၏ ကူညီစောင်မမှုဖြင့်သာ ရန်သူကို ထိုးစစ်ဆင်ပါ၏။ အရှင်မြတ်၏ ကူညီစောင်မမှုဖြင့်သာ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ပါ၏။[1]

«حَسْبُنَا اللَّهُ وَنِعْمَ الوَكِيلُ»[168].

"အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့ (မှီခိုအားထားရန်) အလို့ငှါ လုံလောက်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ယုံပုံအားထားရာ အကောင်းဆုံး အရှင်မြတ်ပင်ဖြစ်တော်မူပေသည်။"[2]

## (၃၇) အုပ်ချုပ်သူ၏ မတရားဖိနှိပ်ခြင်းကို စိုးရိမ်သည့်အခါ ဖတ်ရမည့်ဒုအာ

«اللَّهُمَّ ربَّ السَّمَوَاتِ السَّبْعِ، وَرَبَّ العَرْشِ العَظِيمِ، كُنْ لِي جَارًا مِنْ فُلَانِ بْنِ فُلَانٍ، وَأَحْزَابِهِ مِنْ خَلَائِقِكَ، أَنْ يَفْرُطَ عَلَيَّ أَحَدٌ مِنْهُمْ أَوْ يَطْغَى، عَزَّ جَارُكَ، وَجَلَّ ثَنَاؤُكَ، وَلَا إِلَهَ إِلَّا أَنْتَ»[169].

"အို - အလ္လာဟ်အရှင်မြတ်၊ အို - မိုးကောင်းကင်ခုနစ်ထပ်၏ အရှင်၊ အို -ကြီးကျယ်လှသော အရ်ရှ်ပလ္လင်တော်၏ အ

---

1 အဗူဒါဝူဒ်ကျမ်း (၃/၄၂)၊ ဟဒီးဆ်အမှတ် (၂၆၃၂)/ သိရ်မိဇီကျမ်း (၅/၅၇၂) ၊ ဟဒီးဆ်အမှတ် (၃၅၈၄)၊ ကြည့်ရှုရန် - ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၈၃)။

2 ဗုခါရီကျမ်း (၅/၁၇၂)၊ ဟဒီးဆ်အမှတ် (၄၅၆၃)

ရှင်၊ မည်သူမည်ဝါ၏သား မည်သူမည်ဝါနှင့် အရှင်မြတ်၏ ဖန်ဆင်းခံများအနက်မှ ၎င်း၏အပေါင်းအပါတို့အနက်မှ တစ်ဦးတစ်ယောက်က ကျွန်တော်မျိုးအပေါ် အလျင်စလို ဒုက္ခပေးခြင်း သို့မဟုတ် ကျူးလွန်စော်ကားခြင်းများ ပြုလုပ်မည့် ဘေးအန္တရာယ်မှ ကျွန်တော်မျိုးအား ကာကွယ်စောင့်ရှောက်ပေးတော်မူသောအရှင် ဖြစ်တော်မူပါ။ အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုသည် အလွန်တရာ ခိုင်မာအားကောင်းလှပါသည်။ အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းသည်လည်း ကြီးကျယ်မြင့်မြတ်လှပါ၏။ အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သူအရှင်ဟူ၍ အလျဉ်းမရှိပါ။"[1]

«اللَّهُ أَكْبَرُ، اللَّهُ أَعَزُّ مِنْ خَلْقِهِ جَمِيعًا، اللَّهُ أَعَزُّ مِمَّا أَخَافُ وَأَحْذَرُ، أَعُوذُ بِاللَّهِ الَّذِي لَا إِلَهَ إِلَّا هُوَ، المُمْسِكِ السَّمَوَاتِ السَّبْعِ أَنْ يَقَعْنَ عَلَى الأَرْضِ إِلَّا بِإِذْنِهِ، مِنْ شَرِّ عَبْدِكَ فُلَانٍ، وَجُنُودِهِ وَأَتْبَاعِهِ وَأَشْيَاعِهِ، مِنَ الجِنِّ وَالإِنْسِ، اللَّهُمَّ كُنْ لِي جَارًا مِنْ شَرِّهِمْ، جَلَّ ثَنَاؤُكَ وَعَزَّ جَارُكَ، وَتَبَارَكَ اسْمُكَ، وَلَا إِلَهَ غَيْرُكَ»

"အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံး ဖြစ်တော်မူပါ၏။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ဖန်ဆင်းခံအားလုံး

---

[1] ဗုခါရီ၏ အလ်အဒဗုလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၀၇) / အလ်ဘာနီက ဆွဟီးဟ် အလ်အဒဗုလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၄၅) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်အဖြစ် သတ်မှတ်အတည်ပြုထားသည်။

ထက် ပိုမို ၍ ကြီးကျယ်မြင့်မြတ်တော်မူပါ၏။ အလ္လာဟ်အ ရှင်မြတ် သည် ကျွန်တော်မျိုး ကြောက်ရွံ့စိုးရိမ်ရသောအ ရာများထက် ပိုမို၍ ကြီးကျယ်မြင့်မြတ်တော်မူပါ၏။ မိမိ ၏ အမိန့်တော်မပါဘဲ မိုးကောင်းကင်ခုနစ်ထပ်ကို မြေပထ ဝီအပေါ်သို့ ကျရောက်သွားခြင်းမရှိစေရန် ထိန်းသိမ်းထား တော်မူသော၊ ထိုအရှင်မြတ်မှအပ ကိုးကွယ်ခြင်းခံထိုက် သောအရှင်မရှိသည့် အလ္လာဟ်အရှင်မြတ်ထံ၌၊ အရှင်မြတ် ၏ ကျွန်ဖြစ်သူ (မည်သူမည်ဝါ) ၏ မကောင်းမှုဘေးအန္တ ရာယ်မှလည်းကောင်း၊ ဂျင်န်နှင့် လူသားတို့အနက်မှဖြစ် သော ၎င်း၏ စစ်သည်ဗိုလ်ပါများ၊ နောက်လိုက်များနှင့် အ ပေါင်းအပါများ၏ မကောင်းမှုဘေး
အန္တရာယ်မှလည်းကောင်း ကျွန်တော်မျိုး ခိုလှုံခွင့်တောင်း ခံပါ၏။ အို အလ္လာဟ်အရှင်မြတ်၊ ထိုသူတို့၏ မကောင်းမှု ဘေး
အန္တရာယ်မှ ကျွန်တော်မျိုးအား ကာကွယ်စောင့်ရှောက် တော်မူသောအရှင် ဖြစ်တော်မူပါ။ အရှင်မြတ်အား ချီးမွမ်း ထောမနာပြုခြင်းသည်လည်း ကြီးကျယ်မြင့်မြတ်လှပါ၏။ အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုသည် အလွန်တရာ

ကြီးမားလှပါ၏။ အရှင်မြတ်၏ နာမတော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါ၏။ အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သူအရှင်ဟူ၍ အလျဉ်းမရှိပါ။"

ثَلاثَ مَرَّاتٍ[170].

(၃) ကြိမ်[1]

## ၃၈။ ရန်သူအပေါ် ဗဒ်ဒုအာ (ပျက်စီးစေရန်) တောင်းခံခြင်း။

«اللَّهُمَّ مُنْزِلَ الكِتَابِ، سَرِيعَ الحِسَابِ، اهْزِمِ الأَحْزَابَ، اللَّهُمَّ اهزِمْهُمْ وَزَلْزِلْهُمْ»[171].

"အို အလ္လာဟ်အရှင်မြတ်၊ ကျမ်းမြတ်ကုရ်အာန်အား ချပေးတော်မူသောအရှင်၊ လျင်မြန်စွာ စာရင်းစစ်ဆေးမေးမြန်းတော်မူသောအရှင်၊ ရန်သူတပ်များအား ရှုံးနိမ့်စေတော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊ ၎င်းတို့အား ရှုံးနိမ့်စေတော်မူပြီး တုန်လှုပ်ချောက်ချားစေတော်မူပါ။"[2]

---

[1] ဗုခါရီ၏ အလ်အဒဗုလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၀၈) / အလ်ဘာနီက ဆဟီးဟ် အလ်အဒဗုလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၄၆) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။

[2] မွတ်စ်လင်မ်ကျမ်း (၃/၁၃၆၂)၊ ဟဒီးဆ်အမှတ် (၁၇၄၂)

## ၃၉။ လူမျိုးစုတစ်စုအား စိုးရိမ်ကြောက်ရွံ့သူက ဖတ်ရမည့်ဒုအာ

«اللَّهُمَّ اكْفِنِيهِمْ بِمَا شِئْتَ»[172].

"အို - အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်အလိုရှိတော်မူသည့်အတိုင်း ၎င်းတို့၏ ရန်မှ ကျွန်တော်မျိုးအား ကာကွယ်ပေးသနားတော်မူပါ။"[1]

## ၄၀။ အီမာန်ယုံကြည်မှုတွင် သံသယစိတ်များဝင်လာသူ ဖတ်ရမည့်ဒုအာ

"အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံခွင့် တောင်းခံရမည်"[2] ဤသို့ရွတ်ဆိုရမည်။ "ကျွန်တော်မျိုးသည် နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ နှောင့်ယှက်ခြင်းမှကင်းရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။"

---

[1] မွတ်စ်လင်မ်ကျမ်း (၄/၂၃၀၀)၊ ဟဒီးဆ်အမှတ် (၃၀၀၅)

[2] ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗာရီကျမ်းနှင့်အတူ (၆/၃၃၆)၊ ဟဒီးဆ်အမှတ် (၃၂၇၆) / မွတ်စ်လင်မ်ကျမ်း (၁/၁၂၀)၊ ဟဒီးဆ်အမှတ် (၁၃၄)

(ဖြစ်ပေါ်လာသော မကောင်းသည့် အတွေးများကို ရပ်ဆိုင်းလိုက်ရမည်)[1]

(ဤသို့ရွတ်ဆိုရမည် -

(آمَنْتُ بِاللَّهِ وَرُسُلِهِ))[175].

(ကျွန်တော်မျိုး အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်များအား သက်ဝင်ယုံကြည်ပါ၏)[2]

(အလ္လာဟ်အရှင်မြတ်မိန့်ကြားချက်ဖြစ်သည့် ဤအာယသ်တော်ကို ရွတ်ဖတ်ရမည်-)

﴿هُوَ ٱلۡأَوَّلُ وَٱلۡأٓخِرُ وَٱلظَّٰهِرُ وَٱلۡبَاطِنُۖ وَهُوَ بِكُلِّ شَيۡءٍ عَلِيمٌ 3﴾

{ထိုအရှင်မြတ်သည် အစအဦးဆုံးသောအရှင်၊ နောက်ဆုံးဖြစ်တော်မူသောအရှင်၊ အထင်ရှားဆုံးသောအရှင်၊ အကွယ်အဝှက်ဆုံးသောအရှင် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် အရာခပ်သိမ်းအားအကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်၏။ ၃} (စူရဟ် ဟဒီးဒ် အာယသ် ၃)[3]

---

[1] ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗါရီ (၆/၃၃၆)၊ ဟဒီးဆ်အမှတ် (၃၂၇၆) / မွတ်စ်လင်မ်ကျမ်း (၁/၁၂၀)၊ ဟဒီးဆ်အမှတ် (၁၃၄)

[2] မွတ်စ်လင်မ်ကျမ်း၊ (၁/၁၁၉-၁၂၀)၊ ဟဒီးဆ်အမှတ် (၁၃၄)

[3] အဗူဒါဝူဒ်ကျမ်း (၄ / ၃၂၉)၊ ဟဒီးဆ်အမှတ် (၅၁၁၀)၊ အလ်ဘာနီက ၎င်းကို ဆွဟီးဟ် အဗူဒါဝူဒ်ကျမ်း (၃ / ၉၆၂) တွင် ဟစန်ဟု သတ်မှတ်ထားသည်။

## (၄၁) ကြွေးမြီပြန်ဆပ်နိုင်ရန် ရွတ်ဖတ်ရမည့်ဒုအာ

«اللَّهُمَّ اكْفِنِي بِحَلَالِكَ عَنْ حَرَامِكَ، وَأَغْنِنِي بِفَضْلِكَ عَمَّنْ سِوَاكَ»[177].

"အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား အရှင်မြတ်တား မြစ်ထားသည့်အရာ(ဟရာမ်)များမှ ကင်းဝေးစေပြီး အရှင်မြတ်ခွင့်ပြုထားသည့်အရာ(ဟလာလ်)များဖြင့် လုံလောက်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်၏ကျေးဇူးတော်ဖြင့် ကျွန်တော်မျိုးအား အရှင်မြတ်မှတစ်ပါး အခြားသူများထံ လိုလားတောင့်တမှုကင်းစေတော်မူပါ။"[1]

«اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنَ الهَمِّ وَالحَزَنِ، وَالعَجْزِ وَالكَسَلِ، وَالبُخْلِ وَالجُبْنِ، وَضَلَعِ الدَّيْنِ وَغَلَبَةِ الرِّجَالِ»[178].

"အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် စိတ်ပူပန်ခြင်း၊ ဝမ်းနည်းခြင်း၊ မစွမ်းဆောင်နိုင်ခြင်း၊ ပျင်းရိခြင်း၊ စေးနှဲတွန့်တိုခြင်း၊ သူရဲဘောကြောင်ခြင်း၊ ကြွေးမြီဝန်ပိခြင်းနှင့် သူတစ်ပါးတို့၏ ဖိနှိပ်လွှမ်းမိုးခြင်းတို့မှ အရှင်မြတ်ထံ ခိုလှုံပါ၏။"[2]

---

[1] သိရ်မိဇီကျမ်း (၅/၅၆၀)၊ ဟဒီးဆ်အမှတ် (၃၅၆၃)၊ ကြည့်ပါ - ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၈၀)

[2] ဗုခါရီကျမ်း (၇/၁၅၈)၊ ဟဒီးဆ်အမှတ် (၂၈၉၃) / ယခင် (စာ-၈၃)၊ ဟဒီးဆ်အမှတ် (၁၂၁) တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

## (၄၂) ဆွလာသ်ဝတ်ပြုရာနှင့် ကိရာအသ်ဖတ်ရွတ်ရာတွင် ဝတ်စ်ဝစာ (မကောင်းသည့်အတွေးဆိုးများ) ဝင်လာသောအခါ ဖတ်ရမည့်ဒုအာ

«أَعُوذُ بِاللَّهِ مِنَ الشَّيطَانِ الرَّجِيمِ،
"ကျွန်တော်မျိုးသည် နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ နှောင့်ယှက်ခြင်းမှကင်းရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။"

وَاتْفُلْ عَلَى يَسَارِكَ (ثَلاثًا)»[179].
ထို့နောက် အသင်၏ဘယ်ဘက်သို့ တံတွေး(သုံးကြိမ်) ထွေးပါ။»[1]

## (၄၃) မိမိအပေါ်၌ ကိစ္စတစ်စုံတစ်ရာ ခက်ခဲလာသောအခါ ဖတ်ရမည့်ဒုအာ

«اللَّهُمَّ لَا سَهْلَ إِلَّا مَا جَعَلْتَهُ سَهْلاً، وَأَنْتَ تَجْعَلُ الحَزْنَ إِذَا شِئْتَ سَهْلاً»[180].

---

[1] မွတ်စ်လင်မ်ကျမ်း (၄/၁၇၂၉)၊ ဟဒီးဆ်အမှတ် (၂၂၀၃)၊ အွတ်စ်မားန် ဗင်န် အဗီလ်အာစ္စ် (ရည်ဝိယလ္လာဟုအန်ဟု) ဆင့်ပြန်သော ဟဒီးဆ်တော်မှဖြစ်ပြီး ၎င်းတွင် "ကျွန်ုပ်သည် ထိုအတိုင်း လုပ်ဆောင်ခဲ့ရာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်ထံမှ ၎င်းကို ဖယ်ရှားပေးတော်မူခဲ့သည်" ဟု ပါရှိသည်။

"အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ် လွယ်ကူအောင် ပြုလုပ်ပေးတော်မူသောအရာမှအပ လွယ်ကူသောအရာဟူ၍ မရှိပါ။ ၎င်းပြင် အရှင်မြတ်သည် အလိုရှိတော်မူပါက ခက်ခဲမှုကို လွယ်ကူအောင် ပြုလုပ်ပေးတော်မူပါသည်။"[1]

## ၄၄။ အပြစ်အကုသိုလ်တစ်ခုကို ကျူးလွန်မိသူ ရွတ်ဆိုရမည့်အရာနှင့် ပြုလုပ်ရမည့်အရာ။

«مَا مِنْ عَبْدٍ يُذْنِبُ ذَنْبًا فَيُحْسِنُ الطُّهُورَ، ثُمَّ يَقُومُ فَيُصَلِّي رَكْعَتَيْنِ، ثُمَّ يَسْتَغْفِرُ اللَّهَ إِلَّا غَفَرَ اللَّهُ لَهُ»[181].

"လူတစ်ဦးသည် အပြစ်အကုသိုလ်တစ်ခု ကျူးလွန်ပြီးနောက် ကောင်းမွန်စွာ (ဝုဿွူရေ) သန့်စင်မှုပြုလုပ်မည်။ ထို့နောက် ဆွလာသ်နှစ်ရကအသ်ဆောက်တည်မည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် အပြစ်မှ ခွင့်

[1] အိဗ်နုဟစ်ဗ်ဗာန်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၄၂၇) (မဝါရစ်ဒ်) / အိဗ်နုစ္စုန်နီကျမ်း၊ ဟဒီးဆ်အမှတ် (၃၅၁)၊ ဟာဖိဇ်အိဗ်နိဟဂျရ်က "ဤဟဒီးဆ်သည် ဆွဟီးဟ်ဖြစ်သည်" ဟု မိန့်ဆိုထားပြီး အဗ်ဒုလ်ကာဒိရ် အလ်အရ်နာအူးသ်က အိမာမ်နဝဝီ၏ အလ်အဇ်ကားရ်ကျမ်း၏ သခ်ရီးဂ်ျ (စာ-၁၀၆) တွင် ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။

လွတ်ချမ်းသာခွင့် တောင်းခံပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းအားမုချ ခွင့်လွှတ်တော်မူမည်ဖြစ်သည်။”[1]

## ၄၅။ ရှိုင်သွာန် မိစ္ဆာကောင်နှင့် ၎င်း၏ နောက်ယှက်မှုများအား နှင်ထုတ်ရန် ရွတ်ဖတ်ရသည့် ဒုအာ

(၎င်းရှိုင်သွာန်မိစ္ဆာမှ အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံခွင့်တောင်းခံခြင်း။)[2]

(အဇာန်ပေးခြင်း)။[3]

(ဇိကိရ်များနှင့် ကုရ်အာန်ကျမ်းမြတ် ဖတ်ရွတ်ခြင်း)။

«لَا تَجْعَلُوا بُيُوتَكُمْ مَقَابِرَ، إِنَّ الشَّيْطَانَ يَنْفِرُ مِنَ الْبَيْتِ الَّذِي تُقْرَأُ فِيهِ سُورَةُ الْبَقَرَةِ»[184].

---

[1] အဗူဒါဝူဒ်ကျမ်း (၂/၈၆)၊ ဟဒီးဆ်အမှတ် (၁၅၂၁)/ သိရ်မိဇီကျမ်း (၂/၂၅၇)၊ ဟဒီးဆ်အမှတ် (၄၀၆)၊ အလ်ဘာနီက ဆွဟီးဟ်အဗူဒါဝူဒ်ကျမ်း (၁/၂၈၃) တွင် ၎င်းဟဒီးဆ်အား ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။

[2] အဗူဒါဝူဒ်ကျမ်း (၁ / ၂၀၃) ၊ ဟဒီးဆ်အမှတ် ၊ နှင့် အိဗ်နုမာဂျဟ်ကျမ်း (၁ / ၂၆၅) ၊ ဟဒီးဆ်အမှတ် (၈၀၇) ၊ ၎င်း၏ သခ်ရီးဂ်ျ (ဆင့်ပြန်ဖော်ပြချက်)ကို ဟဒီးဆ်အမှတ် (၃၁) တွင် တင်ပြပြီးဖြစ်သည် ၊ ကြည့်ပါ - စူရဟ် အလ်-မုအ်မိနူးန် [၉၇-၉၈] ။

[3] မွတ်စ်လင်မ်ကျမ်း (၁/၂၉၁)၊ ဟဒီးဆ်အမှတ် (၃၈၉) / ဗုခါရီကျမ်း (၁/၁၅၁)၊ ဟဒီးဆ်အမှတ် (၆၀၈)

"အသင်တို့သည် မိမိတို့၏အိမ်များကို ကဗရ်သင်္ချိုင်းများအဖြစ် မပြုလုပ်ကြလေနှင့်။ ဧကန်မုချ ရှိုင်သွာန်သည် စူရဟ်ဗကရဟ်ရွတ်ဖတ်သော အိမ်မှထွက်ပြေးသည်။"[1]

ရှိုင်သွာန်အား မောင်းထုတ်နိုင်သည့် အရာများအနက် နံနက်နှင့် ညနေခင်းတွင် ဖတ်ရသော ဇိကိရ်များ၊ အိပ်သည့်အခါနှင့် အိပ်ယာမှနိုးထသည့်အခါ၊ အိမ်သို့ဝင်သည့်အခါနှင့် ထွက်သည့်အခါ၊ ဗလီသို့ဝင်သည့်အခါနှင့် ထွက်သည့်အခါ ဖတ်ရသော ဇိကိရ်များနှင့် အခြားသော တရားတော်လာဇိကိရ်များ ပါဝင်သည်။ ဥပမာ- အိပ်သည့်အခါ အာယသုလ်ကုရ်စီ ဖတ်ရွတ်ခြင်း၊ စူရာဟ်ဗကရဟ်၏ နောက်ဆုံးအာယသ်နှစ်ခုကို ဖတ် ရွတ်ခြင်း၊ ထို့ပြင် မည်သူမဆို ဤသို့ဆိုခဲ့လျှင်-

لَا إِلٰهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ وَلَهُ الْحَمْدُ، وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ

တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအ

[1] မွတ်စ်လင်မ်ကျမ်း (၁/၅၃၉)၊ ဟဒီးဆ်အမှတ် (၇၈၀)

ပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏ ။ ထိုအရှင်မြတ် သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။

مِائَةَ مَرَّةٍ، كانت له حرزًا من الشيطان يومه كله[185]،

အကြိမ်တစ်ရာ၊ ၎င်းအဖို့ ထိုနေ့တစ်နေ့တာလုံး ရှိုင်သွာန်မှ အကာအကွယ် ဖြစ်ပေမည်[1] ထို့အတူ အဇာန်သည်လည်း ရှိုင်သွာန်အား နှင်ထုတ်သည်။

## ၄၆။ မိမိ မနှစ်သက်သောအရာ ကျရောက်လာသောအခါ သို့မဟုတ် မိမိမတတ်နိုင်သော အခြေအနေမျိုး ကြုံတွေ့ရသောအခါ ဖတ်ရမည့်ဒုအာ

«قَدَرُ اللَّهُ وَمَا شَاءَ فَعَلَ»[186].

"အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ချက်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် မိမိအလိုရှိသည့်အရာအား ပြုလုပ်တော်မူ၏။"[2]

---

[1] ဗုခါရီကျမ်း (၄/၁၂၆)၊ ဟဒီးဆ်အမှတ် (၃၂၉၃)

[2] "အားကောင်းသည့် မုအ်မင်န်သည် အားအင်ချည့်နဲ့သည့် မုအ်မင်န်ထက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ပို၍ ကောင်းမြတ်ပြီး ပို၍နှစ်သက်ခြင်းခံရသည်။ မုအ်မင်န်တို

## ၄၇။ မွေးကင်းစကလေးရရှိသူအား ဂုဏ်ပြုစကားနှင့် ၎င်း၏အဖြေ

«بَارَكَ اللَّهُ لَكَ فِي المَوْهُوبِ لَكَ، وَشَكَرْتَ الوَاهِبَ، وَبَلَغَ أَشُدَّهُ، وَرُزِقْتَ بِرَّهُ»[187].

"အလ္လာဟ်အရှင်မြတ်သည် သင့်အား ချီးမြှင့်ပေးသနားတော်မူသော ရင်သွေးငယ်၌ သင့်အတွက် ဗရ်ကသ်မင်္ဂလာ ချီးမြှင့်တော်မူပါစေ။ သင်သည်လည်း ချီးမြှင့်ပေးသနားတော်မူသော အရှင်မြတ်အား ကျေးဇူးတင်နိုင်ပါစေ။ ထိုရင်သွေးငယ်သည်လည်း အရွယ်ရောက်ကြီးပြင်းလာပြီး သူ၏ရိုသေကျိုးနွံမှုကို သင့်အား ချီးမြှင့်တော်မူပါစေ။"[1]

---

င်းတွင် ကောင်းခြင်းရှိသည်။ အသင့်အားအကျိုးပြုမည့်အရာကို လိုလားပါ။ အလ္လာဟ်အရှင်မြတ်ထံတော်တွင် အကူအညီတောင်းခံပါ။ မတတ်စွမ်းနိုင်သူ မဖြစ်လေနှင့်။ အကယ်၍ သင့်ထံ တစ်စုံတစ်ရာ ဆိုက်ရောက်လာပါက အကယ်၍ ငါသာ ဒီလိုလုပ်ခဲ့ရင် ဒီလို ဒီလို ဖြစ်ခဲ့မည်ဟူ၍ မပြောဆိုလေနှင့်။ သို့သော် အလ္လာဟ်အရှင်မြတ် သတ်မှတ်စီရင်တော်မူခဲ့ပြီးဖြစ် သည်။ အရှင်မြတ်သည် မိမိအလိုရှိသည်ကို ပြုလုပ်တော်မူခဲ့သည်ဟုသာ ပြောဆိုပါ။ အဘယ်ကြောင့်ဆိုသော် (အကယ် ၍)ဟူသော စကားလုံးသည် ရှိုင်သွာန်၏ လုပ်ရပ်ကို ဖွင့်ပေးလိုက်သောကြောင့်ဖြစ်သည်။"
မွတ်စ် လင်မ်ကျမ်း (4/2052)၊ အမှတ် (၂၆၆၄)။

[1] ဟစန်ဗဆွရီ ၏ မိန့်ဆိုချက်မှ ဖော်ပြထားခြင်းဖြစ်သည်။ အိဗ်နွလ်ကိုင်ယ်ယင်မ် ၏ သုဟ်ဖသွလ် မောင်ဝ်ဒူးဒ်ကျမ်း (စာ-၂၀) ကို ကြည့်ပါ၊ ၎င်းက ယင်းကို အိဗ်နွလ်မွန်ဇိရ်၏ အလ်အောင်ဆွသ် ကျမ်းသို့ ရည်ညွှန်းထားသည်။

ဂုဏ်ပြုခံရသူက ၎င်းအား ပြန်လည်၍ အောက်ပါအတိုင်း တုံ့ပြန်ပြောဆိုရမည်။

«بَارَكَ اللَّهُ لَكَ وَبَارَكَ عَلَيْكَ، وَجَزَاكَ اللَّهُ خَيْرًا، وَرَزَقَكَ اللَّهُ مِثْلَهُ، وَأَجْزَلَ ثَوَابَكَ»[188].

“ အလ္လာဟ်အရှင်မြတ်သည် အသင့်အတွက် လည်းကောင်း၊ အသင့်အပေါ်၌ လည်းကောင်း ဗရ်ကသ်မင်္ဂလာများ ချီးမြှင့်တော်မူပါစေ။ အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကောင်းကျိုးဆုလာဘ်များ အစားပေးချီးမြှင့်တော်မူပါစေ။ အလ္လာဟ်အရှင်မြတ်သည် အသင့်အား ထိုကဲ့သို့ပင် ရိဇ်က် ချီးမြှင့်ပေးသနားတော်မူပါစေ။ ထို့ပြင် အသင်၏ စဝါဗ်ကုသိုလ်အကျိုးများကိုလည်း ပိုမိုတိုးပွားအောင် ပြုလုပ်ပေးသနားတော်မူပါစေ။ ”[1]

[1] ၎င်းကို အိမာမ်နဝဝီက ဇိကိရ်တော်များ ကျမ်း (စာမျက်နှာ ၃၄၉) တွင် မိန့်ဆိုခဲ့သည်။ ထပ်မံကြည့်ရှုရန် - ဆလီးမ် အလ်ဟိလာလီ ၏ အိမာမ်နဝဝီ ဆွဟီးဟ် ဇိက်ရ်တော်များ ကျမ်း (၂/၇၁၃) နှင့် ကျမ်းပြုဆရာ၏ ဇိကိရ်၊ ဒုအာနှင့် ရက်ယာဖြင့် ကုသခြင်းကျမ်း (၁/၄၁၆) ပါ အကိုးအကား အပြည့်အစုံ။

## ၄၈။ သားသမီးများအတွက် အကာအကွယ်တောင်းပေးသည့် ဒုအာ။

တမန်တော်မြတ် (ﷺ) သည် ဟစန်နှင့် ဟုစိုင်န် (ရသ္ဍိယလ္လာဟုအန်ဟုမာ) တို့အား အကာအကွယ်တောင်းခံပေးတော်မူလေ့ရှိသည်။

«أُعِيذُكُمَا بِكَلِمَاتِ اللَّهِ التَّامَّةِ مِنْ كُلِّ شَيْطَانٍ وَهَامَّةٍ، وَمِنْ كُلِّ عَيْنٍ لاَمَّةٍ»[189].

"အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ်တော်များအားဖြင့် ရှိုင်သွာန်တိုင်းနှင့် အဆိပ်ပြင်းသော သတ္တဝါတိုင်း၏ ဘေးအန္တရာယ်၊ ထို့ပြင် မကောင်းသော မျက်စိအကြည့်တိုင်း၏ ဘေးအန္တရာယ်တို့မှ ကင်းလွတ်ရန် အသင်တို့နှစ်ဦးအဖို့ အရှင်မြတ်ထံ ငါကိုယ်တော် ခိုလှုံခွင့်တောင်းခံပေးပါ၏။"[1]

[1] ဗုခါရီကျမ်း (၄/၁၁၉)၊ ဟဒီးဆ်အမှတ် (၃၃၇၁)၊ အိဗ်နုအဗ္ဗားစ် (ရသ္ဍိယလ္လာဟုအန်ဟုမာ) ထံမှ ဆင့်ပြန်ထားသော ဟဒီးဆ်။

# (၄၉) နာမကျန်းဖြစ်နေသူအား သွားရောက်ကြည့်ရှုသောအခါ ၎င်းအတွက် ပြုပေးရမည့်ဒုအာ

«لَا بأْس طَهُورٌ إِنْ شَاءَ اللَّهُ»[190].

"စိုးရိမ်ပူပန်ခြင်း မဖြစ်လေနှင့်။ (ဤရောဂါ ဝေဒနာသည်) အပြစ်များမှ သန့်စင်သွားစေသည့် အရာဖြစ်မည်။ အင်န် ရှာအလ္လာဟ်"[1]

«أَسْأَلُ اللَّهَ العَظِيمَ رَبَّ العَرْشِ العَظِيمِ أَنْ يَشْفِيَكَ»

"ကြီးမားလှသော အရ်ရှ်ပလ္လင်တော်အားစိုးပိုင်တော်မူသော ကြီးကျယ်မြင့်မြတ်တော်မူလှသည့် အလ္လာဟ်အရှင်မြတ်သည် အသင့်အား ရောဂါဝေဒနာမှသက်သာပျောက်ကင်းမှု ပေးသနားတော်မူပါရန် ကျွန်တော်မျိုး တောင်းဆုဒုအာပြုပါသည်။"

(၇) ကြိမ်။[2]

[1] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗာရီကျမ်းနှင့်တကွ (၁၀/၁၁၈)၊ ဟဒီးဆ်အမှတ် (၃၆၁၆)

[2] «မည်သည့် မွတ်စ်လင်မ် တစ်ဦးမဆို ကွယ်လွန်သေဆုံးချိန် မဆိုက်ရောက်သေးသော လူနာတစ်ဦးကို ကြည့်ရှုအားပေးရန် သွားရောက်ပြီး ... ကို ခုနစ်ကြိမ် ရွတ်ဖတ်ပါက .. . ၎င်း(လူနာ)သည် ကျန်းမာခြင်းကို ရရှိမည်ဖြစ်သည်။» သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှ

## ၅၀။ လူမမာသတင်းမေးခြင်း၏ ထွတ်မြတ်မှု။

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-

«إِذَا عَادَ الرَّجُلُ أَخَاهُ الْمُسْلِمَ مَشَى فِي خِرَافَةِ الجَنَّةِ حَتَّى يَجْلِسَ، فَإِذَا جَلَسَ غَمَرَتْهُ الرَّحْمَةُ، فَإِنْ كَانَ غُدْوَةً صَلَّى عَلَيْهِ سَبْعُونَ أَلْفَ مَلَكٍ حَتَّى يُمْسِيَ، وَإِنْ كَانَ مَسَاءً صَلَّى عَلَيْهِ سَبْعُونَ أَلْفَ مَلَكٍ حَتَّى يُصْبِحَ».

"လူတစ်ဦးသည် မိမိ၏ မွတ်စလင်မ်ညီနောင် (ဖျားနာနေသူ)အား သွားရောက်မေးမြန်းသည့်အခါ ၎င်းသည် မထိုင်မချင်း ဂျန္နသ်သုခဘုံ၏ သစ်သီးဝလံများ ခူးဆွတ်ရာဥယျာဉ်ထဲ၌ လျှောက်လှမ်းနေသူမည်၏။ ထို့နောက် ၎င်းသည် ထိုင်လိုက်သောအခါ ကရုဏာတော်သည် ၎င်းအား လွှမ်းခြုံသွားလေသည်။ အကယ်၍ နံနက်ခင်းအချိန်ဖြစ်ခဲ့လျှင် မလာအိကဟ်ကောင်းကင်တမန် ခုနစ်သောင်းတို့က ၎င်းအတွက် ညနေခင်းရောက်သည်အထိ ဆုတောင်းပေးမည်ဖြစ်သည်။ အကယ်၍ ညနေခင်းအချိန်ဖြစ်ခဲ့လျှင် မလာအိကဟ် ကောင်းကင်တမန် ခုနစ်သောင်းတို့က ၎င်းအတွက်

---

တ် (၂၀၈၃)၊ အဘူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၁၀၆)၊ ကြည့်ရှုရန် - ဆွဟီးဟ်သိရ်မိဇီကျမ်း (၂/၂၁၀)၊ ဆွဟီးဟွလ်ဂျာမိအ်ကျမ်း (၅/၁၈၀)။

နံနက်ခင်းအချိန်ရောက်သည်အထိ ဆုတောင်းပေးမည်ဖြစ်သည်။"[1]

## (၅၁) မိမိအသက်ရှင်ရန် မျှော်လင့်ချက်ကင်းမဲ့နေသော နာမကျန်းဖြစ်သူ၏ ဒုအာ

«اللَّهُمَّ اغْفِرْ لِي، وَارْحَمْنِي، وَأَلْحِقْنِي بِالرَّفِيقِ الأَعْلَى»[193].

"အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးအား ကြင်နာသနားတော်မူပါ။ ကျွန်တော်မျိုးအား အမြင့်မြတ်ဆုံးသော အပေါင်းအသင်းများနှင့် ပေါင်းဆုံခွင့် ချီးမြှင့်တော်မူပါ။"[2]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကွယ်လွန်တော်မူခါနီးအချိန်တွင် မိမိ၏လက်နှစ်ဖက်ကို ရေထဲသို့ထည့်တော်မူပြီး ယင်းလက်နှစ်ဖက်ဖြင့် မိမိ၏

1 သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၉၆၉)၊ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၄၄၂)၊ အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၉၇၅)၊ ကြည့်ပါ- ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၁/၂၄၄) နှင့် ဆွဟီးဟ်သိရ်မိဇီကျမ်း (၁/၂၈၆)၊ ထို့ပြင် အဟ်မဒ်ရှာကိရ်ကလည်း ဤဟဒီးဆ်ကို ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။

2 ဗုခါရီကျမ်း (၇/၁၀)၊ ဟဒီးဆ်အမှတ် (၄၄၃၅) / မွတ်စ်လင်မ်ကျမ်း (၄/၁၈၉၃)၊ ဟဒီးဆ်အမှတ် (၂၄၄၄)

မျက်နှာကို ပွတ်သပ်တော်မူကာ (ဤသို့) မိန့်ကြားတော်မူခဲ့သည်-

«لَا إِلَهَ إِلَّا اللَّهُ

"အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ

إِنَّ لِلْمَوْتِ سَكَرَاتٍ»[194].

ကေန်မလွဲ သေဆုံးခြင်း၌ ပြင်းထန်သော ဝေဒနာများ ရှိပေသည်။"[1]

«لَا إِلَهَ إِلَّا اللَّهُ وَاللَّهُ أَكْبَرُ، لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ، لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَا إِلَهَ إِلَّا اللَّهُ لَهُ المُلْكُ وَلَهُ الحَمْدُ، لَا إِلَهَ إِلَّا اللَّهُ وَلَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللَّهِ»[195].

"အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြီးကဲဆုံးဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိပါ။ အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူပါသည်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိပါ။ အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူပြီး၊ အရှ

[1] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗာရီ (၈/၁၄၄)၊ ဟဒီးဆ်အမှတ် (၄၄၄၉)၊ ထိုဟဒီးဆ်တွင် မိစ်ဝါးက်တိုက်ခြင်းအကြောင်း ဖော်ပြထားသည်။

င်မြတ်နှင့် တုဖက်နိုင်းယှဉ်ကိုးကွယ်ရာအရှင်ဟူ၍ မရှိပါ။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိပါ။ စိုးပိုင်ခြင်းဟူသမျှသည် အရှင်မြတ်အဖို့သာလျှင်ဖြစ်ပြီး၊ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည်လည်း အရှင်မြတ်အဖို့သာလျှင်ဖြစ်တော်မူပါသည်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိပါ။ ထို့ပြင် မကောင်းမှုမှ ရှောင်ကြဉ်နိုင်ခြင်းနှင့်ကောင်းမှုများ ကျင့်ဆောင်နိုင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ စွမ်းအားပေးသနားတော်မူခြင်းကြောင့်သာ ဖြစ်သည်။"[1]

## ၅၂။ ကွယ်လွန်ခါနီးသေအံ့ဆဲဆဲဖြစ်နေသူကို ကလိမဟ်တိုင်ပေးခြင်း။

«مَنْ كَانَ آخِرُ كَلَامِهِ

အကြင်သူ၏ နောက်ဆုံးစကားသည်

لَا إِلَهَ إِلَّا اللَّهُ

[1] သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၃၀)၊ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးစ်အမှတ် (၃၇၉၄) ရှိုက်ခ်အလ်ဗာနီက ဤ ဟဒီးဆ်အား ဆွဟီးဟ်ဟု မှတ်ချက်ပြုထားသည်။ ကြည့် - ဆွဟီးဟ် သိရ်မိဇီကျမ်း (၃ / ၁၅၂)၊ ဆွဟီးဟ် အိဗ်နုမာဂျဟ်ကျမ်း (၂ / ၃၁၇)

"အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်မရှိ" ဟု ဖြစ်ခဲ့လျှင်

دَخَلَ الجَنَّة»[196].

ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်ဖြစ်သည်။"[1]

## (၅၃) ဘေးဒုက္ခကျရောက်သောအခါ ဖတ်ရမည့်ဒုအာ

«إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ، اللَّهُمَّ أْجُرْنِي فِي مُصِيبَتِي، وَأَخْلِفْ لِي خَيْرًا مِنْهَا»[197].

"အကယ်စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်ကြပြီး ကေန်အမှန် အရှင်မြတ်ထံသို့ ပြန်လည်ရောက်ရှိကြရမည်ဖြစ်ပါသည်။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ ဤဘေးဒုက္ခတွင် အကျိုးဆုလာဘ် ပေးသနားတော်မူပါ။ ၎င်းဘေးဒုက္ခအစား ကျွန်တော်မျိုးအား ယင်းထက်ကောင်းမြတ်သောအရာကို အစားထိုးပေးသနားတော်မူပါ။"[2]

[1] အဗူဒါဝူဒ်ကျမ်း (၃ / ၁၉၀)၊ ဟဒီးစ်အမှတ် (၃၁၁၆)၊ ကြည့်ပါ - ဆွဟီးဟ္ဂလ်ဂျာမိအ်ကျမ်း (၅ / ၄၃၂)

[2] မွတ်စ်လင်မ်ကျမ်း (၂/၆၃၂)၊ ဟဒီးဆ်အမှတ် (၉၁၈)

# (၅၄) ကွယ်လွန်သူ၏ မျက်စိကို မှိတ်ပေးချိန်တွင် ဖတ်ရမည့်ဒုအာ။

«اللَّهُمَّ اغْفِرْ لِفُلَانٍ (بِاسْمِهِ) وَارْفَعْ دَرَجَتَهُ فِي المَهْدِيِّينَ، وَاخْلُفْهُ فِي عَقِبِهِ فِي الغَابِرِينَ، وَاغْفِرْ لَنَا وَلَهُ يَا رَبَّ العَالَمِينَ، وَافْسَحْ لَهُ فِي قَبْرِهِ، وَنَوِّرْ لَهُ فِيهِ»[198].

"အို-အလ္လာဟ်အရှင်မြတ် မည်သူမည်ဝါ( ၎င်း၏ နာမည်ဖြင့်) အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ တရားလမ်းမှန်ရရှိသူများအနက် ၎င်း၏အဆင့်အတန်းအား မြှင့်တင်ပေးသနားတော်မူပါ။ ၎င်း၏နောက် ကျန်ရစ်သူများအနက် ၎င်း၏ကိုယ်စား စောင့်ရှောက်ပေးတော်မူပါ။ အို- စကြဝဠာခပ်သိမ်းကို မွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုးတို့အားလည်းကောင်း၊ ၎င်းအားလည်းကောင်း လွတ်ငြိမ်းချမ်း သာခွင့် ပေးသနားတော်မူပါ။ ၎င်း၏ကဗရ်အား ၎င်းအတွက် ကျယ်ဝန်းစေတော်မူပြီး၊ ၎င်းအတွက် ထိုကဗရ်အတွင်း၌ လင်းဝင်းတောက်ပစေတော်မူပါ။"[1]

[1] မွတ်စ်လင်မ်ကျမ်း (၂/၆၃၄)၊ ဟဒီးဆ်အမှတ် (၉၂၀)

## (၅၅) ဂျနာဇဟ် ဆွလာသ် ဝတ်ပြုရာတွင် ကွယ်လွန်သူအတွက် ဒုအာတောင်းပေးခြင်း။

«اللَّهُمَّ اغْفِرْ لَهُ وَارْحَمْهُ، وَعَافِهِ، وَاعْفُ عَنْهُ، وَأَكْرِمْ نُزُلَهُ، وَوَسِّعْ مُدْخَلَهُ، وَاغْسِلْهُ بِالمَاءِ وَالثَّلْجِ وَالبَرَدِ، وَنَقِّهِ مِنَ الخَطَايَا كَمَا نَقَّيْتَ الثَّوْبَ الأَبْيَضَ مِنَ الدَّنَسِ، وَأَبْدِلْهُ دَارًا خَيْرًا مِنْ دَارِهِ، وَأَهْلاً خَيْرًا مِنْ أَهْلِهِ، وَزَوْجًا خَيْرًا مِنْ زَوْجِهِ، وَأَدْخِلْهُ الجَنَّةَ، وَأَعِذْهُ مِنْ عَذَابِ القَبْرِ [وَعَذَابِ النَّارِ]»[199].

"အို အလ္လာဟ်အရှင်မြတ် ကွယ်လွန်သူအား လွတ်ငြိမ်းချမ်း သာခွင့် ပေးသနားတော်မူပါ။ သနားကြင်နာတော်မူပါ။ သက်သာချောင်ချိမှုပေးတော်မူပါ။ ခွင့်လွှတ်တော်မူပါ။ ၎င်းအား ဂုဏ်သိက္ခာရှိစွာ ဧည့်ခံကြိုဆိုတော်မူပါ။ ၎င်းဝင်ရောက်ရမည့်နေရာ (ကဗရ်) အားကျယ်ဝန်းစေတော်မူပါ။ ၎င်း၏ (အပြစ်များ) အား ရေ၊ ရေခဲ၊ နှင်းရေတို့ဖြင့် ဆေးကြောပေးတော်မူပါ။ အဝတ်ဖြူသည် အညစ်အကြေးမှသန့်စင်နေသကဲ့သို့ အရှင်မြတ်သည် ၎င်းအား အပြစ်အကုသိုလ်များမှ သန့်ရှင်းစင်ကြယ်စေတော်မူပါ။ ၎င်းအား လောကီ၌၎င်းပိုင်ဆိုင်ခဲ့သည့် အိမ်အစား ပို၍ ကောင်းသောအိမ်၊ ဆွေ မျိုးသားချင်းများအစား ပို၍ ကောင်းသောဆွေမျိုးသားချင်းများ၊ ဇနီးကြင်ရာအစား ပို၍ ကောင်းသော ဇနီးကြင်ရာကို ချီးမြှင့်ပေးသနားတော်မူပါ။ ၎င်းအား ဂျန္နသ်သု

ခဘုံ၌ ထည့်သွင်းပေးသနားတော်မူပါ။ ကဗရ်၏အဇာဗ်ပြစ်ဒဏ် [နှင့် ဂျဟန္နမ်ငရဲ၏ အဇာဗ်ပြစ်ဒဏ်] မှ ကာကွယ်ထိန်းသိမ်းတော်မူပါ။"[1]

«اللَّهُمَّ اغْفِرْ لِحَيِّنَا وَمَيِّتِنَا، وَشَاهِدِنَا وَغَائِبِنَا، وَصَغِيرِنَا وَكَبِيرِنَا، وَذَكَرِنَا وَأُنْثَانَا، اللَّهُمَّ مَنْ أَحْيَيْتَهُ مِنَّا فَأَحْيِهِ عَلَى الإِسْلَامِ، وَمَنْ تَوَفَّيْتَهُ مِنَّا فَتَوَفَّهُ عَلَى الإِيمَانِ، اللَّهُمَّ لَا تَحْرِمْنَا أَجْرَهُ، وَلَا تُضِلَّنَا بَعْدَهُ».

"အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အနက်မှ ရှင်နေသူများကိုလည်းကောင်း၊ ကွယ်လွန်သူများကိုလည်းကောင်း၊ (ဤဂျနာဇဟ်ဆွလာသ်တွင်) ပါဝင်သူများကိုလည်းကောင်း၊ မပါဝင်သူများကိုလည်းကောင်း၊ ငယ်ရွယ်သူများကိုလည်း ကောင်း၊ အသက်အရွယ်ကြီးသူများကိုလည်းကောင်း၊ အ မျိုးသားများကိုလည်းကောင်း၊ အမျိုးသမီးများကိုလည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အနက် တစ်ဦးတစ်ယောက်အား အသက်ရှင်လျက်ထားတော်မူလျှင် ၎င်းအား အစ္စလာမ်သာသနာပေါ်၌သာ အသက်ရှင်စေတော်မူပါ။ ကျွန် တော်မျိုးတို့အနက် တစ်ဦးတစ်ယောက်အား သေဆုံးစေတော်မူလျှင် ၎င်းအား အီမာန်ပေါ်၌သာ

[1] မွတ်စ်လင်မ်ကျမ်း (၂/၆၆၃)၊ ဟဒီးဆ်အမှတ် (၉၆၃)

ကွယ်လွန်သေဆုံးစေတော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား ၎င်း၏ အကျိုးကျေးဇူးမှ လက်မဲ့ဖြစ်စေတော်မမူပါနှင့်။ ၎င်းမရှိသည့်နောက်တွင် ကျွန်တော်မျိုးတို့အား လမ်းမှားရောက်စေတော်မမူပါနှင့်။"[1]

«اللَّهُمَّ إِنَّ فُلَانَ بْنَ فُلَانٍ فِي ذِمَّتِكَ، وَحَبْلِ جِوَارِكَ، فَقِهِ مِنْ فِتْنَةِ الْقَبْرِ، وَعَذَابِ النَّارِ، وَأَنْتَ أَهْلُ الْوَفَاءِ وَالْحَقِّ، فَاغْفِرْ لَهُ وَارْحَمْهُ إِنَّكَ أَنْتَ الْغَفُورُ الرَّحِيمُ»[201].

"အို အလ္လာဟ်အရှင်မြတ်၊ ကေန်အမှန် မည်သူမည်ဝါ၏သား မည်သူမည်ဝါသည် အရှင်မြတ်၏ စောင့်ရှောက်မှုတာဝန်နှင့် အရှင်မြတ်၏ အကာအကွယ်ခိုလှုံမှုအောက်တွင် ရှိနေပါပြီ။ သို့ဖြစ်ပါ၍ ၎င်းအား ကဗရ်၏ စမ်းသပ်မှုနှင့် ဂျဟန္နမ်ငရဲ၏ အဇားဗ်ပြစ်ဒဏ်မှ ကာကွယ်ထိန်းသိမ်းတော်မူပါ။ အရှင်မြတ်သည် ကတိသစ္စာတည်ကြည်တော်မူသောအရှင်၊ အမှန်တရားကို ပိုင်ဆိုင်တော်မူသောအရှင်ဖြစ်တော်မူ၏။ ထို့ကြောင့် ၎င်းအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။ သနားကြင်နာတော်မူပါ။ ကေန်အမှန်

---

[1] အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၂၀၁)/ သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၂၄)/ နဆာအီကျမ်း၊ ဟဒီးဆ်အမှတ် (၁၉၈၅)/ အိဗ်နုမာဂျဟ်ကျမ်း (၁/၄၈၀)၊ ဟဒီးဆ်အမှတ် (၁၄၉၈)/ မွတ်စ်နဒ်အဟ်မဒ်ကျမ်း (၂/၃၆၈)၊ ဟဒီးဆ်အမှတ် (၈၈၀၉)/ ကြည့် - ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၁/၂၅၁)

အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါ၏။"[1]

«اللَّهُمَّ عَبْدُكَ وَابْنُ أَمَتِكَ احْتَاجَ إِلَى رَحْمَتِكَ، وَأَنْتَ غَنِيٌّ عَنْ عَذَابِهِ، إِنْ كَانَ مُحْسِنًا فَزِدْ فِي حَسَنَاتِهِ، وَإِنْ كَانَ مُسِيئًا فَتَجَاوَزْ عَنْهُ»[202].

"အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏ကျွန်၊ အရှင်မြတ်၏ ကျွန်မ၏သားဖြစ်သူ ဤသူသည် အရှင်မြတ်၏ ရဟ်မသ်ကရုဏာတော်ကို လိုအပ်လျက်ရှိပါသည်။ ၎င်းပြင် အရှင်မြတ်သည် ၎င်းအား ပြစ်ဒဏ်ပေးရန် မလိုအပ်သောအရှင် ဖြစ်တော်မူပါသည်။ အကယ်၍ ၎င်းသည် ကောင်းမှုပြုသူဖြစ်ခဲ့ပါလျှင် ၎င်း၏ ကောင်းမှုများကို တိုးပွားစေတော်မူပါ။ ထို့ပြင် အကယ်၍ ၎င်းသည် မကောင်းမှုပြုသူဖြစ်ခဲ့ပါလျှင် ၎င်းအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါ။"[2]

---

[1] အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၄၉၉)၊ ကြည့် - ဆွဟီးဟ် အိဗ်နုမာဂျဟ်ကျမ်း (၁ / ၂၅၁) / အဘူဒါဝူဒ်ကျမ်း (၃ / ၂၁၁)၊ ဟဒီးဆ်အမှတ် (၃၂၀၂)

[2] မွတ်စ်သဒ်ရက်ကျမ်း (၁ / ၃၅၉) ဟာကင်မ်က ဤဟဒီးဆ်အား ဆွဟီးဟ်ဟု မှတ်ချက်ပြုထားပြီး ဇဟဗီကလည်း သဘောတူထောက်ခံထားသည်။ ကြည့် - ရှိုက်ခ်အလ်ဗာနီ၏ အဟ်ကာမွလ်ဂျနာအိဇ်ကျမ်း (စာ ၁၂၅)။

## (၅၆) ကွယ်လွန်သူ ကလေးငယ်အတွက် ဂျနာဇာဆွလာသ်ဖတ်ရာတွင် ဒုအာတောင်းခြင်း။

«اللَّهُمَّ أَعِذْهُ مِنْ عَذَابِ القَبْرِ»[203].

"အို-အလ္လာဟ်အရှင်မြတ်၊ ၎င်းအား ကဗရ်၏ အဇာဗ်ပြစ်ဒဏ်မှ ကင်းဝေးစေတော်မူပါ။"[1]

ထို့ပြင် အကယ်၍ ဤသို့ရွတ်ဆိုလျှင်-

«اللَّهُمَّ اجْعَلْهُ فَرَطًا وَذُخْرًا لِوَالِدَيْهِ، وَشَفِيعًا مُجَابًا، اللَّهُمَّ ثَقِّلْ بِهِ مَوَازِينَهُمَا، وَأَعْظِمْ بِهِ أُجورَهُمَا، وَأَلْحِقْهُ بِصَالِحِ المُؤْمِنِينَ، وَاجْعَلْهُ فِي كَفَالَةِ إِبْرَاهِيمَ، وَقِهِ بِرَحْمَتِكَ عَذَابَ الجَحِيمِ، وَأَبْدِلْهُ دَارًا خَيْرًا مِنْ دَارِهِ، وَأَهْلًا خَيْرًا مِنْ أَهْلِهِ، اللَّهُمَّ اغْفِرْ لِأَسْلَافِنَا، وَأَفْرَاطِنَا، وَمَنْ سَبَقَنَا بِالإِيمَانِ»

အို-အလ္လာဟ်အရှင်မြတ် ၎င်းကလေးငယ်အား ကြိုတင်ရောက်နှင့်နေသော အကျိုးအဖြစ်သော်လည်းကောင်း၊ ၎င်း၏ မိဘနှစ်ပါးအတွက် စုဆောင်းထားသည့်ဝေစုအဖြစ်

[1] (စအီးဒ်ဗင်န်အလ်မုဆိုင်ယိဗ်က ပြောကြားခဲ့သည်မှာ- ကျွန်ုပ်သည် မည်သည့် အပြစ်အကုသိုလ်ကိုမျှ မကျူးလွန်ဖူးသေးသော ကလေးငယ်တစ်ဦးအတွက် အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု) ၏ နောက်တွင် ဂျနာဇဟ်ဆွလာသ် ဝတ်ပြုခဲ့ပါသည်။ ထိုအခါ ၎င်းပြောကြားသည်ကို ကျွန်ုပ်ကြားခဲ့ရသည်မှာ...) ဟဒီးဆ်။ ဤဟဒီးဆ်ကို အိမာမ်မာလစ်က်က 'အလ်မုဝတ္တအ်' ကျမ်း (၁/၂၈၈) တွင်လည်းကောင်း၊ အစ်ဗ်နုအဗီရှိုင်ဗဟ်က 'အလ်မုဆွန္နဖ်' ကျမ်း (၃/၂၁၇) တွင်လည်းကောင်း၊ ဗိုင်ဟကီက (၄/၉) တွင်လည်းကောင်း မှတ်တမ်းတင် ဆင့်ပြန်ထားသည်။ ရှုအိုက်ဗ်အလ်အရ်နာအူးသ်က အလ်ဗဂဝီ၏ 'ရှရ်ဟုစ္စုန္နဟ်' ကျမ်းကို သုတေသနပြုရာတွင် (၅/၃၅၇) ၌ ၎င်း၏ ဆင့်ပြန်သူကွင်းဆက် (စနဒ်)ကို ခိုင်လုံကြောင်း အတည်ပြုထားသည်။

လည်းကောင်း၊ လက်ခံသဘောတူခြင်းခံရမည့် ကြားဝင် အသနားခံပေးသူအဖြစ်လည်းကောင်း ပြုလုပ်ပေးသနား တော်မူပါ။ အို အလ္လာဟ်အရှင်မြတ် ထိုကလေးငယ်၏ အ ကြောင်းခံဖြင့် ၎င်း၏ မိဘနှစ်ပါး၏ အမလ်ချိန်ခွင်များကို လေးလံစေတော်မူပါ။ ထိုမိဘနှစ်ပါး၏ အကျိုးကုသိုလ် များကို များပြားစေတော်မူပါ။ ထိုကလေးငယ်အား ကော င်းမွန်သည့် အီမာန်ရှင်များအနက် အပါအဝင်ဖြစ်စေတော် မူပါ။ ၎င်းအား အိဗ်ရာဟီမ် (عليه السلام) ၏ အုပ်ထိန်းမှုအော က်တွင်ထားတော်မူပါ။ အရှင်မြတ်၏ အသနားတော်ဖြင့် ၎ င်းအား ဂျဟန္နမ်ငရဲ၏ အဇာဗ်ပြစ်ဒဏ်မှ ကယ်တင်တော် မူပါ။ ၎င်းအား လောကီ၌ ၎င်းပိုင်ဆိုင်ခဲ့သည့် အိမ်အစား ပို ၍ကောင်းသောအိမ်၊ ဆွေ မျိုးသားချင်းများအစား ပို၍ ကောင်းသော ဆွေမျိုးသားချင်းများကို ချီးမြှင့်ပေးသနား တော်မူပါ။ အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့၏ ရှေးဘိုးဘေးများကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့အတွ က် ကြိုတင်ရောက်နှင့်နေသော ကလေးငယ်များကိုလည်း ကောင်း၊ ကျွန်တော်မျိုးတို့ထက်အရင် အီမာန်ဖြင့် ကွယ်လွ

န်သွားကြသူများကိုလည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။"

သို့ဖြစ်ရာ ကောင်းမွန်ပေသည်။။[1]

«اللَّهُمَّ اجْعَلْهُ لَنَا فَرَطًا، وَسَلَفًا، وَأَجْرًا»[205].

"အို-အလ္လာဟ်အရှင်မြတ် ၎င်းအား ကျွန်ုပ်တို့အတွက် ကြိုတင်ရောက်ရှိနေသူအဖြစ်လည်းကောင်း၊ ကြိုတင်စုဆောင်းမှုအဖြစ်လည်းကောင်း၊ အကျိုးဆုလာဘ်အဖြစ်လည်းကောင်း ဖြစ်စေတော်မူပါ။"[2]

---

[1] ကြည့် - အိဗ်နုကုဒါမဟ် ၏ အလ်မုဂ်နီ ကျမ်း ( အတွဲ ၃ / စာမျက်နှာ ၄၁၆ ) ရှိုင်းခ် အဗ္ဗဒွလ်အဇီးဇ် ဗင်န် အဗ်ဒွလ္လာဟ် ဗင်န် ဗာဇ် ( رحمه الله ) ၏ မွတ်စ်လင်မ်လူထုအတွက် အရေး ကြီးသော သင်ခန်းစာများ ( စာမျက်နှာ ၁၅ ) ။

[2] ဟာစန် သည် ကလေးငယ်အပေါ် စူရဟ် ဖာသိဟာဟ် ရွတ်ဖတ်လေ့ရှိပြီး "ဤသို့ မိန့်ဆိုလေ့ရှိသည်....ဟာဒီးဆ်။ ၎င်းကို ဗဂ်ဝီ က ရှရ်ဟုစ်စွန္နဟ် (၅/၃၅၇) တွင် လည်းကောင်း ၊ အဗ်ဒွရ်ရဇ္ဇာက် က ဟာဒီးဆ်အမှတ် (၆၅၈၈) တွင်လည်းကောင်း ဆင့်ပြန်တင်ပြထားပြီး၊ ဗုခါရီကလည်း ကိသာဗွလ်ဂျနာအိဇ် (၆၅)၊ ဂျနာဇဟ်အပေါ် စူရဟ် ဖာသိဟာဟ် ရွတ်ဖတ်ခြင်း ကဏ္ဍ (၂/၁၁၃) ၌ ဟာဒီးဆ်အမှတ် (၁၃၃၅) မတိုင်မီ ၎င်းကို မုအလ်လက်က်(စနဒ်ကွင်းဆက်ကိုဖြုတ်ချ၍) အဖြစ် မှတ်တမ်းတင်ထားသည်။

## ၅၇။ (ကွယ်လွန်သူ၏မိသားစုအား )

## နှစ်သိမ့်ပေးသည့်ဒုအာ။

«إِنَّ لِلَّهِ مَا أَخَذَ، وَلَهُ مَا أَعْطَى، وَكُلُّ شَيْءٍ عِنْدَهُ بِأَجَلٍ مُسَمًّى... فَلْتَصْبِرْ وَلْتَحْتَسِبْ»[206].

"အမှန်စင်စစ် ပြန်လည်ရုပ်သိမ်းသွားသောအရာသည် အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်သောအရာသာဖြစ်ပြီး၊ ချီးမြှင့်တော်မူသောအရာသည်လည်း အရှင်မြတ်ပိုင်ဆိုင်သောအရာပင်ဖြစ်သည်။ အရှင်မြတ်ထံတော်၌ အရာရာတိုင်းသည် သတ် မှတ်ထားသော အချိန်ကာလတစ်ခုစီ ရှိပေသည်။... သို့ဖြစ်၍ စွဗရ်သည်းခံပြီး အကျိုးဆုလာဘ်ကို မျှော်လင့်ပါလေ။"[1]

ထို့ပြင် အကယ်၍ ဤသို့ရွတ်ဆိုလျှင်လည်း-

«أَعْظَمَ اللَّهُ أَجْرَكَ، وَأَحْسَنَ عَزَاءَكَ، وَغَفَرَ لِمَيِّتِكَ»

" အလ္လာဟ်အရှင်မြတ်သည် အသင်၏ အကျိုးကျေးဇူးကို ကြီးမားစွာ ချီးမြှင့်တော်မူပါစေ။ အသင့်အား ကောင်းမွန်စွာ စိတ်ဖြေသိမ့်မှု ပေးသနားတော်မူပါစေ။ အသင်၏ ကွ

[1] ဗုခါရီကျမ်း (၂/၈၀)၊ ဟဒီးဆ်အမှတ် (၁၂၈၄) / မွတ်စ်လင်မ်ကျမ်း (၂/၆၃၆)၊ ဟဒီးဆ်အမှတ် (၉၂၃)

ယ်လွန်သူအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါစေ။ ”

ကောင်းမွန်ပေသည်။[1]

## ၅၈။ ကွယ်လွန်သူအား ကဗရ်ထဲသို့ ထည့်သွင်းသည့်အခါတွင် ဖတ်ရန်ဒုအာ။

«بِسْمِ اللَّهِ وَعَلَى سُنَّةِ رَسُولِ اللَّهِ»[208].

"အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်၏ စွန္နသ်တော်အပေါ်၌ လည်းကောင်း (အစပြုပါ၏)။"[2]

## ၅၉။ ကွယ်လွန်သူအား မြှုပ်နှံပြီးနောက် ဒုအာတောင်းပေးခြင်း။

«اللَّهُمَّ اغْفِرْ لَهُ، اللَّهُمَّ ثَبِّتْهُ»[209].

---

[1] အိမာမ်နဝဝီ၏ အလ်အဇ်ကားရ်ကျမ်း (စာ-၁၂၆)

[2] အဗူဒါဝူဒ်ကျမ်း (၃/၃၁၄)၊ ဟဒီးဆ်အမှတ် (၃၂၁၅) တွင် ဆွဟီးဟ်စနဒ်ဖြင့်လည်းကောင်း၊ အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၂၃၄) နှင့် အမှတ် (၄၈၁၂) တို့တွင် «အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်၊ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၏ သာသနာတော်ပေါ်၌» ဟူသော စကားရပ်ဖြင့်လည်းကောင်း ဆင့်ပြန်ထားပြီး ၎င်း၏စနဒ်သည် ဆွဟီးဟ်ဖြစ်သည်။

"အို အလ္လာဟ်အရှင်မြတ်၊ ၎င်းအား ခွင့်လွှတ်တော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊ ၎င်းအား ခိုင်မြဲစေတော်မူပါ။"[1]

## ၆၀။ ကဗရ်သင်္ချိုင်းများအား ဇိယာရသ်ပြုလုပ်သည့်အခါ ဖတ်ရမည့် ဒုအာ။

«السَّلاَمُ عَلَيْكُمْ أَهْلَ الدِّيَارِ، مِنَ الْمُؤْمِنِينَ وَالْمُسْلِمِينَ، وَإِنَّا إِنْ شَاءَ اللَّهُ بِكُمْ لَاحِقُونَ، [وَيَرْحَمُ اللَّهُ الْمُسْتَقْدِمِينَ مِنَّا وَالْمُسْتَأْخِرِينَ] أَسْأَلُ اللَّهَ لَنَا وَلَكُمُ الْعَافِيَةَ»[210].

အို ကဗရ်အတွင်းရှိကြသူ မုအ်မင်န် မွတ်စ်လင်မ်အပေါင်းတို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာမှုအပေါင်း အသင်တို့အပေါ် ကျရောက်ပါစေ။ အလ္လာဟ်အရှင်မြတ်အလိုတော်ရှိသည့်အခါ ကျွန်ုပ်တို့သည်လည်း အသင်တို့နှင့်လာရောက်ပေါင်းစည်းရမည့်သူများပင်ဖြစ်သည်။ [ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အနက်မှ ကြိုတင်သွားနှင့်ကြသူများနှင့် နောက်မှလိုက်လာမည့် သူများအား

---

1 တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် သေသူအား မြှုပ်နှံပြီးနောက် ၎င်း၏ ကဗရ်တွင်ရပ်၍ မိန့်တော်မူသည်။ "အသင်တို့၏ ညီနောင်(သေသူ) အတွက် မဂ်ဖိရသ်လွတ်ငြိမ်းချမ်း သာခွင့် တောင်းခံပေးကြလေကုန်။ ၎င်းအတွက် တည်တံ့မြဲမြံမှုကို တောင်းခံပေးကြလေကုန်။ ၎င်းသည် ယခုမေးမြန်းခြင်းခံနေရပြီဖြစ်သည်။" အဗူဒါဝူဒ်ကျမ်း (၃/၃၁၅) အမှတ် (၃၂၂၁) မွတ်စ်သဒ်ရတ်က်ကျမ်း၊ အိမာမ်ဟာကင်မ်က ဤဟဒီးဆ်ကို ဆွဟီးဟ်ဟု သတ်မှတ်ခဲ့ပြီး ဇဟဗီကလည်း (၁/၃၇၀) တွင် ထောက်ခံထားသည်။

လုံးကို သနားကြင်နာတော်မူပါစေ။] ကျွန်ုပ်တို့သည် မိမိတို့နှင့် အသင်တို့အတွက် အာဖိယသ် အေးချမ်းသာယာမှုရရှိရန် အလ္လာဟ်အရှင်မြတ်ထံ တောင်းခံပါ၏။[1]

## ၆၁။ လေတိုက်သောအခါ ဖတ်ရမည့်ဒုအာ

«اللَّهُمَّ إِنِّي أَسْأَلُكَ خَيْرَهَا، وَأَعُوذُ بِكَ مِنْ شَرِّهَا»[211].

"အိုး-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်ထံ (ဤလေတိုက်ခတ်ခြင်း၏) ကောင်းကျိုးများကို ကျွန်တော်မျိုးတောင်းခံပါ၏။ (ဤလေတိုက်ခတ်ခြင်းမှ)ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များမှ ကင်းလွတ်ရန် ကျွန်တော်မျိုး အရှင်မြတ်ထံ ခိုလှုံ[2]

«اللَّهُمَّ إِنِّي أَسْأَلُكَ خَيْرَهَا، وَخَيْرَ مَا فِيهَا، وَخَيْرَ مَا أُرْسِلَتْ بِهِ، وَأَعُوذُ بِكَ مِنْ شَرِّهَا، وَشَرِّ مَا فِيهَا، وَشَرِّ مَا أُرْسِلَتْ بِهِ»[212].

---

[1] မွတ်စ်လင်မ်ကျမ်း (၂/၆၇၁)၊ ဟဒီးဆ်အမှတ် (၉၇၅) /အိဗ်နုမာဂျဟ်ကျမ်း (၁/၄၉၄)၊ (ဤဟဒီးဆ်စာသားမှာ ၎င်း၏ကျမ်းမှဖြစ်သည်) ဟဒီးဆ်အမှတ် (၁၅၄၇)၊ ဗုရိုင်ဒဟ်( ရသျိယလ္လာဟုအန်ဟု)ထံမှ ဆင့်ပြန်ချက်ဖြစ်သည်။ လေးထောင့်ကွင်းအတွင်းရှိ စာသားများမှာ မွတ်စ်လင်မ်ကျမ်း (၂/၆၇၁)၊ ဟဒီးဆ်အမှတ် (၉၇၅) ၌လာရှိသော အာအိရှဟ်(ရသျိယလ္လာဟုအန်ဟာ)၏ ဟဒီးဆ်တော်မှဖြစ်သည်။

[2] အဘူဒါဝူဒ်ကျမ်း (၄ / ၃၂၆)၊ ဟဒီးစ်အမှတ် (၅၀၉၇) / အိဗ်နုမာဂျဟ်ကျမ်း (၂ / ၁၂၂၈ )၊ ဟဒီးဆ်အမှတ် (၃၇၂၇) / ကြည့်- ဆွဟီးဟ်အိဗ်နေမာဂျဟ်ကျမ်း (၂ / ၃၀၅)

"အို အလ္လာဟ်အရှင်မြတ်၊ (ဤလေတိုက်ခတ်ခြင်း၏) ကောင်းကျိုးများ၊ ၎င်းတွင်ပါရှိသည့် ကောင်းကျိုးများနှင့် ၎င်းနှင့်အတူ စေလွှတ်လိုက်သည့် ကောင်းကျိုးများကို ကျွန်တော်မျိုး အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ ထို့ပြင် (ဤလေတိုက်ခတ်ခြင်းမှ) ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များ၊ ၎င်းတွင်ပါရှိသည့် ဘေးအန္တရာယ်များနှင့် ၎င်းနှင့်အတူ စေလွှတ်လိုက်သည့် ဘေးအန္တရာယ်များမှ ကင်းလွတ်ရန် ကျွန်တော်မျိုး အရှင်မြတ်ထံ ခိုလှုံပါ၏။"[1]

## ၆၂။ မိုးခြိမ်းသံကြားသောအခါ ဖတ်ရမည့်ဒုအာ

«سُبْحَانَ الَّذِي يُسَبِّحُ الرَّعْدُ بِحَمْدِهِ وَالمَلَائِكَةُ مِنْ خِيفَتِهِ»[213].

"အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူ၏။ ဤမိုးခြိမ်းသံသည် အရှင်မြတ်၏ ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင်မြတ်သန့်ပြန့်စင်ကြယ်ကြောင်း ရွတ်ဆိုနေပါသည်။ မလာအိကဟ်ကောင်းကင် တမန်များကလည်း အရှင်မြတ်အားကြောက်ရွံ့ခြင်းအားဖြင့် ချီးမွမ်း

[1] မွတ်စ်လင်မ်ကျမ်း၊ ဤဟဒီးဆ်စာသား ၎င်း၏စာသားဖြစ်သည်။ (၂/၆၁၆)၊ ဟဒီးဆ်အမှတ် (၈၉၉) / ဗုခါရီကျမ်း (၄/၇၆)၊ ဟဒီးဆ်အမှတ် (၃၂၀၆) နှင့် (၄၈၂၉)

ထော မနာပြုခြင်းနှင့် သန့်ပြန့်စင်ကြယ်တော်မူကြောင်းကို ရွတ်ဆိုနေပါသည်။"[၂၁၃][1]

## ၆၃။ မိုးဆုပန်ဒုအာများ

«اللَّهُمَّ اسْقِنَا غَيْثًا مُغِيثًا مَرِيئًا مَرِيعًا، نَافِعًا غَيْرَ ضَارٍّ، عَاجِلًا غَيْرَ آجِلٍ»[214].

"အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အား ဒုက္ခဆင်းရဲမှ ကယ်တင်သော၊ ကောင်းမွန်သာယာသော၊ စိုပြည်ဖြစ်ထွန်းစေသော၊ ဘေးအန္တရာယ်ကင်း၍ အကျိုးရှိသော မိုးကို နောက်ကျနှောင့်နှေးခြင်းမရှိဘဲ အလျင်အမြန် ရွာသွန်းပေးသနားတော်မူပါ။"[2]

«اللَّهُمَّ أَغِثْنَا، اللَّهُمَّ أَغِثْنَا، اللَّهُمَّ أَغِثْنَا»[215].

"အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အား မိုးရေချိုးမြှင့်တော်မူပါ၊ အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့

---

[1] အဗ်ဒုလ္လာဟ်ဗင်န်ဇုဗိုင်းရ်(ရသ္ဓိယလ္လာဟုအန်ဟုမာ)သည် မိုးခြိမ်းသံ ကြားသောအခါ စကားပြောခြင်းကို ရပ်တန့်လိုက်ပြီး ဤသို့ ပြောကြားလေ့ရှိသည် ..... (ဟဒီးဆ်)။ မုဝတ်သွာ (၂/၉၉၂)၊ အလ်ဗာနီက ဆွဟီးဟ် အလ်ကလိမွတ်သွိုင်ယိဗ် (၁၅၇) တွင် "၎င်း၏ စနဒ်သည် ဆွဟီးဟ်ဖြစ်ပြီး မောင်ဝ်ကူဖ် ဖြစ်သည်" ဟု မိန့်ဆိုထားသည်။"

[2] အဗူဒါဝူဒ်ကျမ်း (၁/၃၀၃)၊ ဟဒီးဆ်အမှတ် (၁၁၇၁)၊ ၎င်းကို အလ်ဘာနီက ဆွဟီးဟ် အဗူဒါဝူဒ်ကျမ်း (၁/၂၁၆) တွင် ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။

အား မိုးရေချိုးမြှင့်တော်မူပါ၊ အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အား မိုးရေချိုးမြှင့်တော်မူပါ။”[1]

«اللَّهُمَّ اسْقِ عِبَادَكَ، وَبَهَائِمَكَ، وَانْشُرْ رَحْمَتَكَ، وَأَحْيِي بَلَدَكَ المَيِّتَ»[216].

"အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်၏ ကျွန်များနှင့် တိရစ္ဆာန်များအား ရေတိုက်ကျွေးတော်မူပါ၊ အရှင်မြတ်၏ ကရုဏာတော်ကို ဖြန့်ကြက်ပေးတော်မူပါ၊ ၎င်းပြင် သေဆုံးနေသော အရှင်မြတ်၏ မြို့ရွာတိုင်းပြည်ကို ရှင်သန်စေတော်မူပါ။"[2]

## ၆၄။ မိုးရွာသည်ကို မြင်တွေ့သောအခါ ဖတ်ရမည့်ဒုအာ။

«اللَّهُمَّ صَيِّبًا نَافِعًا»[217].

"အို-အလ္လာဟ်အရှင်မြတ်၊အကျိုးဖြစ် ထွန်းစေသော မိုးကို ရွာသွန်းပေးသနားတော်မူပါ။"[3]

---

[1] ဗုခါရီကျမ်း (၁/၂၂၄)၊ ဟဒီးဆ်အမှတ် (၁၀၁၄) /မွတ်စ်လင်မ်ကျမ်း (၂/၆၁၃)၊ ဟဒီးဆ်အမှတ် (၈၉၇)

[2] အဗူဒါဝူဒ်ကျမ်း (၁ /၃၀၅)၊ ဟဒီးဆ်အမှတ် (၁၁၇၈)၊ အလ်ဘာနီက ဆွဟီးဟ်အဗူဒါဝူဒ်ကျမ်း (၁ /၂၁၈) တွင် ၎င်းကို ဟစန်ဟု သတ်မှတ်ထားသည်။

[3] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗာရီကျမ်းနှင့်အတူ (၂/၅၁၈)၊ ဟဒီးဆ်အမှတ် (၁၀၃၂)

## ၆၅။ မိုးရွာပြီးနောက် ဖတ်ရမည့်ဒုအာ။

«مُطِرْنَا بِفَضْلِ اللَّهِ وَرَحْمَتِهِ»[218].

"အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် မဟာကရုဏာတော်တို့ကြောင့် ကျွန်တော်မျိုးတို့အပေါ် မိုးရွာသွန်းခဲ့လေပြီ။"[1]

## ၆၆။ မိုးအလွန်ရွာသွန်းပြီး စိုးရိမ်ရသောအခါ ဖတ်ရမည့်ဒုအာများ။

«اللَّهُمَّ حَوَالَيْنَا وَلَا عَلَيْنَا، اللَّهُمَّ عَلَى الآكَامِ وَالظِّرَابِ، وَبُطُونِ الأَوْدِيَةِ، وَمَنَابِتِ الشَّجَرِ»[219].

"အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့၏ ပတ်ဝန်းကျင်၌သာ ရွာသွန်းစေတော်မူပါ။ ကျွန်တော်မျိုးတို့အပေါ်၌ မရွာသွန်းစေပါနှင့်။ အို အလ္လာဟ်အရှင်မြတ်၊ တောင်ကုန်းများ၊ တောင်ပူစာများ၊ တောင်ကြားချိုင့်ဝှမ်းများနှင့် သစ်ပင်များ ပေါက်ရောက်ရာ နေရာများ၌သာ ရွာသွန်းစေတော်မူပါ။"[2]

---

[1] ဗုခါရီကျမ်း (၁/၂၀၅)၊ ဟဒီးဆ်အမှတ် (၈၄၆) / မွတ်စ်လင်မ်ကျမ်း (၁/၈၃)၊ ဟဒီးဆ်အမှတ် (၇၁)

[2] ဗုခါရီကျမ်း (၁/၂၂၄)၊ ဟဒီးဆ်အမှတ် (၉၃၃) / မွတ်စ်လင်မ်ကျမ်း (၂/၆၁၄)၊ ဟဒီးဆ်အမှတ် (၈၉၇)

## ၆၇။ ဆန်းဦးစလကို မြင်သောအခါ ဖတ်ရမည့်ဒုအာ။

«اللَّهُ أَكْبَرُ، اللَّهُمَّ أَهِلَّهُ عَلَيْنَا بِالأَمْنِ وَالإِيمَانِ، وَالسَّلَامَةِ وَالإِسْلَامِ، وَالتَّوْفِيقِ لِمَا تُحِبُّ رَبَّنَا وَتَرْضَى، رَبُّنَا وَرَبُّكَ اللَّهُ»[220].

"အလ္လာဟ်အရှင်မြတ်သည်သာ ကြီးကဲထွတ်မြတ်ဆုံး ဖြစ်တော်မူပါ၏။ အို-အလ္လာဟ်အရှင်မြတ်၊ ဤလဆန်းကို ကျွန်တော်မျိုးတို့အပေါ်၌ ငြိမ်းချမ်းလုံခြုံမှု၊ အီမာန်သက်ဝင်ယုံကြည်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အစ္စလာမ်သာသနာတို့နှင့်အတူ ထွက်ပေါ်လာစေတော်မူပါ။ အို-ကျွန်တော်မျိုးတို့၏ အရှင်မြတ်၊ အရှင်မြတ် နှစ်သက်တော်မူသော၊ အရှင်နှစ်မြို့တော်မူသော လုပ်ရပ်များကို လုပ်ဆောင်နိုင်စွမ်း ချီးမြှင့်တော်မူပါ။ (အို-လမင်း၊) ကျွန်တော်မျိုးတို့၏ အရှင်နှင့် သင်၏အရှင်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်။"[1]

[1] သိရ်မိဇီကျမ်း (၅/၅၀၄)၊ ဟဒီးဆ်အမှတ် (၃၄၅၁) / ဒါရိမီကျမ်း ဤဟဒီးဆ်၏ စာသားမှာ ၎င်း၏ကျမ်းမှစာသားအတိုင်းဖြစ်သည်။ (၁/၃၃၆)၊ ကြည့်- ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၅၇)။

## ၆၈။ ဥပုသ်သည် ဥပုသ်ဖြေသည့်အချိန်တွင် ဖတ်ရမည့်ဒုအာ။

«ذَهَبَ الظَّمَأُ وَابْتَلَّتِ الْعُرُوقُ، وَثَبَتَ الأَجْرُ إِنْ شَاءَ اللَّهُ»[221].

“ရေငတ်ခြင်းသည် ပြေပျောက်သွားလေပြီ၊ အကြောအခြင်များသည်လည်း စိုစွတ်သွားလေပြီ၊ ထို့ပြင် အလ္လာဟ်အရှင်မြတ် အလိုတော်ရှိတော်မူပါက အကျိုးဆုလာဘ်သည်လည်း သေချာသွားလေပြီ။”[1]

«اللَّهُمَّ إِنِّي أَسْأَلُكَ بِرَحْمَتِكَ الَّتِي وَسِعَتْ كُلَّ شَيْءٍ أَنْ تَغْفِرَ لِي»[222].

"အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် အရာခပ်သိမ်းကို လွှမ်းခြုံထားသော အရှင်မြတ်၏ သနားကရုဏာတော်ဖြင့် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူရန် အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။"[2]

[1] အဗူဒါဝူဒ်ကျမ်း (၂/၃၀၆)၊ ဟဒီးစ်အမှတ် (၂၃၅၉) နှင့်အခြားကျမ်းများ။ ကြည့် - ဆွဟီးဟ်ွလ်ဂျာမိအ်ကျမ်း (၄/၂၀၉)

[2] အိဗ်နုမာဂျဟ်ကျမ်း (၁/၅၅၇ )၊ ဟဒီးစ်အမှတ် (၁၇၅၃)၊ အဗ်ဒွလ္လာဟ်ဗင်န်အမ်ရ် (ရသွိယလ္လာဟုအန်ဟုမာ) ၏ဒုအာမှ ဆင့်ပြန်ထားသည်။ ဟာဖိဇ်အိဗ်နေဟာဂျရ်က သဒ်ရီးဂ္ဂျလ်အဇ်ကားရ်ကျမ်း၌ ထိုဟဒီးစ်အား ဟစန်ဟု မှတ်ချက်ပြုထားသည်။ ကြည့် - ရှရ်ဟ္ဂွလ်အဇ်ကားရ်ကျမ်း (၄/၃၄၂)။

## ၆၉။ အစားအသောက်မစားမီ ဖတ်ရမည့်ဒုအာ။

«إِذَا أَكَلَ أَحَدُكُمْ طَعَامًا فَلْيَقُلْ:

"အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည်အစားအသောက်စားသောအခါ ဤသို့ရွတ်ဆိုပါ-

بِسْمِ اللَّهِ،

အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏၊

فَإِنْ نَسِيَ فِي أَوَّلِهِ فَلْيَقُلْ:

အစ၌ بِسْمِ الله ဆိုရန် မေ့လျော့သွားပါက ဤသို့ရွတ်ဆိုပါ -

بِسْمِ اللَّهِ فِي أَوَّلِهِ وَآخِرِهِ»[223].

(بِسْمِ اللَّهِ فِي أَوَّلِهِ وَآخِرِهِ)

အစနှင့်အဆုံးတွင် အလ္လာဟ်အရှင်မြတ် ၏ နာမတော်ဖြင့်သာ အစပြုပါ၏။"

1

«مَنْ أَطْعَمَهُ اللَّهُ الطَّعَامَ فَلْيَقُلْ:

"အကြင်သူအား အလ္လာဟ်အရှင်မြတ် သည် အစားအသောက်ကို ကျွေးမွေးတော်မူပါက ထိုသူသည် ဤသို့ ဆိုရမည် -

اللَّهُمَّ بَارِكْ لَنَا فِيهِ وَأَطْعِمْنَا خَيْرًا مِنْهُ،

[1] အဗူဒါဝူဒ်ကျမ်း (၃/၃၄၇)၊ ဟဒီးဆ်အမှတ် (၃၇၆၇)/ သိရ်မိဇီကျမ်း (၄/၂၈၈)၊ ဟဒီးဆ်အမှတ် (၁၈၅၈)/ ကြည့် - ဆွဟီးဟ်သိရ်မိဇီကျမ်း (၂/၁၆၇)

အို-အလ္လာဟ်အရှင်မြတ်၊ ဤအရာ၌ ကျွန်တော်မျိုးတို့အအတွက် ဗရကာသ်မင်္ဂလာကို ပေးသနားတော်မူပါ။ ထို့ပြင် ၎င်းထက် ပို၍ကောင်းသောအရာကို ကျွန်တော်မျိုးတို့အား ကျွေးမွေးတော်မူပါ၊

وَمَنْ سَقَاهُ اللَّهُ لَبَنًا فَلْيَقُلْ:

အကြင်သူအား အလ္လာဟ်အရှင်မြတ်သည် နို့တိုက်ကျွေးတော်မူပါက ထိုသူသည် ဤသို့ ဆိုရမည် -

اللَّهُمَّ بَارِكْ لَنَا فِيهِ وَزِدْنَا مِنْهُ»[224].

အို-အလ္လာဟ်အရှင်မြတ်၊ ၎င်းတွင် ကျွန်တော်မျိုးတို့အတွက် ဗရ်ကာသ်မင်္ဂလာ ပေးသနားတော်မူပါ။ ၎င်းပြင် ကျွန်တော်မျိုးတို့အား ၎င်းထက် ပို၍ ချီးမြှင့်တော်မူပါ။"[1]

## ၇၀။ စားသောက်ပြီးသောအခါ ဖတ်ရမည့်ဒုအာ။

«الحَمْدُ لِلَّهِ الَّذِي أَطْعَمَنِي هَذَا، وَرَزَقَنِيهِ، مِنْ غَيْرِ حَوْلٍ مِنِّي وَلَا قُوَّةٍ»[225].

"ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာလျှင်ဖြစ်ပါ၏။ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးအား ဤအာဟာရကို ကျွေးမွေးတော်မူခဲ့၏။ ကျွန်

[1] သိရ်မိဇီကျမ်း (၅/၅၀၆)၊ ဟဒီးဆ်အမှတ် (၃၄၅၅) / ကြည့်- ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၅၈)

တော်မျိုး၏ အစွမ်းအစမပါဘဲ ကျွန် တော်မျိုးအား ဤရိုဇ်ရိကျွာကိုထောက်ပံ့တော်မူခဲ့၏။"[1]

«الْحَمْدُ لِلَّهِ حَمْدًا كَثِيرًا طَيِّبًا مُبَارَكًا فِيهِ، غَيْرَ [مَكْفِيٍّ وَلَا] مُوَدَّعٍ، وَلَا مُسْتَغْنًى عَنْهُ رَبَّنَا»[226].

"ဗရကာသ်မင်္ဂလာရှိတော်မူ၍ သန့်ရှင်းစင်ကြယ်ပြီး မြောက်များစွာသော ချီးမွမ်းထောမနာပြုခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင် ဖြစ်တော်မူသည်။ အို - ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ ၎င်းသည် [အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းမှ လုံလောက်ပြီဟု သတ်မှတ်၍မရနိုင်သော၊ ထို့ပြင်] စွန့်ပယ်ထား၍မရနိုင်သော၊ လိုအပ်မှုကင်းမဲ့နေသည်ဟူ၍ မရှိနိုင်သောအရာပင် ဖြစ်သည်။"[2]

---

[1] နစာအီကျမ်းမှအပ အခြားသော စုနန်ကျမ်းများ - အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၀၂၅)/ သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၅၈)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၂၈၅)/ ကြည့် - ဆွဟီးဟ်သိရ်မိဇီကျမ်း (၃ / ၁၅၃)။

[2] ဗုခါရီကျမ်း (၆/၂၁၄)၊ ဟဒီးဆ်အမှတ် (၅၄၅၈) / သိရ်မိဇီကျမ်း (ယင်းစာသားအတိုင်း ) (၅/၅၀၇)၊ ဟဒီးဆ်အမှတ် (၃၄၅၆)

## ၇၁။ အစားအသောက်ညှော်ခံ ကျွေးမွေးသူအား ညှော်သည်က ဒုအာဆုတောင်းပေးခြင်း။

«اللَّهُمَّ بَارِكْ لَهُمْ فِيمَا رَزَقْتَهُمْ، وَاغْفِرْ لَهُمْ وَارْحَمْهُمْ»[227].

"အို-အလ္လာဟ်အရှင်မြတ်၊ ထိုသူတို့အား အရှင်မြတ်ချီးမြှင့်တော်မူခဲ့သော ရိဇ္ဇိရိက္ခာတွင် ၎င်းတို့အတွက် ဗရ်ကသ်မင်္ဂလာ ပေးသနားတော်မူပါ။ ၎င်းတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပါ။ ၎င်းတို့အား သနားကြင်နာတော်မူပါ။"[1]

## ၇၂။ အစားအသောက် သို့မဟုတ် သောက်စရာကို တောင်းခံရန် ဒုအာဆုတောင်းခြင်းဖြင့် အရိပ်အမြွက်ပြခြင်း။

«اللَّهُمَّ أَطْعِمْ مَنْ أَطْعَمَنِي، وَاسْقِ مَنْ سَقَانِي»[228].

“အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား ကျွေးမွေးသောသူအား ကျွေးမွေးတော်မူပါ၊ ထို့ပြင် ကျွန်တော်မျိုးအား တိုက်ကျွေးသောသူအား တိုက်ကျွေးတော်မူပါ။”[2]

---

[1] မွတ်စ်လင်မ်ကျမ်း (၃/၁၆၁၅)၊ ဟဒီးဆ်အမှတ် (၂၀၄၂)

[2] မွတ်စ်လင်မ်ကျမ်း (၃/၁၆၂၆)၊ ဟဒီးဆ်အမှတ် (၂၀၅၅)

## ၇၃။ သူတစ်ပါးအိမ်တွင် ဥပုသ်ဖြေသောအခါ ဖတ်ရမည့်ဒုအာ။

«أَفْطَرَ عِنْدَكُمُ الصَّائِمُونَ، وَأَكَلَ طَعَامَكُمُ الأَبْرَارُ، وَصَلَّتْ عَلَيْكُمُ المَلَائِكَةُ»[229].

"စွဲယာမ်ဥပုသ်စောင့်ထိန်းသူများသည် အသင်တို့ထံ၌ ဝါဖြေကြပါစေ။ သူတော်ကောင်းများသည် အသင်တို့၏ အစားအစာကို စားသုံးကြပါစေ။ ထို့ပြင် ကောင်းကင်တမန်များသည် အသင်တို့အတွက် ဆုမွန်ကောင်းတောင်းပေးကြပါစေ။"[1]

## (၇၄) အစားအသောက် ရောက်ရှိလာသော် လည်း ဥပုသ်မဖြေပါက ဥပုသ်သည် တောင်းရမည့် ဒုအာ။

«إِذَا دُعِيَ أَحَدُكُمْ فَلْيُجِبْ، فَإِنْ كَانَ صَائِمًا فَلْيُصَلِّ، وَإِنْ كَانَ مُفْطِرًا فَلْيَطْعَمْ»[230]،

[1] အဗူဒါဝူဒ်ကျမ်း (၃/၃၆၇)၊ ဟဒီးဆ်အမှတ် (၃၈၅၆)/ အိဗ်နုမာဂျဟ်ကျမ်း (၁/၅၅၆)၊ ဟဒီးဆ်အမှတ် (၁၇၄၇)/ နစာအီ၏ အမလ်အလ်ယောင်မ်ဝလ်လိုင်းလဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၉၆-၂၉၈)။ တမန်တော်မြတ် ﷺ သည် အခြားသူတို့၏အိမ်၌ ရိုဇာဖြေသောအခါ ဤသို့ဖတ်ရွတ်လေ့ရှိကြောင်း အတိအလင်းဖော်ပြထားသည်။ အလ်ဗာနီက ၎င်းကို ဆွဟီးဟ်အဗူဒါဝူဒ်ကျမ်း (၂/၇၃၀) တွင် ဆွဟီးဟ်အဖြစ် အတည်ပြုထားသည်။

"အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် ဖိတ်ကြားခံရသောအခါ (ထိုဖိတ်ကြားချက်ကို) လက်ခံပါ။ အကယ်၍ ရိုဇာဥပုသ်စောင့်ထိန်းနေသူ ဖြစ်ခဲ့လျှင် (ဖိတ်ကြားသူအတွက်) ဆုမွန်ကောင်းတောင်းပေးပါ။ အကယ်၍ ရိုဇာဥပုသ်စောင့်ထိန်းနေသူ မဟုတ်ခဲ့လျှင် စားသုံးပါ။"၊[1]

(ဖလ်ယုဆွလ္လိ) ဟူသောစာလုံး၏ အဓိပ္ပါယ်မှာ- ဒုအာတောင်းပေးပါဟူ၍ဖြစ်၏။

## ၇၅။ ရိုဇဟ်ဥပုသ်စောင့်ထိန်းထားသူအား တစ်ဦးတစ်ယောက်က ဆဲဆိုမကောင်းပြောပါက ပြောဆိုရမည့်စကား

«إِنِّي صَائِمٌ، إِنِّي صَائِمٌ»[231].

ကျွန်ုပ် ရိုဇဟ်စောင့်ထိန်းထားသူဖြစ် သည်၊ ကျွန်ုပ် ရိုဇဟ်စောင့်ထိန်းထားသူဖြစ်သည်။[2]

---

[1] မွတ်စ်လင်မ်ကျမ်း (၂/၁၀၅၄)၊ ဟဒီးဆ်အမှတ် (၁၁၅၀)

[2] ဗုခါရီကျမ်း၊ ဖသ်ဟ်နှင့်အတူ (၄/၁၀၃)၊ ဟဒီးဆ်အမှတ် (၁၈၉၄) / မွတ်စ်လင်မ်ကျမ်း (၂/၈၀၆)၊ ဟဒီးဆ်အမှတ် (၁၁၅၁)

## (၇၆) ပထမဆုံးရာသီပေါ်အသီးအနှံကို မြင်တွေ့သောအခါ ဖတ်ရမည့်ဒုအာ။

«اللَّهُمَّ بَارِكْ لَنَا فِي ثَمَرِنَا، وَبَارِكْ لَنَا فِي مَدِينَتِنَا، وَبَارِكْ لَنَا فِي صَاعِنَا، وَبَارِكْ لَنَا فِي مُدِّنَا» [232].

အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အတွက် ကျွန်တော်မျိုးတို့၏ အသီး အနှံများတွင် ဗရ်ကသ်မင်္ဂလာ ပေးသနားတော်မူပါ။ ကျွန်တော်မျိုးတို့အတွက် ကျွန်တော်မျိုးတို့၏ မြို့တွင် ဗရ်ကသ်မင်္ဂလာ ပေးသနားတော်မူပါ။ ကျွန်တော်မျိုးတို့အတွက် ကျွန်တော်မျိုးတို့၏ ဆွာအ်(အခြင်အတွယ်)တွင် ဗရ်ကသ်မင်္ဂလာ ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အတွက် ကျွန်တော်မျိုးတို့၏ မွဒ်(ပြည်တောင်းဖြင့်အခြင်အတွယ်)တွင် ဗရ်ကသ်မင်္ဂလာ ပေးသနားတော်မူပါ။[1]

## (၇၇) နှာချေသည့်အခါ ဖတ်ရမည့် ဒုအာ။

«إِذَا عَطَسَ أَحَدُكُم فَلْيَقُلِ:

အသင်တို့အနက် တစ်ဦးဦး နှာချေသည့်အခါ ဤသို့ ရွတ်ဆိုပါ -

[1] မွတ်စ်လင်မ်ကျမ်း (၂/၁၀၀၀)၊ ဟဒီးဆ်အမှတ် (၁၃၇၃)

الحَمْدُ لِلَّهِ،
ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ် အဖို့သာဖြစ်သည်။

وَلْيَقُلْ لَهُ أَخُوهُ أَوْ صَاحِبُهُ:
၎င်း၏ညီနောင် (သို့) မိတ်ဆွေက ထိုသူ့ကို ဤသို့ပြန်လည် ပြောဆိုရမည်။

يَرْحَمُكَ اللَّهُ،
အသင့်အား အလ္လာဟ်အရှင်မြတ် သနားကြင်နာတော်မူပါစေ၊

فَإِذَا قَالَ لَهُ: يَرحَمُكَ اللَّهُ، فَلْيَقُلْ:
ထို့နောက် ၎င်းက (يَرْحَمُكَ الله) ဟုဆိုလျှင် ဤသို့ ပြန်လည် ပြောဆိုရမည်-

يَهْدِيكُمُ اللَّهُ وَيُصلِحُ بَالَكُم»[233].
"အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား တရားလမ်းမှန် ပြသပေးတော်မူပါစေ။ အသင်တို့၏အခြေအနေကို ကောင်းမွန်အောင်ပြုလုပ်ပေးတော်မူပါစေ။"[1]

[1] ဗုခါရီကျမ်း (၇/၁၂၅)၊ ဟဒီးဆ်အမှတ် (၅၈၇၀)

## ၇၈။ ကာဖိရ်က နှာချေပြီး "အလ်ဟာမ်ဒုလိလ္လာဟ်" ဟု ဆိုသည့်အခါ ၎င်းအား ဤသို့ ပြောဆိုရမည်။

«يَهْدِيكُمُ اللَّهُ وَيُصْلِحُ بَالَكُمْ»[234].

" အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား တရားလမ်းမှန် ပြသပေးတော်မူပါစေ။ အသင်တို့၏အခြေအနေကို ကောင်း မွန်အောင်ပြုလုပ်ပေးတော်မူပါစေ။ "[1]

## ၇၉။ အိမ်ထောင်ပြုသူအတွက် ဒုအာဆုတောင်းပေးခြင်း။

«بَارَكَ اللَّهُ لَكَ، وَبَارَكَ عَلَيْكَ، وَجَمَعَ بَيْنَكُمَا فِي خَيْرٍ»[235].

" အလ္လာဟ်အရှင်မြတ်သည် အသင့်အ တွက် ဗရ်ကသ်မင်္ဂလာ ပေးသနားတော်မူပါစေ။ အသင့်အပေါ်၌လည်း ဗရ်ကသ်မင်္ဂလာ ပေးသနားတော်မူပါစေ။ ထို့ပြင် အသင်တို့နှစ်ဦးအား ကောင်းကျိုးချမ်း သာ၌ ပေါင်းဖက်စေတော်မူပါစေ။ "[2]

---

[1] သိရ်မိဇီကျမ်း (၅/၈၂)၊ ဟဒီးဆ်အမှတ် (၂၇၄၁)/ မွတ်စ်နဒ်အဟ်မဒ်ကျမ်း (၄/၄၀၀)၊ ဟဒီးဆ်အမှတ် (၁၉၅၈၆)/ အဗူဒါဝူဒ်ကျမ်း (၄/၃၀၈)၊ ဟဒီးဆ်အမှတ် (၅၀၄၀)/ ကြည့် - ဆွဟီးဟ်သိရ်မိဇီကျမ်း (၂/၃၅၄)

[2] စုနန်ကျမ်းရှင်များ (နစာအီမှအပ)- အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၁၃၀) /သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၁၀၉၁)/ အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၉၀၅)/ နစာ

## ၈၀။ နိကာဟ်ထိမ်းမြားသူနှင့် စီးတော်ယာဥ်ဝယ်ယူသည့်အခါ ဖတ်ရမည့် ဒုအာ။

အသင်တို့အနက်မှ တစ်ဦးဦးသည် အမျိုး သမီးတစ်ဦးနှင့်လက်ထပ်ထိမ်းမြားသော အခါ သို့မဟုတ် အစေခံတစ်ဦးအား ဝယ် ယူသောအခါ ဤသို့ဆိုပါ-

«اللَّهُمَّ إِنِّي أَسْأَلُكَ خَيْرَهَا، وَخَيْرَ مَا جَبَلْتَهَا عَلَيْهِ، وَأَعُوذُ بِكَ مِنْ شَرِّهَا، وَشَرِّ مَا جَبَلْتَهَا عَلَيْهِ،

အို အလ္လာဟ်အရှင်မြတ်၊ ၎င်း၏ ကောင်း ကျိုးများနှင့် ၎င်း၌ အရှင်မြတ် ဖန်ဆင်းထားသည့် သဘာဝစရိုက်၏ ကောင်း ကျိုးများကို ကျွန်တော်မျိုး အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ ထို့ပြင် ၎င်း၏ မကောင်းမှုဘေးအန္တရာယ်များနှင့် ၎င်း၌ အရှင်မြတ် ဖန်ဆင်းထားသည့် သဘာဝစရိုက်၏ မကောင်းမှုဘေးအန္တရာယ်များမှ ကျွန်တော်မျိုး အရှင်မြတ်ထံ ခိုလှုံပါ၏။

وَإِذَا اشْتَرَى بَعِيرًا فَلْيَأْخُذْ بِذِرْوَةِ سَنَامِهِ وَلْيَقُلْ مِثْلَ ذَلِكَ»[236].

---

အီကျမ်း (အမလ်အလ်ယောင်မ် ဝလ်လိုင်လဟ်)၊ ဟဒီးဆ်အမှတ် (၂၅၉)/ ကြည့်- ဆွဟီးဟ်သိရ်မိဇီ (၁/၃၁၆)

ထို့ပြင် အကယ်၍ ကုလားအုတ်တစ်ကောင်ကို ဝယ်ယူခဲ့လျှင် ၎င်း၏ ကျောဘုထိပ်ကို ဆုပ်ကိုင်၍ ထိုနည်းတူစွာ ရွတ်ဆိုရမည်။"[1]

## ၈၁။ ဇနီးသည်နှင့် အတူမနေမှီ ဖတ်ရမည့် ဒုအာ။

«بِسْمِ اللَّهِ، اللَّهُمَّ جَنِّبْنَا الشَّيْطَانَ، وَجَنِّبِ الشَّيْطَانَ مَا رَزَقْتَنَا»[237].

«အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် စတင်ပါသည်။ အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား ရှိုင်သွာန်၏ အန္တရာယ်မှ ကင်းဝေးစေတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ပေးသနားတော်မူမည့် သားသမီးကိုလည်း ရှိုင်သွာန်၏ အန္တရာယ်မှ ကင်းဝေးစေတော်မူပါ။ »[2]

## (၈၂) ဒေါသထွက်သောအခါ ဖတ်ရမည့်ဒုအာ

«أَعُوذُ بِاللَّهِ مِنَ الشَّيْطَانِ الرَّجِيمِ»[238].

---

[1] အဗူဒါဝူဒ်ကျမ်း (၂ / ၂၄၈)၊ ဟဒီးဆ်အမှတ် (၂၁၆၀) အိဗ်နုမာဂျဟ်ကျမ်း (၁ / ၆၁၇)၊ ဟဒီးဆ်အမှတ် (၁၉၁၈)

ကြည့်ရှုရန် - ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၁ / ၃၂၄)

[2] ဗုခါရီကျမ်း (၆/၁၄၁)၊ ဟဒီးဆ်အမှတ် (၁၄၁) / မွတ်စ်လင်မ်ကျမ်း (၂/၁၀၂၈)၊ ဟဒီးဆ်အမှတ် (၁၄၃၄)

နှင့်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ အန္တရာယ်မှ ကင်းဝေး ရန် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကျွန်တော်မျိုး ခိုလှုံ ပါ၏။ (၂၃၈)[1]

## ၈၃။ တစ်ဦးတစ်ယောက် ဘေးဒုက္ခရောက်နေသည်ကို မြင်တွေ့သောအခါ ဖတ်ရမည့်ဒုအာ

«الحَمْدُ لِلَّهِ الَّذِي عَافَانِي مِمَّا ابْتَلَاكَ بِهِ، وَفَضَّلَنِي عَلَى كَثِيرٍ مِمَّنْ خَلَقَ تَفْضِيلًا»[239].

«ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ် အဖို့သာ ဖြစ်ပါ၏။ ထိုအရှင်မြတ်သည် အသင်ခံစားနေ ရသော ဒုက္ခစမ်းသပ်မှုမှ ကျွန်ုပ်အား လွတ်ကင်းစွာထား တော်မူ၏။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အားများစွာ သောအဖန်ဆင်းခံတို့ထက်ပို၍ ကျေးဇူးပြုတော်မူခဲ့၏။»[2]

---

1 ဗုခါရီကျမ်း (၇/၉၉)၊ ဟဒီးဆ်အမှတ် (၃၂၈၂) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၁၅)၊ ဟဒီး ဆ်အမှတ် (၂၆၁၀)

2 သိရ်မိဇီကျမ်း (၅/၄၉၄) နှင့် (၅/၄၉၃)၊ ဟဒီးဆ်အမှတ် (၃၄၃၂)၊ ကြည့်- ဆွဟီးဟ်သိ ရ်မိဇီကျမ်း (၃/၁၅၃)

## (၈၄) ထိုင်ဝိုင်းတွင် ရွတ်ဆိုရမည့်အရာ။

အိဗ်နုအုမရ် (ရသိယလ္လာဟုအန်ဟု) ထံမှ ဆင့်ပြန်လာရှိသည်။ သခင်က ပြောပြခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ထိုင်ဝိုင်းတစ်ခုတည်း၌ပင် မထမီ (အောက်ပါဒုအာကို) အကြိမ်တစ်ရာ (ရွတ်ဆိုတော်မူသည်ကို) ရေတွက်ရလေ့ရှိသည်-

«رَبِّ اغْفِرْ لِي، وَتُبْ عَلَيَّ، إِنَّكَ أَنْتَ التَّوَّابُ الغَفُورُ»[240].

«အို ကျွန်တော်မျိုး၏ အရှင်၊ ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။ ထို့ပြင် ကျွန်တော်မျိုး၏ သောင်ဗဟ် အမှားဝန်ချတောင်းပန်မှုကိုလက်ခံတော်မူပါ။ ကေန်စင်စစ် အရှင်မြတ်သည် သောင်ဗဟ်အမှားဝန်ချတောင်းပန်မှုကို အလွန်ပင် လက်ခံတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါ၏။»[1]

[1] သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၃၄) /အိဗ်နုမာဂျဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၈၁၄)၊ ကြည့်ရှုရန်- ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၅၃)၊ ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂/၃၂၁)၊ ဤတွင်ဖော်ပြထားသော ဟဒီးဆ်စာသားမှာ သိရ်မိဇီကျမ်းပါစာသားဖြစ်သည်။

## (၈၅) ထိုင်ဝိုင်း၏ ကဖ္ဖာရဟ်

«سُبْحَانَكَ اللَّهُمَّ وَبِحَمْدِكَ، أَشْهَدُ أَنْ لَا إِلَهَ إِلَّا أَنْتَ، أَسْتَغْفِرُكَ وَأَتُوبُ إِلَيْكَ»[241].

"အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။ အရှင်မြတ်သည်သာလျှင် ချီးမွမ်းခြင်းကို ခံထိုက်တော်မူသောအရှင်ဖြစ်တော်မူ၏။ အရှင်မြတ်မှအပ အ ခြား ခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းကို ကျွန် တော်မျိုး သက်သေခံအပ်ပါသည်။ အရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို ကျွန်တော်မျိုး တောင်းခံပါ၏။ ၎င်းအပြင် အရှင်မြတ်ထံတော်၌ ကျွန်တော်မျိုး ဝန်ချတောင်းပန်နေပါ၏။"[1]

---

[1] စုနန်ကျမ်းရှင်များ - အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၄၈၅၈)/ သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၃၃)/ နစာအီကျမ်း၊ ဟဒီးစ်အမှတ် (၁၃၄၄)။ ကြည့် ဆွဟီးဟ်သိရ်မိဇီကျမ်း။ အာအိရှဟ်(ရဿိယလ္လာဟုအန်ဟာ) ထံမှ အတည်ပြုလာရှိသည်မှာ သူမက ဆင့်ပြန်ခဲ့သည် - "တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ထိုင်ဝိုင်းတစ်ခု၌ ထိုင်တော်မူသည့်အခါဖြစ်စေ၊ ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်တော်မူသည့်အခါဖြစ်စေ၊ ဆွလာသ်ဝတ်ပြုတော်မူသည့်အခါဖြစ်စေ ထိုအရာကို ကလိမဟ်(စကားလုံး)များဖြင့်သာ အဆုံးသတ်တော်မူလေ့ရှိသည်။ ..." ဟူသည့် ဟဒီးဆ်တော်။ ယင်းဟဒီးဆ်တော်ကို နစာအီက 'အမလွလ်ယောင်မ် ဝလ်လိုင်းလဟ်' ကျမ်း၊ ဟဒီးဆ်အမှတ် (၃ဝ၈)/ အဟ်မဒ်ကျမ်း (၆/၇၇)၊ ဟဒီးဆ်အမှတ် (၂၄၄၈၆) တို့တွင် ဆင့်ပြန်ထားပြီး၊ ဒေါက်တာ ဖာရူးက်ဟမာဒဟ် က နစာအီ၏ 'အမလွလ်ယောင်မ် ဝလ်လိုင်းလဟ်'

## ၈၆။ «غَفَرَ اللهُ لَكَ» (အလ္လာဟ်အရှင်မြတ် အသင့်အား ခွင့်လွှတ်တော်မူပါစေ) ဟု ပြောဆိုသူအား ဒုအာဆုတောင်းပေးခြင်း။

«وَلَكَ»[242].

"အသင့်ကိုလည်း ခွင့်လွှတ်တော်မူပါစေ"[1]

## ၈၇။ သင့်အား ကျေးဇူးပြုသူကို ဒုအာဆုတောင်းပေးခြင်း။

«جَزَاكَ اللَّهُ خَيْرًا»[243].

"အသင့်အား အလ္လာဟ်အရှင်မြတ်က ကောင်းသောအစား ပေးတော်မူပါစေ။"[2]

ကျမ်း (စာမျက်နှာ - ၂၇၃) ကို စစ်ဆေးအတည်ပြုရာ၌ ၎င်းဟဒီးဆ်တော်အား ဆွဟီးဟ်ဟု အတည်ပြုထားသည်။

[1] အဟ်မဒ်ကျမ်း (၅/၈၂)၊ ဟဒီးဆ်အမှတ် (၂၀၇၇၈)၊ နစာအီ၏ အမလွလ်ယောင်မ် ဝလ်လိုင်းလဟ်ကျမ်း (စာမျက်နှာ ၂၁၈)၊ ဟဒီးဆ်အမှတ် (၄၂၁)၊ ဒေါက်တာဖာရူးက်ဟမာဒဟ်၏ စိစစ်တည်းဖြတ်မှု။

[2] သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၂၀၃၅)၊ ကြည့်ပါ - ဆွဟီးဟွလ်ဂျာမိအ်ကျမ်း (၆၂၄၄) နှင့် ဆွဟီးဟ် သိရ်မိဇီကျမ်း (၂ /၂၀၀)

## ၈၈။ ဒဂ်ျဂျာလ်၏ ဘေးအန္တရာယ်မှ အလ္လာဟ်အရှင်မြတ် ကာကွယ်စောင့်ရှောက်ပေးတော်မူမည့် နည်းလမ်းများ။

«مَنْ حَفِظَ عَشْرَ آيَاتٍ مِنْ أَوَّلِ سُورَةِ الكَهْفِ عُصِمَ مِنَ الدَّجَّالِ»[244]، "မည်သူမဆို စူရဟ်ကဟဖ်၏ ပထမဆယ်အာယတ်ကို ကျက်မှတ်ထားပါက၊ ထိုသူသည် ဒဂ်ျဂျာလ်၏ အန္တရာယ်မှ ကာကွယ် ခြင်းခံရမည်။"၊[1]

ဆွလာသ်တိုင်းတွင် နောက်ဆုံးသရှဟ္ဟုဒ် ဖတ်ပြီးနောက် ၎င်း၏ဘေးအန္တရာယ်မှ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံမှုတောင်းခံခြင်း။[2]

---

[1] ဤကျမ်း၏ (စာမျက်နှာ ၄၁) ပါ ဟဒီးဆ်အမှတ် (၅၅) နှင့် ဟဒီးဆ် (၅၆) ကို ကြည့်ပါ။

[2] မွတ်စ်လင်မ်ကျမ်း (၁/၅၅၅)၊ ဟဒီးဆ်အမှတ် (၈၀၉)၊ အခြားဆင့်ပြန်ချက်တစ်ခုတွင် - စူရာဟ်ကဟ်ဖ်၏ နောက်ဆုံးအပိုင်းမှဟု လာရှိသည်။ (၁/၅၅၆)၊ ဟဒီးဆ်အမှတ် (၈၀၉)။

## ၈၉။ "ကောန်အမှန် ကျွန်ုပ်သည် အသင့်အား အလ္လာဟ်အရှင်မြတ်အတွက် ချစ်မြတ်နိုးပါသည်" ဟု ပြောဆိုသူအတွက် ဒုအာဆုတာင်းပေးခြင်း။

«أَحَبَّكَ الَّذِي أَحْبَبْتَنِي لَهُ»[246].

"အကြင်အရှင်မြတ်အတွက် သင်သည် ကျွန်ုပ်အား ချစ်ခင်ခဲ့၏၊ ထိုအရှင်မြတ်သည် သင့်အား ချစ်ခင်နှစ်သက်တော်မူပါစေ။" (၂၄၆)[1]

## ၉၀။ မိမိ၏ဥစ္စာပစ္စည်းကို သင့်အား (ကူညီပေးရန်) ကမ်းလှမ်းလာသူအတွက် ဒုအာဆုတောင်းပေးခြင်း။

«بَارَكَ اللَّهُ لَكَ فِي أَهْلِكَ وَمَالِكَ»[247].

“အလ္လာဟ်အရှင်မြတ်သည် အသင်၏ အိမ်သူအိမ်သားနှင့် ဥစ္စာပစ္စည်းများတွင် အသင့်အား ဗရကသ်မင်္ဂလာများ ချီးမြှင့်တော်မူပါစေ။”[2]

---

[1] အဗူဒါဝူဒ်ကျမ်း (၄/၃၃၃)၊ ဟဒီးဆ်အမှတ် (၅၁၂၅) / အလ်ဗာနီက ဆွဟီးဟ်စုနန်အဗူဒါဝူဒ်ကျမ်း (၃/၉၆၅) တွင် ဤဟဒီးဆ်အား ဟစန်ဟု သတ်မှတ်ထားသည်။

[2] ဗုခါရီကျမ်းနှင့် ဖသ်ဟုလ်ဗာရီ (၄/၂၈၈)၊ ဟဒီးဆ်အမှတ် (၂၀၄၉)

## ၉၁။ အကြွေးပြန်လည်ပေးဆပ်သည့်အချိန်တွင် ငွေချေးငှားပေးသူအတွက် ဒုအာဆုတောင်းပေးခြင်း။

«بارَكَ اللَّهُ لَكَ فِي أَهْلِكَ وَمَالِكَ، إِنَّمَا جَزَاءُ السَّلَفِ الحَمْدُ وَالأَدَاءُ»[248].

“အလ္လာဟ်အရှင်မြတ်သည် အသင်၏အိမ်သူအိမ်သားများနှင့် အသင်၏ဉစ္စာပစ္စည်းများတွင် အသင့်အား ဗရ်ကသ်မင်္ဂလာ ပေးသနားတော်မူပါစေ။ ကေန်အမှန် ချေးငွေ၏အစားအကျိုးမှာ ကျေးဇူးတင်ချီးမွမ်းခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းပင် ဖြစ်ပါသည်။”[1]

## ၉၂။ ရှိရ်ကျူးလွန်မိမည်ကို စိုးရိမ်သည့်အခါ ဖတ်ရမည့်ဒုအာ။

«اللَّهُمَّ إِنِّي أَعُوذُ بِكَ أَنْ أُشْرِكَ بِكَ وَأَنَا أَعْلَمُ، وَأَسْتَغْفِرُكَ لِمَا لَا أَعْلَمُ»[249].

"အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသိလျက်နှင့် အရှင်မြတ်နှင့် တစုံတစ်ရာကို ရှိရ်ကတုဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းမှ အရှင်မြတ်ထံ ခိုလှုံမှုပြုပါ၏။ ထို့ပြင် ကျွန်တော်မျိုးမသိဘဲ (မရည်ရွယ်ဘဲ) ကျူးလွန်မိသည့် ရှိရ်ကတုဖက်နှို

[1] နစာအီ၏ အမလွလ်ယောင်မ် ဝလ်လိုင်းလဟ်ကျမ်း (စာ ၃၀၀)၊ အိဗ်နုမာဂျဟ်ကျမ်း (၂ / ၈၀၉)၊ ဟဒီးဆ်အမှတ် (၂၄၂၄)၊ ကြည့်ပါ - ဆွဟီးဟ် အိဗ်နုမာဂျဟ်ကျမ်း (၂ / ၅၅)

င်းယှဉ်ခြင်းမှလည်း ခွင့်လွှတ်ချမ်းသာပေးရန် အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။"[1]

## ၉၃။ "အလ္လာဟ်အရှင်မြတ် အသင့်ကို ဗရကသ်မင်္ဂလာများ ချီမြှင့်တော်မူပါစေ။" ဟု ပြောဆိုသူအား ဒုအာဆုတောင်းပေးခြင်း။

«وَفِيكَ بَارَكَ اللَّهُ»[250].

"အလ္လာဟ်အရှင်မြတ် အသင့်ကိုလည်း ဗရကသ်မင်္ဂလာများ ချီမြှင့်တော်မူပါစေ။"[2]

## ၉၄။ မကောင်းသော အတိတ်နိမိတ်ကို မနှစ်မြို့သည့်အခါ ဖတ်ရမည့် ဒုအာ ဆုတောင်းခြင်း။

«اللَّهُمَّ لَا طَيْرَ إِلَّا طَيْرُكَ، وَلَا خَيْرَ إِلَّا خَيْرُكَ، وَلَا إِلَهَ غَيْرُكَ»[251].

---

[1] မွတ်စ်နဒ်အဟ်မဒ်ကျမ်း - အတွဲ (၄) စာမျက်နှာ (၄၀၃)၊ ဟဒီးဆ်အမှတ် (၁၉၆၀၆)၊ ဗုခါရီ၏ အလ်ဒဗုလ်မုဖ်ရဒ်ကျမ်း - ဟဒီးဆ်အမှတ် (၇၁၆)၊ ကြည့် - ဆွဟီးဟ္ဂလ်ဂျာမိအ်ကျမ်း - (၃ /၂၃၃)၊ နှင့် အလ်ဘာနီ၏ ဆွဟီးဟ်အတ်သရ်ဂီးဗ် ဝတ်သရ်ဟီးဗ်ကျမ်း - (၁ /၁၉)။

[2] အိဗ်နွတ်စ်စွန္နီကျမ်း (စာ-၁၃၈)၊ ဟဒီးဆ်အမှတ် (၂၇၈) ကြည့် - အိဗ်နုလ်ကိုင်ယ်ယင်မ်၏ အလ်ဝါဗိလွစ်ဆွိုင်ယိဗ်ကျမ်း (စာ-၃၀၄)၊ စိစစ်သူ - ဘရှီးရ် မုဟမ္မဒ် အုယူးန်း

အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်စမ်းသပ်တော်မူမည့် နမိတ်ဆိုးမှတစ်ပါး အခြားနမိတ်ဆိုးဟူ၍ အလျဉ်းမရှိပါ။ အရှင်မြတ်ချီးမြှင့်တော်မူမည့်ကောင်းကျိုးမှတစ်ပါး အခြားကောင်း ကျိုးဟူ၍ အလျဉ်းမရှိပါ။ အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ် ခံထိုက်တော်မူသော အရှင်ဟူ၍ အလျဉ်းမရှိပါ။[1]

## (၉၅) အစီးအနင်းစီးသောအခါ ရွတ်ဖတ်ရမည့် ဒုအာ

«بِسْمِ اللَّهِ، وَ الْحَمْدُ لِلَّهِ

---

[1] အဟ်မဒ်ကျမ်း (၂/၂၂၀)၊ ဟဒီးဆ်အမှတ် (၇၀၄၅)၊ အိဗ်နွတ်စ်စွန်နီကျမ်း၊ ဟဒီးဆ်အမှတ် (၂၉၂)၊ အလ်ဘာနီက ၎င်းအား စစ်လ်စိလတွလ် အဟာဒီးဆွစ် ဆွဟီးဟာဟ် ကျမ်း (၃/၅၄)၊ ဟဒီးဆ်အမှတ် (၁၀၆၅) တွင် ဆွဟီးဟ်အဖြစ် အ တည်ပြုထားသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် 'ဖအ်လ်' (ကောင်းသောနိမိတ်ကောက်ခြင်း) ကို နှစ်သက်တော်မူခဲ့သည်။ ထို့ကြောင့် ကိုယ်တော်မြတ်သည် အမျိုးသားတစ်ဦးထံမှ ကောင်းမွန်သောစကားရပ်ကို ကြားရသောအခါ ၎င်းကို နှစ်သက်တော်မူပြီး "ငါတို့သည် အသင် ၏နှုတ်မှပင် အသင်၏ကောင်းသောနိမိတ်ကို ရယူလိုက်ပြီ" ဟု မိန့်ကြားတော်မူခဲ့သည်။ အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၇၁၉)၊ အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၉၀၄၀)၊ အလ်ဘာနီက ၎င်းအား စစ်လ်စိလတွလ် အဟာဒီးဆ် ဆွဟီးဟာဟ် ကျမ်း (၂/၃၆၃) တွင် ဆွဟီးဟ်အဖြစ် အတည်ပြုထားပြီး၊ အဗူရှိုင်းခ်၏ အခ်လာကွန်နဗီ (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ကျမ်း (စာမျက်နှာ ၂၇၀) တွင်လည်း လာရှိသည်။

"အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။ ချီးမွမ်းထောမနာပြုခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူ၏။"

﴿سُبْحَانَ الَّذِي سَخَّرَ لَنَا هَذَا وَمَا كُنَّا لَهُ مُقْرِنِينَ

{ကျွန်တော်မျိုးတို့အဖို့ ဤအစီးအနင်းကို နိုင်နင်းစေတော်မူခဲ့သော အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ အမှန်စင်စစ်သော်ကား ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို နိုင်နင်းကြသူများ မဟုတ်ခဲ့ပေ။}

وَإِنَّا إِلَى رَبِّنَا لَمُنقَلِبُونَ﴾،

ၡင်းပြင် ကေန်မလွဲ ကျွန်တော်မျိုးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ အမှန်ပင် ပြန်သွားကြမည့်သောသူများပင် ဖြစ်ကြပေသတည်း။
}

الحَمْدُ لِلَّهِ، الحَمْدُ لِلَّهِ، الحَمْدُ لِلَّهِ، اللَّهُ أَكْبَرُ، اللَّهُ أَكْبَرُ، اللَّهُ أَكْبَرُ، سُبْحَانَكَ اللَّهُمَّ إِنِّي ظَلَمْتُ نَفْسِي فَاغْفِرْ لِي؛ فَإِنَّهُ لَا يَغْفِرُ الذُّنُوبَ إِلَّا أَنْتَ»[252].

ချီးမွမ်းထောမနာခြင်းအပေါင်းသည် အရှင်မြတ် အဖို့သာလျှင်ဖြစ်ပါ၏။ (၃-ကြိမ်) အလ္လာဟ်အရှင်မြတ်သည်သာ ကြီးကဲထွတ်မြတ်ဆုံး ဖြစ်တော်မူပါ၏။ (၃-ကြိမ်) အို - ချုပ်တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်

မြတ်၊ ကျွန် တော်မျိုးသည် မိမိကိုယ်မိမိ နှိပ်စက်ညှဉ်းပန်းမိခဲ့ပါ၏။ ကျွန်တော်မျိုးအား အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ဧကန်အမှန်ပင် အရှင်မြတ်မှအပ အပြစ်များကို ခွင့်လွှတ်ချမ်းသာ ပေးနိုင်သူဟူ၍ အလျဉ်းမရှိပါ။[1]

## (၉၆) ခရီးထွက်သည့်အခါ ရွတ်ဖတ်ရမည့် ဒုအာ

«اللَّهُ أَكْبَرُ، اللَّهُ أَكْبَرُ، اللَّهُ أَكْبَرُ،

"အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူသည်၊ အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူသည်၊ အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူသည်။"

سُبْحَانَ الَّذِي سَخَّرَ لَنَا هَذَا وَمَا كُنَّا لَهُ مُقْرِنِينَ

ကျွန်တော်မျိုးတို့အဖို့ ဤအစီးအနင်းကို နိုင်နင်းစေတော်မူခဲ့သော အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ အမှန်စင်စစ်သော်ကား ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို နိုင်နင်းကြသူများ မဟုတ်ခဲ့ပေ။

---

[1] အဗူဒါဝူဒ်ကျမ်း (၃/၃၄)၊ ဟဒီးဆ်အမှတ် (၂၆၀၂)/ သိရ်မိဇီကျမ်း (၅/၅၀၁)၊ ဟဒီးဆ်အမှတ် (၃၄၄၆)၊ ကြည့်- ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၅၆)၊ စူရာဟ်ဇုခ်ရွဖ် (၁၃-၁၄)

وَإِنَّا إِلَى رَبِّنَا لَمُنقَلِبُونَ،

ငင်းပြင် ကေန်မလဲ့ ကျွန်တော်မျိုးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ အမှန်ပင် ပြန်သွားကြမည့်သောသူများပင် ဖြစ်ကြပေသတည်း။ "

اللَّهُمَّ إِنّا نَسْأَلُكَ فِي سَفَرِنَا هَذَا البِرَّ وَالتَّقْوَى، وَمِنَ العَمَلِ مَا تَرْضَى، اللَّهُمَّ هَوِّنْ عَلَيْنَا سَفَرَنَا هَذَا وَاطْوِ عَنَّا بُعْدَهُ، اللَّهُمَّ أَنْتَ الصَّاحِبُ فِي السَّفَرِ، وَالخَلِيفَةُ فِي الأَهْلِ، اللَّهُمَّ إِنِّي أَعُوذُ بِكَ مِنْ وَعْثَاءِ السَّفَرِ، وَكَآبَةِ المَنْظَرِ، وَسُوءِ المُنْقَلَبِ فِي المَالِ وَالأَهْلِ»،

အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် ဤခရီးစဉ်မှ ကောင်းမှုကိုလည်းကောင်း၊ အရှင်မြတ်၏ အမိန့်နာခံမှုနှင့် အပြစ်ရှောင်ကြဉ်နိုင်စွမ်း(သက္ကဝါ)တရားကိုလည်းကောင်း၊ အရှင်နှစ်မြို့တော်မူသော လုပ်ရပ်များကိုလည်းကောင်း အရှင်မြတ်ထံ တောင်းခံပါ၏။ အို– အလ္လာဟ်အရှင်မြတ်၊ ဤခရီးစဉ်ကို ကျွန်တော်မျိုးတို့အတွက် လွယ်ကူချောမွေ့စေတော်မူပါ။ ခရီးအကွာအဝေးကို ကျုံ့စေတော်မူပါ။ အို- အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည်သာ ခရီးဖော်ဖြစ်တော်မူပါသည်။ အရှင်မြတ်သည်သာ ကျန်ရစ်သည့် မိသားစုကို ထိန်းသိမ်းစောင့်ရှောက်တော်မူသည့် အရှင်ဖြစ်တော်မူပါသည်။ အို-အလ္လာဟ်အရှင်မြတ်၊ ဤလမ်းခ

ရီး၏ အခက်အခဲများ ပင်ပန်းမှုများမှလည်းကောင်း၊ လမ်းခရီးတွင် မကောင်းသောမြင်ကွင်း (အနိဋ္ဌာရုံ)များ မြင်ရခြင်းမှလည်းကောင်း၊ ခရီးမှအပြန်တွင် မိမိဥစ္စာပစ္စည်း၊အိမ်သူအိမ်သားမိသားစုတို့တွင် မကောင်း သောအဖြစ် တွေ့မြင်ရခြင်းမှလည်းကောင်း ကင်းလွတ်ရန် အရှင်မြတ်ထံ ပန်ကြားပါ၏။

အပြန်ခရီးတွင် အထက်ပါဒုအာတောင်းခံပြီး နောက်အောက်ပါဒုအာကိုဖြည့်စွက် တောင်းခံပါ။

«آيِبُونَ، تائِبُونَ، عَابِدُونَ، لِرَبِّنَا حَامِدُونَ»[253].

"ကျွန်တော်မျိုးတို့သည် (ခရီးမှ) ပြန်လာကြသူများ၊ သောင်ဗဟ်အမှားဝန်ခံသူများ၊ အိဗာဒသ် ခဝပ်ကိုးကွယ်မှုပြုသူများ၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်အား ချီးမွမ်းထောမနာပြုကြသူများ ဖြစ်ကြပါသည်။" (၂၅၃)[1]

[1] မွတ်စ်လင်မ်ကျမ်း (၂/၉၇၈)၊ ဟဒီးဆ်အမှတ် (၁၃၄၂)

## (၉၇) ကျေးရွာ သို့မဟုတ် မြို့အဝင် ရွတ်ဖတ်ရမည့်ဒုအာ။

«اللَّهُمَّ رَبَّ السَّمَوَاتِ السَّبْعِ وَمَا أَظْلَلْنَ، وَرَبَّ الأَرَضِينَ السَّبْعِ وَمَا أَقْلَلْنَ، وَرَبَّ الشَّيَاطِينِ وَمَا أَضْلَلْنَ، وَرَبَّ الرِّيَاحِ وَمَا ذَرَيْنَ، أَسْأَلُكَ خَيْرَ هَذِهِ الْقَرْيَةِ، وَخَيْرَ أَهْلِهَا، وَخَيْرَ مَا فِيهَا، وَأَعُوذُ بِكَ مِنْ شَرِّهَا، وَشَرِّ أَهْلِهَا، وَشَرِّ مَا فِيهَا»[254].

"အို အလ္လာဟ်အရှင်မြတ်၊ မိုးကောင်းကင်ခုနှစ်ထပ်နှင့် ထို မိုးကောင်းကင်များက အရိပ်မိုးပေးထားသည့် အရာခပ်သိမ်းတို့၏အရှင်၊ မြေပထဝီခုနှစ်ထပ်နှင့် ထိုမြေပထဝီများက သယ်ပိုးထားသည့် အရာခပ်သိမ်းတို့၏အရှင်၊ ရှိုင်သွာန်များနှင့် ထိုရှိုင်သွာန်များ လမ်းလွဲစေခဲ့သူ ခပ်သိမ်းတို့၏အရှင်၊ လေအပေါင်းနှင့် ထိုလေများ လွင့်စင်ပျံ့လွင့်စေသည့် အရာခပ်သိမ်းတို့၏အရှင်၊ ကျွန်တော်မျိုးသည် ဤမြို့ရွာ၏ ကောင်းမှုကိုလည်းကောင်း၊ ဤမြို့ရွာသားများ၏ ကောင်းမှုကိုလည်းကောင်း၊ ဤမြို့ရွာ၌ရှိသော အရာခပ်သိမ်းတို့၏ ကောင်းမှုကိုလည်းကောင်း အရှင်မြတ်ထံ တောင်းခံပန်ကြားပါ၏။ ထို့ပြင် ကျွန်တော်မျိုးသည် ဤမြို့ရွာ၏ မကောင်းမှုဘေးအန္တရာယ်မှလည်းကောင်း၊ ဤမြို့ရွာသားများ၏ မကောင်းမှုဘေးအန္တရာယ်မှလည်းကောင်း

၊ ဤမြို့ရွာ၌ရှိသော အရာခပ်သိမ်းတို့၏ မကောင်းမှုဘေး အန္တရာယ်မှလည်းကောင်း အရှင်မြတ်ထံ ခိုလှုံပါ၏။"[1]

## (၉၈) ဈေးသို့ဝင်သောအခါ ဖတ်ရမည့် ဒုအာ

«لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ المُلْكُ، وَلَهُ الحَمْدُ، يُحْيِي وَيُمِيتُ، وَهُوَ حَيٌّ لَا يَمُوتُ، بِيَدِهِ الخَيْرُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ»[255].

"တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်ကသာ ရှင်စေတော်မူ၍ ထိုအရှင်မြတ်ကသာ သေစေနိုင်တော်မူ၏။ အရှင်မြတ်သည်ထာဝရရှင်သန်နေတော်မူ၍ မသေဆုံးသည့်အရှင်ဖြစ်သည်။ကောင်းခြ

[1] ဟာကင်မ်ကျမ်း၊ အိမာမ်ဟာကင်မ်က ၎င်းကို ဆွဟီးဟ်ဖြစ်သည်ဟု သတ်မှတ်ခဲ့ပြီး ဇဟဗီကလည်း သဘောတူလက် ခံခဲ့သည် (၂/၁၀၀) /အိဗ်နွတ်စ်စွန္နီကျမ်း၊ ဟဒီးဆ်အမှတ် (၅၂၄) / ဟာဖိဇ်အိဗ်နေဟဂျရ်က သလ်ရီးဂျ်လ်အဇ်ကာရ်ကျမ်း (၅/၁၅၄) တွင် ဤဟဒီးဆ်အား ဟစန်ဖြစ်သည်ဟု သတ်မှတ်ထားသည်။ အလ္လာမဟ် အိဗ်နုဗာဇ် (ရဟိမဟုလ္လာဟ်) က "နစာအီကျမ်းတွင် ဟစန်အဆင့်ရှိသော စနဒ်ဖြင့် ဆင့်ပြန်ထား သည်" ဟု မိန့်ဆိုထားသည်။ သုဟ်ဖသွလ်အတ်ခ်ယားရ်ကျမ်း (စာ-၃၇) ကို ကြည့်ပါ။

င်းဟူသမျှသည် ထိုအရှင်မြတ်၏လက်တော်၌သာရှိတော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။"[1]

## (၉၉) အစီးအနင်း စတင်ထွက်ခွါရန် အခက်အခဲကြုံတွေ့ရသောအခါ ရွတ်ဆိုရမည့် ဒုအာ။

«بِسْمِ اللَّهِ»[256].

بِسْمِ اللَّهِ"[2]

## (၁၀၀) ခရီးသွားသူက အိမ်တွင်ကျန်ရစ်ခဲ့သူအတွက် ရွတ်ဆိုရမည့် ဒုအာ

«أَسْتَوْدِعُكُمُ اللَّهَ الَّذِي لَا تَضِيعُ وَدَائِعُهُ»[257].

“ကျွန်ုပ်သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်ထံ အပ်နှင်းခဲ့ပါပြီ။ အလ္လာဟ်အရှင်မြတ်ထံ အပ်နှံထားသည့် အရာ

---

[1] သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၂၄၂၈) / အိဗ်နုမာဂျဟ်ကျမ်း (၅/၂၉၁)၊ ဟဒီးဆ်အမှတ် (၃၈၆၀) / ဟာကင်မ်ကျမ်း (၁/၅၃၈) / အလ်ဗာနီက ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂/၂၁) နှင့် ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၅၂) တို့တွင် ဤဟဒီးဆ်အား ဟစန်ဟု သတ်မှတ်ထားသည်။

[2] အဗူဒါဝူဒ်ကျမ်း (၄/၂၉၆)၊ ဟဒီးဆ်အမှတ် (၄၉၈၂)၊ အလ်ဗာနီက ဆွဟီးဟ် အဗူဒါဝူဒ်ကျမ်း (၃/၉၄၁) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။

များသည် ထိခိုက်ဆုံးရှုံးမှု တစ်စုံတစ်ရာ ရှိမည်မဟုတ်ပါ။"
[1]

## (၁၀၁) အိမ်တွင်ကျန်ရစ်သူက ခရီးသည်အတွက် တောင်းပေးရမည့် ဒုအာ

«أَسْتَوْدِعُ اللَّهَ دِينَكَ، وَأَمَانَتَكَ، وَخَوَاتِيمَ عَمَلِكَ»[258].

"ကျွန်ုပ်သည် အသင်၏ဒီးန်သာသနာ၊ အသင်၏အမာနသ် (အိမ်သူအိမ်သား၊ ဥစ္စာပစ္စည်းများ)နှင့် အသင်၏အမလ် ဆောင်ရွက်မှုများ၏ နိဂုံးချုပ်များအား အလ္လာဟ်အရှင်မြတ်ထံ အပ်နှင်းလိုက်ပါပြီ။"[2]

«زَوَّدَكَ اللَّهُ التَّقْوَى، وَغَفَرَ ذَنْبَكَ، وَيَسَّرَ لَكَ الخَيْرَ حَيْثُ ما كُنْتَ»[259].

"အလ္လာဟ်အရှင်မြတ်သည် အသင့်အား သက္ကဝါတရား တိုး၍ ချီးမြှင့်တော်မူပါစေ။ အသင်၏ အပြစ်အကုသိုလ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါစေ။ အသင် မည်သ

---

[1] အဟ်မဒ်ကျမ်း (၂/၄၀၃)၊ ဟဒီးဆ်အမှတ် (၉၂၃၀) နှင့် အိဗ်နုမာဂျဟ်ကျမ်း (၂/၉၄၃)၊ ဟဒီးဆ်အမှတ် (၂၈၂၅)၊ ကြည့်ပါ- ဆွဟီးဟ်အိဗ်နုမာဂျဟ်ကျမ်း (၂/၁၃၃)

[2] အဟ်မဒ်ကျမ်း (၂/၇)၊ ဟဒီးဆ်အမှတ် (၄၅၂၄)၊ နှင့် သိရ်မိဇီကျမ်း (၅/၄၉၉)၊ ဟဒီးဆ်အမှတ် (၃၄၄၃)၊ အလ်ဗာနီက ဆဟီးဟ်စုနန်သိရ်မိဇီကျမ်း (၃/၄၁၉) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်ဟု သတ်မှတ်အတည်ပြုထားသည်။

ညွှန်နေရာတွင်ရှိသည်ဖြစ်စေ အသင့်အဖို့ ကောင်းမှုများကို လွယ်ကူအောင်ပြုလုပ်ပေးသနားတော်မူပါစေ။"[1]

## (၁၀၂) ခရီးသွားရာတွင် အလ္လာဟု အက်ဗရ် (သက္ကဗီရ်) နှင့် စွဗ်ဟာနလ်လာဟ် (သတ်စ်ဗီးဟ်) ဖတ်ခြင်း။

ဂျာဗိရ် (ရသွိယလ္လာဟုအန်ဟု)က ပြောပြခဲ့သည်။ " ကျွန်ုပ်တို့သည် အမြင့်သို့တက်သည့်အခါ 'အလ္လာဟု အက်ဗရ်' (အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူပါ၏) ဟု ရွတ်ဆိုကြသည်၊ ဤသို့ရွတ်ဆိုရမည်။ (အလ္လာဟ်အရှင်မြတ်သည် အကြီးကျယ်ဆုံးဖြစ်တော်မူသည်။) အနိမ့်သို့ဆင်းသည့်အခါ 'စွဗ်ဟာနလ္လာဟ်' (အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပါ၏)ဟု ရွတ်ဆိုကြသည်။"[2]

ဤသို့ရွတ်ဆိုရမည်။ (အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူသည်။)

[1] သိရ်မိဇီကျမ်း၊ ဟဒီးဆ်အမှတ် (၃၄၄၄)၊ ကြည့် - ဆွဟီးဟ် သိရ်မိဇီကျမ်း (၃/၁၅၅)

[2] ဗုခါရီကျမ်း၊ ဖသ်ဟုလ်ဗာရီကျမ်းနှင့်အတူ (၆/၁၃၅)၊ ဟဒီးဆ်အမှတ် (၂၉၉၃)

## (၁၀၃) ခရီးသည်သည် မိုးသောက်ယံအချိန်ရောက်သည့်အခါ ရွတ်ဆိုရမည့် ဒုအာ

«سَمَّعَ سَامِعٌ بِحَمْدِ اللَّهِ، وَحُسْنِ بَلَائِهِ عَلَيْنَا، رَبَّنَا صاحِبْنَا، وَأَفْضِلْ عَلَيْنَا، عَائِذًا بِاللَّهِ مِنَ النَّارِ»[261].

"အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့် ကျွန်ုပ်တို့အပေါ်၌ အရှင်မြတ်၏ ကောင်းမြတ်သော စမ်းသပ်ခြင်း (ကျေးဇူးတော်) အကြောင်းကို ကြားသူတိုင်း ကြားသိကြပါစေ။ အို - ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့နှင့်အတူ ရှိတော်မူပါ၊ ကျွန်တော်မျိုးတို့အပေါ်၌ ကျေးဇူးတော်ကို ဆက်လက်ချီးမြှင့်တော်မူပါ။ ကျွန်တော်မျိုးသည် ငရဲမီးဘေးမှ အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။"[1]

[1] မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၆)၊ ဟဒီးဆ်အမှတ် (၂၇၁၈)။ "စမ်းမအ စာမိအွန်း" ၏ အဓိပ္ပါယ်မှာ- အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များနှင့် ကောင်းမြတ်သော စမ်းသပ်မှုများအပေါ် ကျွန်တော်မျိုးတို့၏ ချီးမွမ်းထောပနာပြုခြင်းကို သက်သေတစ်ဦးဦးက သက်သေခံပါစေ ဟူ၍ ဖြစ် သည်။ ၎င်းအပြင် "စမ်းမအ စာမိအွန်း" ၏ နောက်ထပ်အဓိပ္ပါယ်မှာ- မိုးသောက်ယံ(ဆဟရ်)အချိန်တွင် ဇိကိရ်နှင့် ဒုအာပြုလုပ်ရန် သတိပေးနှိုးဆော်သည့်အနေဖြင့် ကျွန်ုပ်၏ ဤစကားကို ကြားသိသူသည် အခြားသူများထံသို့ ထ

## (၁၀၄) ခရီးတွင်ဖြစ်စေ သို့မဟုတ် အခြားနေရာတစ်ခုခု၌ဖြစ်စေ စခန်းချ တည်းခိုသောအခါ ဖတ်ရမည့် ဒုအာ

«أَعُوذُ بِكَلِمَاتِ اللَّهِ التَّامَّاتِ مِنْ شَرِّ مَا خَلَقَ»[262].

"အလ္လာဟ်အရှင်မြတ်၏ ပြည့်စုံတော်မူသော ကလိမဟ် တော်များအားဖြင့် အရှင်မြတ် ဖန်ဆင်းထားသော အဖန်ဆင်းခံ ခပ်သိမ်းတို့၏ ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အရှင်မြတ်ထံ ကျွန်တော်မျိုး ခိုလှုံခွင့်တောင်းခံပါ၏။"[1]

## (၁၀၅) ခရီးမှ ပြန်လာရာတွင် ရွတ်ဆိုရမည့် ဒုအာ

«يُكَبِّرُ عَلَى كُلِّ شَرَفٍ ثَلَاثَ تَكْبِيرَاتٍ ثُمَّ يَقُولُ:

"ကုန်းမြင့်ပေါ်တက်တိုင်း ( اللهُ أَكْبَرُ ) 'အလ္လာဟု အက်ဗရ်' သုံးကြိမ် ဆိုတော်မူသည်။ ထို့နောက် အောက်ပါဒုအာကို ရွတ်ဖတ်တော်မူသည်။"

لَا إِلَهَ إِلَّا اللَّهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ، وَلَهُ الحَمْدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، آيِبُونَ، تَائِبُونَ، عَابِدُونَ، لِرَبِّنَا حَامِدُونَ، صَدَقَ اللَّهُ وَعْدَهُ، وَنَصَرَ عَبْدَهُ، وَهَزَمَ الأَحْزَابَ وَحْدَهُ»[263].

---

ပ်ဆင့်ပို့ဆောင်ပေးပါစေ၊ ထိုသူသည်လည်း ဤနည်းတူ ဆိုပါစေ ဟူ၍ဖြစ်သည်။ (အိမာမ်နဝဝီ၏ ဆွဟီးဟ် မွတ်စ်လင်မ်ကျမ်း အကျယ်ရှင်းလင်းချက် - ၁၇/၃၉)

[1] မွတ်စ်လင်မ်ကျမ်း (၄/၂၀၈၀)၊ ဟဒီးဆ်အမှတ် (၂၇၀၉)

အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိပါ။ အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူပြီး၊ အရှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်ကိုးကွယ်ရာအရှင်ဟူ၍ မရှိပါ။ စိုးပိုင်ခြင်းဟူသ၍သည် အရှင်မြတ်အဖို့သာလျှင်ဖြစ်ပြီး၊ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည်လည်း အရှင်မြတ်အဖို့သာလျှင်ဖြစ်တော်မူပါသည်။ ထိုအရှင်မြတ် သည် အရာရာတိုင်းအပေါ်တွင် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ ကျွန်တော်မျိုးတို့သည် (ခရီးမှ) ပြန်လာကြသူများ၊ သောင်ဗဟ်အမှားဝန်ခံသူများ၊ အိဗာဒသ် ခဝပ်ကိုးကွယ်မှုပြုသူများ၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အား ချီးမွမ်းထောမနာပြုကြသူများ ဖြစ်ကြပါသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကတိတော်အား တည်စေတော်မူခဲ့၏။ ထို့ပြင် မိမိ၏ ကျေးကျွန်အား ကူညီစောင်

မတော်မူခဲ့၏။ အရှင်မြတ်တစ်ပါးတည်းသာလျှင် ရန်သူ့တပ်များအား ရှုံးနိမ့်စေတော်မူသော အရှင်ဖြစ်ပါသည်။[1]

## ၁၀၆။ ဝမ်းမြောက်ဖွယ်ကိစ္စ သို့မဟုတ် မနှစ်မြို့ဖွယ်ကိစ္စ ကြုံတွေ့ရသောအခါ ဖတ်ရမည့် ဒုအာ။

တမန်တော်မြတ်(ﷺ)သည် ဝမ်းမြောက်ဖွယ်ရာ ကိစ္စရပ်တစ်ခုခုနှင့် ကြုံလာရသည့်အခါတွင် ဤသို့ ရွတ်ဖတ်တော်မူလေ့ရှိသည်-

«الحَمْدُ لِلَّهِ الَّذِي بِنِعْمَتِهِ تَتِمُّ الصَّالِحَاتُ»

"ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ကျေးဇူးပြုမှုဖြင့် ကောင်းမှုများသည် ပြီးပြည့်စုံခြင်းဖြစ်ရပေသည်။"

ထို့ပြင် အကယ်၍ မိမိမနှစ်သက်သော ကိစ္စတစ်စုံတစ်ရာ ဆိုက်ရောက်လာပါက ဤသို့ရွတ်ဖတ်တော်မူသည် -

---

[1] တမန်တော်မြတ် (صلى الله عليه وسلم) သည် စစ်ပွဲဖြစ်စေ၊ ဟဂ်ျခရီးမှဖြစ်စေ ပြန်လာသည့်အခါတွင် ၎င်းကို ရွတ်ဖတ်တော်မူသည်။ ဗုခါရီကျမ်း (၇/၁၆၃)၊ ဟဒီးဆ်အမှတ် (၁၇၉၇) / မွတ်စ်လင်မ်ကျမ်း (၂/၉၈၀)၊ ဟဒီးဆ်အမှတ် (၁၃၄၄)

«الحَمْدُ لِلَّهِ عَلَى كُلِّ حَالٍ»[264].

"အခြေအနေတိုင်းတွင် အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာပြုပါ၏။"[1]

## (၁၀၇) တမန်တော်မြတ် (ﷺ) ပေါ် ဆွလာသ်ပို့သခြင်း၏ ထွတ်မြတ်မှု။

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်-

«مَنْ صَلَّى عَلَيَّ صَلَاةً صَلَّى اللَّهُ عَلَيْهِ بِهَا عَشْرًا»[265].

"အကြင်မည်သူမဆို ငါကိုယ်တော်အပေါ်သို့ ဆွလာသ်တစ်ကြိမ်ပို့သပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အပေါ်၌ ရဟ်မသ် ကရုဏာတော် ဆယ်ကြိမ် ချီးမြှင့်တော်မူမည်ဖြစ်သည်။" (၂၆၅)[2] ပမာအားဖြင့် ဤသို့ ရွတ်ဆိုခြင်းဖြစ်သည်။ "အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့၏ နဗီတမန်တော် မုဟမ္မဒ်အပေါ်သို့ ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုများ ချီးမြှင့်တော်မူပါ။"

---

[1] အိဗ်နွတ်စွန္နီ၏ အမလွလ်ယောင်မ်ဝလ်လိုင်းလဟ်ကျမ်း၊ ဟဒီးဆ်အမှတ် (၃၇၇) / မွတ်စ်သဒ်ရက်ကျမ်း (၁ / ၄၉၉) အိမာမ်ဟာကင်မ်က ဤဟဒီးဆ်ကို ဆွဟီးဟ်ဟု မှတ်ချက်ပြုထားသည်။ ရှိက်ခ်အလ်ဗာနီက ဆွဟီဟုလ်ဂျာမိအ်ကျမ်း (၄ / ၂၀၁) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်ဟု မှတ်ချက်ပြုထားသည်။

[2] မွတ်စ်လင်မ်ကျမ်း (၁/၂၈၈)၊ ဟဒီးဆ်အမှတ် (၃၈၄)

တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်-

«لَا تَجْعَلُوا قَبْرِي عِيدًا وَصَلُّوا عَلَيَّ؛ فَإِنَّ صَلَاتَكُم تَبْلُغُنِي حَيْثُ كُنْتُمْ».

"ငါကိုယ်တော်၏ကဗရ်ကို အီးဒ်ပွဲတော်အဖြစ် မပြုလုပ်ကြနှင့် ငါကိုယ်တော်အပေါ်သို့ ဆွလာသ်မေတ္တာ ပို့သကြလေကုန်၊ ကေန်မုချ အသင်တို့၏ ဆွလာသ်မေတ္တာ ပို့သမှုသည် အသင်တို့မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ ငါကိုယ်တော်ထံ ရောက်ရှိလေသည်။"[1]

တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်-

«الْبَخِيلُ مَنْ ذُكِرْتُ عِنْدَهُ فَلَمْ يُصَلِّ عَلَيَّ»[267].

"အကြင်သူ၏ ထံတွင် ငါကိုယ်တော် (၏အမည်အား) ဖော်ပြခံရသော်လည်း ငါကိုယ်တော်ႇအပေါ်၌ ဆွလာသ် မပို့သူသည် အလွန်စေးနည်းတွန့်တိုသူဖြစ်သည်။"[2]

တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်-

«إِنَّ لِلَّهِ مَلَائِكَةً سَيَّاحِينَ فِي الأَرْضِ يُبَلِّغُونِي مِنْ أُمَّتِي السَّلَامَ»[268].

---

[1] အဗူဒါဝူဒ်ကျမ်း (၂/၂၁၈)၊ ဟဒီးဆ်အမှတ် (၂၀၄၄)/ မွတ်စ်နဒ်အဟ်မဒ်ကျမ်း (၂/၃၆၇)၊ ဟဒီးဆ်အမှတ် (၈၈၀၄)၊ အလ်ဗာနီက ဆွဟီးဟ်အဗူဒါဝူဒ်ကျမ်း (၂/၃၈၃) တွင် ဤဟဒီးဆ်ကို ဆွဟီးဟ်အဖြစ် အတည်ပြုထားသည်။

[2] သိရ်မိဇီကျမ်း (၅/၅၅၁)၊ ဟဒီးဆ်အမှတ် (၃၅၄၆) နှင့် အခြားကျမ်းများ / ကြည့်ပါ - ဆွဟီးဟွလ်ဂျာမိအ်ကျမ်း (၃/၂၅)၊ ဆွဟီးဟ်သိရ်မိဇီကျမ်း (၃/၁၇၇)

"ကောန်စင်စစ် အလ္လာဟ်အရှင်မြတ်ထံတော်ပါး၌ မြေပထဝီတွင် လည့်ပတ်သွားလာနေသော ကောင်းကင်တမန်များရှိပြီး ၎င်းတို့သည် ငါတမန်တော်မြတ်၏ အွမ္မသ်သားများပို့သခဲ့သော စလာမ်မေတ္တာများကို ငါတမန်တော်မြတ်ထံသို့ ပို့ဆောင်ကြလေသည်။"[1]

တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်-

«مَا مِنْ أَحَدٍ يُسَلِّمُ عَلَيَّ إِلَّا رَدَّ اللَّهُ عَلَيَّ رُوحِي حَتَّى أَرُدَّ عَلَيْهِ السَّلَامَ»[269].

"မည်သူမဆို ငါကိုယ်တော့်အပေါ် စလာမ်ပို့သလျှင်၊ ငါကိုယ်တော်သည် ထိုသူ့အား စလာမ်ပြန်လည် ဖြေကြားနိုင်ရန် အလ္လာဟ်အရှင်မြတ်သည် ငါကိုယ်တော်၏ဝိညာဉ်ကို ငါကိုယ်တော့်ထံ ပြန်လည်ပေးအပ်တော်မူသည်။"[2]

## ၁၀၈။ စလာမ်အား ဖြန့်ချီခြင်း

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်-

---

1 နစာအီကျမ်း (၃ /၄၃)၊ ဟဒီးဆ်အမှတ် (၁၂၈၂) / ဟာကင်မ်၏ မွတ်စ်သဒ်ရတ်က်ကျမ်း (၂ / ၄၂၁) / အလ်ဗာနီက ဆွဟီးဟ်နစာအီကျမ်း (၁ / ၂၇၄) တွင် ဤဟဒီးဆ်အား ဆွဟီးဟ်ဟု သတ်မှတ်ထားသည်။

2 အဗူဒါဝူဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၂၀၄၁)၊ အလ်ဗာနီက ဆွဟီးဟ်အဗူဒါဝူဒ်ကျမ်း (၁/ ၃၈၃) တွင် ဤဟဒီးဆ်အား ဟစန်ဟု သတ်မှတ်ထားသည်။

«لَا تَدْخُلُوا الجَنَّةَ حَتَّى تُؤْمِنُوا، وَلَا تُؤْمِنُوا حَتَّى تَحَابُّوا، أَوَلَا أَدُلُّكُم عَلَى شَيْءٍ إِذَا فَعَلْتُمُوهُ تَحَابَبْتُم، أَفْشُوا السَّلَامَ بَيْنَكُمْ»[270].

"အသင်တို့သည် အီမာန်သက်ဝင်ယုံကြည်မှုမရှိသေးသမျှ ကာလပတ်လုံး ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်မဟုတ်ပေ။ အသင်တို့သည် အချင်းချင်း ချစ်ခင်မှုမရှိသေးသမျှ ကာလပတ်လုံး (ပြည့်ဝသည့်)မုအ်မင်န်မဖြစ်နိုင်ပေ။ ငါကိုယ်တော်သည် အသင်တို့အား ကိစ္စရပ်တစ်ခုအား ညွှန်ပြရမည်လော၊ ၎င်းကိုပြုလုပ်ပါက အသင်တို့အချင်းချင်း ချစ်ခင်မှုရှိလာမည်ဖြစ်သည်။ အသင်တို့၏ကြားတွင် စလာမ်ကိုဖြန့်ချီကြပါ။"[1]

«ثَلَاثٌ مَنْ جَمَعَهُنَّ فَقَدْ جَمَعَ الإِيمَانَ: الإِنْصَافُ مِنْ نَفْسِكَ، وَبَذْلُ السَّلَامِ لِلْعَالَمِ، وَالإِنْفَاقُ مِنَ الإِقْتَارِ»[271].

“အကြင်မည်သူမဆို အချက်သုံးချက်ကို စုစည်းထားပါက အီမာန်ယုံကြည်မှုကို စုစည်းထားလိုက်ခြင်းပင် ဖြစ်သည်။ ယင်းတို့မှာ- မိမိဘက်မှ တရားမျှတစွာ ပြုမူခြင်း၊ လူခပ်သိ

[1] မွတ်စ်လင်မ်ကျမ်း (၁/၇၄)၊ ဟဒီးဆ်အမှတ် (၅၄)၊ အဟ်မဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၁၄၃၀) ဤတွင်ဖော်ပြထားသော ဟဒီးဆ်စာသား မှာ ၎င်း၏စာသား ဖြစ်သည်။ မွတ်စ်လင်မ်ကျမ်း၏စာသားမှာ «لَا تَدْخُلُونَ...» ဟူ၍ ဖြစ်သည်။

မ်းအား စလာမ်ပေးခြင်းနှင့် ဆင်းရဲကျပ်တည်းချိန်၌ လှူဒါန်းသုံးစွဲခြင်းတို့ ဖြစ်သည်။”[1]

အဗ်ဒုလ္လာဗင်န်အုမရ်(ရဿိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ်(ﷺ) အား အစ္စလာမ်သာသနာ၏ မည်သည့်လုပ်ရပ်များသည် အကောင်းမြတ်ဆုံး ဖြစ်ပါသနည်းဟု မေးမြန်းလျှောက်ထားသောအခါ ကိုယ်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်မှာ-

«تُطْعِمُ الطَّعَامَ، وَتَقْرَأُ السَّلَامَ عَلَى مَنْ عَرَفْتَ وَمَنْ لَمْ تَعْرِفْ»[272].

"အစားအစာ ကျွေးမွေးခြင်း၊ အသင်သိသောသူကိုဖြစ်စေ မသိသောသူကိုဖြစ်စေ စလာမ်ပေးခြင်းဖြစ်သည်။"[2]

## (၁၀၉) ကာဖိရ်က စလာမ်မေတ္တာပို့သလာလျှင် စလာမ်၏အဖြေကို မည်သို့ပေးရမည်နည်း။

«إذَا سَلَّمَ عَلَيْكُمْ أَهْلُ الكِتَابِ فَقُولُوا: وَعَلَيْكُمْ»[273].

[1] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဘာရီနှင့် အတူ (၁/၈၂)၊ ဟဒီးဆ်အမှတ် (၂၈)၊ အမ္မားရ် (ရဿိယလ္လာဟုအန်ဟု) ထံမှ မောင်ဝ်ကူးဖ်၊ မုအလ္လက်အဖြစ် ဆင့်ပြန်ထားသည်။

[2] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဘာရီကျမ်းနှင့်အတူ (၁/၅၅)၊ ဟဒီးဆ်အမှတ် (၁၂) / မွတ်စ်လင်မ်ကျမ်း (၁/၆၅)၊ ဟဒီးဆ်အမှတ် (၃၉)

"အကယ်၍ ကျမ်းရသူ (ရဟူးဒ်၊ နစ်စ်ရာနီ) တို့က အသင်တို့အား စလာမ်ပြုပါက «وَعَلَيْكُمْ» (အသင်တို့အပေါ်လည်း ငြိမ်း ချမ်းသာယာမှု ကျရောက်ပါစေ) ဟု ပြန်လည်ပြောဆိုပါ။"[1]

## (၁၁၀) ကြက်ဖတွန်သံနှင့် မြည်းအော်သံ ကြားရသည့်အခါ ဖတ်ရမည့် ဒုအာ။

«إِذَا سَمِعْتُمْ صِيَاحَ الدِّيَكَةِ فَاسْأَلُوا اللَّهَ مِنْ فَضْلِهِ؛ فَإِنَّهَا رَأَتْ مَلَكًا،

"အကယ်၍ အသင်တို့သည် ကြက်ဖများ တွန်သံကို ကြားကြရလျှင် အလ္လာဟ်အရှင်မြတ်ထံတော်မှ အရှင်မြတ်၏ ကျေးဇူးတော်ကို တောင်းခံကြလော့။ အကြောင်းမှုကား ၎င်းတို့သည် မလာအိကဟ်တစ်ပါးပါးကို မြင်တွေ့ခဲ့ခြင်း ကြောင့် ဖြစ်၏။"

ပမာအားဖြင့် ဤသို့ရွတ်ဖတ်ရမည်။ "အို-အလ္လာဟ်အရှင်မြတ်၊ မုချကေန် ကျွန်တော်မျိုးသည် အရှင့်ထံတော်ပါးမှ အရှင်မြတ်၏ ကျေးဇူးတော်ကို တောင်းခံပါ၏။"

وَإِذَا سَمِعْتُمْ نَهِيقَ الحِمَارِ فَتَعَوَّذُوا بِاللَّهِ مِنَ الشَّيطَانِ؛ فَإِنَّهُ رَأَى شَيْطَانًا»[274].

---

[1] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဘာရီနှင့်အတူ (၁၁/၄၂)၊ ဟဒီးဆ်အမှတ် (၆၂၅၈) / မွတ်စ်လင်မ်ကျမ်း (၄/၁၇၀၅)၊ ဟဒီးဆ်အမှတ် (၂၁၆၃)

"အကယ်၍ အသင်တို့သည် မြည်းအော်သံကို ကြားရသော အခါ ရှိုင်သွာန်(၏နှောင့်ယှက်မှု)မှ (လွတ်ကင်းနိုင်ရန်)အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါလေ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ရှိုင်သွာန်ကို မြင်တွေ့လိုက်သောကြောင့်ဖြစ်ပေသည်။"[1] ပမာအားဖြင့် ဤသို့ရွတ်ဖတ်ရမည်။ (ကျွန်တော်မျိုးသည် နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ နှောင့်ယှက်ခြင်းမှကင်းလွတ်ရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။)

## (၁၁၁) ညအချိန် ခွေးဟောင်သံကြားသောအခါ ဖတ်ရမည့်ဒုအာ။

«إِذَا سَمِعْتُمْ نُبَاحَ الكِلَابِ وَنَهِيقَ الحَمِيرِ بِاللَّيْلِ فَتَعَوَّذُوا بِاللَّهِ مِنْهُنَّ؛ فَإِنَّهُنَّ يَرَيْنَ مَا لَا تَرَوْنَ»[275].

""“ ညအချိန်၌ သင်တို့သည် ခွေးဟောင်သံနှင့် မြည်းအော်သံတို့ကို ကြားရလျှင် ၎င်းတို့၏ဘေးအန္တရာယ်မှ အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းကြပါ။ အကြောင်းမူကား ၎

[1] ဗုခါရီကျမ်းနှင့် ဖသ်ဟုလ်ဗာရီ နှင့်အတူ (၆/၃၅၀)၊ ဟဒီးဆ်အမှတ် (၃၃၀၃) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၉၂)၊ ဟဒီးဆ်အမှတ် (၂၇၂၉)

င်းတို့သည် သင်တို့မမြင်ရသောအရာများကို မြင်ကြပေသည်။ ” (၂၇၅)"[1]

(ဥပမာ) ဤသို့ရွတ်ဆိုရမည်။ (ကျွန်တော်မျိုးသည် နှင် ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ နှောင့်ယှက်ခြင်းမှကင်းရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။)

## ၁၁၂။ မိမိက ဆဲရေးတိုင်းထွာမိသူအတွက် ဖတ်ရမည့်ဒုအာ။

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-

«اللَّهُمَّ فَأَيُّمَا مُؤْمِنٍ سَبَبْتُهُ فَاجْعَلْ ذَلِكَ لَهُ قُرْبَةً إِلَيْكَ يَوْمَ القِيَامَةِ»[276].

"အိုအလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် မည်သည့် မုအ်မင်န်ကိုမဆို ဆဲရေးတိုင်းထွာခဲ့မိပါက၊ ကိယာမသ်နေ့တွင် ထိုအရာအား ထိုသူအတွက် အရှင်မြတ်အထံတော်သို့ နီးကပ်စေမည့် အကြောင်းခံအဖြစ် ပြုလုပ်ပေးတော်မူပါ။"[2]

[1] အဗူဒါဝူဒ်ကျမ်း (၄/၃၂၇)၊ ဟဒီးဆ်အမှတ် (၅၁၀၅)/ မွတ်စ်နဒ်အဟ်မဒ်ကျမ်း (၃/၃၀၆)၊ ဟဒီးဆ်အမှတ် (၁၄၂၈၃)/ အလ်ဗာနီက ဆွဟီးဟ်အဗူဒါဝူဒ်ကျမ်း (၃/၉၆၁) တွင် ဤဟဒီးစ်အား ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။

[2] ဗုခါရီကျမ်းနှင့် ဖသ်ဟုလ်ဗာရီ (၁၁/၁၇၁)၊ ဟဒီးဆ်အမှတ် (၆၃၆၁) / မွတ်စ်လင်မ်ကျမ်း (၄/၂၀၀၇)၊ ဟဒီးဆ်အမှတ် (၃၉၆)၊ မွတ်စ်လင်မ်ကျမ်း၏ ဟဒီးဆ်စာသားမှာ- "ယင်းကို ထိုသူ့အတွက် သန့်စင်မှုနှင့် ကရုဏာတော် ဖြစ်စေတော်မူပါ။"

## ၁၁၃။ မွတ်စ်လင်မ်တစ်ဦးက အခြားမွတ်စ်လင်မ်တစ်ဦးအား ချီးကျူးသောအခါ ပြောဆိုရမည့်စကား။

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-

«إِذَا كَانَ أَحَدُكُم مَادِحًا صَاحِبَهُ لَا مَحَالَةَ فَلْيَقُلْ: أَحْسِبُ فُلَانًا وَاللَّهُ حَسِيبُهُ، وَلَا أُزَكِّي عَلَى اللَّهِ أَحَدًا، أَحْسِبُهُ –إِنْ كَانَ يَعْلَمُ ذَاكَ – كَذَا وَكَذَا»[277].

"အသင်တို့အနက်တစ်ဦးတစ်ယောက်သည် မိမိ၏အဖော်အား မလွဲမရှောင်သာ ချီးမွမ်းရမည်ဆိုပါက 'ကျွန်ုပ်သည် မည်သူမည်ဝါကို (ဤသို့) ထင်မြင်ယူဆပါသည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် သူ၏စာရင်းကို စစ်ဆေးတော်မူမည့်အရှင် ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်ရှေ့တော်၌ မည်သူ့ကိုမျှ သန့်စင်သူဟု ကျွန်ုပ်အာမမခံပါ။ (အကယ်၍ ၎င်းနှင့်ပတ်သက်၍ ထိုအကြောင်းကို သိထားပါက) သူ့အား ဤသို့ဤပုံဖြစ်သည်ဟု ကျွန်ုပ်ထင်မြင်ယူဆပါသည်' ဟု ပြောဆိုပါလေ။"[1]

[1] မွတ်စ်လင်မ်ကျမ်း (၄/၂၂၉၆)၊ ဟဒီးဆ်အမှတ် (၃၀၀၀)

## (၁၁၄) မွတ်စ်လင်မ်တစ်ဦး မိမိအား ချီးမွမ်းခံရသည့်အခါ ရွတ်ဆိုရမည့် ဒုအာ။

«اللَّهُمَّ لَا تُؤَاخِذْنِي بِمَا يَقُولُونَ، وَاغْفِرْ لِي مَا لَا يَعْلَمُونَ، [وَاجْعَلْنِي خَيْرًا مِمَّا يَظُنُّونَ]»[278].

"အို အလ္လာဟ်အရှင်မြတ်၊ သူတို့ပြောဆိုနေကြသည့်အရာများကြောင့် ကျွန်တော်မျိုးအား အပြစ်မယူပါနှင့်။ ထို့ပြင် သူတို့မသိရှိသောအပြစ်များကို ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။ [ထို့ပြင် သူတို့ထင်မြင်ယူဆထားသည်ထက် ပိုမိုကောင်း မွန်သူအဖြစ် ကျွန်တော်မျိုးအား ပြုလုပ်ပေးသနားတော်မူပါ။"[1]

---

[1] ဗုခါရီ၏ အလ်အဒဗုလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၇၆၁) / အလ်ဗာနီက ဆွဟီးဟ် အဒဗ်အလ်မုဖ်ရဒ်ကျမ်း၊ ဟဒီးဆ်အမှတ် (၅၈၅) တွင် ၎င်း၏ စနဒ်အား ဆွဟီးဟ်ဖြစ်ကြောင်း အတည်ပြုထားသည်။ လေးထောင့်ကွင်းအတွင်းရှိ ဟဒီးဆ်စာသားသည် အခြားသော ဆင့်ပြန်မှုလမ်းကြောင်းမှတစ်ဆင့် ဗိုင်ဟကီ၏ ရှုအဗုလ်အီမာန်ကျမ်း - အတွဲ (၄) ဟဒီးဆ်အမှတ် (၂၂၈) ပါ ဖြည့်စွက်ချက်ဖြစ်သည်။

## (၁၁၅) ဟဂ်ျ သို့မဟုတ် အွမ်ရာတွင် အိဟ်ရာမ်ပြုထားသူသည် မည်ကဲ့သို့ 'သလ်ဗီယဟ်' ရွတ်ဆိုရမည်နည်း။

«لَبَّيْكَ اللَّهُمَّ لَبَّيْكَ، لَبَّيْكَ لَا شَرِيكَ لَكَ لَبَّيْكَ، إِنَّ الحَمْدَ، وَالنِّعْمَةَ، لَكَ وَالمُلْكَ، لَا شَرِيكَ لَكَ»[279].

"ကျွန်တော်မျိုး အသင့်ရောက်ရှိပါပြီ။ အို- အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး အသင့်ရောက်ရှိပါပြီ။ ကျွန်တော်မျိုး အသင့်ရောက်ရှိပါပြီ။ အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ထိုက်သူဟူ၍ အလျှင်းမရှိပါ။ ကျွန်တော်မျိုး အသင့်ရောက်ရှိပါပြီ။ ကေန်စင်စစ် ချီးမွမ်းခြင်းအပေါင်းနှင့် နိအ်မသ်ကျေးဇူးတော်အ ပေါင်းတို့သည် အရှင်မြတ်အတွက်သာ ဖြစ်ပါ၏။ စိုးပိုင်မှုဟူသရွေ့သည်လည်း အရှင်မြတ်အတွက်သာ ဖြစ်ပါ၏။ အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ထိုက်သူဟူ၍ အလျှင်းမရှိပါ။[1]

---

[1] ဗုခါရီကျမ်း၊ ဖသ်ဟွလ်ဗာရီနှင့်တကွ(၃/၄၀၈)၊ ဟဒီးဆ်အမှတ် (၁၅၄၉) / မွတ်စ်လင်မ်ကျမ်း (၂/၈၄၁)၊ ဟဒီးဆ်အ မှတ် (၁၁၈၄)

## (၁၁၆) ဟဂျ်ရေအတ်စ်ဝဒ်သို့ ရောက်ရှိချိန်တွင် သက္ကဗီရ်ဆိုခြင်း။

«طَافَ النَّبِيُّ ﷺ بِالْبَيْتِ عَلَى بَعِيرٍ كُلَّمَا أَتَى الرُّكْنَ أَشَارَ إِلَيْهِ بِشَيْءٍ عِنْدَهُ وَكَبَّرَ»[280].

"တမန်တော်မြတ် (ﷺ) သည် ကုလားအုပ်ပေါ်တွင် စီးနင်းလျက် ကအ်ဗဟ်ကျောင်းတော်အား သွဝါဖ် ပြုတော်မူခဲ့သည်။ ရုကွန်(ဟဂျ်ရေအတ်စ်ဝဒ်) သို့ ရောက်ရှိလာတိုင်း မိမိထံ၌ရှိသော အရာတစ်စုံတစ်ခုဖြင့် ၎င်းဘက်သို့ ညွှန်ပြတော်မူပြီး ( أَللهُ أَكْبَرْ ) 'အလ္လာဟု အက်ဗရ်' ဟု ဆိုတော်မူခဲ့သည်။"[1]

## ၁၁၇။ ရုက်နိယမာနီနှင့် ဟဂျ်ရေအတ်စ်ဝဒ် နှစ်ခုကြားတွင် ရွတ်ဖတ်ရမည့်ဒုအာ

﴿...رَبَّنَآ ءَاتِنَا فِي ٱلدُّنۡيَا حَسَنَةٗ وَفِي ٱلۡأٓخِرَةِ حَسَنَةٗ وَقِنَا عَذَابَ ٱلنَّارِ﴾[281].

{...အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအ ရှင်၊ အရှင်မြတ်သည်

[1] ဗုခါရီကျမ်းနှင့် ဖသ်ဟုလ်ဗါရီကျမ်း (၃/၄၇၆)၊ ဟဒီးဆ်အမှတ် (၁၆၁၃)။ အရာဝတ္ထုဆိုသည်မှာ အဖျားကောက်နေသော တောင်ဝှေးကို ဆိုလိုသည်။ ကြည့်ပါ- ဗုခါရီကျမ်းနှင့် ဖသ်ဟုလ်ဗါရီကျမ်း (၃/၄၇၂)။

ကျွန်တော်မျိုးတို့ကို ဤပစ္စုပ္ပန်ဘဝ ၌ လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ (နှစ်ဘဝ လုံး၌ပင်) ကောင်းကျိုး ချမ်းသာမင်္ဂလာများကို ပေးသနားတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား ငရဲ မီး၏ပြစ်ဒဏ်မှလည်း ကယ်တင်တော်မူပါ။}[1]

## ၁၁၈။ ဆွဖာနှင့် မရ်ဝါပေါ်တွင် ရပ်စဉ် တောင်းရမည့် ဒုအာ။

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဆွဖာတောင်နှင့် နီးကပ်လာသောအခါ ဤအာယသ်တော်အား ဖတ်ရွတ်တော်မူသည်။

